

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၃၆)    ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်    ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် ၊ ဗုဒ္ဓဟူး ၊ (နိုဝင်ဘာ ၁၃ ၊ ၂၀၁၃)


TRI LIVES BRILLIANTLY

## ရှေ့တန်းတစ်နေရာ

**အောင်နိုင်**

ရှေ့တန်းတွင်တာဝန်ကျနေသောကြောင့် ရရှိသည့်လစာကို သုံးရန်နေရာမရှိဟု ပခုံးတွင် အနက်ရောင်ကြယ်ပွင့်သုံးပွင့်တပ်ဆင်ထားသောမြန်မာ့တပ်မတော်သားတစ်ဦးက ဆိုပါသည်။

မြစ်ကြီးနား-လိုင်ဇာကားလမ်းပေါ်ရှိ နမ်ဆမ်ယန်ကျေးရွာအနီး ရှေ့တန်းစခန်းတွင် သူတာဝန်ကျနေသည်မှာ ၂နှစ်နီးပါးကြာမြင့်ပြီလည်းဖြစ်သည်။ရှေ့တန်းနယ်မြေဖြစ်သောကြောင့်လစာမှာလကုန်ပြီး တစ်ပတ်ခန့်အကြာတွင်မှ ရရှိသည်ဟုလည်း ရှေ့တန်းရောက်စစ်သားဘဝအတွေ့အကြုံကို သူက ရယ်မောရင်းဖြင့် ပြောပြပါသည်။

စာမျက်နှာ ၅ ››



နောင်ချိုမြို့နယ် ဆမ္မာဆယ်ကျေးရွာနှင့် တစ်မိုင်ခန့်ကွာဝေးသောကွင်းပြင်တွင် တရုတ်နိုင်ငံသို့တရားမဝင်တင်ပို့ရန် နွားများအားကားပေါ်သို့တင်ဆောင်နေသည်ကို နိုဝင်ဘာ ၇ ရက်ကတွေ့ရစဉ်    ဓာတ်ပုံ-ငြိမ်းချမ်း

# နွားစားသောနဂါးနှင့် လာဘ်စားပြီးဥပဒေ မျက်ကွယ်ပြုသူများ

**ငြိမ်းချမ်း၊ ရဲနောင်၊ မောင်တာ**

ဈေးကောင်းရသဖြင့် ယခုနှစ်ပြေလက အိမ်ရှိခိုင်းနွားကို ရောင်းလိုက်သော ဒေါ်စန်းငွေ တစ်ယောက် သူ့ဆုံးဖြတ်ချက်ကို နောင်တရနေလေပြီ။ ယခုအခါ သူနွားပြန်ဝယ်လိုသော်လည်း ဈေးကြီးလွန်း၍ ပြန်မဝယ်နိုင်တော့ပါ။

လွန်ခဲ့သောတစ်နှစ်က ခိုင်းနွားတစ်ကောင်လျှင် ကျပ်လေးသိန်းဝန်းကျင်တန်ဖိုးရှိရာမှ ယခုနှစ်တွင် ကျယ်ဆယ်သိန်းခန့်အထိရှိနေပါပြီ။

"ဈေးကောင်းရပြီဆိုပြီး ရောင်းလိုက်တာ။ အခုနွားဈေးကအရမ်းကြီးနေတော့ ဘယ်လိုမှ ပြန်မဝယ်နိုင်တော့ဘူး"ဟုညောင်ဦးမြို့နယ် သစ်ထောင့်တောင်ကျေးရွာမှ တောင်သူဒေါ်စန်းငွေက အားလျော့သောလေသံဖြင့် ပြောသည်။

အိမ်နီးချင်းတရုတ်နိုင်ငံမှ မြန်မာနိုင်ငံထွက်နွားများကို ၂ နှစ်အတွင်း နည်းလမ်းမျိုးစုံဖြင့် အဆမတန် ဝယ်ယူနေမှုကြောင့် ယခုကဲ့သို့ ဈေးများ မြင့်တက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နွားကိုအဓိကထား၍ လုပ်ကိုင်ကြရသော တောင်သူလယ်သမားများအနေဖြင့် ခိုင်းနွားရှားပါးမှုကြုံတွေ့နေရပြီး ဝယ်ယူစားသုံးသူများမှာလည်း အမဲသား ဈေးနှုန်းမြင့်တက်မှုကို ခံစားနေရပြီဖြစ်သည်။

တရုတ်နဂါးကြီးဆီသို့ နွားမှောင်ခိုအဓိကတင်ပို့သောနေရာဖြစ်သည့် ရှမ်းပြည်နယ်နှင့်ခိုင်းနွားအများဆုံးထွက်ရှိသော မြန်မာပြည်အလယ်ပိုင်းဒေသများမှာ ယခုအခါ ခိုင်းနွားရှားပါးမှုနှင့် ဆိုးရွားစွာရင်ဆိုင်ကြုံတွေ့နေရသောနေရာများဖြစ်သည်။

စာမျက်နှာ ၈ ››

## တော်လှန်ရေးရဲဘော်ကြီး၏ မပြီးဆုံးသေးသော တိုက်ပွဲ

ခြောက်လလောက်နေမှ သူများတွေလာပြောမှသိတယ် ကျွန်မငိုတယ်။ မိဘတစ်ယောက် တောင်းစားနေတာ ဘယ်သားသမီးက ကြည့်နေနိုင်မှာလဲ. . . .

**ဥက္ကာကိုကို**

နယ်ချဲ့အင်္ဂလိပ်နှင့်ဖက်ဆစ်ဂျပန်တို့ကို ရဲရဲဝံ့ဝံ့တော်လှန် တိုက်ပွဲဝင်ခဲ့သည့် တို့ဗမာအစည်းအရုံးဝင် တော်လှန်ရေးရဲဘော်ဟောင်းသခင်တစ်ဦး တံတားပေါ်တွင် တောင်းရမ်း စားသောက်နေရသည့် သတင်းက လူအများ၏ စိတ်ကိုရိုက်ခတ်အံ့အားသင့်စေခဲ့သည်။

သည်အဖြစ်အပျက်က အမှန်တကယ်ပင် ဖြစ်ပွားခဲ့သည်။

စာမျက်နှာ ၇ ››

**အင်တာဗျူး**

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် အဓိကစိန်ခေါ်မှုတွေက မြေဈေးကြီးမှုနဲ့ အခြေခံ အဆောက်အအုံ မပြည့်စုံမှုတွေပဲ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ညွှန်ချုပ်ဦးအောင်နိုင်ဦးနှင့် တွေ့ဆုံခြင်း

စာမျက်နှာ ၂၃ ››



## ငွေကြေးဖောင်းပွမှု ခုနစ်ရာခိုင်နှုန်းက အခြေအနေကောင်းလာတာလား ဆိုးသွားတာလား

**အောင်သူရ၊ပြည့်သိမ်း**

မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည်ယခုနှစ်တွင်ဩဂုတ်လအထိ ခုနစ်ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ဘဏ်ကထုတ်ပြန်လာသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် ၂၀၁၃ နှစ်ဝက် မြန်မာနိုင်ငံ စီးပွားရေးအစီရင်ခံစာတွင်အထက်ပါအတိုင်း ဖော်ပြထားခြင်း ဖြစ်သည်။

စာမျက်နှာ ၃ ››

## ဖုန်းတွေကို ဘုံးနေတာဘယ်သူလဲ

အချပ်ပို H ››

## ယာဉ်ကြောပိတ်ဆို့မှုကြောင့် ထိခိုက်သွားသော ဘဝများ

အချပ်ပို I ››





CNC
MEN'S WEAR
www.cncmenwear.com
www.facebook.com/cnc1999


ZL
ZAZZLE
MAN & WOMAN
www.zazzlefashion.com | www.facebook.com/zazzlefashion

# ငွေကြေးဖောင်းပွမှု ခုနစ်ရာခိုင်နှုန်းက အခြေအနေ ကောင်းလာတာလား ဆိုးသွားတာလား

**အောင်သူရ၊ပြည်သိမ်း**

မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ယခုနှစ်တွင် ဩဂုတ်လအထိ ၇ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ဘဏ်ကထုတ်ပြန်လာသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည် ၂၀၁၃ နှစ်ဝက်မြန်မာနိုင်ငံ စီးပွားရေးအစီရင်ခံစာ၌ အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

စားသောက်ကုန်ဈေးနှုန်းများနှင့် အိမ်ခြံငှားရမ်းခများမြင့်တက်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုမြင့်တက်လာရခြင်းဖြစ်ကြောင်းလည်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

ပြီးခဲ့သည့် နှစ်အတွင်း မြန်မာနိုင်ငံ၏ဆန်ဈေးနှုန်းမှာ နှစ်ပေါင်း ၂၀ ကျော်အတွင်း အမြင့်ဆုံးသို့ရောက်ခဲ့ပြီး ညှော်မထအုပ်စုဝင်စပါးတင်းတစ်ရာလျှင် ကျပ်ငါးသိန်းထိဖြစ်ခဲ့သည်။ မိုးရွာသွန်းမှုနည်းပါးသဖြင့် ဆည်ရေသောက်ဒေသများတွင် စပါးစိုက်ပျိုးမှုလျော့ကျခဲ့ရာမှ ပြည်တွင်းဝယ်လိုအားမြင့်တက်လာခြင်းနှင့် တရုတ်နိုင်ငံသို့တင်ပို့မှုများခြင်းကြောင့် ဆန်ဈေးတက်ခဲ့ခြင်းဖြစ်သည်။

အလားတူ အိမ်ခြံမြေငှားရမ်းခဈေးနှုန်းများမှာလည်း ပြီးခဲ့သည့် နှစ်နှင့် နှိုင်းယှဉ်လျှင် ယခုနှစ် ၂၅ ရာခိုင်နှုန်းခန့်တက်လာကြောင်း ရန်ကုန်နှင့် မန္တလေးမြို့များရှိ အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။ ယခင်နှစ်က တစ်လလျှင် ကျပ်တစ်သိန်းဝန်းကျင်ရှိသော ရန်ကုန်မြို့တွင်းရှိ တိုက်ခန်းခဈေးနှုန်းများမှာ ယခုနှစ်တွင် တစ်သိန်းသုံးသောင်းခန့်ထိဈေးတက်လာခဲ့သည်။

အခြေခံစားသောက်ကုန်ပစ္စည်းများဈေးတက်ခြင်းနှင့် အိမ်ခြံမြေဈေးနှုန်းများတက်ခြင်းကြောင့် တက်လာသော ငွေကြေးဖောင်းပွမှုမှာ အခြေခံလူတန်းစားများအတွက် ဝန်ထုပ်ဝန်ပိုးကို ပိုပြီးကြီးလာစေခဲ့သည်။

"နိုင်ငံတိုင်းမှာတော့ ငွေကြေးဖောင်းပွမှုဖြစ်နေတာပဲ။ ဒီမှာကတော့ဝင်ငွေတိုးမလာတော့ ပြဿနာရှိတယ်"ဟု စီမံခန့်ခွဲရေးကျွမ်းကျင်သူ ဒေါက်တာစိုးထွန်းကသုံးသပ်သည်။



*ရန်ကုန်မြို့ဆိပ်ကမ်းတစ်ခုတွင် ငှက်ပျောသီးများတင်ဆောင်လာသည့် ရေယာဉ်နှင့် ကုန်ချရန်ပြင်ဆင်နေသူများကိုတွေ့ရစဉ်* ဓာတ်ပုံ - နစ်ကီ

စပါး ဈေးတက်ခဲ့သည့် အချိန်မှာ တောင်သူများ လက်ထဲတွင် စပါးမရှိတော့သည့်အချိန်ဖြစ်သည့် ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းတွင်ဖြစ်၍ တောင်သူများအတွက် အကျိုးမရှိပဲ ကုန်သည်များအတွက်သာ အကျိုးဖြစ်ခဲ့သည်။

သို့သော်ကျပ်ငွေလဲနှုန်း ကျဆင်းခြင်းမှာ ပို့ကုန်၊ သွင်းကုန်

စာမျက်နှာ ၁၉ »



# ဆက်သွယ်ရေးလုပ်ငန်းနဲ့အတူ ဘ၀တက်လမ်းကြောင်းကို မြှင့်တင်လိုက်ပါ

မိမိဘ၀တက်လမ်းကိုမြှင့်တင်ဖို့ တစ်နေ့တစ်ခြား များပြားလာတဲ့ အူရီးဒူးမြန်မာ မိသားစုဆီကို လာခဲ့ပါ။

ooredoo



အူရီးဒူးမြန်မာအနေနဲ့ ကိုယ့်ဝန်ထမ်းတွေအားလုံးကို တန်ဖိုးထားပါတယ်။ ဒါကြောင့် အူရီးဒူးမြန်မာရဲ့ဝန်ထမ်းဆိုရင် လစာလည်းကောင်းစေရမယ်၊ အပိုဆုကြေးငွေလည်းရစေရမယ်၊ အလုပ်မှာတိုးတက်စေဖို့ သင်တန်းတွေလည်း မပြတ်ပေးနေမယ်၊ ရုံးကလည်း ခေတ်မီပြီး ကျယ်ကျယ်ပြန့်ပြန့်ရှိမယ်၊ အလုပ်အကိုင် တက်လမ်းလည်းကောင်းစေရမယ်၊ ပြီးတော့ ပျော်စရာကောင်းပြီးတက်ကြွတဲ့ ကမ္ဘာအရပ်ရပ်က လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူတူလည်း လက်တွဲအလုပ်လုပ်ရမယ်။

## Site Acquisition Manager

### လုပ်ငန်းတာဝန်များ

- လုပ်ငန်းခွင်အတွင်း အဆင့်မြင့်ပိုင်း စီမံခန့်ခွဲမှုများကို အားသွန်ခွန်စိုက် လုပ်ကိုင်နိုင်ရမည်။
- လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်များအတွက် အစိုးရရုံးများ၊ ဝန်ကြီးဌာနများ (MICT, MIC, MoEP, MPT အစရှိသည့်) သို့ ဆက်သွယ်လုပ်ဆောင်နိုင်ရမည်။
- လုပ်ငန်းအတွက် လိုအပ်ချက်များဖြည့်တင်းရန်အတွက် ကုန်ပစ္စည်းရောင်းချသူများ၊ မူရင်းပိုင်ဆိုင်သူများအပါအဝင် အခြားသော သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်လုပ်ဆောင်နိုင်ရမည်။
- လုပ်ငန်းခွင်အတွင်း မထင်မှတ်ဘဲဖြစ်ပေါ်လာသော အခက်အခဲများ၊ အပြောင်းအလဲများကို ကောင်းမွန်စွာကိုင်တွယ်နိုင်ပြီး စီမံကိန်းအောင်မြင်ရေးအတွက် ပြေလည်အောင်ထောက်ပံ့ဖြေရှင်းပေးနိုင်ရမည်။
- စီမံကိန်းလိုအပ်ချက်များအတွက် လိုအပ်သည့် စာရွက်စာတမ်းများ၊ ခွင့်ပြုချက်လျှောက်ထားခြင်းများကိုလည်း ဆောင်ရွက်ပေးနိုင်ရမည်။

### လိုအပ်သောအရည်အချင်းများ

- ဆက်သွယ်ရေးလုပ်ငန်း ( သို့ မဟုတ် ) စီမံကိန်းဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် အနည်းဆုံး (၇) နှစ် အတွေ့အကြုံရှိရမည်။
- လုပ်ငန်းခွင်လိုအပ်ချက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၃) နှစ်ရှိရမည်။
- လုပ်ငန်းခွင်အတွင်း ကြီးကြပ်သည့်အတွေ့အကြုံ (၂) နှစ်ရှိရမည်။
- အစိုးရရုံးများနှင့် ဆက်သွယ်လုပ်ကိုင်သည့် အတွေ့အကြုံ ရှိရမည်။

## Civil Works Engineer

### လုပ်ငန်းတာဝန်များ

- ခရီးသွားနိုင်ပြီး တာဝန်ကျရာနေရာတွင် သွားရောက်လုပ်ကိုင်နိုင်ရမည်။
- တာဝန်ကျရာနေရာတွင် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အူရီးဒူး တာဝန်ရှိသူအဖြစ် ကိုယ်စားပြုကာ ညှိနှိုင်းလုပ်ကိုင်ပေးနိုင်ရမည်။
- လုပ်ငန်းပြီးစီးမှုအနေအထားများအား သတ်မှတ်ထားသောအချက်များ စံချိန်စံနှုန်းများနှင့်အညီ စစ်ဆေးရမည်ဖြစ်ပြီး ခွင့်ပြုချက်ချထားပေးခြင်းများကို ပြုလုပ်ပေးရမည်ဖြစ်သည်။
- လုပ်ငန်းခွင်အတွင်းနေ့စဉ်တိုးတက်မှုများကို ကြီးကြပ်ပြီး လုပ်ငန်းအချိန်ဇယားများနှင့် ချိန်ထိုးသုံးသပ်ကာ (အချိန်မီပြီးစီးနိုင်ခြင်းရှိ / မရှိ) အစီအရင်ခံတင်ပြနိုင်ရမည်။
- လုပ်ငန်းခွင်အတွင်းဖြစ်ပေါ်လာသောအပြောင်းအလဲများအား စိစစ်ကာ လိုအပ်ချက်များအရ ခွင့်ပြုပေးခြင်းများ ပြုလုပ်ပေးရမည်ဖြစ်ပြီး တည်ဆောက်တပ်ဆင်ရေးများအား အတည်ပြုပေးခြင်းများ ပြုလုပ်ပေးနိုင်ရမည်။
- လုပ်ငန်းခွင်အတွင်း အဆင်ပြေလွယ်ကူစေရန်အတွက် သတ်မှတ်စံနှုန်းများ ထပ်မံရေးဆွဲခြင်းများ ပြုလုပ်နိုင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာန အသီးသီးသို့ နှောင့်နှေးခြင်းမရှိစေဘဲ အချိန်မီ ဖြန့် ဖြူးပေးနိုင်ရမည်။
- လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ ခွင့်ပြုချက်ချထားပေးခြင်းများ၊ BOQ တွက်ချက်မှုများနှင့် အခြားသော လုပ်ငန်းတွင်း စာရွက်စာတမ်းများကိုလည်း ပြုလုပ်ရမည်ဖြစ်သည်။

### လိုအပ်သောအရည်အချင်းများ

- လုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် (၃) နှစ်အတွေ့အကြုံရှိရမည်။
- Steel Structure ပိုင်းဆိုင်ရာ နှင့် Rigging ပိုင်းဆိုင်ရာလုပ်ငန်းများတွင်အတွေ့အကြုံရှိသူများအား ဦးစားပေးမည်။

ကိုယ်ရေးရာဇဝင်ဖောင်ကို အင်္ဂလိပ်ဘာသာဖြင့်ရေးသား၍ **myanmarcareers@ooredoo.com**သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

Ooredoo Myanmar Limited | 9th Floor, Centerpoint Tower, Yangon | T: +95-1-389 525

Life
7 Day News Journal
Vol.12, No.36 • NOVEMBER 13 , 2013

# ရှေ့တန်းတစ်နေရာ

**အောင်နိုင်**

ရှေ့တန်းတွင်တာဝန်ကျနေသောကြောင့် ရရှိသည့်လစာကို သုံးရန်နေရာမရှိဟု ပခုံးတွင် အနက်ရောင်ကြယ်ပွင့်သုံးပွင့်တပ်ဆင်ထားသောမြန်မာ့တပ်မတော်သားတစ်ဦးက ဆိုပါသည်။

မြစ်ကြီးနား-လိုင်ဇာကားလမ်းပေါ်ရှိ နမ်ဆမ်ယန်ကျေးရွာအနီး ရှေ့တန်းစခန်းတွင် သူတာဝန်ကျနေသည်မှာ ၂နှစ်နီးပါးကြာမြင့်ပြီလည်းဖြစ်သည်။ရှေ့တန်းနယ်မြေဖြစ်သောကြောင့်လစာမှာ လကုန်ပြီးတစ်ပတ်ခန့်အကြာတွင်မှ ရရှိသည်ဟုလည်း ရှေ့တန်းရောက်စစ်သားဘဝအတွေ့အကြုံကို သူက ရယ်မောရင်းဖြင့် ပြောပြပါသည်။

**လိုင်ဇာမြို့**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ ညီလာခံကျင်းပနေသော ပဒန်ရုံးခန်းမဆောင်ရှေ့တွင်ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်ဖွဲ့ဝင်များ လက်နက်အပြည့်အစုံဖြင့် လုံခြုံရေးယူထားကြသည်။ ကေအိုင်အေတပ်သားတစ်ဦးအနေဖြင့် တစ်လလျှင် လစာတစ်သောင်းကျပ်နှင့် ဟင်းဖိုးကျပ်တစ်သောင်းခွဲသာရရှိသည်ဟုလုံခြုံရေးဆောင်ရွက်နေသော တပ်သားဇော်ဆိုင်း(အမည်လွှဲ)က ပြောပါသည်။ သို့သော် စစ်တပ်ထဲ ဝင်သည်မှာ ငွေကြေးကြောင့်မဟုတ်ဘဲ လူမျိုးအတွက်ဖြစ်သည်ဟုလည်း သူ၏ခံယူချက်ကို စီးကရက်ဖွာရင်းက ဆိုပါသည်။

(၁၇)နှစ်ကြာ အပစ်အခတ်ရပ်စဲထားသော အစိုးရနှင့် ကေအိုင်အေတို့ ၂၀၁၁ ခုနှစ် ဇွန်လမှစတင်၍ တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့သည်။ ငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် ၂နှစ်ကျော်ကာလအတွင်း အလွတ်သဘောအပါအဝင် (၁၅)ကြိမ်ခန့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ တိုးတက်မှုများရှိသည်ဟု နှစ်ဖက်စလုံးက ပြောကြားကြ



*ကေအိုင်အေတပ်မတော်သားအချို့ကိုတွေ့ရစဉ်*

ဓာတ်ပုံ-အောင်ခိုင်

သော်လည်း တိုက်ပွဲများက ဖြစ်ပွားနေဆဲပင်ဖြစ်သည်။ ခံယူချက်ကိုယ်စီဖြင့် လက်နက်ကိုင်နေကြရသော နှစ်ဖက်စစ်သည်များအနေဖြင့်လည်း ရှေ့တန်းစစ်မြေပြင်များတွင် သူတို့ဘဝကို မြှုပ်နှံထားနေရဆဲဖြစ်သည်။

"စစ်သားဆိုတော့ အထက်အမိန့်ကို နာခံရတာပေါ့။ တစ်ဖက်ကလည်း ပြည်သူတွေနဲ့ ထိတွေ့နေရတော့ ဆင်ခြင်ရတယ်"ဟု တပ်မ(၃၃)တပ်မတော်သားတစ်ဦးက သူ၏ ရှေ့တန်းစစ်မြေပြင်အတွေ့အကြုံကို ပြောပြသည်။

ကမ္ဘာပေါ်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအရှည်ကြာဆုံးတိုင်းပြည်ဖြစ်သည့် မြန်မာနိုင်ငံတွင် နှစ်ပေါင်း၆၀ ကျော်ကြာမြင့်လာသော်လည်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ယနေ့အထိ တိုက်ပွဲများဖြစ်ပွားနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးကို လေ့လာစောင့်ကြည့်သည့် Myanmar Peace Monitor ၏ သုတေသနစစ်တမ်းများတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလတစ်လအတွင်းတွင်ပင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ၃ ရက်တိုင်းတွင် နှစ်ကြိမ်နှုန်းပျမ်းမျှလက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားခဲ့သည်ဟု ဖော်ပြထားသည်။

ယင်းအထဲတွင်အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးသော

**စာမျက်နှာ (၆) သို့**

ENJOY GREAT FARES
WITH GREATER VALUE
Additional check-in baggage allowance of 10kg, or a total of 30kg, in Economy Class • 30% bonus KrisFlyer miles#

SINGAPORE
FROM USD 243 RETURN

DENPASAR | JAKARTA
SURABAYA | YOGYAKARTA*
FROM USD 593 RETURN

BEIJING | SHANGHAI | MUMBAI
NEW DELHI | MALE
FROM USD 753 RETURN

ADELAIDE | BRISBANE
MELBOURNE | SYDNEY
FROM USD 1,103 RETURN

LONDON
FROM USD 1,363 RETURN

Travel on the Singapore Airlines A330 between Yangon and Singapore, and enjoy a new level of entertainment with larger personal screens and over 1,000 movies, music, books, and more.




Fares are available from these authorised travel agents:

AMTRA TRAVEL TEL: 393 304, 393 035
COLUMBUS TRAVEL TEL: 229 245, 378 535
HTOO TRAVEL TEL: 860 3766, 860 3767
NICE FARE TRAVEL TEL: 393 088, 245 378
SAW PORN PHAN TEL: 373 234, 224 883
SUN FAR TRAVEL TEL: 243 993, 255 338
THAN THAN TRAVEL TEL: 255 034, 255 035

#Exclusive to PPS Club and KrisFlyer members living in Myanmar, on Economy Class fares only. Not valid in selected booking classes. *Effective 25 November 2013.

All advertised fares are per person in Economy Class and include the price of the air ticket, associated taxes and surcharges, correct as at 21 October 2013. Fares quoted are available from now to 29 November 2013 for travel out of and into Yangon from 1 November 2013 to 31 January 2014, subject to seat availability and currency fluctuation. Advertised fare to Singapore is valid for travel on MI509 out of Yangon and MI520 into Yangon only. Other fares to Singapore are also available. Fares are only valid at the authorised travel agents listed above, and may be subject to additional service fees. Change of passenger name is not allowed but date changes are allowed, subject to an administrative fee. Tickets are non-refundable, cannot be used in conjunction with upgrade awards and are not interchangeable for travel on other airlines. Tickets are eligible for mileage accrual at 10% of the actual miles flown. To enrol as a KrisFlyer member, visit krisflyer.com, appointed travel agents, or the Singapore Airlines Yangon Ticketing Office. Other terms and conditions apply. For special fares to other destinations, please check with the appointed travel agents.

7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

စာမျက်နှာ (၅)မှ

## ရှေ့တန်းတစ်နေရာ

ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA)အပါအဝင် ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)၊ ပလောင်(တအောင်း) လွတ်မြောက်ရေးတပ်မတော် (TNLA)တို့နှင့် အစိုးရတပ်များအကြား တိုက်ပွဲဖြစ်ပွားမှုမှာ အများဆုံးဖြစ်ခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နေသော်လည်း တိုက်ပွဲများကြောင့် တိမ်းရှောင်နေရသော စစ်ဘေးရှောင် ဒုက္ခသည် အရေအတွက်မှာ တစ်နေ့တခြား တိုးပွားနေဆဲ၊ အောက်ခြေစစ်သည်များမှာလည်း ခံယူချက်ကိုယ်စီဖြင့် ရှေ့တန်းစစ်မြေပြင်များတွင် လက်နက်စွဲကိုင်နေရဆဲပင်ဖြစ်သည်။

"ဘယ်လိုမှ သဘောမထားဘူး။ သူတို့တက်လာရင် ပစ်တယ်" ဟု ကေအိုင်အေတပ်သားတစ်ဦးက အစိုးရတပ်အပေါ် ထားရှိသော သူ၏ အမြင်ကို ပြောပြသည်။ ကြုံတွေ့ခဲ့ရသော တိုက်ပွဲများတွင် အစိုးရတပ်မှ လေကြောင်းပစ်ကူများဖြင့် တိုက်ခိုက်ခဲ့သော ခါရာဘွမ်တောင်ကုန်းတိုက်ပွဲသည် အပြင်းထန်ဆုံးဖြစ်သည်ဟုလည်း သူက ဆိုပါသည်။

ရှေ့တန်းစစ်မြေပြင်တွင် နှစ်ဖက်တပ်များ၏ နေရာယူထားမှုမှာ နီးကပ်လွန်းသည့်အတွက် တစ်ခါတစ်ရံ ရယ်မောစရာကောင်းသည့် ဖြစ်ရပ်များကိုလည်း ကြုံတွေ့ရတတ်သည်။

"အရက်မူးပြီး ကိုယ့်လူသူ့ဘက်သွားအိပ်နေတာ၊ သူ့လူကိုယ့်ဘက်မှာရောက်နေတာတွေလည်း ရှိတယ်"ဟု ကချင်လွတ်မြောက်ရေးတပ်မတော် တပ်သားတစ်ဦးက သူ၏ ရယ်စရာအတွေ့အကြုံကို ပြန်ပြောင်းပြောပြပါသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နေချိန်များတွင်လည်း ရှေ့တန်းရောက်နှစ်ဖက်စစ်သားများမှာ ရလဒ်မည်ကဲ့သို့ထွက်ပေါ်မည်ကို စိတ်ဝင်တစားနားစွင့်နေတတ်သည်။

"အဆင်ပြေတယ်ကြားရင် ဝမ်းသာပါတယ်"ဟု ခမရ(၁၂)မှ မြန်မာ့တပ်မတော်သားတစ်ဦးက ပြောသည်။

ရှေ့တန်းတွင် တာဝန်ကျနေသောကြောင့် ရံဖန်ရံခါမှ ရောက်ရှိလာသော သတင်းစာ၊ ဂျာနယ်များကို ဖတ်ရှုခြင်းဖြင့် ဝေးရပ်မှ မိသားစုကို အလွမ်းဖြေကြရသည်ဟုလည်း တပ်မ ၃၃ တံဆိပ်တပ်ဆင်ထားသည့်မြန်မာတပ်မတော်သားများက သူတို့အတွေ့အကြုံကို ပြောပြသည်။

နှစ်ပေါင်း၆၀ကျော်ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရန် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တို့ နိုဝင်ဘာ ၄ ရက်၊ ၅ ရက်များတွင် မြစ်ကြီးနားမြို့တွင် သမိုင်းဝင်တွေ့ဆုံခဲ့ကြသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေးတို့အတွက် ဒီဇင်ဘာလအတွင်း ဘားအံမြို့တွင် ထပ်မံတွေ့ဆုံကြဦးမည်ဖြစ်သည်။ စစ်ဘေးရှောင်ဒုက္ခသည်များ တစ်နိုင်ငံလုံးမှပြည်သူများကဲ့သို့ပင် ရှေ့တန်းရောက်စစ်သည်များကလည်း ငြိမ်းချမ်းရေးကို မျှော်လင့်နေကြပါသည်။

"စစ်သားလုပ်ရတာ ပျော်တယ်။ ဒါပေမဲ့ ပြည်သူတွေအတွက် ငြိမ်းချမ်းရေးရမယ်ဆို ကောင်းပါတယ်"ဟု တပ်သား ဇော်ဆိုင်းက အဝေးတစ်နေရာသို့ ငေးရင်းက ဆိုပါသည်။







## ပိန်းဥပုစွန်ဟင်းချို

အရည်သောက်မချက်တာကြာပြီမို့ ဒီတစ်ပတ်တော့ ဝိုက်ဖီက ဟင်းချိုတစ်ခွက် ပြင်ဆင်ချက်ပြုတ်ထားပါတယ်။ ဟင်းချိုချက်ဖို့ ပိန်းဥ ၂၀ ကျပ်သား၊ ပုစွန်ဆိတ်နည်းနည်း၊ ပဲစောင်းလျားသီး သုံးတောင့်၊ ရွှေဖရုံသီးတစ်စိတ်၊ ရုံးပတီသီး သုံးတောင့်နဲ့ ပင်စိမ်းနှစ်ပင်တို့လိုပါတယ်။

ပထမဆုံးကြက်သွန်နီပါးပါးလှီးထားတာကို ဆီပါရုံထည့်ပြီးသတ်ပါမယ်။ ငါးပိ လက်တစ်သစ်စာလောက်ထည့်ပါ။ ပြီးရင် ပုစွန်ခေါင်းဖြုတ်ထားတာလေးတွေ ထည့်ပါ။ ပိန်းဥအတုံးလေးတွေ လှီးထားတာကိုထည့်ပြီး ရေထည့်လိုက်ပါ။ ငံပြာရည်၊ ဟင်းခတ်မှုန့် ထည့်ပါ။ ပိန်းဥနူးတဲ့အခါ ရွှေဖရုံသီးစိတ်ခပ်ပါးပါးလှီးထားတာ ထည့်ပါမယ်။ နှစ်မျိုးစလုံးနူးသွားတဲ့အခါ ရုံးပတီသီးနဲ့ ပဲစောင်းလျားလှီးထားတာထည့်ပါမယ်။ နောက်ဆုံးမှာ ပင်စိမ်းရွက်လေး တွေအုပ်ပြီး ချလိုက်လို့ ရပါပြီ။

ဒီဟင်းချိုလေးက ငါးချဉ်သုပ် ဒါမှမဟုတ် ဘာလချောင်ကြော်တို့နဲ့ တွဲဖက်သုံးဆောင်ရင် ခံတွင်းမြိန်မှာအသေအချာပါပဲ။



7DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# တော်လှန်ရေးရဲဘော်ကြီး၏ မပြီးဆုံးသေးသော တိုက်ပွဲ

ဥက္ကာကိုကို

နယ်ချဲ့အင်္ဂလိပ်နှင့်ဖက်ဆစ်ဂျပန်တို့ကို ရဲရဲဝံ့ဝံ့တော်လှန် တိုက်ပွဲဝင်ခဲ့သည့် တို့ဗမာအစည်းအရုံးဝင် တော်လှန်ရေးရဲဘော်ဟောင်း သခင်တစ်ဦး တံတားပေါ်တွင် တောင်းရမ်းစားသောက်နေရသည့် သတင်းက လူအများ၏ စိတ်ကို ရိုက်ခတ်အံ့အားသင့်စေခဲ့သည်။

သည်အဖြစ်အပျက်က အမှန်တကယ်ပင် ဖြစ်ပွားခဲ့သည်။

အသက်(၉၁)နှစ်အရွယ် အဘိုးအို သခင်လှကြိုင်တစ်ယောက် ပဲခူးတံတားပေါ်တွင် တစ်နှစ်ခွဲခန့် တောင်းရမ်း စားသောက်ခဲ့ရပါသည်။ သူ့အတွက် လောကဓံ၏ ရိုက်ခတ်မှုကို အခံရဆုံးသော နေ့ရက်များ ဖြစ်ခဲ့ပါလိမ့်မည်။

ယခုတော့ ပဲခူးမြို့ခံတစ်ဦးက သူ့ကို ဓာတ်ပုံရိုက်ပြီး လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်သို့ တင်ဆက်ခဲ့ရာမှ အစပြု၍ လူအများသိရှိသွားခဲ့ပြီး လူမသိ သူမသိ နွမ်းပါးဆင်းရဲနေရှာသည့် တော်လှန်ရေးတပ်သားဟောင်းကြီး လူမြင်ကွင်းသို့ပေါ်ထွက်လာပါပြီ။



*အသက် (၉၁)နှစ်အရွယ် သခင်လှကြိုင်ကို စေတနာရှင်အချို့က လှူဒါန်းထားသည့် ပစ္စည်းများနှင့်အတူ နိုဝင်ဘာ (၁၀)ရက်က တွေ့ရစဉ်* ဓာတ်ပုံ - ဥက္ကာကိုကို

"စားစရာမှ မရှိတာ" ဟု တောင်းရမ်းစားသောက်သည့် ဘဝမှ လွတ်မြောက်လာသည့် နှစ်ရက်မြောက်နေ့တွင် သူ တောင်းရမ်းခဲ့ရသည့် အကြောင်းရင်းကို သခင်လှကြိုင်က ခပ်တိုတိုပင် ပြောပါသည်။

နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းက သခင်လှကြိုင်တစ်ယောက် အသစ်စက်စက် စတစ်ကော်လာအဖြူရောင်လေးနှင့် အပြာရောင်ပုဆိုးသစ်ကို ခါးပတ်ဖြင့် ဝတ်ဆင်လျက် ဝါးခင်းကြမ်းပြင်တွင် ထိုင်နေသည်။ ဘေးတွင် ရေသန့်ဘူးတစ်ကတ်ကို ချထားပြီး လာရောက်သည့် ဧည့်သည်များကို ကမ်းပေးလျက်ရှိသည်။

ပဲခူးမြို့ အိုးလေးစုရပ်ကွက်၊ ဗွက်ပေါက်နေသည့် ရွှံ့စေတီလမ်းသွယ်လေးအတွင်းရှိ ခြေတံရှည်အိမ်လေးပေါ်တွင် သခင်လှကြိုင်နေထိုင်သည်။ သစ်တိုင်အနည်းငယ်ဖြင့် ဖရိုဖရဲတည်ဆောက်ထားသည့် အိမ်လေးက လေတိုက်လျှင်ပင် လဲပြိုတော့မယောင်။ အိမ်ပေါ်တက်သည့်လှေကားက ခနော်ခနဲ့။ ဝါးပြားများခင်းထားသည့် ကြမ်းခင်းက တကျိုကျိုမြည်နေသည်။ ခေါင်ကိုမိုးထားသည့် ထန်းလက်ရွက်များက ပေါက်ပြဲနေပြီး ဝါးထရံက ဟိုတစ်ကွက်ဒီတစ်ကွက်ပေါက်ပြဲနေ၏။ ဒါက သခင်လှကြိုင်၏ လက်ရှိနေထိုင်မှုအခင်းအကျင်းပင်ဖြစ်သည်။

**စာမျက်နှာ (၂၀)သို့**



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

မျက်နှာဖုံးမှ

# နွားစားသောနဂါးနှင့် လာဘ်စားပြီး ဥပဒေမျက်ကွယ်ပြုသူများ

နွားအကောင်ရေ ပိုလျှံနေသောကြောင့် အခြားတိုင်းနှင့်ပြည်နယ်များသို့ပါ ပြန်လည်ရောင်းချနေရသော မကွေးနှင့် စစ်ကိုင်းတိုင်းတို့မှာ လက်ရှိအချိန်တွင် နွားရှားပါးမှုနှင့်ကြုံတွေ့နေရပြီဖြစ်သည်။

"ဒီဘက်မှာ ရောင်းစရာနွားလည်းမကျန်တော့ဘူး။ လယ်ထွန်ဖို့လည်း နွားတွေမရှိတော့ဘူး"ဟု တရုတ်ပြည်သို့ တရားမဝင်နွားများတင်ပို့နေသော နေရာတစ်ခုဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်းနောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာမှ နွားတင်ပို့နေမှုကို နေ့စဉ်မြင်တွေ့နေရသူ ဒေသခံတောင်သူဦးညွန့်ဝေက နိုဝင်ဘာ ၇ ရက်တွင် ပြောပါသည်။ ထို့ကြောင့် ဦးညွန့်ဝေတို့ဒေသတွင် နွားဈေးကြီးလွန်းနေပြီး ခိုင်းနွားလည်းရှားပါးလွန်းကာ ဝယ်နိုင်သောသူလည်းမရှိသလောက်ပင်။ သူလည်းကျွဲတစ်ကောင်နှင့်သာ ထွန်ယက်စိုက်ပျိုးနေရသည်။

ခိုင်းနွားရှားပါးသောကြောင့် လယ်ထွန်စက်များဖြင့် ထွန်ယက်စိုက်ပျိုးလျှင် သီးနှံထွက်နှုန်းမှာ နွားများဖြင့် ထွန်ယက်စိုက်ပျိုးသလောက် သီးနှံအထွက်တိုးမှု မကောင်းကြောင်း ရှမ်းပြည်မြောက်ပိုင်းတောင်ယာလုပ်ကိုင်သူများကဆိုသည်။

လယ်ထွန်စက်ဖြင့် ထွန်ယက်သောအခါနွားနှင့်ထွန်ယက်သလောက်ထယ်ရေးမကြေပဲ၊ သီးနှံအထွက်ပိုနည်းပြီး နွားဖြင့် ထွန်ယက်မှုသည် လိုချင်သလို ထွန်ယက်စိုက်ပျိုးနိုင်သောကြောင့် သီးနှံပိုထွက်သည်ဟု နောင်ချိုမြို့နယ်ရှိ တောင်သူများကတော့ဆိုသည်။

ငါးရက်တစ်ကြိမ်ပြုလုပ်လေ့ရှိသော အညာဒေသနှင့် ရှမ်းပြည်နယ်ရှိဒေသတွင်းနွားပွဲဈေးများတွင် ရောင်းချလျှင်ရရှိနိုင်သောဈေးနှုန်းနှင့် တစ်ဖက်နိုင်ငံသို့ မှောင်ခိုတင်ပို့လျှင်ရမည့် အမြတ်အစွန်းက နွားဝယ်ရောင်းလုပ်သူကုန်သည်များအတွက် မည်သည့်နေရာတွင်ရောင်းချရမည်ဆိုသည့်အချက်ကို စဉ်းစားစရာမလိုတော့ပေ။

နွားပွဲစားဈေးများမှ နွားများကိုနွားပွဲစားများမှတစ်ဆင့်အဓိကဝယ်ယူပြီး ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နောင်ချိုနှင့် ရှမ်းပြည်နယ်တောင်ပိုင်းအောင်ပန်းမြို့တို့တွင် စုရပ်ထားရှိသည်။ ထို့နောက် နွားများကို လူဖြင့်ဆွဲ၍သော်လည်းကောင်း၊ ၁၂ ဘီးကားများဖြင့်တင်၍သော်လည်းကောင်း တရုတ်ပြည်သို့ နေ့စဉ်တရားမဝင်တင်ပို့လျက်ရှိသည်။ ၁၂ ဘီးကားတစ်စီးလျှင် နွားအကောင်ရေ ၂၂ ကောင်ထည့်ကာ တင်ပို့နေခြင်းဖြစ်သည်။ နွားများကို လူဖြင့်ဆွဲပြီးကုန်းကြောင်းဖြင့်သွားလျှင် လူတစ်ယောက်ကို နွားနှစ်ကောင်ဆွဲ၍သွားကြောင်း ဆမ္မဆယ်ဒေသခံများကပြောသည်။

ယခုဆောင်းပါးရေးရန်အတွက် နောင်ချိုမြို့နယ်သို့ နိုဝင်ဘာ ၇ ရက်ကသွားစဉ်အခါမှာပင် တရုတ်ပြည်သို့တင်ပို့ရန် ဆမ္မဆယ်ကျေးရွာလယ်ကွင်းများတွင်ထားသော တင်ဆောင်မည့်နွားများနှင့် အဆိုပါ ၁၂ ဘီးကား ၁၀ စီးဝန်းကျင်ကို နောင်ချိုလမ်းခွဲ၌ ရပ်နားထားသည်ကို တွေ့မြင်ခဲ့ရသည်။

အမှန်တော့ ကျွဲ၊ နွား၊ ဆိတ်အကောင်လိုက်သာမက အေးခဲအမဲသားကိုပါ ပြည်ပနိုင်ငံများသို့ တင်ပို့ခွင့်ပိတ်ပင်ထားပြီး အကောက်ခွန်ဥပဒေအရသာမက အရေးကြီးပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်ပါ တားမြစ်ထားသည်။ သို့သော် တရုတ်သို့တရားမဝင်တင်ပို့နေသောနွားစီးကြောင်းကြီးက မြင်သာလွန်းလှသည်။ တရားမဝင်တင်ပို့သောကြောင့်တိုင်းပြည်အတွက်အခွန်အခမရဘဲ လမ်းကြောင်းတစ်လျှောက်ရှိအစိုးရဝန်ထမ်းအချို့သာ လာဘ်လာဘရကာနိုင်ငံဘဏ္ဍာငွေများ ဆုံးရှုံးနေသည်။

လက်ရှိအချိန်တွင် နောင်ချိုမှ ငါးရက်လျှင်နွားအကောင်ရေတစ်ထောင်ခန့်နှင့်အောင်ပန်းမှ ငါးရက်လျှင် နွားအကောင်ရေသုံးထောင်ဝန်းကျင်တင်ပို့နေပြီး ထိုစုရပ်နှစ်ခုမှ ပျမ်းမျှတစ်ရက်လျှင် တရားမဝင်နွားတင်ပို့မှုမှာ အကောင်ရေရှစ်ရာခန့်ရှိနေသည်။ တရုတ်နိုင်ငံသို့နွားတင်ပို့မှုများသည် လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်ကတည်းက ပို့ဆောင်နေသော်လည်း ယခု ၂ နှစ်အတွင်းမှ ပိုများလာခြင်းဖြစ်သည်။

ယခု အကောင်ရေနှုန်းဖြင့် ဆက်လက်တင်ပို့နေပါက မြန်မာနိုင်ငံတွင် လာမည့်တစ်နှစ်၊ ၂ နှစ်အတွင်း ခိုင်းနွားရှားပါးလွန်းပြီး လယ်ယာလုပ်ငန်းခွင်အခက်တွေ့မည်ဖြစ်သလို အမဲသားဈေးခေါင်ခိုက်မည့်အခြေအနေနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု နွားပွဲဈေးများတွင်လုပ်ကိုင်နေသော နွားပွဲစားများက တညီတညွတ်တည်းပြောသည်။

ယခုအတိုင်းဆက်လက်တင်ပို့နေမည်ဆိုပါက နောက် ၂ နှစ်အကြာတွင် နွားများမှာ မျိုးသုဉ်းပျောက်ကွယ်နိုင်ပြီး သယံဇာတကဲ့သို့ ရှားပါးနိုင်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးလှိုင်မြင့်ဦးက သုံးသပ်သည်။

နွားဈေးကောင်းရရှိနေသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းအချို့ဒေသများတွင်မရောင်းချဘဲ ငယ်မွေးခြံပေါက်နွားများကိုသာ အားကိုးအားထားပြု၍ လုပ်ကိုင်နေကြသူများလည်း ရှိနေဆဲပါ။

"နွားရောင်းမယ်လို့ပြောရင် နှစ်ရက်မကြာဘူး။ ဘယ်တွေက မှန်းမသိဘူး။ လာဝယ်ကြတယ်။ ဒီဘက်မှာတော့ သိပ်မရောင်းဘူး" ဟု မကွေးတိုင်း၊ နတ်မောက်ဒေသခံတောင်သူတစ်ဦးကပြောသည်။




*နွားများကို တရုတ်သို့ တရားမဝင်တင်ပို့သော သယ်ဆောင်ရာလမ်းကြောင်းပြမြေပုံကြမ်း*

မြန်မာနိုင်ငံအတွင်းမှနွားများမှာ မွေးမြူရေးနွားမဟုတ်ဘဲ သဘာဝအစားအစာများဖြစ်သည့် မြက်၊ နွားစာများကိုစားသုံးပြီး အရသာအလွန်ကောင်းမွန်သောကြောင့် တရုတ်လူမျိုးများက အထူးကြိုက်နှစ်သက်ကြောင်း နွားတင်ပို့နေသူများကဆိုသည်။

မြန်မာနွားများသည် လျှာနာ၊ ခွာနာရောဂါဖြစ်တတ်သောကြောင့် တရုတ်အစိုးရက မြန်မာပြည်မှ နွားများကို တရုတ်နိုင်ငံသို့ နွားအကောင်လိုက်တင်ပို့ခွင့် လုံးဝပိတ်ပင်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှခိုးသွင်းလာသောနွားများကို မူဆယ်မြို့အနီးတစ်ဝိုက်တွင် သတ်ဖြတ်ပြီး ကယ်ရီလမ်းကြောင်းဖြင့် တရုတ်နိုင်ငံသို့ တင်ပို့နေခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ ကျယ်ခေါင်မြို့တွင် နေထိုင်သောမြန်မာတစ်ဦးက ပြောသည်။

"တရုတ်မှာ အမဲသားဈေးကောင်းလို့ ဆက်တိုက်ပို့နေတာ။ သိပ်မကိုက်ရင်လည်း အဆင်ပြေမယ့် မြို့တွေကို ပို့နေတာလို့ကြားတယ်" ဟု ၎င်းကဆိုသည်။

တရုတ်သို့ တရားမဝင်ကောင်ရေများစွာတင်ပို့သော နွားစီးကြောင်းကြောင့် သက်ရောက်မှုကတော့ ဈေးတိုင်း၊ အိမ်တိုင်းလိုလိုသို့ရောက်နေသည်။ ယခင် ကာလပြည်တွင်းဈေးကွက်တွင် အမဲသားတစ်ပိဿာလျှင် လေးထောင်ကျပ်ဈေးသာရှိသော်လည်း ယခုအချိန်တွင် အမဲသားတစ်ပိဿာလျှင် ကျပ်ရှစ်ထောင်ဈေးထိ ပေးဝယ်ယူနေရသည်။ ယခင်က အောက်ခြေလူတန်းစားများမှာ အသားဟင်းစားလျှင် ဈေးချိုသောအမဲသားကို စားကြသော်လည်း ယခုအချိန်တွင် တစ်ပိဿာလျှင် ကျပ်လေးငါးထောင်သာပေးရသောကြက်သားနှင့်ဝက်သားကို ပြောင်းလဲစားသုံးနေကြပြီဖြစ်သည်။

"အမဲသားပေါ်တဲ့ဒီနေရာမှာတောင် အမဲသားကိုမစားနိုင်ကြတော့ဘူး"ဟု ပုဂံညောင်ဦးမြို့နယ် မိုးနတ်ကုန်းကျေးရွာမှ အိမ်ရှင်မတစ်ဦးဖြစ်သူ မကြည်ကြည်ဝင်းက ပြောသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း ခိုင်းနွားများမပြုန်းတီးရေးအတွက် သားသတ်လိုင်စင် (စီ)စနစ်ကို ဖျက်သိမ်း၍ သင့်လျော်သည့်စနစ်တစ်ခုဖြင့်အစားထိုးရန် ဆောင်ရွက်နေသည်ဟုဆိုပါသည်။

၂၀၁၀ မေလ ၁၂ ရက်တွင် ကုမ္ပဏီနှစ်ခုကို မလေးရှားနိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် နွားနှင့်ဆိတ်များတရားဝင် တင်ပို့ခွင့်ပြုခဲ့သော်လည်း နောက်ပိုင်းတွင် သက်ဆိုင်ရာကပြန်လည်တားမြစ်ခဲ့သည်။

နယ်ကျော်နွားများဖြစ်လျှင် သက်ဆိုင်ရာအာဏာပိုင်များက ဖမ်းဆီးအရေးယူမှုများပြုလုပ်နေသည်ဆိုသော်လည်း ဒေသလိုအပ်ချက်ကြောင့် တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုမိန့်ပါမစ်ဖြင့် နယ်ကျော်နွားတင်ပို့လျှင်ရနိုင်သည်။ ဥပမာအားဖြင့် မကွေးတိုင်းနတ်မောက်မြို့လေးအိမ်နွားပွဲဈေးမှ နွားများကို လိုအပ်ချက်ကြောင့် မန္တလေးတိုင်း၊ မိတ္ထီလာနွားပွဲဈေးသို့တင်ပို့ခွင့်ပြုရသည်ဟု လေးအိမ်နွားပွဲဈေးမှ ဦးမန်းကပြောပြသည်။

"အဓိကပို့တာက နွားပွဲဈေးတစ်ခုကနေတစ်ခုကြားခံပြီးပို့နေကြတာ။ အချို့ကလည်း ခွင့်ပြုမိန့်ပါမစ်နဲ့၊ တချို့ကလည်း လမ်းကြောင်းရှင်းပြီး တရုတ်ကိုပို့ကြတာ။ ကျွန်တော့်ကို ပါမစ်တစ်ခုပဲထုတ်ပေး၊ တစ်ခေါက်သယ်လို့ရတာကို သုံးလေးခေါက်ရအောင်သယ်ပေးမယ်"ဟု မိတ္ထီလာမြို့ ဒေသခံဖြစ်ပြီး လွန်ခဲ့သော ၂နှစ်တာ သားသတ်လိုင်စင်(စီ)လုပ်ကိုင်ခဲ့ဖူးသူတစ်ဦးကပြောသည်။

ယခုနှစ်ဇန်နဝါရီမှစက်တင်ဘာလလယ်ထိ တရားမဝင်နွားတင်ပို့မှု ၃၀၀ ကျော်တွင် နွားအကောင်၄,၀၀၀ ကျော်ဖမ်းဆီးနိုင်ခဲ့သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စာရင်းဇယားများတွင် ဖော်ပြထားသည်။

"ခိုင်းနွားရှားလို့လုံးဝခွင့်မပြုထားပါဘူး။ ပြည်နယ်အစိုးရကလည်းဖွင့်ပေးပိုင်ခွင့်မရှိပါဘူး။ အခုလောလောဆယ် တိရစ္ဆာန်အကောင်ကို ဘယ်နိုင်ငံမှတင်ပို့ခွင့်လုပ်တာမရှိသေးပါဘူး"ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူးဦးလှထွန်းက ဆိုပါသည်။

မှောင်ခိုတင်ပို့မှုများကြောင့် ဒေသတွင်းခိုင်းနွားရှားပါးမှုကြုံတွေ့လာရပြီး သက်ဆိုင်ရာအနေဖြင့် အထိုင်အဖွဲ့၊ ရွေ့လျားအဖွဲ့များဖြင့်ကြပ်မတ်စစ်ဆေးဖမ်းဆီးနေသည်ဟု မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဦးမြင့်သန်းက ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း နွားတင်ပို့မှုစုရပ်ဖြစ်သော နောင်ချိုမြို့သို့ အလယ်ပိုင်းဒေသမှ ကျောက်မြောင်း-လက်ပံလှ-နောင်ချို၊ မြင်းမူ-မြောင်-နွားထိုးကြီး-မြင်းခြံ-နောင်ချို၊မန္တလေး-မေမြို့ -နောင်ချို စသည့်လမ်းကြောင်းများရှိပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့သို့သာစည်၊ ရမည်းသင်း၊ ဘုရားငါးဆူ၊ အောင်ပန်းစသော နွားတင်ပို့သည့်လမ်းကြောင်းရှိသည်ဟု နွားပွဲစားအများစုကဆိုသည်။

ထို့အပြင် တရုတ်နှင့်ထိစပ်လျက်ရှိသော ကချင်နယ်တွင်လည်းမြစ်ကြီးနား-ဗန်းမော်-လိုင်ဇာလမ်းကြောင်းမှတစ်ဆင့် တစ်ရက်လျှင် နွားအကောင်ရေ၇၀ ခန့် တရားမဝင်တင်ပို့နေသည်။

"နွားတွေမြင်တွေ့နေရတာ စိတ်မကောင်းဘူး။ ဖမ်းလည်းခဏပဲ။နောက်နေ့ပြန်ပြီးတင်ပို့နေတာပဲ။ ဖမ်းတုန်းတော့ ခဏရှောင်နေကြတာ။ နောင်ချိုကအာဏာပိုင်တွေကလည်း ထိထိရောက်ရောက် မတားဆီးကြဘူး"ဟု ဦးညွန့်ဝေကပြောသည်။

ခိုင်းနွားပေါ်များရာဒေသများဖြစ်သည့် စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းတို့တွင် အသင့်အတင့်ရှိသော ခိုင်းနွားတစ်ကောင်လျှင် အများဆုံးကျပ်ဆယ်သိန်းထိရှိသော်လည်း တရုတ်သို့တင်ပို့လျှင် ကျပ်ဆယ့်ငါးသိန်းခန့်ထိရရှိနေကြောင်း နွားပွဲစားများကပြောသည်။ တရားမဝင်နွားတင်ပို့ရာတွင် စတင်ဝယ်ရသောနေရာမှ တရုတ်နယ်စပ်အရောက် နွားတစ်ကောင်လျှင် လမ်းတစ်လျှောက်ဖြတ်သန်းခလိုင်းကြေး တစ်သိန်းနီးပါးပေးရသည်ဟု နွားကုန်သည်များကဆိုသည်။

တရားမဝင်နွားသယ်ဆောင်ရာတွင် သက်ဆိုင်ရာမြို့နယ်မှ အာဏာပိုင်များ၊ စည်ပင်၊ ထောက်လှမ်းရေး၊ အကောက်ခွန်နှင့် ဖြတ်သန်းရာဒေသများတွင် နွားများထားရှိရန်အတွက် ဒေသခံများအား အခကြေးငွေပေးရသည်ဟု နွားကုန်သည်အချို့က ပြောသည်။

"ဒီနေရာမှာ ဈေးချိုရင် ဒီနေရာကိုလာဝယ်တယ်။ နွားပွဲဈေးတစ်ခုမှာ တောင်သူအစစ်အမှန်လာဝယ်တယ်ဆိုတာ လေးငါးဦးထက်မပိုဘူး။ တောင်သူက ဒီဈေးနှုန်းကိုလည်း မတတ်နိုင်ဘူး"ဟု နှစ်နှစ်ဆယ်ကြာ နွားပွဲစားပြုလုပ်လာသူတစ်ဦးဖြစ်သူ မိတ္ထီလာမြို့မှ ဦးမြင့်အောင်ကပြောသည်။

တောင်သူများမှာ ခိုင်းနွားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မှုနည်းပါးလာပြီး ယခင်က နွားထွန်ရှဉ်းနှစ်ရှဉ်းရှိသူသည် ယခုအချိန်တွင် တစ်ရှဉ်းသာရှိတော့သလို ယခင်က နွားထွန်ရှဉ်းတစ်ရှဉ်းရှိသူသည် ယခုအချိန်တွင် နွားမများဖြင့် ထွန်ယက်စိုက်ပျိုးနေသူများလည်းရှိသည်။ လယ်ထွန်စက်တစ်စီးလျှင် ၁၆ သိန်းနီးပါးရှိနေသောကြောင့် တောင်ယာလုပ်ငန်းလုပ်ရန် ခိုင်းနွားရှားပါးလာသောဒေသများရှိ တောင်သူများသည် ခိုင်းနွားထွန်ရှဉ်းရှိသောအိမ်၏ အငှားနွားထွန်ရှဉ်းများကိုသာ အသုံးပြုကြသည်။

"ကိုယ့်နိုင်ငံကနေ သူများနိုင်ငံကိုထွက်တာသာလွယ်တာ။ ကုန်သွားလို့ သူများနိုင်ငံကပြန်သွင်းရင်မလွယ်တော့ဘူး"ဟုမိတ္ထီလာမြို့မှ နွားပွဲစားလုပ်ငန်းလုပ်ကိုင်သူဦးမြင့်သိန်းကပြောသည်။

နွားတစ်ရှဉ်းထောင်ဖို့စိတ်ကူးက ဒေါ်စန်းဌေးတွင်ရှိနေဆဲ။ ထို့ကြောင့်နွားဈေးပြန်ကျလာမည့် မရေရာသောအချိန်ကာလတစ်ခုကို ဒေါ်စန်းဌေးတစ်ယောက်မျှော်လင့်နေသည်။

Health
7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# ကျန်းမာရေးဘတ်ဂျက်ဖြင့် လုပ်ငန်း ၃၁ ခု ဆောင်ရွက်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၈**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ဆေးရုံသစ်များ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းနှင့် ဆေးရုံများအဆင့်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းပေါင်း ၃၁ခုကို ကျန်းမာရေးဝန်ကြီးဌာနက ရရှိသော ဘတ်ဂျက်ဖြင့် ယခုနှစ်အတွင်း စတင်အကောင်အထည်ဖော်မည် ဖြစ်ကြောင်း သတင်းရရှိသည်။



*ပြန်လည် အဆင့်မြှင့်တင်မည်ဟုဆိုသည့် ရန်ကုန်ဆေးရုံကြီး အတွင်းပိုင်းတစ်နေရာအား တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆိုပါအဆောက်အအုံများတည်ဆောက်ခြင်းကိုနေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုရှိ ကျန်းမာရေးဆိုင်ရာအဆောက်အအုံ များတွင် အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းနှင့် အသစ်တည်ဆောက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

အကောင်အထည်ဖော်တည်ဆောက်မည့် လုပ်ငန်းများမှာ ကရင်ပြည်နယ်၊ ဘားအံမြို့၌ ဆေးဂိုဒေါင်တည်ဆောက်မည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၌ ခုတင် ၂၀၀ ဆံ့ဆေးရုံနှင့် ရေဦးမြို့ဆေးရုံတွင် တိုးချဲ့နှစ်ထပ် လူနာဆောင် တည်ဆောက်မည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၊ပြည်မြို့ရှိ ခုတင် ၂၀၀ ဆံ့ဆေးရုံ၌ ဆရာဝန် ဝန်ထမ်းအိမ်ရာတည်ဆောက်မည်ဖြစ်သည်။

မကွေးဆေးရုံကြီး၌ ရှစ်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံးတည်ဆောက်ခြင်း၊ပခုက္ကူဆေးရုံဟောင်းကြီးတွင် အကြီးစားမွမ်းမံခြင်းနှင့် ပခုက္ကူ ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးတွင် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းများပြုလုပ်မည် ဖြစ်သည်။

နေပြည်တော်ခရိုင်အတွင်း၌ လယ်ဝေးမြို့နယ် အေလာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ် တည်ဆောက်ခြင်း၊ ခုတင် ၁,၀၀၀ ဆံ့ ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း၊ ကျန်းမာရေးဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း၊ နိုင်ငံ့ဝန်ထမ်းနှင့် အထူးကုသဆေးရုံကြီးတွင် အကြီးစားမွမ်းမံခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ နေပြည်တော်ကောင်စီနယ်မြေ၌ ကျန်းမာရေးဦးစီးဌာနသုံး ဆေးဂိုဒေါင်များ တည်ဆောက်ခြင်း နှင့် ကျန်းမာရေးဦးစီးဌာနရှိ အာဟာရဌာနများ တိုးချဲ့တည်ဆောက်ခြင်းတို့ပါဝင်မည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး၌ ဆေးဂိုဒေါင်တည်ဆောက်ခြင်း၊ ကျန်းမာရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်း၊ မြစ်သားခုတင် ၅၀ ဆံ့ဆေးရုံတွင် တိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံတွင် တိုးချဲ့နှစ်ထပ်လူနာဆောင်တည်ဆောက်ခြင်း၊ သာစည် ၂၅ ခုတင်ဆံ့ ဆေးရုံကို အဆင့်မြှင့်တင်မွမ်းမံခြင်းအပြင် တိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်း၊ စဉ့်ကိုင်ဆေးရုံတွင် တိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းနှင့် မန္တလေးမြို့ရှိ နား၊ နှာခေါင်းဆေးရုံတွင်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။

မွန်ပြည်နယ်၌ ကျန်းမာရေးဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ သထုံတွင် ခုတင်၁၀၀ ဆံ့ဆေးရုံအသစ်နှင့်ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်း ပြုလုပ်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၌ ရန်ကင်း ကလေးဆေးရုံကြီး၌ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ မြောက်ဥက္ကလာပဆေးရုံကြီးကို အဆင့်မြှင့်တင်မွမ်းမံခြင်း၊ ဗဟိုအမျိုးသမီးဆေးရုံတွင် ခြောက်ခန်းတွဲ လေးထပ်ရှိ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ကလေးနှင့်အမျိုးသမီးဆေးရုံတွင် ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ သုံးလုံးတည်ဆောက်ခြင်းကို ပြုလုပ်မည်ဖြစ်သည်။

ရှမ်းပြည်နယ်၌ တောင်ကြီးမြို့ရှိ စစ်စံထွန်းဆေးရုံကို အဆင့်မြှင့်မွမ်းမံခြင်း၊ အရှေ့ပိုင်းကျိုင်းတုံဆေးရုံတွင် ဓာတ်ရောင်ခြည်ဆောင်နှင့် ဆေးသိုလှောင်ရုံ တည်ဆောက်ခြင်းတို့ပြုလုပ်မည် ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး၌ ကျန်းမာရေးဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းနှင့် မြောင်းမြခရိုင်ဆေးရုံ အဆင့်မြှင့်တင်မွမ်းမံခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။

ကျန်မာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်တည်ဆောက်ရေးအတွက် အိတ်ဖွင့် တင်ဒါများခေါ်ယူခြင်းလုပ်ငန်းကို စတင်လိုက်ပြီဖြစ်သည်။

ယင်းလုပ်ငန်းများကိုမြန်မာနိုင်ငံသားပိုင်ဆောက်လုပ်ရေးလိုင်စင်ရပြီးသော ကုမ္ပဏီများကိုသာ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူကာလုပ်ကိုင်ခွင့်များ ချထားပေးသွားမည်ဖြစ်သည်။

ထိုအဆောက်အအုံဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်လိုသော လုပ်ငန်းရှင်များသည် တင်ဒါများကို နိုဝင်ဘာ ၈ ရက်မှစတင်ကာ နေပြည်တော်ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန (ရုံးအမှတ် ၄) ဆောက်လုပ်ရေးဌာနစိတ်၌ဝယ်ယူပြီး ဒီဇင်ဘာ၁၂ရက်နောက်ဆုံးထားပေးသွင်းရမည် ဖြစ်သည်။






7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# အာရှပစိဖိတ်အေ့ဒ်စ်ညီလာခံသို့ လွှတ်တော်အမတ်များနှင့် အိတ်ချ်အိုင်ဗီကွန်ရက်များ တက်ရောက်မည်

ဝတ်ရည်အောင်

ရန်ကုန်၊ နိုဝင်ဘာ-၉

ထိုင်းနိုင်ငံတွင်နိုဝင်ဘာ၁၈ရက်၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အာရှ-ပစိဖိတ်အေ့ဒ်စ်ညီလာခံသို့ အိတ်ချ်အိုင်ဗီကွန်ရက် အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များပါတက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။




"အိတ်ချ်အိုင်ဗီနဲ့ပတ်သက်တဲ့ မူဝါဒတွေကို ပြင်ဆင်ဖို့ကြိုးစားနေတဲ့အခါ တခြားနိုင်ငံတွေမှာ အိတ်ချ်အိုင်ဗီနဲ့ပတ်သက်ပြီး လုပ်ဆောင်တဲ့အကြောင်းအရာတွေနဲ့ပတ်သက်တာတွေကို သိနိုင်အောင်လွှတ်တော်ကိုယ်စားလှယ်တွေပါ တက်ရောက်ဖို့စီစဉ်ထားတာပါ" ဟု Phoenix အဖွဲ့မှ ဦးသီဟကြိုင်က ပြောသည်။

၂နှစ်တစ်ကြိမ် ကျင်းပသည့် အဆိုပါညီလာခံသို့ ယခုနှစ်တွင် အိတ်ချ်အိုင်ဗီဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသူများသာမက လွှတ်တော်ကိုယ်စားလှယ်များပါ တက်ရောက်ခြင်းဖြစ်သည်။

ထိုညီလာခံတွင် ဆရာဝန်များ၊ မူဝါဒချမှတ်နိုင်သူများ၊ အိတ်ချ်အိုင်ဗီအေ့ဒ်စ်၌လုပ်ငန်းများဆိုင်ရာငွေကြေးထောက်ပံ့နေသည့်အဖွဲ့အစည်းများနှင့် အိတ်ချ်အိုင်ဗီပိုးဖြင့် နေထိုင်သူများ စသည်ဖြင့် လူဦးရေသုံးထောင်ခန့် တက်ရောက်မည်ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးကြမည်ဖြစ်သည်။

ညီလာခံသို့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးနှင့် ကွန်ရက် အဖွဲ့အစည်းများဖြစ်သည့် Phoenix ၊ 3N ၊ Drug User Net-work ၊ Sex worker network နှင့် MSM တို့မှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်းကလည်း အိတ်ချ်အိုင်ဗီဆိုင်ရာ လူမှုကွန်ရက်များက နေပြည်တော်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံခဲ့ပြီး ပြည်တွင်းတွင် ဆောင်ရွက်နေသည့် အိတ်ချ်အိုင်ဗီဆိုင်ရာ လုပ်ငန်းများနှင့် အခက်အခဲများပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်က အာရှ- ပစိဖိတ်ဒေသတွင်းတွင် လူသုံးသိန်းခွဲခန့် အိတ်ချ်အိုင်ဗီကူးစက်ခံခဲ့ရပြီး လူသုံးသိန်းသေဆုံးခဲ့ကြောင်း UNAIDS ဒေသတွင်းဆိုင်ရာ ဌာနေကိုယ်စားလှယ်၏ ပြောစကားကိုကိုးကား၍ The Nation သတင်းစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံအရိုးအကြောအထူးကုဆရာဝန်များအတွက် သင်တန်းပို့ချခြင်း

မြန်မာနိုင်ငံတွင် ကိုရီးယားမှ အရိုးအကြောပိုင်းဆိုင်ရာ ခေတ်မီတိုးတက်သော ကုသခြင်းနည်းပညာရပ်ကို အထူးပြုကာ မြန်မာသည် ပို၍တိုးတက်သော ဆေးကုသခြင်းနည်းပညာရပ်များကို ပိုင်ဆိုင်စေရန်နှင့် မြန်မာတို့၏ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်၍ အောက်ပါအတိုင်း အရိုးအကြောအထူးကုဆရာဝန်များအတွက် သင်တန်းများကို အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်လေ့လာသင်ယူနိုင်ပါသည်။

- သင်ကြားပို့ချမည့်ခေါင်းစဉ် -

Sports Emergency Care (II) during SEA Game 2013

(CPR, AED, Doping and Women athletic care)

နိုဝင်ဘာလ (၂၂)ရက်၊ ၂၀၁၃ခုနှစ် မနက် ၈း၃၀နာရီ

မြောက်ဥက္ကလာပအထွေထွေဆေးရုံကြီး စာသင်ခန်း

Sponsor - GOOD SHEPHERD FOUNDATION(KOREA)/
GLOBAL STANDARD MEDICAL CENTER(MYANMAR)



Lee, Chang Woo MD PhD
လီချန်ဝူး(MD)

Chairman of Good Shepherd Hospital Good Shepherd Hospital၏ ဆေးရုံအုပ်ကြီး

The head of Good Shepherd Joint and Stem cell Research Institute
အရိုးအဆစ်နှင့်ပင်မဆဲလ်သုတေသနအဖွဲ့အကြီးအကဲ

Regular member of Korea Orthopedic Association and Korea Medical Association
ကိုရီးယားအရိုးအဆစ်ပညာရှင်အသင်းနှင့်ကိုရီးယားဆေးပညာအသင်း၏ အမြဲတမ်းအဖွဲ့ဝင်

International Affiliated Member of America Academy of Orthopedic Surgeons(AAOS)
အမေရိကန် အရိုးအဆစ်ခွဲစိတ်သူများအကယ်ဒမီ(AAOS) ၏ နိုင်ငံတကာ မိတ်ဆက်အဖွဲ့ဝင်

Regular member of International Knee Joint and Association(ISAKOS)
နိုင်ငံတကာဒူးဆစ်အသင်း(ISAKOS) ၏ အမြဲတမ်းအဖွဲ့ဝင်

Clinical professor of Orthopedicdept of Hanyang University Medical School
ဟန်ယန်တက္ကသိုလ်ဆေးပညာကျောင်း၏ အရိုးအဆစ်ဌာနသင်ကြားရေးပါမောက္ခ

ကိုရီးယားနည်းပညာဖြင့် အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကုသမှုများကို ရန်ကုန်မြို့ GS Medical Center တွင် ရရှိနိုင်ပါသည်။

Global Standard Medical Center

ဖုန်းနံပါတ် ၀၉-၄၂၀၁၃၃၁၇၀, ၀၁-၁၂၂၀၉၇၇
တနင်္လာ _ စနေ
နံနက် ၉ နာရီ / ပိတ်ချိန် ညနေ ၅ နာရီ (စနေ နံနက် ၉ နာရီ မှ နေ့လည် ၁ နာရီအထိ)
Facebook : http://www.facebook.com/GSMCinM
တိုက်(A)၊No (4,5) ပထမထပ်၊ ဒိုင်းမွန်းကွန်ဒို၊ပြည်လမ်း၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

# တိုက်နယ်ဆေးရုံ ငါးရုံအပါအဝင် ပြည်နယ်၊တိုင်းသုံးခုရှိ ဆေးရုံများတွင် ဆေးသိုလှောင်ရုံများ တည်ဆောက်မည်

ဝတ်ရည်ဆောင်

ရန်ကုန်၊ နိုဝင်ဘာ-၉

တိုက်နယ်ဆေးရုံငါးရုံအပါအဝင် နေပြည်တော်နှင့် ပြည်နယ်၊ တိုင်းဒေသကြီး သုံးနေရာတွင် ဆေးသိုလှောင်ရုံများ တည်ဆောက်မည်ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

နေပြည်တော်၊ မန္တလေးနှင့် ကရင်ပြည်နယ်များတွင် ဆေးသိုလှောင်ရုံသုံးရုံနှင့် ပြည်နယ်နှင့်တိုင်းများတွင် တိုက်နယ်ဆေးရုံငါးရုံ၊ ဝန်ထမ်းအိမ်ရာစသည့် အဆောက်အအုံ ၃၀ ကျော် ဆောက်လုပ်ပြုပြင်ရန် လုပ်ငန်းအတွေ့အကြုံရှိသည့် ဆောက်လုပ်ရေးကုမ္ပဏီများအား တင်ဒါများခေါ်ယူထားကြောင်းကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

"အရင်က ဆေးသိုလှောင်ရုံဆိုတာ လျှို့ဒါန်းမှုတွေကိုပဲ လက်ခံခဲ့ရတာ။ အခုမှ ကျန်းမာရေးဝန်ကြီးဌာနက စဆောက်မှာဆိုတော့ လိုအပ်တဲ့ စံချိန်မီပုံစံဖြစ်ဖို့ သေချာလုပ်နေရတယ်" ဟု တာဝန်ခံအင်ဂျင်နီယာက ပြောသည်။

ဆေးဝါးဖြန့်ဖြူးရေး လိုအပ်ချက်များကြောင့် ဆေးသိုလှောင်ရုံများ တိုးချဲ့ဆောက်လုပ်ခြင်းဖြစ်ပြီး လက်ရှိတွင် မြို့နယ်အဆင့်အထိ ဆေးသိုလှောင်ရုံများ ဆောက်လုပ်ရန် မဖြစ်နိုင်သေးကြောင်း ကျန်းမာရေး ဒုတိယဝန်ကြီးက ပြည်သူ့လွှတ်တော်တွင် ပြောကြားခဲ့သည်။

ယခုနှစ် ဘဏ္ဍာရေးနှစ်ကျန်းမာရေးဘတ်ဂျက်ဖြင့် ဆေးဝါးများ၊ စက်ပစ္စည်းများ ဝယ်ယူခြင်း အပြင် ကျေးလက်နှင့် မြို့ပြ ကျန်းမာရေးကွာဟမှု လျှော့ချနိုင်ရန် ကျေးလက်ဒေသများတွင် ဆေးရုံများ၊ ဆေးပေးခန်းများ ဆောက်လုပ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ဗဟိုအဆင့် ဆေးရုံများ အကြီးစားပြင်ဆင်ခြင်း၊ လွှတ်တော်တွင် ကတိပြုထားသည့် တိုက်နယ်ဆေးရုံများ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရန်အတွက် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေအား ယခုကျင်းပနေသည့် လွှတ်တော်အစည်းအဝေးတွင် ဖြည့်စွက်တောင်းခံထားသည်။

ထို့အပြင် ပြီးခဲ့သည့် လအတွင်းကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ တည်ဆောက်ရန် တင်ဒါများခေါ်ယူခဲ့သည်။

# သရေခေတ္တရာ ရှေးဟောင်းနယ်မြေတွင် မြေဈေးတက်

**ဇော်မင်းထိုက်**

**ပြည်၊ နိုဝင်ဘာ-၉**

ပြည်မြို့၊ မှော်ဇာအုပ်စုရှိ သရေခေတ္တရာ ရှေးဟောင်းဇုန် နယ်မြေအတွင်းရှိ မြေဈေးများ မြင့်တက်လာပြီး ပျူရှေးဟောင်းမြို့များ ကမ္ဘာ့ယဉ်ကျေးမှု အမွေနှစ်စာရင်းဝင်ရန် ရှေးဟောင်းဇုန်များ ထိန်းသိမ်းမှု၊ ပြုပြင်မှုများ စတင်ဆောင်ရွက်သည်မှစ၍ ဈေးတက်လာခြင်းဖြစ်ကြောင်း မှော်ဇာအုပ်စုဒေသခံများက ပြောသည်။

"ငါးလလောက်အတွင်းမှာ အရင်ပေါက်ဈေးထက် သုံးဆလောက် တက်သွားတယ်။ ဈေးတက်တဲ့ နေရာတွေက ဇုန်ပတ်လမ်းရှိတဲ့ မျက်နှာစာ မြေကွက်တွေပါ။ အဲဒီနေရာတွေကို လူကြိုက်များတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မှော်ဇာအုပ်စုရှိသရေခေတ္တရာ ရှေးဟောင်းဇုန် လှည့်ပတ်ကြည့်ရှုရာ ဇုန်ပတ်လမ်းရှိ မြေနေရာများသည် လွန်ခဲ့သော ကာလများ၌ တစ်ကေလျှင် ခြောက်သိန်းဝန်းကျင်ခန့် ရှိခဲ့သော်လည်း ယခုအခါ သိန်းနှစ်ဆယ်ဝန်းကျင် ပေါက်ဈေးရှိနေသည်။

သရေခေတ္တရာရှေးဟောင်းမြို့ အပါအဝင် မြန်မာနိုင်ငံ၏ ရှေးဟောင်း ယဉ်ကျေးမှုနေရာများဖြစ်သော ပုဂံ၊ မြောက်ဦး နယ်မြေများတွင် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်းများကို ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ပါက အရေးယူမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက နိုဝင်ဘာပထမပတ်တွင် ထုတ်ပြန်ထားခဲ့သည်။

သရေခေတ္တရာ ရှေးဟောင်းနယ်မြေအတွင်းရှိ မြေကွက်ဝယ်ယူသူများမှာ ဒေသခံများသာမက ရန်ကုန်၊ မော်လမြိုင်အစရှိသော အခြားမြို့များမှလည်း လာရောက်ဝယ်ယူကြောင်း ဇုန်နယ်မြေအတွင်းရှိ မြေဈေးများသာ ဈေးတက်ခြင်းဖြစ်ပြီး မှော်ဇာအုပ်စုအတွင်းရှိကျေးရွာများရှိ ခြံမြေဈေးမှာ သိသိသာသာ ဈေးတက်ခြင်းမရှိကြောင်း ဒေသခံများက ပြောကြားသည်။

## မုံရွာမြို့အနီးတွင် ဂန္ဓမာပန်းများ စီးပွားဖြစ် လာရောက်စိုက်ပျိုး

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၉**

မုံရွာမြို့အနီးတွင် ယခုနှစ်အတွင်း ပြင်ဦးလွင်ဒေသထွက် ပန်းမျိုးရင်းများဖြင့် ဂန္ဓမာပန်းစိုက်ပျိုးရေး လုပ်ငန်းများ လာရောက်လုပ်ကိုင်သူပိုမိုများပြားလာကြောင်း မုံရွာမြို့နယ် ပန်းစိုက်ပျိုးတောင်သူများက ပြောသည်။

"ပုံမှန်တော့ ညောင်ဖြူပင်၊ နဂါးတွင်း၊ ပေါက်ပင်၊ ဘုဘ စတဲ့ ရွာတွေကနေ ပန်းစိုက်ပြီး မုံရွာ၊ မန္တလေးဈေးကွက်မှာ ပုံမှန်ရောင်းနေတာ။ ဒီနှစ်ပြင်ဦးလွင်နဲ့မန္တလေးဘက်မှာ ပန်းစိုက်တဲ့တောင်သူက မုံရွာကို ဆင်းပြီး မြေငှားစိုက်ကြပျိုးကြတယ်။ ဂန္ဓမာပန်းစိုက်ပျိုးရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူတွေလည်း ဒီလဆန်းမှာ ဈေးကွက်ကို စရောင်းနေကြပြီ" ဟု မုံရွာမြို့နယ်၊ ညောင်ဖြူပင်ကျေးရွာဒေသခံ ဂန္ဓမာ ပန်းစိုက်ပျိုးရေး လုပ်ကိုင်သော ပန်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"မြေငှားခက အကျယ်အဝန်းပေါ် မူတည်ပြီး တစ်နှစ်ကို ငါးသောင်းကနေ တစ်သိန်းခွဲအထိ ပေးရတယ်။ နေတာကတော့ ကနီမှာနေတယ်။ အရင်နှစ်တွေတုန်းက မန္တလေးနဲ့ မေမြို့မှာ ပန်းစိုက်တယ်။ ဒီနှစ်ရွာနဲ့နီးချင်လို့မုံရွာမြို့ထဲ လှည့်ရောင်းတဲ့ပန်းသည်တွေလည်း လာဝယ်သလို မုံရွာဈေးထဲကိုလည်း သွားရောင်းတယ်" ဟု မုံရွာမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် ပထမဆုံး ဂန္ဓမာပန်းစိုက်ပျိုးရေးလုပ်ငန်းများ လာရောက်ရင်းနှီးလုပ်ကိုင်သော ပန်းစိုက်တောင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ် ချင်းတွင်းရေဝင်ဒေသများတွင် စိုက်ပျိုးသော ဂန္ဓမာပန်းစိုက်ရေးလုပ်ငန်းများတွင် ပြင်ဦးလွင်ဒေသမှ ပန်းမျိုးရင်းများဖြစ်သည့် ကြွေဖြူ၊ ပိတောက်နီ၊ ရေစို၊ ရွှေစိမ်း၊ ရုပ်စိမ်း စသည့် ဂန္ဓမာပန်းအုပ်စုနှင့် ကီလိုအုပ်စုဝင် ဂန္ဓမာပန်းမျိုးရင်းများ အများဆုံးစိုက်ပျိုးကြောင်း သိရှိရသည်။

မုံရွာ ဈေးကွက်၌ ဂန္ဓမာပန်းအုပ်စုဝင် ပန်းများမှာ တစ်ပွင့်ကျပ် ၃၀ မှ ကျပ် ၇၀ ဝန်းကျင်၊ ကီလိုအုပ်စုဝင် ဂန္ဓမာပန်းများ မှာ တစ်ကိုင်းလျှင် ကျပ် ၁၀၀ မှ ၁၅၀ ဝန်းကျင်အထိ အရောင်းသွက်လျက်ရှိကြောင်း မုံရွာဒေသ ပန်းစိုက်ပျိုးထုတ်လုပ်သူများကပြောသည်။



*မုံရွာအနီးမှ ဂန္ဓမာပန်းစိုက်ခင်းတစ်ခု*

ဓာတ်ပုံ- မျိုးမင်းဦး



7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# မဏိပူရ်ရိုးရာရှမ်ဂိုင်းပွဲတော်တွင် မန္တလေးနှင့် စစ်ကိုင်းမှလက်မှုပစ္စည်းများ ပြသမည်

**ခန့်ထက်**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

အိန္ဒိယနိုင်ငံ၊ မဏိပူရ်ရိုးရာရှမ်ဂိုင်းပွဲတော်သို့မြန်မာနိုင်ငံမှ ပထမအကြိမ်ပူးပေါင်းပါဝင်ပြီး မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ ပန်းချီများ၊ ရုပ်သေးအကများ၊ ခြင်းအလှခတ်အဖွဲ့များ စုပေါင်းသွားရောက်ပြသမည်ဖြစ်ကြောင်း အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ သတင်းရရှိသည်။

မဏိပူရ်ပြည်နယ်ရှိ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အတွက် ဆောင်ရွက်သော ရိုးရာရှမ်ဂိုင်း (Sangai)သမင်ပွဲတော်တွင်မြန်မာနိုင်ငံမှ ရိုးရာပန်းပဲများ၊ ကျောက်စိမ်းပန်းပုများ၊ ပန်းချီကားများ လက်မှုပစ္စည်းများကိုဆိုင်ခန်းဖွင့်လှစ်၍ ပြသရောင်းချသွားမည်ဖြစ်ပြီး ရိုးရာရုပ်သေးအကများ၊ ခြင်းအလှခတ်အဖွဲ့များ ပြသကြမည်ဖြစ်သည်။

"မြန်မာနိုင်ငံက ပထမဆုံးအကြိမ်သွားရောက်ပြသတာဖြစ်ပါတယ်။ တရုတ်နဲ့ထိုင်းနိုင်ငံတို့ကလည်းပါဝင်ပြသမယ်လို့သိရပါတယ်"ဟု အိန္ဒိယကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှသွားရောက်ပြသရာတွင်မန္တလေးနှင့် စစ်ကိုင်းတို့မှ လက်မှုပစ္စည်းများနှင့် ပညာရှင်များစုစုပေါင်းဦးရေ ၇၀ ကျော် သွားရောက်ပြသရန်စာရင်းရှိနေပြီဖြစ်သည်ဟုဆိုသည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော မဏိပူရ်ပြည်နယ်ရှိ အဆိုပါရိုးရာပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်မှ ၃၀ ရက်အထိပြုလုပ်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ၂၀၁၀ပြည့်နှစ်မှစတင်ဆောင်ရွက်သည့်ပြည်နယ်အဆင့်ပွဲတော်ဖြစ်သည်။

ယင်းပွဲတော်အတွက် မန္တလေးမှ မဏိပူရ်အင်ဖာသို့ ပုံမှန်လေကြောင်းလိုင်း ပြေးဆွဲရန် အတွက်အိန္ဒိယရွှေမြန်မာလေကြောင်းလိုင်းနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

# ရာသီအပြောင်းအလဲကြောင့် မုန်လာစိုက်ခင်းများပျက်စီး

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၉**

မုံရွာမြို့နယ်အတွင်း စိုက်ပျိုးထားသောမုန်လာစိုက်ခင်း ထက်ဝက်နီးပါးမှာ မိုးနှောင်းရာသီတွင် ရွာခဲ့သောမိုးကြောင့် ပျက်စီးကြောင်း မုံရွာဒေသခံမုန်လာစိုက်ပျိုးသူများကပြောသည်။

"ဒီနှစ်မိုးနှောင်းမှာ ရွာတဲ့မိုးကြောင့် မုန်လာပွင့်(ပန်းမုန်လာ)ရော မုန်လာထုပ်ရော ထက်ဝက်နီးပါးလျော့တယ်။ အပျက်အစီးလည်းများသလို အထွက်ကလည်းနောက်ကျတယ်။ ကုန်းမြင့်ပိုင်းက ပန်းမုန်လာတွေတော့ ဈေးကွက်ရောက်ပြီ။ အနိမ့်ပိုင်းက မုန်လာခင်းတော်တော်များများပျက်စီးကုန်တယ်"ဟု မုံရွာမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်အများဆုံးစိုက်ပျိုးသည့် ထနောင်းတောကျေးရွာဒေသခံမုန်လာစိုက်ပျိုးသည့် တောင်သူတစ်ဦးကပြောကြားခဲ့သည်။



*မုံရွာအနီး စိုက်ပျိုးထားသော မုန်လာစိုက်ခင်းတစ်ခင်း*

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

ယခုနှစ် မိုးရာသီတွင်မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်ရင်ဆိုင်ခဲ့ရသည့်အတွက် ယခုလအတွင်း ကုန်းမြင့်ပိုင်းတွင် စိုက်ပျိုးသောမုန်လာစိုက်ခင်းများမှ ပန်းမုန်လာများဈေးကွက်သို့စတင်ဝင်ရောက်ပြီဖြစ်ကြောင်း မုံရွာဈေးကွက်ကုန်စိမ်းရောင်းချသူများပြောပြချက်အရ သိရှိရသည်။ မုံရွာဈေးကွက်တွင်ဒေသထွက်မုန်လာထုပ်(ဂေါ်ဖီထုပ်)နှင့်မုန်လာပွင့်(ပန်းမုန်လာ)များလုံလောက်မှုမရှိသည့်အတွက် ပြင်ဦးလွင်နှင့် မန္တလေးဒေသမှ တင်ပို့ရောင်းချလျက်ရှိသည်။

မုံရွာဒေသမှမုန်လာများဈေးကွက်သို့စတင်ဝင်ရောက်ချိန် ပန်းမုန်လာတစ်ပွင့်လျှင် အပွင့်အကြီးအသေးအပေါ် မူတည်၍ ကျပ်တစ်ရာမှကျပ်ငါးရာအထိ၊ မုန်လာထုပ်တစ်ထုပ်လျှင် အကြီးအသေးပေါ် မူတည်၍ ကျပ်တစ်ရာ့ငါးဆယ်မှကျပ်သုံးရာအထိအရောင်းအဝယ်ဖြစ်လျက်ရှိသည်။

# မောင်တောနယ်စပ်တွင် ကျေးလက်ဒေသများပါ ကထိန်ပြန်ခင်းနိုင်မည်

**မောင်ကံ**

**မောင်တော၊ နိုဝင်ဘာ- ၉**

ဆူပူအကြမ်းဖက်မှုများဖြစ်ပွားခဲ့သည့် မောင်တောနယ်စပ်ဒေသတွင်ပြန်လည်တည်ငြိမ်လာသဖြင့် ကထိန်ပွဲရာသီတွင် ကျေးလက်ဒေသများရှိဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၌ ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းခြင်းများကို ကျင်းပနိုင်ကြောင်း သိရသည်။

"လွန်ခဲ့တဲ့နှစ်က ဝါဆိုသင်္ကန်းရော၊ ကထိန်သင်္ကန်းရော ဖြစ်သလို ဆက်ကပ်လှူဒါန်းခဲ့ရပါတယ်။ ဒေသအခြေအနေအရ အလှူရှင်တွေ မသွားရဲ၊ မလာရဲဖြစ်နေတဲ့အတွက်ဖြစ်ပါတယ်။ ဒီနှစ်တော့ ကျောင်းတော်တော်များများအလှူရှင်တွေရှိနေခဲ့ပါတယ်။ အလှူရှင်မရှိတဲ့ ကျောင်းတွေကို ကျတော့ ဌာနဆိုင်ရာတွေက ဘုံကထိန်အဖြစ်ဆက်ကပ်လှူဒါန်းပေးပါတယ်"ဟုဗုဒ္ဓသာသနနုဂ္ဂဟအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ သာသနာရေးလုပ်ငန်းများကို စိတ်ချမ်းသာစွာလုပ်နိုင်ခြင်းမှာ ဒေသတွင်း အခြေအနေတည်ငြိမ်အေးချမ်းနေခြင်း၊ ဒေသလုံခြုံရေးအသင့်အတင့်ရရှိလာခြင်းကြောင့် ဖြစ်ကြောင်း မောင်တောမြို့နယ်နှင့် ၂၆မိုင်ခန့်ကွာဝေးသည့်ဝက်ကျိန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့သည့် အလှူရှင်တစ်ဦးကပြောသည်။

အလားတူရပ်ကွက်အလိုက်ကျင်းပသည့် ဓမ္မပူဇနိယပွဲတော်များကိုလည်း ကျင်းပပြုလုပ်နိုင်ရန်ဒေသခံတိုင်းရင်းသားများက မျှော်လင့်နေကြသည်။

## ရန်ကုန်–ရွှေညောင်ရထားခရီးစဉ် ပြန်လည်ပြေးဆွဲမည်

**အေးမွန်ရာပြည့်**

**မန္တလေး၊ နိုဝင်ဘာ-၉**

ငါးနှစ်ကျော်ကြာရပ် နားထားခဲ့သည့် ရန်ကုန်- ရွှေညောင်တိုက်ရိုက်မီးရထားခရီးစဉ်ကို နိုဝင်ဘာ ၁၀ ရက်မှ စတင်ကာ ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၀၈ခုနှစ်မှစတင်ကာ ရန်ကုန်-ပျဉ်းမနား-ရွှေညောင်ခရီးစဉ်အဖြစ် ပျဉ်းမနားဘူတာတွင် ခရီးသည်များကို ရထားပြောင်းလဲစီးစေသည့် ပုံစံဖြင့်ပြောင်းလဲပြေးဆွဲစေခဲ့ရာမှ လာမည့်နိုဝင်ဘာ ၁၀ရက်တွင် ရန်ကုန်-သာစည်-ရွှေညောင်တိုက်ရိုက်မီးရထားခရီးစဉ်များကိုပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အောင်ပန်းမြို့ရှိ မြန်မာ့မီးရထား၊ တိုင်းအမှတ်(၄)ရုံးမှ သွားလာရေးမန်နေဂျာဦးခင်မောင်အေးကပြောသည်။

"ရန်ကုန်ရထားက ပျဉ်းမနားကို ညအချိန်ဝင်တော့ ခရီးသည်တွေအနေနဲ့တွဲရွှေ့ပြောင်းရတာ အဆင်မပြေတာတွေရှိလို့ ခုလိုပြန်ပြေးဆွဲဖို့စီစဉ်ရတာ။ တွဲတွေရော စက်ခေါင်းတွေရော တိုက်ရိုက်ပြေးဆွဲသွားမှာ"ဟု ဦးခင်မောင်အေးကပြောသည်။

၂၀၀၈မတိုင်မီနှစ်များက ရန်ကုန်မြို့နှင့် ရွှေညောင်မြို့များသို့ သာစည်ဘူတာကို တစ်ဆင့်ခံဖြတ်သန်းကာ တိုက်ရိုက်မီးရထားများခုတ်မောင်းပေးခဲ့ရာမှ ၂၀၀၈ခုနှစ်မှ ယခုနှစ်အထိ ပျဉ်းမနားဘူတာမှတစ်ဆင့် ရွှေညောင်သွားမည့်ရထားကို ပြောင်းရွှေ့စီးစေသည့် စနစ်ကိုကျင့်သုံးခဲ့ကြသောကြောင့် မီးရထားစီးသည့်ခရီးသည်များအနေဖြင့် ခက်ခဲမှုများရှိနေ၍ ယခုကဲ့သို့ ပြန်လည်ပြေးဆွဲပေးရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ပြန်လည်ပြေးဆွဲမည့် တိုက်ရိုက်မီးရထားခရီးစဉ်အတွက် မီးရထားလက်မှတ် တန်ဖိုးကိုငွေကျပ်အနည်းငယ်တိုးမြှင့်ထားပြီး ၄၀၀ ကျပ်သို့တိုးမြှင့်သွားမည်ဖြစ်ကြောင်း အောင်ပန်းမြို့ရှိ မြန်မာ့မီးရထားတိုင်းအမှတ်(၄)ရုံးမှ သတင်းရရှိသည်။

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယနှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ ကမ္ဘာသမ္မေ နယူးဒေလီ အာဂရာ တပ်ချ်မဟာ နေရာများသို့ ( ၁၄ည / ၁၅ ရက် ) ခရီးစဉ် 950 USD + ၅၀၀၀၀ိ/-
သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ ( ၇ ည / ၈ ရက် ) ခရီးစဉ် 850 USD + ၅၀၀၀၀ိ/-
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အပတ်စဉ် ပုံမှန် ထွက်ခွါနေပြီဖြစ်ပါ၍ အမြန်စာရင်းပေးသွင်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို - အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး •ဖုန်း -09 402 64 8989, 09 5300305

UNOPS
The United Nations Office for Project Services (UNOPS) in Myanmar is inviting qualified candidates to apply for the following position for Yangon Duty Station with initial duration of 1 year with possibility of extension.
**Post Title :** Communications Analyst
**Post Level:** LICA 5
**Application deadline:** 22 November 2013
All applications must be made through the UNOPS E-recruitment System (https://gprs.unops.org) and click on the post you are interested in applying for.
**If you have further queries, please contact 95 1 657 281-7 Ext: 149**

7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# မောင်တောမြို့ မောရဝတီကျေးရွာ အစိုးရ စာသင်ကျောင်းခြောက်လနှင့် အပြီးတည်ဆောက်မည်

**မောင်ကံ**

**မောင်တော၊ နိုဝင်ဘာ- ၉**

ပြီးခဲ့သည့်နှစ် ပဋိပက္ခကြောင့် မီးရှို့ခံခဲ့ရသည့် မောရဝတီကျေးရွာတွင် အစိုးရ စာသင်ကျောင်း တည်ဆောက်ခြင်း လုပ်ငန်းများ စတင်နေပြီဖြစ်ပြီး ခြောက်လနှင့်အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

နှစ်ထပ်ကျောင်းဆောင်သစ်အဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး အလျား ၁၄၀ ပေ၊ အနံ ၂၆ ပေရှိ အာရ်စီ အမျိုးအစားအဖြစ် တည်ဆောက်မည်ဖြစ်သည်။

ကျောင်းဆောင်သစ်ကို အင်ဒိုနီးရှားနိုင်ငံ လှူဒါန်းငွေဖြင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မင်းလွင်ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူ



*မောင်တောမြို့နယ် မောရဝတီကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကိုတွေ့ရစဉ်* ဓာတ်ပုံ- မောင်ကံ

တည်ဆောက်ခြင်းဖြစ်သည်။

မောရဝတီကျေးရွာ၌ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ ၁၂၀ ဦးရှိပြီး ယခုနှစ် ကျောင်းဖွင့်ရာသီတွင် ပညာသင်ကြားနိုင်ရန်အတွက် အလျား ၄၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၁၀ ပေရှိ မြေခင်း၊ ဝါးထရံကာ၊ ဓနိမိုးယာယီကျောင်းဆောင် တစ်ခုကို ဆောက်လုပ်ကာ သင်ကြားနေပြီး ရွာရှိဘုန်းတော်ကြီးကျောင်းတွင် သင်ကြားနေခြင်းဖြစ်သည်။

မောင်တောနယ်စပ်ရှိမီးရှို့ခံကျေးရွာများအနက် ရွှေရင်အေး၊ ကန်သာယာ အလယ်ရွာ၊ ဗောဓိကုန်း၊ သရေကုန်ဘောင်ကျေးရွာများတွင် တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ကင်းချောင်းကျေးရွာတွင် တည်ဆောက်ရန် ကျန်ရှိနေသေးသည်။

# ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူလူထု၏ လိုလားချက် တောင်းဆိုချက်များကို ပြည်သူ့အသံဖြင့် ထည့်သွင်းတောင်းဆိုမည်ဟုဆို

**နေလင်းသိုက်**

**တောင်ကြီး၊ နိုဝင်ဘာ၁၀**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်နိုင်ရန် အောက်ခြေလူထု၏ လိုအပ်ချက်များကို ကောက်ယူ၍ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ပြည်သူလူထုလိုအပ်ချက်ကိုထည့်သွင်းတောင်းဆိုမည်ဖြစ်ကြောင်း နိုဝင်ဘာ ၈ ရက်က စတင်ဖွဲ့စည်းလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်သူ့ကွန်ရက် (ရှမ်းပြည်နယ်)မှ ကော်မတီဝင် ကိုစိုင်းစိုင်းငင်းက ပြောသည်။

"မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ရေးဆွဲခဲ့တဲ့ ၁၉၄၇၊ ၁၉၇၄နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ပြည်သူလူထုရဲ့သဘောထားကို အောက်ခြေဆင်းပြီး ကောက်ယူထားခြင်း မရှိပါဘူး။

ယခုပြဋ္ဌာန်းထားတဲ့ ၂၀၀၈ အခြေခံဥပဒေရဲ့ အားနည်းချက်၊ အားသာချက်တွေနဲ့ပြည်သူလူထု အမှန်တကယ်လိုလားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်သင့်တဲ့ အချက်တွေ၊ပြည်သူလူထုသဘောထားဆွေးနွေးချက်တွေကို မြန်မာနိုင်ငံအနှံ့ ကောက်ယူပြီး လွှတ်တော်မှာ တင်ပြတောင်းဆိုမှာပါ" ဟု ၎င်းက ပြောသည်။

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်ရှိ classic ခန်းမ၌ နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်နိုင်ရန် အရပ်ဘက်အဖွဲ့အစည်းပေါင်းစုံပါဝင်သည့် ဆွေးနွေးပွဲတစ်ခုကျင်းပခဲ့ပြီး ဆွေးနွေးပွဲအပြီးတွင်သဘောထားကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

"အဓိက ဆွေးနွေးခဲ့ကြတာတော့ စစ်တပ်ရဲ့အုပ်ချုပ်ရေးအပိုင်းမှာ လိုအပ်သည်ထက် ပိုမိုပါဝင်နေမှုတွေကို အဖွဲ့တော်တော်များများ ဆွေးနွေးခဲ့ကြတာကို တွေ့ရတယ်" ဟု ကွန်ရက်(ဗဟို) မှ ဆွေးနွေးပွဲဦးဆောင်သူ ဦးမျိုးရန်နောင်သိန်းက ပြောသည်။

ဆွေးနွေးပွဲအပြီးတွင် ရှမ်းပြည်နယ်ကိုယ်စားပြု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်သူ့ကွန်ရက်ကို စတင်ဖွဲ့စည်းပေးခဲ့ပြီး ယင်းအဖွဲ့မှ ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း ဆက်လက်လုပ်ဆောင်သွားမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်သူ့ကွန်ရက် (ရှမ်းပြည်နယ်)မှ ပြန်ကြားရေးတာဝန်ခံ ကိုနေမျိုးက ပြောသည်။

"ရှမ်းပြည်တွင်းရှိ မြို့နယ်တွေမှာ ဆက်လက်ဖွဲ့စည်းလုပ်ဆောင်ဖို့ရှိပါတယ်။ ဒီကွန်ရက်တွေကနေဦးဆောင်ပြီး ပြည်သူတွေ ပါဝင်စေချင်တဲ့ အချက်အလက်တွေ၊ ဆန္ဒသဘောထားတွေကို ထင်ဟပ်စေပြီး လွှတ်တော်ထဲထိရောက်အောင် လုပ်ဆောင်သွားဖို့ပါ"ဟုပြန်ကြားရေးတာဝန်ခံက ဆိုသည်။

အဆိုပါပွဲသို့ ရှမ်းပြည်တောင်ပိုင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပါတီများအပါအဝင်အဖွဲ့ ၄၂ ဖွဲ့နှင့် လူအင်အား ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး အခြားမြို့များက ဖိတ်ခေါ်သည့်အတွက် အောင်ပန်း၊ ဖယ်ခုံ၊ ညောင်ရွှေမြို့နယ်များ၌ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လာမည့် ဇန်နဝါရီ ၃၁ ရက်မတိုင်မီ လွှတ်တော်သို့ အပြီးသတ်တင်သွင်းရမည်ဟု နိုဝင်ဘာ ၇ ရက်က ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်ပြီဖြစ်သည်။

# မဟာကျန်ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**မောင်ကံ**

**မောင်တော၊ နိုဝင်ဘာ- ၉**

ဒေသအခြေအနေအရပြီးခဲ့သည့် ၂၀၁၂ခုနှစ်ကမကျင်းပနိုင်ခဲ့သည့် မောင်တောမြို့ သမိုင်းဝင် မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်ဇွန် ၈ ရက်က ဖြစ်ပွားခဲ့သော မောင်တောမြို့ ပဋိပက္ခများကြောင့် အစဉ်အလာ မပျက် ကျင်းပခဲ့သည့် ဘာသာရေးပွဲတော်၊ ယဉ်ကျေးမှုပွဲတော်များ မကျင်းပနိုင်ဘဲ ယခုနှစ်တွင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုအထိုက်အလျောက်ရရှိလာပြီဖြစ်၍ ပြန်လည်ကျင်းပရန် စီစဉ်ရခြင်းဖြစ်သည်ဟုဆိုသည်။

ရှေးဟောင်း သမိုင်းဝင် မဟာကျန်ဗုဒ္ဓရုပ်ပွားတော်မြတ်မှာ မောင်တောမြို့ မြို့မပရိယတ္တိစာသင်တိုက်တွင် ကိန်းဝပ်စံပွာယ်လျက်ရှိပြီး ဗုဒ္ဓပူဇနိယပွဲ တော်ကို နှစ်စဉ် တန်ဆောင်မုန်း လဆန်း ၁၄ ရက်မှ လပြည့်ကျော် တစ်ရက်အထိ ကျင်းပပြုလုပ်သည်။

မြို့မကျောင်းတိုက်တွင် ကိန်းဝပ်လျက်ရှိသော မဟာကျန်ဗုဒ္ဓရုပ်ပွားတော်မှာပြီးခဲ့သည့်နှစ် တန်ဆောင်မုန်းလက အသစ်တည်ဆောက်ထားသောဂန္ဓကုဋီကျောင်းဆောင်သစ်သို့ ပြောင်းရွှေ့အပူဇော်ခံလျက်ရှိသည်။

"ဒီနှစ်တော့ ဗုဒ္ဓပူဇနိယပွဲကို ကျင်းပဖို့ စီစဉ်နေကြပါတယ်။ ပွဲတော်မှာ ရခိုင်စင်တင်တေးဂီတဖျော်ဖြေပွဲတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ကျန်တာကတော့ ဘုရားအနေကဇာတင်တာ၊ ဆွမ်းဆက်ကပ်လှူဒါန်းတာ။ အပူဇော်ခံတာပါပဲ"ဟု ပွဲတော်ကျင်းပရေး ကော်မဝင် ဦးအောင်ကျော်ညွန့်ကပြောသည်။

မောင်တောနယ်စပ်ရှိ တန်ဖိုးကြီးရှေးဟောင်းသမိုင်းဝင်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် မဟာကျန်ဗုဒ္ဓရုပ်ပွားတော်မှာ တစ်ဆူအပါအဝင် ဖြစ်သည်။

# ခရမ်းချဉ်စိုက်ခင်းအချို့ ပျက်စီး၍ ခရမ်းချဉ်သီးဈေးတက်

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၁၀**

မုံရွာမြို့နယ်အတွင်း ရာသီဥတုအပြောင်းအလဲကြောင့် ခရမ်း ချဉ်စိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးခဲ့ပြီး မုံရွာဈေးကွက်တွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ်တစ်ထောင်အထက်ဈေးမြင့်တက်ခဲ့ကြောင်း မုံရွာဒေသခံခရမ်းချဉ်စိုက်တောင်သူများထံမှ သိရသည်။

"ကုန်းမြင့်ပိုင်းဒေသတွေမှာ ခရမ်းချဉ်စိုက်ခင်းတွေ မိုးကြောင့် အပွင့်ကြွေတယ်၊ အပင်နာတယ်။ ရာသီဥတုဒဏ်က မိုးကြောင့်လို့ ပြောရသလို တော်သလင်း၊ သီတင်းကျွတ်မှာ နှင်းကျတဲ့ဒဏ်ကြောင့်လည်းအပင်တွေနာတယ်။ တချို့ခရမ်းချဉ်စိုက်ခင်းတွေက အသီးတွေကြွေသလို အပင်တွေလည်း သေကုန်ပြီ"ဟု မုံရွာမြို့နယ်ကြီးအုပ်ကျေးရွာအုပ်စုမှ ဝါရင့်ခရမ်းချဉ်စိုက်တောင်သူ ဦးဝင်းဇော်ဦးကပြောကြားသည်။

မုံရွာမြို့ အရှေ့ဘက်ကုန်းမြင့်ဒေသဖြစ်သော ခတ္တာကုန်၊ ကြီးအုပ်၊ လှည်းတား၊ ညောင်ပင်နှင့် ဆည်ကြီးတောကျေးရွာအုပ်စုတို့တွင် ပြီးခဲ့သည့် မေလဆန်းက စတင်စိုက်ပျိုးသော ခရမ်းချဉ်စိုက်ခင်းများသည်စက်တင်ဘာလကုန် ရက်ပိုင်းအတွင်း ဈေးကွက်သို့ ခရမ်းချဉ်သီးများ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။

ပေါ်စတွင် တစ်ပိဿာ ကျပ် ၇၀၀ ဝန်းကျင်ဖြင့် ဈေးကွက်သို့ ဝင်ရောက်လာပြီး အောက်တိုဘာလလယ် ရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းချိန်တွင် ခရမ်းချဉ်သီးတစ်ပိဿာလျှင်ကျပ် ၄၅၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။

နိုဝင်ဘာလဆန်းတွင် ခရမ်းချဉ်စိုက်ခင်းအချို့ပျက်စီးပြီး ခရမ်းချဉ်သီးအထွက်နှုန်းသည် ပုံမှန်အထွက်နှုန်းထက် ၂၀ ရာခိုင်နှုန်းသာထွက်ရှိခဲ့သဖြင့် တစ်ပိဿာလျှင် ကျပ် ၁,၀၀၀ မှ ကျပ် ၁,၂၀၀ ဝန်းကျင်အထိ ဈေးမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

GS ဂယာရွှေတိုး အိန္ဒိယ-နီပေါ-သီရိလင်္ကာ-ထိုင်း-ပြည်ပသာသနာပြုအဖွဲ့



မဟာဗောဓိစေတီတော်-ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲ
သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန - (၁၅)ရက်ခရီး
( 01.12.2013 ) ( 22.12.2013 )
သံဝေဇနီယလေးဌာန(၇)ရက်ခရီး(ခရစ္စမတ်အထူး) ( 22.12.2013 )
သီရိလင်္ကာ - ကန္ဒီ - (စွယ်တော်) (၇) ရက်ခရီးစဉ်
မှတ်ချက် ခရီးစဉ် တိုင်းကျွင် (၁၆) ဦးသာ လက်ခံ ပါသည်။
ဒေါ်ဝင်းဝင်း ကိုယ်တိုင်ဦးဆောင်၍ ခရီးစဉ်တစ်လျှောက်နွေးထွေးသော ဝန်ဆောင်မှုများဖြင့် ကူညီလိုက်ပို့ဆောင်ပေးပါမည်။
YangonHotline : 221586 , 222527, 09 73196436 Mandalay Hotline : 0933274747, 09402582048

ဦးကျော်သီဟ B.A(Korean)MUFL ဦးစီးသော
Ever Stand
ကိုရီးယား (EPS-TOPIK)စာမေးပွဲအတွက်
သီးသန့်(၇)ယောက်ဝိုင်းများ
09-43107402, 09-420132133
သင်တန်းစတင်မည့်ရက်
၂. ၁၂. ၂၀၁၃- ရန်ကုန်
၂. ၂. ၂၀၁၄- မိခင်ရွာ၊ ဝါးတောမသင်တန်းခွဲ (အရာတော်မြို့နယ်)
အမှတ်(၁၀၁)၊ 8(C)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# အင်န်အယ်လ်ဒီပါတီဆိုင်းဘုတ်တင်ထားသည့်အိမ်ကို ခဲဖြင့်ပစ်ပေါက်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တိုင်ကြားခံရ

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၁၀**

မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ဘောင်းကျကျေးရွာရှိ ရပ်ကွက်ကျေးရွာအုပ်စု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဆိုင်းဘုတ်တင်ထားသည့်နေအိမ်ကိုကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ခဲဖြင့်ပစ်ပေါက်၍ အရာတော်မြို့နယ်ရဲတပ်ဖွဲ့ စခန်းသို့ တိုင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

"ကျေးရွာအုပ်ချုပ်ရေးမှူးက ရပ်/ကျေး အင်န်အယ်လ်ဒီဆိုင်းဘုတ်တင်ထားတဲ့ အိမ်ရှေ့ကို ထော်လာဂျီနဲ့ရောက်လာတယ်။ သီချင်းတွေအော်ဟစ်ပြီးဆိုတယ်။ အိမ်ရှင်တွေရဲ့အမည်တွေကို အော်ဟစ်ပြီး အိမ်ကိုခဲနဲ့ပစ်တယ်။ ရပ်/ကျေး အင်န်အယ်လ်ဒီဆိုင်းဘုတ်စုတ်ပြဲသွားတဲ့အထိ ခဲနဲ့ပစ်တယ်။ ဖြစ်သမျှကို သူရှင်းမယ်ဆိုပြီး အော်ဟစ်ခဲ့သလို အိမ်ပိုင်ရှင်တွေကိုလည်း အသေသတ်မယ်လို့ ကြိမ်းဝါးခဲ့တယ်။ ဒါကြောင့် ဥပဒေနဲ့အညီ အရေးယူပေးဖို့ သက်ဆိုင်ရာကို တိုင်ကြားခဲ့တာဖြစ်ပါတယ်"ဟု အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။"အိမ်ရှင်အနေနဲ့ရော၊အင်န်အယ်လ်ဒီအနေနဲ့ရော သက်ဆိုင်ရာကိုတိုင်ကြားခဲ့တာဖြစ်ပါတယ်။ သက်ဆိုင်ရာကလည်း ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ခဲနဲ့ပစ်ပေါက်သူတွေကို စစ်ဆေးအရေးယူမှုတွေ စတင်ဆောင်ရွက်နေပါပြီ"ဟု အရာတော်မြို့နယ် ဘောင်းကျကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

နိုဝင်ဘာ ၈ ရက် ည ၁၀ နာရီက အရာတော်မြို့နယ်၊ဘောင်းကျကျေးရွာ (မြောက်ရွာ)ရှိ ရပ်/ကျေးအုပ်စု အင်န်အယ်လ်ဒီဆိုင်းဘုတ်တင်ထားသည့်နေအိမ်ကို ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် လူ ၁၅ ဦးက ခဲဖြင့်ဝိုင်းဝန်းပစ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ၁၅ ဦး ကို နိုဝင်ဘာ ၁၀ ရက် ညနေက နေအိမ်ပိုင်ရှင်က တရားလိုပြုလုပ်၍ အရာတော်မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားခဲ့ရာ အရာတော်မြို့နယ် မြို့မရဲစခန်းက ပြစ်မှု ၃၃၆/၅၀၆/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# မင်းလှတွင် ရေနံတွင်းလျှံကျပြီး မီးလောင်

**စောရန်နိုင်**

**မကွေး၊ နိုဝင်ဘာ-၁၀**

မင်းလှမြို့နယ်၊ ဆင်မကျကျေးရွာအနောက်ဘက်ရှိ စိန်တံခွန်ရေနံတူးဖော်ရေးလုပ်ကွက်စုန်းရေနံမှော်တွင် နိုဝင်ဘာ ၁၀ ရက်ညက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသတင်းရရှိသည်။

ဦးကျော်ဝင်း ပိုင်ဆိုင်သောရေနံတွင်းတွင် ရေနံတူးရာမှ ရေနံလျှံကျကျင်းပေါက်သွားသဖြင့် ရေနံတွင်းမှ မိုးကာကန်သို့ပိုက်ဖြင့် သွယ်တန်းနေစဉ် ရေနံတွင်းအတွင်း ဓာတ်ငွေ့ပမာဏများပြီး တွင်းကန်ပွင့်ထွက်ကာလေထုနှင့်တွေ့၍ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ရာသို့ ရေနံမနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်နိုင်ဦးနှင့် အဖွဲ့ရောက်ရှိစစ်ဆေးရာ ရေနံတွင်း၏အနောက်ဘက်ကိုက် ၁၀၀ ခန့်အကွာတွင်အမည်မသိအမျိုးသားအလောင်းတစ်လောင်းတွေ့ရှိရပြီး ရေနံတွင်းလုပ်သား ရှစ်ဦး ဒဏ်ရာရရှိကြောင်း တွေ့ရှိခဲ့သည်။

မီးလောင်နေရာတွင်မီးပွားများဆက်လက်လောင်ကျွမ်းနေသဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဒေသခံများ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရပြီး ရေနံတွင်းတူးစင်နှင့် စက်ကလပ်ခုံတစ်စုံ တန်ဖိုးကျပ် ၃၅ သိန်းဖိုးခန့်ဆုံးရှုံးခဲ့သည်။ ရေနံတွင်း မီးလောင်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ ရေနံမနယ်မြေရဲစခန်းမှ(ပ)၆၂/၂၀၁၃၊ပုဒ်မ ၂၈၅/၃၃၇/၃၃၈/၃၀၄(က)ဖြင့် အမှုဖွင့်ထားကြောင်း သိရှိရသည်။

# ဂျေယန်းဒုက္ခသည်စခန်းတွင် ထမင်းချက်ရန် ထင်းရှားပါးမှုကြုံ

**မရန်**

**မြစ်ကြီးနား၊ နိုဝင်ဘာ-၁၀**

ကေအိုင်အိုထိန်းချုပ်နယ်မြေအတွင်းရှိဂျေယန်းစစ်ရှောင်စခန်းမှ စစ်ဘေးဒုက္ခသည်များသည် မီးဖိုချောင်အတွက် အဓိက လိုအပ်သည့် ထင်းရှားပါးနေ၍ ထမင်းချက်ပြုတ်ရာတွင် အခက်အခဲကြုံနေကြောင်း သတင်းရရှိသည်။



*လိုင်ဇာမြို့အနီးတွင် ထင်းခွေလာသူများကိုတွေ့ရစဉ်* ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

ဂျေယန်း စစ်ရှောင်စခန်းရှိ စစ်ဘေးဒုက္ခသည်များသည် အိမ်ထောင်စုအလိုက် ထမင်းချက်ပြုတ်စားသောက်လေ့ရှိကြသည်။

"အဓိက ခက်ခဲတာထင်းပါ။ ထမင်းဟင်းက သူ့ဟာနဲ့သူတော့ စားရတယ်။ ထင်းရှိနေရာကဝေးတော့ ထင်းရှာရတာ မလွယ်ဘူး" ဟု ဂျေယန်းစစ်ရှောင်စခန်းတွင် နေထိုင်နေသည့် အသက်(၆၀)အရွယ် ဒေါ်ရွယ်ဂျာက ဆိုသည်။

ဂျေယန်း စစ်ရှောင်စခန်းသည် လိုင်ဇာမြို့အနီးတရုတ်နိုင်ငံနယ်စပ်တွင်ရှိပြီး လူဦးရေရှစ်ထောင်ကျော် နေထိုင်သည့် စစ်ဘေးဒုက္ခသည်စခန်းကြီးတစ်ခုဖြစ်သည်။

"ထင်းတော်တော်ခက်တယ်။ တချို့ဆို ဟောအဝေးကြီးကို ဆိုင်ကယ်တွေနဲ့သွားပြီးမှ သွားရှာကြတယ်"ဟု ဂျေယန်းစစ်ရှောင်စခန်းတာဝန်ခံက ဆိုသည်။ ထင်းရှာရန်စခန်းတည် ထောင်စက လွယ်ကူသော်လည်း အချိန်ကြာလာသည်နှင့်အမျှ လူဦးရေ တိုးပွားသောကြောင့်စခန်းပတ်ဝန်းကျင်မှထင်းများရှားပါးလာပြီး ယခုကဲ့သို့ထင်းအခက်အခဲဖြစ်လာခြင်းဖြစ်ကြောင်း ဂျေယန်းစခန်းတွင် ၂နှစ်နီးပါးနေထိုင်ခဲ့သည့် စစ်ဘေးဒုက္ခသည်တစ်ဦးက ဆိုသည်။ ဂျေယန်းစစ်ရှောင်စခန်းသည် ကေအိုင်အိုထိန်းချုပ်နယ်မြေရှိ အကြီးဆုံးစခန်းဖြစ်သည်။

**VACANCY ANNOUNCEMENT**
**Post Title : Communication Officer**
**Duty Station : Sittwe**

ICRC

The Communication Officer will be part of the Sittwe Team in Rakhine State and should start in his/her position in January 2014.
**Professional Requirements:** A university degree or equivalent, four years experience in the communication field, fluent in written and spoken English, very good computer skills, very good analytical and writing skills, excellent communication skills, confirmed capacity to analyse the political and social environment.
**Personal Requirements:** A Myanmar National, able to travel within Myanmar, capable to taking responsibility able to take initiative.
**Main Responsibilities:** Contribute to the implementation of communication activities, mainly independently, maintain and develop constructive relations with various interlocutors including Myanmar authorities and civil society organisations, give presentations on Red Cross related topics to various target audiences, organise and attend meetings with various interlocutors, translate documents and interpret from English to Myanmar and vice versa, contribute to the development and production of dissemination tools, contribute to written report, contribute to planning and budget follow-up.
**Salary and conditions: attractive salary and benefits in line with the ICRC salary scale and specific conditions for staff based in Rakhine.** Interested persons should submit an application and a CV by mail to: the **ICRC, Human Resources Department, 2(C)-5, Kaba Aye Pagoda Road, 8th Mile, Mayangone Township, Yangon** or by e-mail to: **yan_yangon@icrc.org** before **8th December 2013.** Only short-listed applicants will be contacted. For more details, please contact (tel: 01- 662613, 650136, 664524).

သို့

ဘကြီး

ချိုင့်ဆွဲမှာမလို့ဆို ...

ဘကြီးတူမ ယူတဲ့ဆိုင်ရှိတယ် ဒီဆိုင်မှာယူတာ နာဂစ်မတိုင်ခင်ကတည်းက နာဂစ်လိုနေ့မျိုးမှာတောင် အိမ်အရောက်ပို့ပေးလို့ ဝန်ဆောင်မှုကောင်းတယ်ဆိုပြီး ယူနေတာ နှစ်ပေါက်နေပြီ၊ တစ်လောက တာမွေဘက်ဆိုရင်ပို့နိုင်တဲ့ ချိုင့်အရေအတွက်ပြည့်နေလို့ မှာချင်တဲ့သူတွေ စောင့်ခဲ့ရတယ်။

ဒီဆိုင်ကအပေါ်ယံလေးလုပ်ပြီး ကြက်ကန်းဆန်အိုးတိုးလို့ ဖြစ်လာတာမဟုတ်ဘူး။ အခုလည်း မြန်မာဟင်းတွေနဲ့ပတ်သက်ပြီး စားသုံးသူတွေအတွက် Unilever Food Solutions (Bangkok) နဲ့ပေါင်းပြီး Project တစ်ခုလုပ်နေတယ်။ ဆိုင်ခွဲတွေနဲ့ Main Kitchen ကို သွားလေ့လာလိုက်ရင် ငရုတ်သီးမှုန့်ကြိတ်တာကအစ၊ ချက်ပြုတ်ပြင်ဆင်တာအဆုံး အဓိက, က ဘာလဲဆိုတာ ဘကြီး သဘောပေါက်သွားမှာပါ။

(ယခုပေးစာတွင်ပါရှိသော စာသားအချို့ကိုပြောကြားပေးသော မိတ်ဆွေများကို အထူးကျေးဇူးတင်ပါသည်။)

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး



ပါရမီဆိုင်ခွဲ - အမှတ် (၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး
ပြည်လမ်းဆိုင်ခွဲ - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၀၄ ၊၀၉-၇၃၀၀၀ ၇၀၇၊ ၀၉-၄၂၀၀၆၀၅၅၊ ၀၁-၅၂၄၂၀၈
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale (တောင်ဥက္ကလာဂေါက်ကွင်းအနီး)
www.khaingkhaingkyawfoodcenter.com

# Education

7 DAY NEWS JOURNAL

Vol.12, No.36 • NOVEMBER 13 , 2013




နိုဝင်ဘာ ၅၊၆နှင့် ၇ ရက်တို့တွင် နေပြည်တော်၌ အမျိုးသားပညာရေး ဥပဒေကြမ်းဆိုင်ရာ ဆွေးနွေးနေကြစဉ် ဓာတ်ပုံ-NNER

## အမျိုးသားပညာရေးဥပဒေကြမ်းနှင့် ပတ်သက်၍ အစိုးရအဖွဲ့နှင့် ပြင်ပပုဂ္ဂိုလ်များ ပထမအကြိမ်ဆွေးနွေး

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီမှ ရေးဆွဲတင်ပြသော အမျိုးသားပညာရေးဥပဒေမူကြမ်းဆိုင်ရာ ဆွေးနွေးပွဲသို့ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) နှင့် အင်တာနေရှင်နယ်ကျောင်း တစ်ခုဖြစ်သော ILBC ကျောင်း တည်ထောင်သူဦးတင်မောင်ဝင်းနှင့်အဖွဲ့တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

နေပြည်တော်၌ သုံးရက်ကြာပြုလုပ်သောတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ အဆင့်မြင့်ပညာရေးဥပဒေမူကြမ်းရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ လွှတ်တော်ပညာရေးကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် NNER၊ ILBC တို့ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။

“တစ်ခါမှ ဒီလိုမခေါ်ဖူးသေးပါဘူး။ အမျိုးသားပညာရေးဥပဒေပုဒ်မအားလုံးဆွေးနွေးခဲ့ကြတယ်။ လာမယ့်ဗုဒ္ဓဟူး(နိုဝင်ဘာ ၁၃)ရက်မှာထပ်ခေါ်ထားပါတယ်”ဟုအမျိုးသားပညာရေးဥပဒေမူကြမ်းရေးဆွဲရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

အမျိုးသားပညာရေးဥပဒေမူကြမ်းကို အများပြည်သူသို့ မချမပြမီ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ပြင်ပပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးနေခြင်းဖြစ်ပြီး ပြည်သူ့လွှတ်တော်သို့ မတင်သွင်းမီ အများပြည်သူအားအသိပေးမည်သည်ဟု ဆိုသည်။

“အမျိုးသားပညာရေးဥပဒေမှာ ပုဒ်မတစ်ရာကျော်ရှိတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မသင်မနေရ မူလတန်းပညာရေးအစား မသင်မနေရအလယ်တန်းပညာရေးအထိထားဖို့၊ သင်ရိုးညွှန်းတမ်း လွတ်လပ်ခွင့်ပေးဖို့၊ စာမေးပွဲစစ်ဆေးနည်းစနစ်ပြောင်းဖို့ ပြောတာကို သူတို့ဘက်က လက်ခံခဲ့ပါတယ်။ အခက်အခဲရှိတာက ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးကို ဥပဒေချမှတ်ဆောင်ရွက်ဖို့၊ အသက်မွေးဝမ်းကျောင်းပညာကို တက္ကသိုလ်ပညာရေးနဲ့ တန်းတူထားပေးဖို့ကိုတော့ သဘောတူမှုမရရှိပါဘူး။ ဆရာတွေကို ဘယ်လိုဘာသာရပ်၊ အတန်းတွေပဲ သင်ကြားနေပါစေ၊ တန်းတူတန်ဖိုးထားဖို့ကတော့ မူအရပဲ သဘောတူခဲ့ပါတယ်”ဟု ဆွေးနွေးပွဲတက်ရောက်ခဲ့သော NNER မှ ဒေါက်တာသိန်းလွင်က ပြောသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ထည့်သွင်းစဉ်းစားနိုင်ရန် “စာမေးပွဲဦးတည်လေ့ကျင့်ရေးမှ ကျန်းမာချမ်းသာအောင်နေတတ်သောပြည်ထောင်စုသားများ မွေးထုတ်ရေးဆီသို့” အမည်ဖြင့် စာအုပ်ရေးသားပြုစုထားသော ILBC အင်တာနေရှင်နယ်ကျောင်း တည်ထောင်သူဦးတင်မောင်ဝင်းသည်လည်းဆွေးနွေးပွဲတက်ရောက်ခွင့်ရရှိခဲ့သည်။

## အခြေခံနှင့် အဆင့်မြင့်ပညာဆရာ၊ဆရာမများတွေ့ဆုံပွဲ ပထမဆုံးအကြိမ် ပြုလုပ်သွားမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် အဆင့်မြှင့်ရေးတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍများကို တွေ့ဆုံဆွေးနွေးရန် အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍမှ ဆရာ၊ ဆရာမများတွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာတွင် သုံးရက်ကြာပြုလုပ်ကျင်းပသွားမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနတာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် အခြေခံပညာမှ ဆရာ၊ ဆရာမများအား ဖိတ်ကြားမည်ဖြစ်ပြီး နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း(ILO)၊ ကုလသမဂ္ဂ ပညာရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO)၊ နိုင်ငံတကာ ပညာရေးအဖွဲ့အစည်း (EI)တို့နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“အဓိက ပညာရေးအဆင့်မြှင့်တင်ရေးမူဝါဒတွေ ရေးဆွဲတဲ့နေရာမှာ ဆရာ၊ ဆရာမတွေ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ဖို့ ဆွေးနွေးသွားမှာပါ။ နောက်ပြီးဆရာ၊ ဆရာမအသင်းဖွဲ့စည်းမှုနဲ့ ကြုံတွေ့ရတဲ့ အခက်အခဲတွေကိုလည်း ဆွေးနွေးသွားမှာပါ”ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

အခြေခံနှင့်အဆင့်မြင့်ပညာကဏ္ဍမှ ဆရာ၊ ဆရာမများတွေ့ဆုံဆွေးနွေးပွဲကို လာမည့် ဒီဇင်ဘာ ၆၊ ၇နှင့် ၈ ရက်တွင် ရန်ကုန်မြို့ရှိ အာရှပလာဇာဟိုတယ်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဆရာ၊ ဆရာမများကိုလည်း ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ တက္ကသိုလ်အချို့သည် လွန်ခဲ့သည့် နှစ်၊ စက်တင်ဘာမှစ၍ ဆရာ၊ ဆရာမများအသင်း တည်ထောင်ထားပြီးဖြစ်သော်လည်း အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ အသင်းဖွဲ့စည်းနိုင်မှု မရှိသေးပေ။

## အမေရိကန်ပညာရေးပြပွဲ ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

အမေရိကန်နိုင်ငံ၏ ပညာရေးအခွင့်အလမ်းများအကြောင်း လေ့လာသိရှိနိုင်မည့် ပညာရေးပြပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှ ၅ နာရီထိ ဒဂုံမြို့နယ်၊ တော်ဝင်လမ်းရှိ အမေရိကန်စင်တာတွင် ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

အမေရိကန်ပညာရေး၊ အမေရိကန်ပညာသင်ဆု အစီအစဉ်များ၊ အမေရိကန်စင်တာ အင်္ဂလိပ်ဘာသာစကားသင်တန်း၊ စာကြည့်တိုက်၊ မြန်မာ-အမေရိကန်ချစ်ကြည်ရေးအသင်းနှင့် SAT ၊TOEFL၊GRE စာမေးပွဲများအကြောင်းကို မြန်မာကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်မည်ဖြစ်ကြောင်း အမေရိကန်သံရုံးက ကြေညာချက်ထုတ်ပြန်ထားသည်။

နံနက် ၉ နာရီမှ ၁၀ နာရီခွဲတွင် အမေရိကန်နိုင်ငံရှိကောလိပ်နှင့် တက္ကသိုလ်များအကြောင်း၊ နံနက် ၁၀ နာရီမှ နေ့လယ် ၁၂ နာရီထိ အမေရိကန်အစိုးရဘွဲ့ကြို ပညာသင်ဆုအစီအစဉ်များအကြောင်း၊ နေ့လယ်၁ နာရီခွဲမှ ၂ နာရီခွဲထိအမေရိကန်အစိုးရဘွဲ့လွန် ပညာသင်ဆု အစီအစဉ်များအကြောင်းနှင့် မွန်းလွဲ၃ နာရီခွဲမှ ညနေ ၅ နာရီထိ နိုင်ငံတကာကျောင်းသားများဝိုင်းဖွဲ့ဆွေးနွေးမှုအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ပညာရေးဌာနကစီစဉ်ဆောင်ရွက်သော ပညာရေးပြပွဲသို့စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်လေ့လာနိုင်မည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် သိလိုသည့် မေးခွန်းများ ယူဆောင်လာကြရန် အမေရိကန်သံရုံးက ဖိတ်ခေါ်ထားသည်။




Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905


OMRON
WATCH YOUR HEART
သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့မဖြစ်ပွားအောင် သင်၏သွေးပေါင်ချိန်ကို
မှန်မှန်တိုင်းတာခြင်းဖြင့် ကြိုတင်ကာကွယ်ပါ
JAPAN TECHNOLOGY & DESIGN
ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော
ကမ္ဘာ့နံပါတ်(၁)သွေးပေါင်ချိန်တိုင်းကိရိယာ
'အွမ်ရွန်'
ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်
All for Healthcare
အသေးစိတ်သိရှိလိုပါက
Market Expansion Services by www.dksh.com
DKSH
DKSH Services Ltd.


MIMIF
THE 2ND MYANMAR INT'L MACHINERY INDUSTRIAL FAIR
ဒုတိယအကြိမ်မြောက် မြန်မာ့ အပြည်ပြည်ဆိုင်ရာ စက်မှုပစ္စည်းပြပွဲ ၂၀၁၃
MYANMAR INT'L WOOD PROCESSING EXHIBITION MYANMARWOOD
Myanmar PLAS
MACHINE TOOL AUTOMATION
HARDWARE & BUILDING MATERIAL
Myanmar PACK
Myanmar PRINT
Myanmar FOODTECH
MYANMAR AGROTECH
ELECTRONIC INDUSTRY & AUTOMATION
2013 ENERGY MYANMAR
Organizers:
Co-organizers:
Supported by:
Sponsor:
၁၅.၁၁.၂၀၁၃ – ၁၈.၁၁.၂၀၁၃
နံနက် ၉:၀၀ – ညနေ ၅:၃၀
မြန်မာကွန်ဗင်ရှင်းစင်တာ
မင်းဓမ္မလမ်း၊ ရန်ကုန်မြို့
နိုင်ငံပေါင်း (၁၅) နိုင်ငံမှထုတ်လုပ်ထားသောပလက်စတစ်ထုတ်ကုန်များ ၊ ကုန်ထုတ်ပိုးမှုပစ္စည်းများ ၊ ပုံနှိပ်ပစ္စည်းများ ၊ စားသောက်ကုန်များ ၊
စားသောက်ကုန်နှင့်ဆက်စပ်သော စက်ပစ္စည်းများ ၊ စိုက်ပျိုးရေး နှင့် မွေးမြူရေးဆိုင်ရာ စက်ပစ္စည်းများ ၊ စက်ပစ္စည်းကိရိယာများ ၊
သစ်အချောထည်ပစ္စည်းပြုလုပ်သောစက်ကိရိယာများ ၊ ကုန်မာပစ္စည်းများ ၊ ဆောက်လုပ်ရေးနှင့်ဆိုင်သောပစ္စည်းများ ၊
စသည့်အခြားအစိတ်အပိုင်းများ အပါအဝင် အမျိုးအစားပေါင်း (၃၀၀) ကျော်ကိုအပြည်ပြည်ဆိုင်ရာစက်မှုပစ္စည်းပြပွဲကြီးတွင်
ခင်းကျင်းပြသမည်ဖြစ်ပါသည် ။
မြန်မာနိုင်ငံရှိစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
(UMFCCI) မှ ဦးဆောင်ပြီး မြန်မာ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MIA) နှင့် အခြားအဖွဲ့အစည်းများပူးပေါင်း ပါဝင်သော အပြည်ပြည်ဆိုင်ရာ
မြန်မာနိုင်ငံစက်မှုပစ္စည်းပြပွဲကြီးသို့ တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည် ။
အကြီးမားဆုံးသော အပြည်ပြည်ဆိုင်ရာ
စက်မှုပြပွဲ ရန်ကုန်သို့ လာရောက်
လေ့လာပါ
www.myanmar-expo.com/MIMIF/
Special gift for first 1,000 visitors every day and you will have a chance to win a mini ipad!
FOR FURTHER INQUIRIES PLEASE CONTACT:
Ms. MYO KYI PHYU TUN
Address: 9th Floor, AMBO Tower, Bo Aung Kyaw Road, Yangon, Myanmar
Tel: (95-1) 373345 / Fax: (95-1) 373345
Mobile: 09420703426
Email: myokyiphyutun25@gmail.com

# ဗီဇာသက်တမ်းကုန်နေသည့် ထိုင်းရောက်မြန်မာလုပ်သား သောင်းဂဏန်း အလုပ်လက်မဲ့ဖြစ်နေ

အေးမြတ်သူ

ရန်ကုန်၊
နိုဝင်ဘာ -၁၁


ထိုင်းရှိရေထွက်ကုန်စက်ရုံတွင်အလုပ်လုပ်နေသော ပြည်ပလုပ်သားများ ဓာတ်ပုံ-dw.de

ထိုင်းနိုင်ငံအတွင်း ဗီဇာသက်တမ်းလေးနှစ်ဖြင့် သွားရောက်လုပ်ကိုင်ခဲ့သည့် သောင်းနှင့်ချီသော မြန်မာအလုပ်သမား များ အလုပ်လက်မဲ့ဖြစ်နေကြောင်း ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးကွန်ရက်မှ နိုဝင်ဘာ ၁၁ ရက်က သတင်းထုတ်ပြန်သည်။

၂၀၀၉ ခုနှစ်မှစ၍ ထိုင်းနိုင်ငံသို့ လေးနှစ်ဗီဇာသက်တမ်းဖြင့် တရားဝင်သွားရောက်လုပ်ကိုင်ခဲ့သည့် မြန်မာအလုပ်သမားများသည်ပြီးခဲ့သည့် ဩဂုတ်လ၌ ဗီဇာသက်တမ်းကုန်ဆုံးခဲ့ပြီး ထပ်မံသက်တမ်းတိုးမြှင့်နိုင်ရန် နှစ်နိုင်ငံအစိုးရချင်း နှစ်ကြိမ်တွေ့ဆုံကာ လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခဲ့သည်။

သို့သော် လက်ရှိအချိန်ထိ လုပ်ငန်းစဉ် အကောင်ထည်ဖော်ဆောင်ရွက်ခြင်းမရှိသေးသည့် အနေအထားရှိနေပြီး ထိုင်းလုပ်ငန်းရှင်ကလည်း ဗီဇာအသစ်ရရှိမှသာ အလုပ်ပြန်လည်ခန့်အပ်မည်ဖြစ်ရာ လက်ရှိတွင် အလုပ်လက်မဲ့များဖြစ်နေကြောင်း သတင်းရရှိသည်။

ပွဲစားများက ဗီဇာသက်တမ်းဆက်တိုးနိုင်ရန် လုပ်ပေးမည်ဟုဆိုကာ ၎င်းတို့ထံမှ တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၃၅၀၀ မှ ၁၅၀၀၀ အထိ လိမ်လည်တောင်းခံလျက်ရှိသည်။ ထိုင်းအလုပ်ရှင်ကိုလည်း ပွဲစားများက တစ်ဦးလျှင် ဘတ်တစ်သောင်းမှတစ်သောင်းခွဲအထိ ကြိုတင်ငွေတောင်းခံမှုများ ပြုလုပ်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

နှစ်နိုင်ငံအစိုးရ သဘောတူညီချက်အရ သက်တမ်းကုန်ဆုံးလျက်ရှိသည့် တရားဝင်မြန်မာအလုပ်သမားများကို ဗီဇာသက်တမ်းတိုးမြှင့် ဆောင်ရွက်ပေးပါက နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့အပြင် သက်တမ်းတိုးဆောင်ရွက်ချိန်တွင် ထိုင်းနိုင်ငံမှ ပြန်လည်ထွက်ခွာပြီး နယ်စပ်တွင် နေ့ချင်းပြီး ဗီဇာသက်တမ်းတိုးမည်ဟု သဘောတူထားကြောင်း အလုပ်သမားဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

၂၀၀၉ ခုနှစ်မှစ၍ ထိုင်းနိုင်ငံသို့ နည်းလမ်းအမျိုးမျိုးဖြင့် သွားရောက်လုပ်ကိုင်ပြီး အထောက်အထားမဲ့ဖြစ်နေသည့် မြန်မာအလုပ်သမား ၁ ဒသမ ၇ သန်းကျော်အား ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးခဲ့ရာတွင် အလုပ်သမား၊ အလုပ်ရှင်တို့သည် မိမိတို့ဘာသာ လုပ်ကိုင်နိုင်ခြင်းမရှိ၍ ပွဲစားများက ကြားခံဆောင်ရွက်ခဲ့သည်။

"ပွဲစားနဲ့လုပ်ရင် မြန်တယ်။ ကိုယ့်ဘာသာလုပ်ရင် တော်ရုံနဲ့ မရဘူး။ အဆင့်ဆင့်ကြာတယ်။ ပွဲစားနဲ့လုပ်ရင် တစ်လလောက်နဲ့ ရတယ်။ အဲဒီတော့ ပွဲစားကို အားမကိုးလို့မရဘူး" ဟု ရွှေ့ပြောင်းလုပ်သား ကွန်ရက်မှ ဦးစိန်ဌေးက ပြောသည်။

ထိုသို့ ပွဲစားများဖြင့် ဆောင်ရွက်ရာတွင် နှစ်နိုင်ငံအစိုးရသဘောတူညီချက်ဖြင့် လုပ်သားတစ်ဦးလျှင် ဗီဇာခ၊ ယာယီနိုင်ငံကူးလက်မှတ်ခ စုစုပေါင်း ဘတ် ၁၀၅၀ သာ သတ်မှတ်ထားသော်လည်း ပွဲစားကုမ္ပဏီများသို့ ဘတ် ၅၅၀၀ မှ ဘတ် ၁၂၀၀၀ ထိ အဆပေါင်းများစွာ ပေးခဲ့ရသည်။

ယင်းပေးဆောင်ခဲ့ရမှုနှင့် ပတ်သက်၍ ပျမ်းမျှအားဖြင့် လုပ်သားတစ်ဦးလျှင် ဘတ် ၃၀၀၀ ခန့် ပိုမိုပေးခဲ့ရပြီး နိုင်ငံသားစိစစ်ပြီးသော လုပ်သား ၁ ဒသမ ၇ သန်းခန့်နှင့်တွက်ပါက ဘတ်ငွေသန်းပေါင်း ငါးထောင်ကျော် (ဒေါ်လာသန်း ၁၇၀ ခန့်)တို့ကိုပွဲစားကုမ္ပဏီများ အပါအဝင် သက်ဆိုင်ရာဌာနတို့မှ ဝန်ထမ်းများက ကိုယ်ကျိုးရှာ အမြတ်ထုတ်ခဲ့သည်ဟုယင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ယခုအခါ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမား သုံးသန်းခန့်ရှိသည့်အနက် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးပြီးလုပ်သားဦးရေ ၁ ဒသမ ၇ သန်းခန့်ရှိသည်။

အထက်ပါပြဿနာများဖြစ်ပွားခဲ့ပြီးနောက် ရွှေ့ပြောင်းလုပ်သားကွန်ယက်က ထိုင်းတွင်ဗီဇာရက်ကျော် မြန်မာလုပ်သားများကို ဒဏ်ကြေးကင်းလွတ်ခွင့်ပြုရန် အပါအဝင်အချက်ငါးချက်ကိုတောင်းဆိုခဲ့သည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

အတ္ထုပ္ပတ္တိစာအုပ်ဘာသာပြန်ရန်အတွက် အင်္ဂလိပ်မှ မြန်မာသို့ ချောမွေ့စွာရေးသားနိုင်သူအလိုရှိသည်။ အတွေ့အကြုံရှိသူဖြစ်ရမည်။ ဘာသာပြန်ကြေးကောင်းကောင်းရရှိမည်။

ဖုန်း-၀၉ ၄၂၀၀၆၂၅၇၀

---

**ဝန်ထမ်းအလိုရှိသည်**

အင်ဂျင်နီယာ (Civil,Mechanical)
ကျား/မ (၅) ဦး
Site Supervisor (ဘွဲ့ရပြီး) ကျား (၅) ဦး
စတီးလုပ်ငန်းကျွမ်းကျင် ကျား (၅) ဦး
Welding ကျွမ်းကျင် ကျား (၅) ဦး

ဖုန်း-၀၁ ၅၄၃၈၁၆

---

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ဝန်ထမ်း မ (၃) ဦး
ပုံမှန်အပ်ချုပ်စက်၊ မော်တာစက်ချုပ်တတ်ရမည်။
TNT စက်ချုပ်လုပ်ငန်း

ဖုန်း-၀၉ ၄၂၀၀၄၉၉၃၄

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

ကောက်/ဖြောင့်/ညှပ်ကျွမ်းကျင်
မ(၅) ဦး
ခေါင်းလျှော်၊ လက်သည်းအလှပုံဖော်ကျွမ်းကျင် မ (၅) ဦး

ဖုန်း-၀၉ ၇၃၀၂၇၂၉၃

---

**ဝန်ထမ်းအလိုရှိသည်**

Marketing မ (၂) ဦး
ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၁ ၈၆၀၄၀၈၁

---

**ဝန်ထမ်းအလိုရှိသည်**

ညပိုင်းဂျာနယ်ဖြန့်ချိရေး ကျား (၁၀) ဦး
နေ့ပိုင်းရုံးဝန်ထမ်း ကျား/မ (၁၀) ဦး

ဖုန်း-၀၉ ၇၃၀၀၁၇၅၀

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၃) ဦး လှိုင်သာယာတွင်။
သန့်ရှင်းရေး (မ) လသာမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်တို့တွင် အလုပ်လုပ်ရန်။

ဖုန်း-၀၁ ၃၇၃၀၀၁

---

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing M/F (4) Posts
Marketing လုပ်ငန်းကို စိတ်ပါဝင်စားသူဖြစ်ရမည်။ ကော်မရှင်ခံစားခွင့်ရှိသည်။
Tango Tracking Co.,Ltd

ဖုန်း-၀၁ ၈၆၀၄၀၈၁

---

**အလိုရှိသည်**

မူကြိုဆရာမ အလိုရှိသည်။
ကန်တော်ကလေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၇၃၁၆၉၀၇၉

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း ကျား (၁) ဦး
လိုင်စင်အနီ၊ အတွေ့အကြုံ ၂ နှစ်။
အရောင်းအကူ ကျား (၂) ဦး၊ ပညာအရည်အချင်း (၁၀)တန်း။

ဖုန်း-၀၉ ၈၆၂၇၇၇၁

---

**ဝန်ထမ်းအလိုရှိသည်**

Field Sale Staff (2) Posts
Sale & Marketing Manager (1) Post
wintun@ibiz-sp.com သို့အီးမေးလ်ပို့၍ လျှောက်ထားနိုင်သည်။

ဖုန်း-၀၉ ၄၂၀၀၄၁၈၈၄

---

**ဝန်ထမ်းအလိုရှိသည်**

ကာယအလှ၊ ဗလနည်းပြအလိုရှိသည်။
ကာယဗလ၊ အလှအားကစားစိတ်ဝင်စားသူ၊ နည်းပြလုပ်ငန်းအား စိတ်ဝင်စားသူ၊ အတွေ့အကြုံရှိသူဦးစားပေးမည်။

ဖုန်း-၀၉ ၃၁၆၄၁၈၁၄

---

**ဝန်ထမ်းအလိုရှိသည်**

Auditor M/F (2) Posts
Electrician M (2) Posts
Designer M/F (2) Posts
အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံ ၂ နှစ်အထက်ရှိသူ။
အမှတ်-၂၇၀၊ အခန်း-၃စီ၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**

ဂျပန်စာသင်ရန် ဆရာ၊ ဆရာမများ
ဂျပန်ဘာသာအရည်အချင်း N2 အောင်မြင်ပြီးသူ၊ ကွန်ပျူတာအသုံးပြုတတ်သူ။
Office Staff
ဂျပန်စာတတ်သူ(သို့) ဘွဲ့တစ်ခုခုရှိသူ၊ ကွန်ပျူတာ အသုံးပြုတတ်သူ။

ဖုန်း-၀၉ ၂၅၀၃၅၇၅၃၅

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

ရုံးဝန်ထမ်း မ (၃) ဦး
ဘွဲ့ရ၊ အသက် ၂၂-၃၀ကြား။
အမှတ်-၃၈၅/၃၈၉၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ Global Tower ၁၂ လွှာ၊ ကျောက်တံတားမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**

Sales Manager M/F (3) Posts
Sales Supervisor M/F (5) Posts
Sales Rep; M/F (6) Posts
Email-hrintermedimd@gmail.com

ဖုန်း-၀၁ ၂၁၅၂၄၇

---

**ဝန်ထမ်းအလိုရှိသည်**

အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယားအတန်သင့် နားလည်သူ (၁) ဦး အမြန်အလိုရှိသည်။
**Speedy Internet Centre**

ဖုန်း-၀၁ ၆၆၀၁၆၃

---

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား/မ (၂) ဦး
အတွင်းရေးမှူး မ (၂) ဦး
ယာဉ်မောင်း ကျား (၅) ဦး

ဖုန်း-၀၉ ၄၃၀၆၆၃၀၅

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်းတစ်ဦးအလိုရှိပါသည်။
CV Form၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ။
eimonmyat08@gmail.com

ဖုန်း-၀၁ ၅၃၉၅၇၂

---

**ဝန်ထမ်းအလိုရှိသည်**

အိမ်စီးကားမျိုးစုံ မောင်းနိုင်ရမည်။
အသက် ၃၀-၅၀၊ ခရီးဝေးမောင်းနိုင်၊ ကားမောင်း သက်တမ်း ၃ နှစ်ရှိရမည်၊ မရမ်းကုန်းမြို့နယ်နှင့် နီးသူ ဦးစားပေးမည်။

ဖုန်း-၀၉ ၇၃၀၆၁၂၄၄

---

**ဝန်ထမ်းအလိုရှိသည်**

ဆံထုံးကျွမ်းကျင်သူကျား/မ (၂) ဦး
အချိန်ပိုင်းဖြင့်လည်း တာဝန်ထမ်းဆောင်နိုင်သည်။

ဖုန်း-၀၉ ၃၁၅၆၅၉၂၀

---

**အလိုရှိသည်**

ဗီဒီယိုဇာတ်ကားနှင့် တေးသီချင်း VCD တို့ရိုက်ကူးရန်အတွက် သရုပ်ဆောင်သစ် ကျား (၁၀) ဦး၊ မ (၁၀) ဦး အမြန်အလိုရှိသည်။ ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း ကျား (၅) ဦး
အခြေခံပညာအထက်တန်း။
မုန့်လုပ်ငန်းကျွမ်းကျင် ကျား (၃) ဦး
စရိတ်ငြိမ်းစီစဉ်ပေးမည်။

ဖုန်း-၀၉ ၅၁၀၂၁၉၄

---

**အမြန်အလိုရှိသည်**

စင်တီမီတာနည်း/လက်မနည်းဖြင့် စက်ချုပ်ကျွမ်းကျင်အမြန်အလိုရှိသည်။

ဖုန်း-၀၉ ၅၀၄၉၁၁၀

---

**ဝန်ထမ်းအလိုရှိသည်**

Designer M/F (3) Posts
အထည်နှင့် ပတ်သက်၍ Design တီထွင်ဆန်းသစ်နိုင်ရမည်။ Pattern ပြုလုပ်နိုင်ရမည်။ Pattern ပွားပြုလုပ်နိုင်ရမည်။

ဖုန်း-၀၉ ၈၆၂၁၂၈၃

---

**ဝန်ထမ်းအလိုရှိသည်**

Sale & Marketing မ (၅) ဦး
(Furniture & Curtain)
ဘွဲ့ရ၊ အသက် ၂၇ နှစ်အောက်၊ အတွေ့အကြုံရှိသူဦးစားပေး။

ဖုန်း-၀၉ ၄၃၂၀၅၀၁၈

---

**ဝန်ထမ်းအလိုရှိသည်**

Reservation Staff F (2) Posts
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊ အင်္ဂလိပ်ပြောတတ်သူဦးစားပေး။
No(294/3#3A,B),ShweGone Daing Main Road,Infront of Nga-Htet-Gyi Pagoda,Bahan Township.

---

**အလိုရှိသည်**

အရောင်းဝန်ထမ်း (မင်္ဂလာဈေး)
မ (၂) ဦး။ လစာ -ခြောက်သောင်း (အတွေ့အကြုံရှိ) ၊လေးသောင်း (နေ/စားငြိမ်း)။ ဖုန်း-၀၉ ၅၁၈၇၁၃၂

---

**ဝန်ထမ်းအလိုရှိသည်**

Photoshop ကျွမ်းကျင် မ (၂) ဦး
ရုံးဝန်ထမ်း မ (၅) ဦး
ပညာသင်ဝန်ထမ်း မ (၁၀) ဦး

ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**

Fashion Designer မ (၁) ဦး
Marketing Executive မ (၁) ဦး
စက်ချုပ်ကျွမ်းကျင် မ (၃) ဦး
စီးကွင့်ကျွမ်းကျင် မ (၁) ဦး

ဖုန်း-၀၉ ၅၄၀၉၀၉၇

---

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား/မ (၁) ဦး
အတွင်းရေးမှူး မ (၂) ဦး
လက်ထောက်မန်နေဂျာ ကျား/မ (၂) ဦး
Marketing/office Staff ကျားမ (၁၀) ဦး
ယာဉ်မောင်း (၅) ဦး
ဖုန်း-၀၉ ၄၂၀၀၁၆၆၁၅

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

ခင်မေဇော်(ဝါရှင်တန်ဒီစီ)



ဓာတ်ပုံ - ခင်မေဇော်(ဝါရှင်တန်ဒီစီ)

# ပန်းယွန်းတို့ ပွင့်လန်းရာမြေ

မြန်မာ့ရိုးရာအနုပညာလက်ရာဟု ဆိုလိုက်လျှင် ယွန်းထည်များ၊ ရွှေချည်ထိုးများကို ချက်ချင်းမြင်မိကြသည်။ သို့ရာတွင် ယင်းတို့ကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများအား အမှီပြုထုတ်လုပ်နေကြရသည်ဟု ခရီးသွားလမ်းညွှန်စာအုပ်များတွင် တွေ့ရသည်။

ပုဂံခရီးတစ်ထောက်တွင်လွန်ခဲ့သော အနှစ် ၃၀ နီးပါးက ရောက်ဖူးခဲ့သည့် ယွန်းဆိုင်တစ်ဆိုင်ကို လိုက်ရှာကြည့်သည်။ အဆင့်မီယွန်းထည်ကိုသာ ထုတ်လုပ်ပြီး မြန်မာ့ယွန်းကို ဂုဏ်တင်နိုင်ရန် အရှုံးခံထုတ်လုပ် ထိန်းသိမ်းထားသောဆိုင်ဟု ဒေသကျွမ်းသည့် မိတ်ဆွေက လွန်ခဲ့သည့်အနှစ် ၃၀ က ပြောပြခဲ့သည်။ ထိုစဉ်က မိတ်ဆွေညှော်လမ်းညွှန်တစ်ဦး၏ အကူအညီဖြင့် ညဘက်ရောက်သွားခဲ့ခြင်းဖြစ်ပြီး နေရာလည်းမမှတ်မိ၊ ဆိုင်အမည်လည်း မမှတ်မိခဲ့ပါ။ သို့သော် ညောင်ဦးသား ကားဆရာက အစ်မပြောပြပုံအရဆိုရင် ဒီဆိုင်ပဲဖြစ်မယ်ဟုဆိုကာ လိုက်ပို့သဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့သည်။ မြင်းကပါရွာက ရွှေဥဩဆိုင်ပင်။

ဆိုင်သို့ရောက်ချိန်တွင် မိမိကို ခေါ်လာမိတ်ဆက်ခဲ့ဖူးသူ ကွယ်လွန်ခဲ့ပြီဖြစ်သော ညှော်လမ်းညွှန်၏အမည်ကို ပြောပြသည်နှင့် တရင်းတနှီးရှိသွားခဲ့ကြသည်။ မျိုးဆက်လေးဆက် ဆက်လက်လုပ်ကိုင်နေကြသော မိသားစုယွန်းလုပ်ငန်းဖြစ်သည်။ ဆိုင်တွင်းက လုပ်ငန်းကို လှည့်လည်ရှင်းပြရင်း ယွန်းလုပ်ငန်းအဆင့်ဆင့်ကို လုပ်ကိုင်နေကြသူ လက်မှုပညာသည် ၁၅ ယောက်ခန့်၏ လုပ်ငန်းများကို ကြည့်ရှုမှတ်တမ်းပြုခွင့်ရခဲ့သည်။ ယွန်းကို အမြင်လှရုံသာမက ယွန်းထည်၏အရည်အသွေး စံတင်နိုင်လောက်အောင် လုပ်ကိုင်သူမရှိလှကြောင်း ဆိုင်ပိုင်ရှင်က ရှင်းပြသည်။

ဈေးကွက်တွင် အဝယ်လိုက်သည့် အရည်အသွေးနိမ့်ကာ ဈေးမကြီးသည့် ယွန်းပစ္စည်းများကိုသာ ထုတ်လုပ်သူအများစုက အားထားနေသဖြင့် မြန်မာ့ယွန်းထည်လက်ရာ မကျရအောင် တောင့်ခံထားရသည်ဟု ဆိုသည်။ နိုင်ငံအတော်များများတွင် ရိုးရာလက်မှုပညာများ မပျောက်ပျက်ရအောင် မူလရိုးရာထုတ်လုပ်မှုများကို ယဉ်ကျေးမှုအဖွဲ့အစည်းများက ထိန်းသိမ်းထားလျက်ရှိရာ ရိုးရာလုပ်ငန်းများ ရှင်သန်နေဆဲ မြန်မာနိုင်ငံတွင် ယခုလိုကျန်ရှိနေသော ဤအဆင့်မီယွန်းလုပ်ငန်းအတွက် အားရပီတိဖြစ်မိသည်။ လွန်ခဲ့သော နှစ် ၃၀ က နိုင်ငံခြားသားများ၊ သံတမန်များအပေါ် မှီခိုအားထားခဲ့ရသည့် ဤယွန်းဆိုင်သည် ယနေ့အခါ နိုင်ငံခြားသားများ၏ အမှတ်တရဝယ်ယူမှုအပေါ်တွင်သာ မှီခိုထုတ်လုပ်ခြင်းမဟုတ်တော့ဘဲ အဆင့်မီမြန်မာ့ယွန်းထည်များကို အသုံးပြုသော မြန်မာစားသောက်ဆိုင်များအတွက်ပါ ထုတ်လုပ်ပေးနေပြီဟု ဆိုင်ရှင်က ပြောပြသည်။

ပုပ္ပားတောင်ကအပြန်တောင်ခြေရှိ ရန်ကုန်စားသောက်ဆိုင်တွင်လည်း ယွန်းထည်အသုံးပြုမှုကို တွင်တွင်ကျယ်ကျယ် တွေ့ရသည်။ ထိုဆိုင်တွင်နိုင်ငံခြားခရီးသွားများသာမက မြန်မာခရီးသွားများလည်းစားသုံးနေကြရာတွင် အကန့်များပါသည့် ယွန်းဒေါင်းလန်း ကလပ်ကြီးဖြင့် ဟင်းမျိုးစုံထည့်သွင်းရောင်းချသော ဟင်းအမည်ကိုစိတ်ဝင်တစားမှာယူနေကြသည်။ ဒေါင်းလန်းအတွက် စီစဉ်ထားသော စားပွဲမဟုတ်သဖြင့် ကလပ်အမြင့်ကြောင့် စားသောက်ရာတွင် အဆင်မပြေလှသော်လည်း ယွန်းကိုတခမ်းတနားပွဲထုတ်လာနိုင်ပြီဖြစ်၍ ဝမ်းမြောက်မိသည်။ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ ဝင်ရောက်လာသော ပလတ်စတစ်ပန်းကန်၊ မယ်လမင်းပန်းကန်များ၊ သံစတီးစပ်ပန်းကန်များကြားမှ ခံ့ခံ့ထည်ထည် ရိုးရာလက်မှုပညာဖြင့် ယွန်းဒေါင်းလန်းနှင့် လက်ဖက်အုပ်တို့က ကျက်သရေရှိလှသည်။

မိမိတို့ငယ်ရွယ်စဉ်က အဘွား၏ ကွမ်းအစ်ကိုဖွင့်ပြီး ကွမ်းသီးများ အပျော်နှိုက်စားခဲ့သည်ကို အမှတ်ရမိသည်။ ထိုကွမ်းအစ်ကို အဘွားက နိစ္စဓူဝသုံးစွဲခဲ့ပြီး ဘဝနေဝင်ချိန်အထိပင် အဘွား၏ အဖော်ကောင်းဖြစ်ခဲ့သည်။ ယင်းကွမ်းအစ်ကတော့ ပုဂံနယ်မှ မဟုတ်ပါ။

အဘွား၏ဇာတိရှမ်းပြည်နယ်တောင်ပိုင်းအရပ်မှဖြစ်သည်။ ရင်ဖုံးအင်္ကျီပေါ်မှ ရှမ်းတိုက်ပုံကို ကြယ်သီးစေ့တပ်ကာ သပ်သပ်ရပ်ရပ်ဝတ်၊ ချည်မျှင်တစ်စမျှမထွက်အောင် အနားကိုသေသေသပ်သပ်ချုပ်ထားသည့် ပါတိတ်ထဘီရင့်ရင့်ဖြင့် ငွေရောင်ထနေသော ဖွေးဖွေးဖြူနေသည့် ဆံပင်ကို အုန်းဆီနိုင်နိုင်ထည့်၊ ဆံထုံးတော်တမာသီးထုံးပြီး မျက်နှာသုတ်ပဝါကို ခေါင်းပေါင်း၍ ယင်းအပေါ်တွင်မှ ရှမ်းခမောက်ကြီးကို ဆောင်းတတ်သည့် အဘွားသည် ရန်ကုန်မြို့နေအိမ်က အိမ်နီးနားချင်းများအတွက် ထူးထူးခြားခြား ဖြစ်ခဲ့သည်။ ရန်ကုန်ရာသီဥတုမည်မျှပင် ပူလောင်စေကာမူ မိမိ၏ ဝတ်ရုံကို မလျှော့ဘဲ ကွန်ဟိန်းတော်ဖုရား၏ ညီမတော်ဟူသော ဂုဏ်နှင့်အညီ နေရမည်ဟု သူကယူဆသည်။ ထိုစဉ်က ခေတ်လူငယ်မိမိ အဘွား၏ ဝတ်စားဆင်ယင်ပုံကို ဝေဖန်မိသည်။ အဘွားတို့တော်ဖုရားမျိုးခေတ်ကုန်ပါပြီ။ သူများလို ပေါ့ပေါ့ပါးပါးဝတ်ပါလားဟု ဆင်ခြေတတ်ခဲ့ဖူးသည်။ အဘွားကတော့ သူ့အဆင်အယင်ကို သေသည်အထိ မပြောင်းခဲ့ပေ။ မြန်မာစကားကို တစ်လုံးတလေမျှ မတတ်ဘဲ လမ်းပြရဲကြီးကို ခြေဟန်လက်ဟန်ပြ၍ ကားလမ်းကူးပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးကို ဝတ်စုံပြည့်ဖြင့် ဈေးသွားဝယ်သည်အထိ အဘွားက သတ္တိရှိခဲ့သည်။ ယင်းဝတ်ဆင်မှုများအပြင် ရန်ကုန်မြို့ကို ခေတ္တရောက်စဉ် အဘွားသွားလေရာသယ်ယူသည့် အဆောင်အယောင်များထဲတွင်မမေ့မလျော့ပါရှိသည်က သူ၏ ယွန်းကွမ်းအစ်ပင်ဖြစ်တော့သည်။

မြန်မာ့ယွန်းထည်တွင်သုံးသော သစ်စေးသည် ပြည်မပိုင်းတွင်မထွက်။ ရှမ်းပြည်နယ်ဘက်မှ မှာယူရသည်ဟု ရွှေဥဩဆိုင်ရှင်က ရှင်းပြနေချိန်တွင် အဘွား၏ ကွမ်းအစ်ကို သတိရမိခြင်းဖြစ်သည်။

မြန်မာ့ယွန်းပညာကို ဘုရင့်နောင်လက်ထက် ၁၆ ရာစုအစပိုင်းတွင် ရှမ်း၊ လာအို၊ ချင်းမိုင်တို့ဘက်ဆီမှ အနုပညာလက်မှုပညာရှင်များထံမှတစ်ဆင့် ရယူခဲ့သည်ဟု သမိုင်းမှတ်တမ်းတစ်ခုတွင် မှတ်သားထားသည်။ သစ်စေးသုတ်သော လက်မှုပညာကို ယင်းကာလထက်စော၍ မြန်မာများသိရှိခဲ့သော်လည်း ယွန်းပညာနှင့်မတူကြောင်း ယွန်းသမိုင်းလေ့လာသည့် ပညာရှင်များကဆိုသည်။ မူရင်းတရုတ်နိုင်ငံမှ ယွန်းလက်မှုပညာသည် အာရှဒေသများသို့ ပျံ့နှံ့သွားခဲ့ပြီး တစ်ကျောင်းတစ်ဂါထာဆိုသလို ဒေသခံပညာရှင်များ၊ ဓလေ့များနှင့် ဒေသထွက်ပစ္စည်းများကို အခြေခံပြီး လက်ရာများ ပြောင်းလဲခဲ့သည်။ ယနေ့အာရှ ထွက်ယွန်းများကိုကြည့်လိုက်လျှင် တရုတ်ယွန်း၊ ဂျပန်ယွန်း၊ ဗီယက်နမ်ယွန်းဟူ၍လည်း ရှိပြီး ၎င်းတို့ထဲတွင်မြန်မာ့ယွန်း၏ထူးခြားသောလက်ရာများက သီးခြားရိုးရာဓလေ့ကို ကွဲကွဲပြားပြားပြဆိုနေသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်ရှိ စမစ်ဆိုနီယမ်ပြတိုက်များတွင် ပြသထားသော ဂျပန်၊ တရုတ်စသည့် ရှေးဟောင်းအာရှယွန်းများကို တွေ့ရသော်လည်း ၎င်းတို့ထဲတွင် မြန်မာ့ရှေးဟောင်းယွန်းလက်ရာများကိုတော့ မတွေ့ခဲ့ရပေ။ ပြပွဲခင်းကျင်းပြသနိုင်သည့် အရေအတွက်မရှိ၍ဟုလည်း ယူဆနိုင်သည်။ သို့တည်းမဟုတ် ခေတ်အဆက်ဆက် ထိန်းသိမ်းနိုင်မှုများ နည်းပါးခဲ့၍လည်း ဖြစ်နိုင်သည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်သီတင်းကျွတ်ပွဲတော်အတွင်း ရှမ်းပြည်နယ် ဟိုပုန်းမြို့နယ်သို့ ရောက်ခဲ့စဉ် ဘာသာရေးကိုင်းရှိုင်းလှသည့် ပအိုဝ်းလူမျိုးများသည် ရက်သတ္တပတ်လုံး ဘုန်းကြီးကျောင်းများသို့လှည့်လည်ဖူးမြော်လှူဒါန်းကြသည်ကို တွေ့ခဲ့ရသည်။ ရှမ်းပြည်နယ်လူမျိုးစုများထဲတွင် ပအိုဝ်းတို့က သူတို့၏ဝတ်ရုံအနက်ရောင်ကို တောရောမြို့ပါ နှစ်နှစ်ခြိုက်ခြိုက် ဝတ်ဆင်နေဆဲတွေ့ရသည်။ အနက်ရောင်တူညီဝတ်စုံ၊ မျက်နှာသုတ်ပဝါခေါင်းပေါင်းကို အကျအနပေါင်းပြီး ကုန်တင်ကားများ၊ ထော်လာဂျီများဖြင့် ဘုန်းကြီးကျောင်းများသို့ သွားသည့် ပအိုဝ်းတိုင်းရင်းသားများက အလှူစာများကို ပလိုင်းများ၊ယွန်းအစ်များနှင့်ထည့်ပြီး ယူသွားသည်ကို တွေ့ခဲ့ရသည်။ ဘုန်းကြီးကျောင်းတွင် ဆွမ်းကပ်ရန် ခြေလျင်သွားရောက်ကြသော ပအိုဝ်းအမျိုးသမီးငယ်များကယွန်းအစ်များ၊ ယွန်းချိုင့်ကြီးများကို ခေါင်းပေါ်ရွက်တင်ပြီးကားလမ်းနံဘေးတွင် လျှောက်သွားနေသည်ကိုလည်း အများအပြားတွေ့ခဲ့ရသည်။

နိုင်ငံခြားသားများကို ရုံသွင်းပြသခြင်းမဟုတ်မူဘဲနေ့စဉ်အိမ်သုံးပစ္စည်းအဖြစ် အသုံးပြုနေဆဲပြည်နယ်ဒေသ၏ လက်မှုရိုးရာ ယွန်းအလှကို လွန်စွာပင်ကြည်နူးမိသည်။ ရှမ်းပြည်နယ်မှ ယွန်းများနှင့် ပုဂံယွန်းများကွဲပြားပုံကို အသေးစိတ်မသိရသော်လည်း နေ့စဉ်အသုံးပြုနေသဖြင့် အရည်အသွေးကျမည်ဟုမထင်ပါ။ ယွန်းကိုပန်းကန်ခွက်ယောက်သာမက ဘုရားဆင်းတုများထုလုပ်ရာတွင်လည်းတွင်တွင်ကျယ်ကျယ်သုံးခဲ့ရာ ရှမ်းပြည်နယ်မှ ယွန်းဘုရားဟုပင် လူသိများခဲ့သည်။

မြန်မာနှင့် ထိုင်းနိုင်ငံတို့တွင် နိုင်ငံခြား သံတမန်များအဖြစ် နေထိုင်လုပ်ကိုင်ခဲ့ဖူးသူ မိတ်ဆွေက မြန်မာပြည်သူများ တိုးတက်မှုနိမ့်ကျနေသော်လည်း ရိုးရာဓလေ့ထုံးစံများ မပျက်မစီးရှိနေသေးသည့်အဖြစ်ကို အကောင်းမြင်သဘောဖြင့် လွန်ခဲ့သော ၁၀ နှစ်ခန့်က နှိုင်းယှဉ်ထောက်ပြခဲ့ဖူးသည်။

တိုးတက်သော နိုင်ငံအတော်များများတွင် ရိုးရာဓလေ့၊ အနုပညာလက်ရာများကို အထူးတလည်ပြုလုပ်သော ပြပွဲများ၊ ပြတိုက်များတွင်သာ ပြန်လည်တွေ့နိုင်တော့သည်။ ပျောက်ဆုံးလုဖြစ်နေသော အနုပညာတို့အား တတ်ကျွမ်းသူအနည်းအကျဉ်းမျှကိုပင် အဖွဲ့အစည်းများက ထောက်ပံ့ပြီး မပျောက်ပျက်ရန် တယုတယထိန်းသိမ်းနေကြရသည်။ မြန်မာနိုင်ငံတွင်လည်း ဖွံ့ဖြိုးမှုအတွက် အဟန့်အတားမဖြစ်စေသည့် အနုပညာများ၊ ဓလေ့များကို သရုပ်ပြရန်အတွက်မဟုတ်ဘဲ ရိုးရာမပျက် အမှန်တကယ်တန်ဖိုးထား၍ ထိန်းသိမ်းနိုင်မည်ဆိုလျှင် နိုင်ငံ၊ လူမျိုးတို့၏ အနုပညာဂုဏ်သည်လည်း အလိုအလျောက်ပွဲလယ်တင့်မည်ဖြစ်တော့သည်။ ။

7 DAY NEWS JOURNAL
Vol.12, No.36 ▪ NOVEMBER 13 , 2013

စာမျက်နှာ (၃) မှ

## ငွေကြေးဖောင်းပွမှု ခုနစ်ရာခိုင်နှုန်းက အခြေအနေကောင်းလာတာလား ဆိုးသွားတာလား

လုပ်ငန်းရှင်များအတွက်မူ အဆင်ပြေစေသည်။ ကျပ်ငွေတန်ဖိုး ကျဆင်းပြီး ဒေါ်လာတန်ဖိုးတက်လာပါက ပို့ကုန်လုပ်ငန်းရှင်များရသော ဒေါ်လာမှာငွေပိုပွားလာပြီး ပိုမိုအကျိုးရှိခြင်းဖြစ်သည်။ ထို့ကြောင့်ပို့ကုန်နှင့်ဆက်စပ်လုပ်ကိုင်သူများ အကျိုးရှိနိုင်သော်လည်း တစ်ဖက်တွင် စားသုံးသူများအတွက် သွင်းကုန်များ ဈေးကြီးပေးဝယ်ရကာ ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်။

ထို့အပြင် ယခုနှစ်ပိုင်းအတွင်း သယ်ယူပို့ဆောင်စရိတ်မြင့်မားမှုကြောင့် အခြေခံစားသောက်ကုန်အများစုလိုက်ပါ ဈေးတက်ခဲ့သည်။ ထို့အပြင် လျှပ်စစ်ခတ်အားခများ မြင့်တက်မှုကလည်း ငွေကြေးဖောင်းပွလာရန် တွန်းအားတစ်ခုဖြစ်ကြောင်း စီးပွားရေးပညာရှင်ဦးလှမောင်ကပြောကြားသည်။

"စက်သုံးဆီနဲ့ စားသုံးဆီက မနှစ်ကနဲ့စာရင် ၁၂ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းကြား ဈေးတက်လာတယ်"ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့အပြင် ယခုနှစ်ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေသည့် အကြောင်းများတွင် မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်း ဘတ်ဂျက်လိုငွေပြမှုတစ်ခုလည်း ပါဝင်သည်။ အစိုးရအသုံးစရိတ် နည်းပါးချိန်တွင် လယ်ယာကဏ္ဍ၌ ထောက်ပံ့ပေးရန်ကျပ်ငွေဘီလီယံ ၁,၄၀၀ ကျော်ကို လယ်သမားများအား ချေးခဲ့သည်။ ပြည်ပမှ အကူအညီများ၊ နိုင်ငံတကာ ချေးငွေများဝင်လာရန် နှေးကွေးနေချိန်တွင်လိုအပ်နေသောငွေကြေးများအတွက် ငွေစက္ကူထပ်မံ ရိုက်ထုတ်ခဲ့ရကြောင်း စီးပွားရေး ပညာရှင်များကသုံးသပ်သည်။

ငွေကြေးဖောင်းပွမှုမှာ လက်ရှိအချိန်တွင် ကောင်းကျိုးထက် ဆိုးကျိုးများက ပိုများသည်။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ နိုင်ငံတကာမှ အကူအညီအထောက်ပံ့များ နှောင့်နှေးနေမှုကဆင်းရဲသားပြည်သူများ ပိုမိုကျပ်တည်းနေစေသည်။ ထို့အပြင် ပြည်တွင်း၌ ကျပ်တည်းမှုများကြောင့် ရာဇဝတ်မှုများကျူးလွန်ရန် တွန်းအားဖြစ်စေနိုင်ကြောင်း စီးပွားရေးပညာရှင်အချို့က သုံးသပ်ပြောသည်။

"ငွေကြေးဖောင်းပွမှုက တရားဥပဒေစိုးမိုးရေးကိုလည်း ထိခိုက်နိုင်တယ်။ လူတစ်ယောက်ရဲ့ တစ်နေ့တာဝင်ငွေက အသုံးစရိတ်ထက်ကျော်လာရင် ဘဝရပ်တည်ရေးခက်လာမယ်"ဟု ဦးလှမောင်ကဆိုသည်။

ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် အဓိကထည့်သွင်းဖော်ပြထားသည့် အိမ်ခြံမြေဈေးကြီးမြင့်မှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက စီမံကိန်းဧရိယာများအနီးတွင် ၅၀ ရာခိုင်နှုန်းခန့်မြင့်တက်လာသည်။ ၂၀၁၂ ခုနှစ်က တစ်ဧကလျှင် ကျပ်သိန်း ၄၀၀ နီးပါးသာ ရှိသည့် ဟံသာဝတီလေဆိပ်အနီးမှ မြေကွက်အချို့မှာ ယခုနှစ်တွင် ကျပ်သိန်း၆၀၀ ထိဈေးမြင့်တက်လာကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းဦးကရှင်းပြသည်။

"ဒါကဈေးကွက်တစ်ခုဖန်တီးပြီး လုပ်စားကြတာ။ သတင်းကြိုရတဲ့သူတွေအတွက်ကတော့ ကြီးမားတဲ့ စီးပွားရေးအကျိုးအမြတ်ပဲ"ဟုစီမံကိန်းများအကြောင်းပြ၍ မြေဈေးမြင့်တက်နေမှု အပေါ် ပြည်တွင်း NGO တစ်ခုကို ဦးဆောင်လုပ်ကိုင်နေသူ တစ်ဦးက သူ၏ထင်မြင်ချက်ကို ပြောသည်။

မြန်မာနိုင်ငံ၏ လက်ရှိငွေကြေးဖောင်းပွမှုနှုန်းမှာ တိုင်းပြည်စီးပွားရေးနှင့်ပြည်သူများအတွက် စိုးရိမ်စရာမရှိဟု သုံးသပ်သူများလည်းရှိပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ငွေကြေးဖောင်းပွမှုနှုန်း ရှစ်ရာခိုင်နှုန်းဝန်းကျင်မှာ အတိတ်က ကြုံခဲ့ရသည့် ၃၀ ရာခိုင်နှုန်းကျော် ငွေကြေးဖောင်းပွမှုနှင့် နှိုင်းယှဉ်လျှင်များစွာ အခြေအနေကောင်းလာကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဒုတိယဉက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောကြားသည်။

တိုင်းပြည်၏ ထုတ်လုပ်မှုကဏ္ဍ၊ ဘဏ္ဍာရေး၊ မူဝါဒများကို မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်မည်ဆိုပါက လက်ရှိကြုံတွေ့နေရသည့်ငွေကြေးဖောင်းပွမှုကို ကျော်လွှားနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 103,000 |
| Galaxy S Advance | 240,000 |
| Galaxy Express | 265,000 |
| Galaxy Grand(GSM) | 275,000 |
| Galaxy S3 | 390,000 |
| Galaxy S4 Mini | 410,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 345,000 |
| Galaxy Note II | 480,000 |
| Galaxy Tab3 7" | 305,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 480,000 |
| Xperia J | 175,000 |
| Xperia P | 230,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB)Gold | 1,200,000 |
| iPhone 5s | 890,000 |
| iPhone 5c | 660,000 |
| iPhone 5c(32 GB) | 750,000 |
| iPhone 5 (16 GB) | 650,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 950,000 |
| G 510 | 120,000 |
| C 8813D | 135,000 |
| G 520 | 120,000 |
| G 610s | 149,000 |
| G 700 | 215,000 |
| Ascend P6 | 315,000 |
| C 8813 (CDMA) | 110,000 |
| G 610c (CDMA) | 175,000 |
| Y 300c (CDMA) | 100,000 |

နိုဝင်ဘာ(၉)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 32S5500AR | 510,000 |
| Panasonic(LCD) | 32B6 | 270,000 |
| Sony (LED) | 32EX33 | 335,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 340,000 |
| Mitsubishi | 17B2 | 180,000 |
| Hitachi | 190W | 262,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 195,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi | 1.0HP(Mr.Silm) | 290,000 |
| Samsung | (1.0HP)AS09TUQN | 230,000 |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၉)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၅၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (AAဇီယက်နမ်) | တစ်အိတ် | ၅,၁၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၃ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၅ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၉)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၄,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၃၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

နိုဝင်ဘာ(၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Nov (13) | 814 | 920 | 920 | 930 |
| Nov (14) | 814 | 920 | 920 | 930 |
| Nov(15) | 814 | 920 | 920 | 930 |
| Nov(16) | 814 | 920 | 920 | 930 |
| Nov(17) | 814 | 920 | 920 | 930 |
| Nov(18) | 814 | 920 | 920 | 930 |
| Nov(19) | 814 | 920 | 920 | 930 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, HD, 14" | 480,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 619,000 |
| Intel Core i7 2.0 GHz, 8 GB DDR3, 500 GB HHD, 14" | 775,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1TB HDD ,14" | 775,000 |
| **Dell** | |
| Intel Core i3 1.8 GHz, 2 GB DDR3, 500GB HDD, 14" | 474,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 750 GB HDD, 15.6" | 668,000 |
| Intel Core i7 1.8 GHz, 8 GB DDR3, 1TB HHD, 14" | 813,000 |
| Intel Core i7 2.2 GHz, 8 GB DDR3, 750 GB HDD ,15.6" | 965,000 |
| **HP** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD , 14" | 435,000 |
| Intel Core i31.5 GHz, 4 GB DDR3, 500 GB HDD, HD,14" | 561,000 |
| Intel Core i5 2.5 GHz, 6 GB DDR3, 500 GB HDD, 15.6" | 703,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1TB HDD,15.6" | 1,066,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

စာမျက်နှာ (၇)မှ

## တော်လှန်ရေးရဲဘော်ကြီး၏ မပြီးဆုံးသေးသော တိုက်ပွဲ

သခင်လှကြိုင်ကို မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ အင်္ဂါနေ့တွင် မွေးဖွားခဲ့ပြီး ဇာတာအမည်မှာ စစ်ညွှန့်ဖြစ်သည်။ နောက်ပိုင်းတွင် လှကြိုင်ဟူသည့် အမည်တွင်ခဲ့သည်။ အဖဦးအောင်ဘွင့်၊ အမိ ဒေါ်တိုးတို့မှ မွေးဖွားသည့် သားသမီးငါးဦးအနက် အကြီးဆုံးဖြစ်သည်။

(၁၆)နှစ်သားအရွယ်တွင်တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ပြီး သခင်ဘွဲ့ကို ခံယူခဲ့သည်။ ထို့နောက် ဟင်္သာတမြို့၌ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်၏ တပ်အတွင်းဝင်ရောက်၍ လက်နက်ကိုင်ခဲ့သည်။ တိုက်ပွဲများစွာ တိုက်ခဲ့ပြီး ခြောက်နှစ်ခန့်အကြာတွင် One Line Three Star တပ်ကြပ်ကြီးအဆင့် သုံးရစ်နှင့် လစာ ၅၅ ကျပ် ရရှိခဲ့သည်။

နာမည်ကျော် ရွှေတောင်တိုက်ပွဲတွင် သခင်လှကြိုင်ပါဝင်ခဲ့ပြီး ဂျပန်တပ်များနှင့်အတူ နယ်ချဲ့ အင်္ဂလိပ်ကို တိုက်ခိုက်ခဲ့သည်။ ရွှေတောင်တိုက်ပွဲ၌ နှစ်ကြိမ်တိုင်တိုင် ပါဝင်ခဲ့သည်ဟု သူက ဆိုသည်။

“လက်ပစ်ဗုံးခြောက်လုံးနဲ့ ဂျပန်ဗိုလ်ဗိုလ်မှတ်ဆိတ်က အသေခံပြီးတက်တိုက်တာကျသွားတယ်။ သူကျသွားတော့ ဗိုလ်ရန်နိုင်တက်တယ်” ဟု သူက ရွှေတောင်တိုက်ပွဲအတွင်း မှတ်မိသလောက်ပြောပြသည်။

နောက်ပိုင်းတွင် ဖက်ဆစ်ဂျပန်ကို တော်လှန်ကြရာ၌ သခင်လှကြိုင်က သာယာဝတီ အနောက်ခြမ်းရှိစံရွှေ-ဖိုးခေါင်အရပ်ဒေသမှတိုက်ပွဲဝင်ခဲ့သည်။ ဖက်ဆစ်စနစ်ကို ဆန့်ကျင်ပြီး ဂျပန်ကို မောင်းထုတ်ခဲ့ကြသည်။ တိုင်းပြည်လွတ်လပ်ရေးအတွက်အသက်ကိုပဓာနမထားဘဲစစ်တိုက်ခဲ့ကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် သတ္တိပြခဲ့သည်။

“လူက အဲဒီတုန်းက မိုက်တာလည်းမပြောနဲ့။ ဦးခံပြီး တုတ်ပြီး ဓားပြီးဆေးထိုးတယ်။ ရဲဘော်အချင်းချင်းစမ်းသပ်ကြတာ။ တကယ်ခုတ်ရင် ပြတ်တယ်” ဟု သခင်လှကြိုင်က ဘယ်ဘက်လက်ဖျံရှိ ဓားခုတ်ရာ အမာရွတ်ကြီးကို ထုတ်ပြသည်။ ဓားပြီးသည်ဟူသည့်ဆေးကို ထိုးပြီး တကယ်ပြီး၊ မပြီးကို ဓားကောက်ဖြင့်ခုတ်လျက် စမ်းသပ်ကြခြင်းဟုဆိုသည်။ သို့သော် တကယ်မပြီးဘဲ ဓားခုတ်ရာကြီးသာ သေရာပါခဲ့သည်။

တိုက်ပွဲများအတွင်း သခင်လှကြိုင်က ဘယ်ဘက်ခြေမျက်စိတွင် သေနတ်ဒဏ်ရာတစ်ချက်သာ ရရှိခဲ့သည်။ ဟင်္သာတခရိုင်၊ သဲဖြူကျေးရွာတွင် ကရင်ခရစ်ယာန်လက်နက်ကိုင်ကော်သူလေး တပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ရာမှ သေနတ်ထိမှန်ခဲ့ခြင်းဖြစ်သည်။

“ကိုယ့်ဘက်က တပ်ခွဲတစ်ခွဲလူတစ်ရာကျော်ပဲ ပါတယ်။ ဟိုဘက်က အင်အားပိုများတယ်။ အဘကိုစတင်းဂန်းတစ်လက်ပေးတယ်။ အဘက ကာဘိုင်ပေးပါလို့ ပြောပြီး ကာဘိုင်နဲ့တိုက်တယ်။ ကာဘိုင်က ကျည်ပြေးတယ်” ဟု သခင်လှကြိုင်က ပြောပြသည်။

လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် သခင်လှကြိုင် တစ်ယောက်ဗိုလ်ထွန်းလှတပ်ရင်းသို့ လက်နက်ပြန်အပ်၍ အငြိမ်းစားယူခဲ့သည်။ ထို့နောက် မော်လမြိုင်သူ ဒေါ်ဝက်နှင့်လက်ထပ်၍ သမီးနှစ်ဦး ထွန်းကားခဲ့သည်။ ဟင်္သာတမြို့ပေါ်မှတစ်ဆင့် ရန်ကုန်မြို့သို့ပြောင်းရွှေ့ကာ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်တွင် ဆေးဆိုးပန်းရိုက်အလုပ် လုပ်ကိုင်အခြေချခဲ့သည်။ တစ်နှစ်ခန့်အကြာတွင် မေတ္တာညွန့်ရပ်ကွက် မီးလောင်သဖြင့် မြောက်ဥက္ကလာပမြို့နယ်သို့ ထပ်မံပြောင်းရွှေ့ခဲ့သည်။

ထို့နောက် ပဲခူးမြို့၊ အိုးလေးစုရပ်ကွက်သို့ ပြောင်းရွှေ့၍ ဆေးဆိုးပန်းရိုက်အလုပ်ကို ဆက်လက်လုပ်ကိုင်ခဲ့ရာ အဆင်မပြေဖြစ်ပြီး စီးပွားပျက်ခဲ့သည်။ သမီးအငယ်ဖြစ်သူ (၅၅) နှစ်အရွယ် ဒေါ်သန်းစိန်နှင့်အတူ နေထိုင်ရင်း တစ်လမ်းဝင်တစ်လမ်းထွက် ဖိနပ်ချုပ်သည့်အလုပ်ကို လုပ်ကိုင်ခဲ့ရသည်။

“ဖိနပ်ချုပ်မလား . . ဖိနပ်ဟောင်းတွေ ပြင်တယ်” ဟု သံစဉ်လေးဖြင့် အော်ခဲ့သည်ဟု သခင်လှကြိုင်က ပြောပြပြီး ထိုသံစဉ်ကို ပြန်ရွတ်ဆိုပြသေးသည်။

“ကိုယ်နဲ့တိုက်ပွဲဝင်ခဲ့တဲ့ ရဲဘော်တွေလည်း တစ်ယောက်မှမရှိကြတော့ဘူး။ စိတ်ပျက်ပြီး ပဲခူးရောက်လာတာ။ စိတ်ပျက်တော့ ဟိုဟာလုပ် ဒီဟာလုပ်ဖြစ်သွားတာ” ဟု သူ့ဘဝ၏ အခက်ခဲဆုံးနေ့ရက်များကို ပြန်ပြောင်းပြောပြသည်။

သခင်လှကြိုင်က ဇာတ်သဘင်ဝါသနာကြီးသူဖြစ်သည်။ ထို့ကြောင့် ဗေဒါညွန့်ကပွဲသဘင်သို့ ဝင်ရောက်၍ လူရွှင်တော်အဖြစ် လုပ်ကိုင်ခဲ့သေးသည်။ ဇာတ်မင်းသား နန်းညွန့်စိန်၊ ရွှေဘိုလွင်တို့နှင့် တွဲဖက်၍ မြန်မာပြည်အနှံ့ ဖျော်ဖြေခဲ့သည်။ မင်းသားရွှေဘိုလွင်က သူနှင့် ညီအစ်ကိုနှစ်ဝမ်းကွဲတော်စပ်သဖြင့် ဇာတ်ထဲလိုက်ခဲ့ရာ လူရွှင်တော်အလုပ်ရခဲ့သည်။

သမီးဖြစ်သူ ဒေါ်သန်းစိန်မှာ သွေးတိုးရောဂါဖြင့် ကျန်းမာရေးမကောင်းဘဲ ဆေးလိပ်လိပ်ခြင်း၊ ကျပန်းလုပ်ခြင်းတို့ဖြင့် ရပ်တည်ခဲ့ကြပြီး အသက် (၂၀) အရွယ် မြေးဖြစ်သူမှာ ပန်းရန်အလုပ်ကို ဝင်ရောက်လုပ်ကိုင်ရသည်။ အလုပ်က ရတစ်နေ့ မရတစ်နေ့ဖြစ်သည့်အတွက်စားဝတ်နေရေးခက်ခဲလာသည်။ စားစရာမရှိသည့် နေ့ရက်များ ကြုံတွေ့လာရသည်။

ထိုအခါ သခင်လှကြိုင် အပြင်ထွက်တော့သည်။ မနက်ပိုင်းတွင် ဘေးအိမ်မှ ဆိုက်ကားဆရာကိုခေါ်ကာ ပဲခူးမြို့လယ်မှ လက်ဖက်ရည်ဆိုင်သို့ လိုက်ပို့ခိုင်းသည်။ ဆိုက်ကားဆရာပြန်သွားပြီးနောက်တွင် လက်ဖက်ရည်တစ်ခွက်သောက်ပြီးနောက် အနီးရှိပဲခူးတံတားပေါ်သို့တက်ကာ တစ်နေရာတွင်ထိုင်လျက် အလှူခံခဲ့သည်။ ခြောက်လခန့်ကြာသည်အထိ အိမ်ကမသိ။

“မိုးလင်းရင် ထွက်သွားပြီ။ ခါတိုင်းလို ဖိနပ်သွားချုပ်တယ်လို့ ထင်တာ။ ခြောက်လလောက်နေမှ သူများတွေ လာပြောမှ သိတယ်။ ကျွန်မမျက်ရည်ကျတယ်။ ငိုတယ်။ အဖေ သမီးတို့ကို အရှက်ခွဲနေတာလားဆိုပြီး။ အဲဒီမှာ အဖေက မသွားဘဲ အိမ်မှာထိုင်နေရင် ငါလေဖြတ်မယ်။ ဆက်မလုပ်ရဘူးဆိုရင် ငါတစ်နေရာကို ထွက်သွားမယ်လို့ ပြောတယ်။ နောက်တော့ လက်လျှော့လိုက်ရတယ်။ ဒါပေမဲ့ မိဘတစ်ယောက် တောင်းစားနေတာ ဘယ်သားသမီးက ကြည့်နေနိုင်မှာလဲ” ဟု သမီးဖြစ်သူ ဒေါ်သန်းစိန်က ဆိုသည်။

**“မိုးလင်းရင်ထွက်သွားပြီ။ ခါတိုင်းလို ဖိနပ်သွားချုပ်တယ်လို့ ထင်တာ။ ခြောက်လလောက်နေမှ သူများတွေ လာပြောမှ သိတယ်။ ကျွန်မမျက်ရည်ကျတယ်။ ငိုတယ်။ အဖေ သမီးတို့ကို အရှက်ခွဲနေတာလားဆိုပြီး။ အဲဒီမှာ အဖေက မသွားဘဲ အိမ်မှာ ထိုင်နေရင် ငါ လေဖြတ်မယ်။ ဆက်မလုပ်ရဘူးဆိုရင် ငါတစ်နေရာကို ထွက်သွားမယ်လို့ ပြောတယ်။ နောက်တော့ လက်လျှော့လိုက်ရတယ်။ ဒါပေမဲ့ မိဘ တစ်ယောက် တောင်းစားနေတာ ဘယ်သားသမီးက ကြည့်နေနိုင်မှာလဲ” ဟု သမီးဖြစ်သူ ဒေါ်သန်းစိန်က ဆိုသည်။**

သခင်လှကြိုင်ကလည်း သူတောင်းရမ်းစားသောက်ခဲ့ရခြင်းအပေါ် “အိမ်မှာ စားစရာမှမရှိတာ။ ကိုယ်ထွက်လုပ်မှ စားရမှာ။ မြေးကလည်း အလုပ်မရှိဘူး။ ပန်းရန်လုပ်တာ ရတစ်ရက်၊ မရတစ်ရက်” ဟုသာ မှတ်ချက်ပေးသည်။

သူ့ကို အမြဲလိုက်ပို့ရသည့် အိမ်အနီးမှ ဆိုက်ကားဆရာ ကိုဇော်ဇော်ဟိန်းက “လက်ဖက်ရည်ထွက်သောက်တယ်ထင်လို့ လိုက်ပို့ပြီးထားခဲ့တာ။ နောက်ကျတော့ သားရေ. . အဘလမ်းမလျှောက်နိုင်လို့ တံတားပေါ်လိုက်ပို့ပါဆိုတော့မှ အဘ. . ဘာလုပ်မလို့လဲဆိုတော့ သူက အဘအလှူခံတာလို့ ပြန်ပြောတယ်။ တော်တော်စိတ်မကောင်းဖြစ်သွားတယ်။ ကိုယ်ကလည်း ရရစားစားတွေဆိုတော့ မကူညီနိုင်ဘူး” ဟုပြန်ပြောပြသည်။

တော်လှန်ရေး ရဲဘော်ဟောင်းကြီးသည် ဘဝနေဝင်ချိန်နီးလာသည်အထိ ကြုံရာအလုပ်များ လုပ်ကိုင်ခဲ့ပြီး မလုပ်ကိုင်နိုင်တော့သည့်အချိန်မှာပင် တောင်းရမ်းခြင်းဖြင့် သမီးနှင့်မြေးကို လုပ်ကျွေးခဲ့သည်။ ကျန်းမာရေးအနေနှင့် ယခုထိတိုင် ကောင်းမွန်နေဆဲဖြစ်ပြီး ဘယ်ဘက်မျက်လုံးကတော့ မမြင်ရတော့။ သို့သော် စာဖတ်၍ ရသေးသည်ဟု သခင်လှကြိုင်က ဆိုသည်။

“ဆေးလိပ်မသောက်ဘူး။ ကွမ်းမစားဘူး။ အရက်မသောက်ဘူး။ ထန်းရည်တောင် မသောက်ဖူးဘူး” ဟု သူက ပြောသည်။

သူ့ထံတွင် တို့ဗမာအစည်းအရုံးက ပေးပို့သည့် ဂုဏ်ပြုပွဲဖိတ်ကြားလွှာတစ်စောင်ရှိသည်။ သခင်လေးမောင် ကိုယ်တိုင် လက်မှတ်ရေးထိုး၍ အသိအမှတ်ပြုပေးပို့ထားခြင်းဖြစ်သည်။ မော်ကွန်းဝင်လျှောက်လွှာတင်ရန် သခင်များက ထောက်ခံထားသည့် လက်ရေးမူစာရွက်တစ်ရွက်လည်း ရှိသည်။ သို့သော် သခင်လှကြိုင် မော်ကွန်းဝင်မဖြစ်ခဲ့ပါ။

“တပ်အထောက်အထားတွေအားလုံး မေတ္တာညွန့်မီးလောင်တော့ ပါသွားတယ်။ မော်ကွန်းဝင်လျှောက်မလို့။ သတင်းသွားပို့တော့ ပဲခူးမြို့စစ်မှုထမ်းဟောင်း အဖွဲ့က အဲဒီတုန်းက ဥက္ကဋ္ဌဗိုလ်ကြီး ထွန်းမြင့်က လက်မခံဘူး” ဟုသူက ပြောပြသည်။ ရလဒ်ကတော့ လွတ်လပ်ရေးတိုက်ပွဲဝင် တော်လှန်ရေးရဲဘော်ကြီး လမ်းဘေးတွင် တစ်နေ့သုံးထောင်ခန့် ရအောင် တောင်းရမ်းရသည့် ဘဝသို့ ရောက်သွားခြင်းပဲဖြစ်သည်။

“ပဲခူးသတင်းစာဆရာ အသင်းဥက္ကဋ္ဌ ဦးစိန်လှိုင်က ကျွန်တော့်ကို လှမ်းပြောတာ။ ကျွန်တော်သွားမေးပြီး အွန်လိုင်းမှာ တင်လိုက်တယ်။ လူတွေစိတ်ဝင်စားလာပြီး အထောက်အထားတွေ ထုတ်ပြတော့ လူသိသွားတယ်” ဟု သခင်လှကြိုင်အကြောင်းကို ဖေ့စ်ဘွတ်ခ်တွင် တင်ဆက်ခဲ့သူ ပဲခူးမြို့ခံကိုကြည်လင်းက ပြောသည်။

အွန်လိုင်းတွင် ပျံ့နှံ့လာပြီးနောက် တပ်မတော်အငြိမ်းစားအရာရှိတစ်ဦးဖြစ်သည့် ဦးမောင်မောင်အောင်က အလှူငွေများ ကောက်ခံခြင်း၊ သတင်းဖြန့်ဝေပေးခြင်းတို့ကို ပြုလုပ်ခဲ့ရာ လူအများသိရှိပြီး သခင်လှကြိုင်အတွက် ကူညီထောက်ပံ့မည့်သူများ ရုတ်ခြည်းပေါ်ထွက်လာခဲ့သည်။ သူ့အကြောင်းကို ကြားသိသူများကလည်း ကြေကွဲ ဝမ်းနည်းစိတ်ဖြင့် ဆုတောင်းပေးခဲ့ကြသည်။

ထိုအခါ ပဲခူးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ကလည်း ချက်ချင်းပင် သခင်လှကြိုင်ကို လိုက်လံရှာဖွေခဲ့သည်။ တွေ့လျှင်တွေ့ချင်း သခင်လှကြိုင်အတွက် စစ်မှုထမ်းဟောင်း ရဲဘော်နှစ်ဦးကို အနီးကပ်စောင့်ရှောက်ပေးခဲ့သည်။

“နိုဝင်ဘာ ၉ ရက်ကစပြီး မနက်ကနေ ည ၇ နာရီအထိ အဘဘေးမှာကူညီတာဝန်ထမ်းဆောင်နေပါတယ်” ဟု ကလျာဏီရပ်ကွက် စစ်မှုထမ်းဟောင်း စည်းရုံးရေးမှူး ကိုနေဝင်းက ဆိုသည်။

မွေးရေ/ကျေးလက်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးအုန်းမြင့် ကိုယ်တိုင် ဆက်သွယ်၍ သခင်လှကြိုင်နှင့် ဖုန်းပြောအားပေးခဲ့သည်။ လိုအပ်သည့်ထောက်ပံ့မှုများကိုလည်း ပြုလုပ်ပေးနေပြီဖြစ်သည်။

“သတင်းကြားကြားချင်း စုံစမ်းလိုက်တယ်။ အသက်လည်း ကြီးနေပြီ။ စစ်မှုထမ်းဟောင်းလုပ်ခဲ့တာလည်း မှန်တဲ့အတွက် စစ်မှုထမ်းဟောင်းအဖွဲ့က တစ်လကို နှစ်သောင်းကျပ်နဲ့ ပြည်ထောင်စုဝန်ကြီးက တစ်လကို ခြောက်သောင်းကျပ် ပုံမှန်ထောက်ပံ့သွားမှာပါ” ဟု ပဲခူးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးမင်းသော်တာက ရှင်းပြသည်။

ယခုအခါ သခင်လှကြိုင် ဘဝနေဝင်ချိန်အထိ နေထိုင်သွားနိုင်ရန်အတွက် မြေကွက်တစ်ကွက်တွင် နေအိမ်တစ်လုံးကိုပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဆောက်လုပ်ပေးသွားမည်ဖြစ်သည်။ စင်ကာပူရောက် မြန်မာများ၊ I Love Myanmar အဖွဲ့၊ ဗိုလ်ကြီးဟောင်းနေမျိုးဇင်၊ ပုဂ္ဂလိက ကုမ္ပဏီများ၊ ပရဟိတအဖွဲ့အစည်းများ၊ တပ်မတော်အငြိမ်းစားအရာရှိများစသည့် အဖွဲ့အစည်းများက သွားရောက်ထောက်ပံ့လှူဒါန်းနေကြပြီဖြစ်သည်။ သခင်လှကြိုင်အတွက် အိုကံကောင်းသည်ဟု ပြောရမလိုပင် ဖြစ်သည်။ သို့သော် ကြာမြင့်စွာ ဖြတ်သန်းခဲ့ရသည့် ဘဝကတော့ ကြမ်းလှပါသည်။

ရရှိလာသည့် အလှူငွေများကို သခင်လှကြိုင်က စားသောက်ရုံ သာမက အလှူအတန်းများလည်း လုပ်သွားမည်ဖြစ်ကြောင်း ပြောပါသည်။ သူနေထိုင်သည့် ခနော်ခနဲ့ အိမ်လေးရှိရာ ဗွက်ပေါက်နေသည့် လမ်းလေးကိုလည်း ပြင်ဆင်လိုသည်ဟု သူက ရည်မှန်းထားသည်။

သခင်လှကြိုင်အတွက် လှူဒါန်းသည့်ငွေကြေးများကို ဘဏ်တွင် သူ့အမည်ဖြင့် ငွေစာရင်းစာအုပ် ပြုလုပ်သွားမည်ဖြစ်ပြီး ငွေသွင်း၊ငွေထုတ်ပြုလုပ်ရာတွင်စနစ်တကျဖြစ်စေရန်အတွက် အထက်တန်းရှေ့နေတစ်ဦး၊ ဘဏ်မန်နေဂျာတစ်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှစ်ဦး၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ဗိုလ်ကြီးတစ်ဦးတို့ ပါဝင်သည့် အဖွဲ့က ကြီးကြပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ကြသည့်လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်ကြီးများကို ထောက်ပံ့သည့် ထောက်ပံ့ငွေကြေးမှာ မော်ကွန်းဝင်ပထမအဆင့် တစ်ဦးလျှင် ခုနစ်ရာ့ငါးဆယ်ကျပ်၊ မော်ကွန်းဝင်ဒုတိယအဆင့် တစ်ဦးလျှင် သုံးရာခုနစ်ဆယ့်ငါးကျပ်နှုန်းဖြစ်သည်။ အဆိုပါငွေကြေးပမာဏမှာ ၁၉၉၃ ခုနှစ်မှ ယနေ့အထိ ဖြစ်သည်။

ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ပင်စင်လစာများကို တိုးမြှင့်ပေးအပ်ခဲ့သော်လည်း မော်ကွန်းဝင်များအတွက် ပေးအပ်သည့် ထောက်ပံ့ကြေးမှာ ယခင်အတိုင်းသာရှိနေဆဲဖြစ်ပါသည်။ လွတ်လပ်ရေးရရှိစေရန် ရဲရဲဝံ့ဝံ့ စွန့်လွှတ်စွန့်စားခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများကို မစို့မပို့ငွေကြေးသာ ထောက်ပံ့၍ လျစ်လျူရှုထားရန် မသင့်လျော်ပါ။ သခင်လှကြိုင်လို ရဲဘော်ဟောင်းကြီးများ မည်မျှ ကျန်သေးသလဲ မသိနိုင်ပါ။




## အင်တာနက်မလိုသည့် WikiPedia Zero စွယ်စုံကျမ်းဝန်ဆောင်မှု တယ်လီနော အခမဲ့ပေးမည်ဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

တယ်လီနောဆယ်သွယ်ရေး ကုမ္ပဏီအနေဖြင့် အခမဲ့စွယ်စုံကျမ်း Wikipedia Zero ကို မြန်မာနိုင်ငံတွင် မိုဘိုင်းအင်တာနက်ချိတ်ဆက်ရန်မလိုဘဲကြည့်ရှုနိုင်ရန်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသော ပြည်ပကုမ္ပဏီတစ်ခုဖြစ်သည့် တယ်လီနောကုမ္ပဏီမှ Wikipedia ကိုလုပ်ကိုင်နေသည့် Wikimedia Foundation တို့နှင့် ပူးပေါင်းပြီး အာရှနှင့်ဥရောပရှိတယ်လီနောအသုံးပြုသူများအတွက် အင်တာနက်သုံးစွဲခမယူဘဲ Wikipedia ကို သုံးစွဲနိုင်ရန်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း တယ်လီနောကုမ္ပဏီမှ သတင်းထုတ်ပြန်ထားသည်။

ထိုသို့အာရှနှင့်ဥရောပနိုင်ငံများတွင်အင်တာနက်အသုံးပြုခမလိုဘဲ မိုဘိုင်းဖုန်းများအတွက် သီးသန့်အသုံးပြုနိုင်သည့် Wikipedia Zero ကို ၂၀၁၂ ခုနှစ်က စတင်လွှင့်တင်ခဲ့ပြီး မြန်မာနိုင်ငံလည်း ထိုဝန်ဆောင်မှုပေးမည့်နိုင်ငံတစ်နိုင်ငံအဖြစ် နိုဝင်ဘာ ၇ ရက်က သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

"အင်တာနက်အသုံးပြုခမကုန်ဘဲ Wikipedia အသုံးပြုနိုင်တာဟာ မိုဘိုင်းဖုန်းသုံးတဲ့သူတွေကိုတချို့ဆိုပထမဆုံးအနေနဲ့အင်တာနက်ကိုအသုံးပြုဖို့ မိတ်ဆက်ပေးတဲ့နေရာမှာလည်းအထောက်အကူရပါတယ်"ဟု Telenor Group ဥက္ကဋ္ဌနှင့် CEOဖြစ်သူ Mr.Jon Fredrik Baksaas ကပြောသည်။

အင်တာနက်အသုံးပြုခပေးရန်မလိုသည့် အခမဲ့စွယ်စုံကျမ်း Wikipedia ကို ၂၀၁၄ ခုနှစ်တွင် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ဆားဗီးယားနိုင်ငံတို့တွင် ပြုလုပ်သွားရန်ရှိပြီး လက်ရှိတယ်လီနောကုမ္ပဏီမှ ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသည့် ထိုင်း၊ မလေးရှားနှင့် မွန်တီနီဂရိုးနိုင်ငံတို့တွင် လွှင့်တင်ခဲ့ကြောင်း တယ်လီနောကုမ္ပဏီမှ သတင်းရရှိသည်။

## မြန်မာပြည်ကွန်ရက်အတွက် တယ်လီနောနှင့် ပြည်ပကုမ္ပဏီသုံးခုပူးပေါင်း

**ဆွေမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၀**

တယ်လီနောကုမ္ပဏီမှ ၎င်းတို့၏ ကွန်ရက်ဆက်သွယ်ရေးအတွက် အထောက်အကူပြုနိုင်ရန်အတွက် Huawei ကုမ္ပဏီအပါအဝင် Ericsson နှင့် Wiproကုမ္ပဏီတို့နှင့် လည်းနားလည်မှုစာချွန်လွှာရေးထိုးချုပ်ဆိုပြီးဖြစ်ကြောင်းသတင်းရရှိသည်။

ကမ္ဘာ့အဆင့်မီနည်းပညာကုမ္ပဏီသုံးခုဖြစ်သည့် Ericsson, Wripo, Huawei ကုမ္ပဏီများနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး ယင်းကုမ္ပဏီများမှ တယ်လီနော၏ ဆက်သွယ်ရေးလုပ်ငန်းများအတွက်ပါဝင်ဆောင်ရွက်မည့်လုပ်ငန်းကိစ္စရပ်များကို ဆက်သွယ်ရေး အော်ပရေတာလိုင်စင် တရားဝင်လက်ခံပြီးမှသာ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း တယ်လီနောမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရားဝင်လိုင်စင်ရရှိပြီး ရှစ်လအတွင်း 2G နှင့် 3G နှစ်မျိုးလုံးစတင်ဆောင်ရွက်မည်ဖြစ်ကာ အသံအရည်အသွေးအတွက်2Gကွန်ရက်နှင့်အင်တာနက်ကွန်ရက်အတွက် 3G လုပ်ဆောင်သွားမည်ဖြစ်ပြီး ဆင်းမ်ကတ်ဈေးနှုန်းမှာ ၁,၅၀၀ ကျပ်ဖြစ်၍ တစ်မိနစ်လျှင် ၂၅ကျပ်ထက်မပိုသည့်ဈေးနှုန်းကောက်ခံသွားမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံအတွင်းရှိမိုဘိုင်းကွန်ရက်လုပ်ငန်းများအတွက် ကွန်ရက်ဖြန့်ကြက်နိုင်ရန် စီမံကိန်းရေးဆွဲထားပြီးဖြစ်ရာ ငါးနှစ်အတွင်းမြန်မာနိုင်ငံရှိလူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်သုံးစွဲနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတယ်လီနောမြန်မာမှ တာဝန်ရှိသူကပြောသည်။

လက်ရှိတွင်လုပ်ကိုင်ခွင့်ရရှိထားသည့်ပြည်ပကုမ္ပဏီနှစ်ခုမှာ တရားဝင် လိုင်စင်မရရှိသေးဘဲ ၂၀၁၃ ဒီဇင်ဘာလနောက်ဆုံးထား၍ တရားဝင်လုပ်ကိုင်ခွင့်လိုင်စင်ချထားပေးသွားမည်ဖြစ်ကြောင်းဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ထုတ်ပြန်ထားသည်။

## စမတ်ဖုန်းအသစ်များတွင် ဘက်ထရီသက်တမ်း အချိန်အကြာဆုံးအသုံးပြုနိုင်သည့်ဖုန်းမှာ ဆမ်ဆောင်းဂလက်ဇီ S4 ဖြစ်

**လန်ဒန်၊ နိုဝင်ဘာ-၈**

ဆမ်ဆောင်းကုမ္ပဏီမှ နောက်ဆုံးထွက်ရှိထားသော Galaxy S4 စမတ်ဖုန်းသည် အခြားသော စမတ်ဖုန်းများထက် အချိန်ကြာမြင့်စွာအသုံးပြုနိုင်ပြီး ဘက်ထရီသက်တမ်းမှာ iPhone 5C ၏ ဘက်ထရီသက်တမ်း၏ နှစ်ဆရှိကြောင်း ဗြိတိန်နိုင်ငံစားသုံးသူများအဖွဲ့အစည်းက ဖော်ပြလိုက်သည်။

Samsung Galaxy S4 တွင် 64-bit ပရိုဆက်ဆာ (သို့မဟုတ်) လက်ဗွေရာသုံး လုံခြုံရေးစနစ်မပါဝင်ဘဲ အပြင်ပိုင်းကိုပလတ်စတစ်ဖြင့်သာ ပြုလုပ်ထားသော်လည်း အခြားသော စမတ်ဖုန်းများနှင့် နှိုင်းယှဉ်ပါက အချိန်ကြာမြင့်စွာ အသုံးပြုနိုင်သည်။

စမတ်ဖုန်းများ၏ ဖုန်းစကားပြောချိန်၊ဝက်ဘ်ဆိုက် သုံးစွဲချိန်တို့ကို သိရှိနိုင်ရန် ဗြိတိန်နိုင်ငံ စားသုံးသူများအဖွဲ့အစည်းက စမ်းသပ်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး Galaxy S4 မှာအခြားသောစမတ်ဖုန်းများအားလုံးထက်သာလွန်ခဲ့သည်။ S4 အသုံးပြုသူသည် ၁၀၅၁ မိနစ်ဖုန်းစကားပြောနိုင်ပြီး ယင်းတိုင်းတာစမ်းသပ်မှု၏ ဒုတိယနေရာတွင် ရှိနေသော HTC One ထက် မိနစ် ၂၈၀ ပိုမိုကြာမြင့်စွာသုံးစွဲနိုင်သည်။

HTC ONE ၏ အကြာမြင့်ဆုံး ဖုန်းပြောနိုင်ချိန်မှာ ၇၇၁ မိနစ်ဖြစ်ပြီး iPhone 5S ၏ ဖုန်းပြောနိုင်ချိန်မှာ ၆၅၁ မိနစ်သာ ရှိသည်။

အသစ် ထွက်လာသော စမတ်ဖုန်းများအနက် Nokia Lumia 1020 မှာ ဖုန်းစကားပြောဆိုနိုင်ချိန် မိနစ် ၄၆၀ သာရှိပြီး ယင်းတိုင်းတာစမ်းသပ်မှု၏ နံပါတ်ရှစ်နေရာတွင် ရှိသည်။ နံပါတ်ခုနစ်နေရာတွင် ရှိနေသည့် iPhone 5C မှာဖုန်းစကားပြောဆိုနိုင်ချိန် ၅၆၄ မိနစ်ရှိသည်။

HTC ONE Mini မှာ ယင်းတိုင်းတာမှု စာရင်း၏ တတိယနေရာတွင် ရှိနေပြီး အများဆုံး အင်တာနက်အသုံးပြုချိန် ၃၈၅ မိနစ်ရှိသည်။ အင်တာနက် အချိန်အကြာဆုံး အသုံးပြုနိုင်သည့် စမတ်ဖုန်းမှာ Samsung Galaxy 84 ပင် ဖြစ်ပြီး ၄၀၅ မိနစ်အသုံးပြုနိုင်သည်။ -Tech Central

မြန်မာစာရင်းကိုင်ကွန်ပျူတာစနစ်
iLedger
Call...
09-730 85653
01-703 625

ငွေစာရင်း၊အကြွေးစာရင်းနှင့်အရောင်းအဝယ်ကုန်ပစ္စည်းစာရင်းများကို မျက်ခြေမပြတ် သိရှိလိုသောလုပ်ငန်းရှင်များအတွက် iLedger® မြန်မာကွန်ပျူတာစနစ်ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်မြို့တွင် ရရှိနိုင်ပါသည်။



# ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးရန်ဖိတ်ခေါ်

**ဆွေမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လိုသည့်ကုမ္ပဏီများနှင့် အကြံပြုဆွေးနွေးလိုသူများအနေဖြင့် ဒီဇင်ဘာ ၂ ရက်မတိုင်မီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

လက်ရှိတွင် ဝန်ကြီးဌာနအနေဖြင့် ဝန်ဆောင်မှုပေးနေသည့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုပြီးအကြံပြုဆွေးနွေးနိုင်ရန်နှင့် နည်းဥပဒေများကို www.mcit.gov.mm တွင် ကြည့်ရှုနိုင်ပြီး အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဆက်သွယ်ရေးဥပဒေကိုလည်း လွှင့်တင်ပေးထားပြီဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ သိရသည်။



လုပ်ကိုင်ခွင့်ပေးထားသည့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လိုသူများနှင့် အကြံပြုဆွေးနွေးလိုသည်များရှိပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ စာဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ပေးပို့နိုင်ပြီး ဖုန်းဖြင့်လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထုတ်ပြန်ကြေညာထားသည်။

အီးမေးလ်ပေးပို့လိုသူများအနေဖြင့်လည်း thanthunaung@mptngw.net.mm နှင့် myanpt-dpucon@gmail.com သို့ အကြံပြုဆွေးနွေးချက်များ ပေးပို့နိုင်မည်ဖြစ်ပြီး ဖုန်းဆက်မေးမြန်းလိုသူများအနေဖြင့်၀၆၇-၄၀၇၂၃၁နှင့်၀၆၇-၄၀၇၄၃၅ သို့ ဆက်သွယ်မေးမြန်းကြောင်း သတင်းရရှိသည်။

"အရင်က ပူးပေါင်းလုပ်မယ့် ကုမ္ပဏီတွေနဲ့ ညှိနှိုင်းတာမျိုးတွေ တော့ရှိတယ်။ အကြံပြုဆွေးနွေးကြတာ သိပ်မရှိကြဘူး"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှပြည်တွင်းပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်သည့် လုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဧပြီလမှစတင်၍ ထုတ်ပြန်ကြေညာထားရာမိုဘိုင်းဆက်သွယ်ရေးလုပ်ငန်း၊အဝေးဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုဖုန်းလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ စာတိုက်၊ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းအစရှိသည့် လုပ်ငန်းများနှင့်ဆက်စပ်သည့် လုပ်ငန်း ၃၁ ခုကို လုပ်ကိုင်ရန် ရည်မှန်းထားခြင်းဖြစ်သည်။









## အာရှတိုက် ဆိုက်ဘာကာကွယ်ရေး အားနည်းချက်ကို ဟက်ကာများလှစ်ဟပြ

**စင်ကာပူ၊ နိုဝင်ဘာ-၉**

အမည်မသိ (Anonymous)ဟုခေါ်သော ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားတက်ကြွသူများအဖွဲ့မှ ဟက်ကာများသည် မကြာမီကာလအတွင်း စင်ကာပူ၊ ဖိလစ်ပိုင်၊ ဩစတြေးလျနိုင်ငံတို့ရှိ အစိုးရနှင့် စီးပွားရေးဆိုင်ရာဝက်ဘ်ဆိုက်အများအပြားကို တိုက်ခိုက်လိုက်ပြီး ပိုမိုကျယ်ပြန့်စွာ တိုက်ခိုက်သွားမည်ဟုလည်း ကြွေးကြော်လိုက်သည်။

အာရှ-ပစိဖိတ်ဒေသများရှိ ဝက်ဘ်ဆိုက်များကို ဟက်ကာများ ချိုးဖျက်ဝင်ရောက်နှောင့်ယှက်နိုင်ခြင်းမှာ ဒေသတွင်းဆိုက်ဘာ ကာကွယ်ရေးအားနည်းချက်ကိုဖော်ပြနေပြီး အထူးသဖြင့် ရာဇဝတ်ကောင်အဖွဲ့အစည်းများ၏ ပိုမိုရှုပ်ထွေးပြီး အန္တရာယ်ရှိသည့် ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေရသဖြင့် ကာကွယ်ရေးတိုးမြှင့်ရမည်ဖြစ်ကြောင်း လေ့လာသူများက ပြောသည်။

ဒေသဆိုင်ရာဘဏ္ဍာရေးဌာန၏ နည်းပညာကွန်ရက်ကို တိုက်ခိုက်သူ မည်သူကိုမဆို ရှာဖွေဖမ်းဆီးရန် ဖြစ်နိုင်သည်များအားလုံး လုပ်ဆောင်သွားမည်ဟု စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ကြွေးကြော်လိုက်ပြီး နောက်တစ်ရက်အကြာ နိုဝင်ဘာ ၇ ရက်တွင်(Anonymous)အဖွဲ့မှ ဟက်ကာများက ၎င်း၏တရားဝင်ဝက်ဘ်ဆိုက်တစ်ခုသို့ ချိုးဖျက်ဝင်ရောက်ခဲ့သည်။

သယ်ဆောင်အသုံးပြုနိုင်သော ပစ္စည်းကိရိယာများ အမြောက်အမြား ထုတ်လုပ်လာခြင်းနှင့် လူမှုရေးမီဒီယာ အသုံးပြုမှုများ ပြားလာခြင်းများက အင်တာနက်လိုင်း အများအပြားတွင် အချက်အလက်စီးဆင်းမှုပမာဏပိုများလာစေပြီး အဝေးထိန်းဆာဗာသုံး ကွန်ပျူတာစနစ်ကြောင့် အသုံးပြုသူများ၏ ဆက်သွယ်ဆောင်ရွက်မှုကို ဟက်ကာများ ပိုမိုကျယ်ပြန့်စွာ စုံစမ်းထောက်လှမ်းခွင့်ရရှိစေသည်ဟု လေ့လာသူများကပြောသည်။

အင်တာနက်လွတ်လပ်ခွင့်နှင့် အကျင့်ပျက်ခြစားမှုကဲ့သို့ အရေးကြီးကိစ္စရပ်များအတွက် တိုက်ခိုက်သည့် (Anonymous)အဖွဲ့သည်ယင်းသို့တိုက်ခိုက်မှုများတွင် ပါဝင်သည့် အဖွဲ့များအနက်တစ်ဖွဲ့သာဖြစ်ပြီး အန္တရာယ်ပိုရှိသည့် ခြိမ်းခြောက်မှုများ လုပ်ဆောင်နိုင်သည့် အခြားသောအဖွဲ့များမှာ ပြင်းထန်သော ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်သည်ဟု လေ့လာသူများက သတိပေးထားသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် အဓိကစိန်ခေါ်မှုတွေ မြေဈေးကြီးမှုနဲ့ အခြေခံ အဆောက်အအုံ မပြည့်စုံမှုတွေဘဲ

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ညွှန်ချုပ်ဦးအောင်နိုင်ဦးနှင့် တွေ့ဆုံခြင်း

ပြည့်သိမ်း

အစိုးရသစ်၏ အပြောင်းအလဲများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစွာ ဝင်ရောက်လာသော်လည်း တရုတ်နိုင်ငံမှာ လက်ရှိအချိန်ထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ဖြစ်နေသည်။ သို့သော် အစိုးရသစ်လက်ထက်တွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ သိသာစွာကျဆင်းလာပြီး သယံဇာတတူးဖော်ရှာဖွေလုပ်ငန်းများ ရပ်ဆိုင်းရမှုများပင် ရှိလာသည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုပုံစံမှာလည်း သဘာဝသယံဇာတ တူးဖော်ရှာဖွေထုတ်ယူရေးထက် လုပ်သားအခြေပြု လုပ်ငန်းများ ပိုမိုများလာသည်။ အစိုးရသစ်၏ အပြောင်းအလဲ၊ ဥရောပသမဂ္ဂ၊ အမေရိကန်နိုင်ငံတို့မှ စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပြီးနောက် မြန်မာနိုင်ငံကို နှစ်စဉ် ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများမှာ တစ်နှစ်ထက်တစ်နှစ် နှစ်ဆခန့် မြင့်တက်လာသည်။ သို့သော် စိန်ခေါ်မှုများ အားနည်းချက်များစွာလည်း ရှိနေသေးသဖြင့် လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေကို ခွင့်ပြုပေးရန် တာဝန်ယူဆောင်ရွက်နေသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် နိုဝင်ဘာ၉ရက်တွင် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။



**သမ္မတဦးသိန်းစိန် အစိုးရလက်ထက်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုဘယ်လောက် ဝင်ရောက်လာပါသလဲ။**

အစိုးရသစ် လက်ထက်မှာတော့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းက တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံလောက် ဝင်တယ်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးတွေကလည်း တစ်နှစ်ထက်တစ်နှစ်ပိုများလာတယ်။ ရင်းနှီးမြှုပ်နှံမှုပုံစံကလည်း ပြောင်းလဲလာတယ်။ အရင်ကဆို သဘာဝသယံဇာတတွေ အခြေခံတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကနေ လုပ်သားအခြေခံတဲ့ ထုတ်ကုန်လုပ်ငန်းတွေ၊ စက်မှုလုပ်ငန်းတွေကို ပြောင်းလဲရင်းနှီးမြှုပ်နှံလာကြတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းတွေ၊ ရေသယံဇာတကို အခြေခံတဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းတွေ၊ သတ္တုတူးဖော်ရေးလုပ်ငန်းတွေက အစိုးရသစ်လက်ထက်မှာ မဝင်သလောက်ဘဲ။ အများဆုံးဝင်ရောက်တဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေကတော့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေ၊ စိုက်ပျိုးရေးကဏ္ဍနဲ့စက်မှုကဏ္ဍတွေမှာ များလာတယ်။

**လုပ်သားအခြေပြု လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတော့ ပြည်တွင်းမှာ အလုပ်အကိုင်နေရာဘယ်လောက်ဖန်တီးပေးနိုင်ခဲ့ပါသလဲ။**

အလုပ်အကိုင်ဖန်တီးပေးနိုင်မှုက မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုရော နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုရော၊ နှစ်ခုပေါင်းဆိုရင် မနှစ်ကနေရာမျိုးစုံလုပ်ငန်း ၅၀,၀၀၀ လောက် ဖန်တီးပေးနိုင်ခဲ့တယ်။ ဒီနှစ်မှာဆိုလည်း ခြောက်လအတွင်း ၄၀,၀၀၀ ကျော်ထိရှိသွားပြီ။ အထူးသဖြင့် အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ အများဆုံး ဖန်တီးပေးနိုင်တယ်။ လက်ရှိ ခန့်မှန်းချက်ကတော့ ဒီနှစ်ကုန်ချိန်ထိဆိုရင် အလုပ်အကိုင်ခွင့်လမ်း တစ်သိန်းနီးပါးလောက်ထိ ဖန်တီးပေးနိုင်မယ်လို့ မှန်းထားတယ်။

**ရင်းနှီးမြှုပ်နှံမှုဝင်နေတဲ့ နိုင်ငံတွေမှာ ဘယ်နိုင်ငံတွေက အများဆုံးဖြစ်လာပါသလဲ။**

လက်ရှိအချိန်ထိ တရုတ်နိုင်ငံက ထိပ်ဆုံးမှာပဲ ရှိနေသေးတယ်။ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဟာ တိုင်းပြည်မှာရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားလုံးရဲ့ ၃၀ ရာခိုင်နှုန်းကျော် ရှိတယ်။ ဒါပေမဲ့ သမ္မတဦးသိန်းစိန် အစိုးရသစ်လက်ထက်မှာ အရင်နှစ်ကဆိုရင် စင်ကာပူက အများဆုံးဝင်ရောက်လာတယ်။ ဒုတိယက ဗီယက်နမ်နိုင်ငံပေါ့။ ဒီနှစ်မှာဆိုရင်လည်း မလေးရှားက ထိပ်ဆုံးကပဲ။ ပြီးတော့ဂျပန်လည်းပါဝင်လာတယ်။ ပြီးတော့ ဒီနှစ်မှာ ထူးတာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေလည်းရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတယ်။ တစ်ခါမှ မြန်မာနိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံမှုမလုပ်ဖူးတဲ့ လူဇင်ဘတ်လိုနိုင်ငံမျိုးတောင် ပါဝင်လာတယ်။

**ရင်းနှီးမြှုပ်နှံမှုတွေ တစ်နှစ်ပြီးတစ်နှစ် မြင့်တက်လာတာ ဘာကြောင့်လဲ။**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ် ထွက်ပေါ်လာတာလည်း ပါသလို အစိုးရရဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ဖြေလျှော့မှုတွေကြောင့်လည်း ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွေ ကောင်းပေမယ့် လုပ်ဆောင်ချက်က မကောင်းရင် ရင်းနှီးမြှုပ်နှံမှုက လာမှာမဟုတ်ဘူး။ အစိုးရက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်နိုင်ရေးအတွက် လုပ်သာကိုင်သာရှိအောင် ဖန်တီးပေးခဲ့တာတွေ အများကြီးပြုလုပ်ပေးခဲ့တယ်။ ဥပဒေမထွက်ခင်ကတည်းက အမိန့်ထုတ်ပြန်ချက် ၃၉/၂၀၁၁ နဲ့ နိုင်ငံခြားသားလုပ်ငန်းရှင်များ ပုဂ္ဂလိကမှ မြေကိုငှားရမ်းခွင့်ပြုခဲ့တယ်။ ယခင်က ပြည်တွင်းမှာ နှစ်ရှည်ရင်းနှီးမြှုပ်နှံမယ့်နိုင်ငံခြားသား လုပ်ငန်းရှင်က မြေငှားမယ်ဆိုရင် အစိုးရဆီကပဲ ငှားရမ်းခွင့်ရှိခဲ့တယ်။ ဒါ့အပြင် အမိန့်အမှတ်၄၀/၂၀၁၁ နဲ့မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းရှင်များကို ဈေးကွက်ပေါက်ဈေးအတိုင်းငွေလဲလှယ်ခွင့်ပြုပေးခဲ့တယ်။ အရင်ကဆိုရင် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ရင် အမေရိကန်တစ်ဒေါ်လာကို ၆ ကျပ်နဲ့ပဲ တရားဝင်လဲပေးတယ်။ ဒါမျိုးတွေက အရင်အစိုးရလက်ထက်မှာ မရှိဘဲ သမ္မတဦးသိန်းစိန်လက်ထက်မှာ ပြောင်းလဲပေးတာ။ ပြီးတော့ ရင်းနှီးမြှုပ်နှံသူတွေ ကုမ္ပဏီအတွက်လည်း One Stop Service ရအောင် ဆောင်ရွက်ပေးတယ်။ ဟိုရုံးပြေးရ ဒီရုံးပြေးရတာတွေ သက်သာသွားအောင်လို့ပါ။ အစိုးရက ရင်းနှီးမြှုပ်နှံမှုတွေ လုပ်သာကိုင်သာရှိအောင် လုပ်ပေးနေသော်လည်း အခုထိ လုပ်စရာတွေက အများကြီး ကျန်သေးတယ်။

**ရင်းနှီးမြှုပ်နှံမှုတွေအတွက် အဓိကစိန်ခေါ်မှုဘာတွေရှိနေပါသေးလဲ။**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် အဓိက စိန်ခေါ်မှုတွေ မြေဈေးကြီးမှုနဲ့ အခြေခံ အဆောက်အအုံ မပြည့်စုံမှုတွေဘဲ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေက တိုင်းပြည်တိုးတက်မှုအတွက် အဓိကတွန်းအားဆိုတာကို သိကြတယ်။ ပြီးတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာအောင်ဖြေလျှော့မှုတွေ မျိုးစုံနဲ့ ဖိတ်ခေါ်နေကြတယ်။ ဒါကြောင့် ဒီမှာ မြေဈေးကြီးရင် သက်သာတဲ့ ဆီကိုပဲ ရင်းနှီးမြှုပ်နှံမှုတွေက သွားကြမှာပဲ။ ပြီးတော့ လျှပ်စစ်မီးနဲ့ အခြေခံ အဆောက်အအုံပိုင်းမှာလည်း လိုအပ်ချက်တွေ အများကြီး ရှိနေသေးတယ်။

**ဒီလို စိန်ခေါ်မှုတွေအပြင် တိုင်းပြည်မှာ ဘယ်လို အားနည်းချက်တွေ၊ လိုအပ်ချက်တွေ ရှိပါသလဲ။**

အားနည်းချက်အနေနဲ့ သုံးခုရှိတာကို တွေ့ရတယ်။ အခုက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးဟာ အခုထိ အားမကောင်းသေးဘူး။ အထူးသဖြင့် အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေမှာ ဖွံ့ဖြိုးဖို့များစွာလိုအပ်နေတယ်။ နောက်တစ်ခုက အိတ်ချ်အာ ဒီလို့ခေါ်တဲ့ လူသားအရင်းအမြစ်ပိုင်းမှာ အားနည်းတယ်။ ဒါက ပညာရေးပိုင်းနဲ့လည်း ဆိုင်တယ်။ ဘွဲ့ရပြီးတာနဲ့ အလုပ်အကိုင် တန်းမပေးနိုင်ဘူး။ ဒီလို တန်းပေးနိုင်တဲ့ ပရော်ဖက်ရှင်နယ်တွေ မရှိသေးဘူး။ နောက်ဆုံးတစ်ချက်က ဘဏ္ဍာရေးကိစ္စ အားနည်းချက်ပဲ။ လူတွေကအခုထိ ဘဏ်တွေနဲ့ ထိတွေ့ချင်မှုမရှိသေးဘူး။ အခုချိန်ထိငွေစက္ကူတွေကို ကိုင်သုံးနေတယ်။ ဒါကလည်း အားနည်းချက်တစ်ခုပဲ။

**အားနည်းချက်ထဲမှာ လူသားအရင်းအမြစ်လည်းပါနေတော့ ရင်းနှီးမြှုပ်နှံမှုတွေ ယခုထက်ပါဝင်လာရင် ဒီနိုင်ငံမှာရှိတဲ့ အလုပ်သမားတွေရဲ့ အလုပ်အကိုင်ရရှိမှု အခြေအနေ ဘယ်ရှိနိုင်မယ် ထင်ပါသလဲ။**

တိုင်းပြည်မှာ လူဦးရေ ၃၆ သန်းလောက်က အလုပ်လုပ်နိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ အရေအတွက်အားဖြင့် ကြည့်ရင် အတော်အားရစရာကောင်းပါတယ်။ ဒါပေမဲ့ ခက်ခဲနေတာက ကျွမ်းကျင်လုပ်သားရရှိမှုပဲ။ ဒီမှာရှိနေတဲ့ လုပ်သား အများစုက ကျွမ်းကျင်လုပ်သားတွေ မဟုတ်ဘူး။ လုပ်ငန်းခွင်ထဲမှာ တန်းခန့်ပြီး ချက်ချင်းသုံးလို့ မရဘူး။ ဒါကို အရေးပေါ် မြန်မြန်ထက်ထက်နဲ့ ပြင်ဆင်ဖို့ပါတယ်။ လုပ်ကိုင်ခွင့် ပေါ်ပါလျက်နဲ့ လုပ်မယ့်သူမရှိရင် ဆုံးရှုံးမှုတွေ အများကြီး ဖြစ်နိုင်တယ်။

**ဦးသိန်းစိန်အစိုးရသက်တမ်း တစ်လျှောက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘယ်လောက်ထိ တိုးလာအောင် မျှော်မှန်းထားပါလဲ။**

ဒီနှစ်ကိုသုံးဘီလီယံမှန်းထားတယ်။ အခုပဲ(၁ဒသမ၈ဘီလီယံ) ထိရှိနေပြီ။ နောက်နှစ်နောက်နှစ်တွေမှာလည်း ဒီထက်တိုးပြီး မျှော်လင့်ထားတယ်။ ဒီနှစ်က တစ်နှစ်လုံးမှာ ကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရှိပြီး ဒီနှစ်မှာ ခြောက်လအတွင်း ၁ ဒသမ ၈ ဘီလီယံဆိုတော့ နှစ်ကုန်ရင် နှစ်ဆတက်လာမယ်လိုမှန်းထားတယ်။ ဒီလိုပဲလာမယ့်နှစ်မှာလည်း ကန်ဒေါ်လာ ငါးဘီလီယံလောက် ထပ်ပြီးတက်မယ်လို့ မျှော်လင့်ထားသလို အစိုးရနောက်ဆုံးနှစ်မှာလည်း နှစ်ဆ ၁၀ဘီလီယံထိမှန်းထားတယ်။ နောက်ဆုံးနှစ်မှ ၁၀ ဘီလီယံထိမျှော်မှန်းရတာကတော့ အဲဒီအချိန်ဆိုရင် သီလဝါအထူးစီးပွားရေးဇုန်မှာလည်း ရင်းနှီးမြှုပ်နှံမှုတွေ ဝင်နေလောက်ပြီ။ ထို့အတူကျောက်ဖြူအထူးစီးပွားရေးဇုန်မှာလည်း ရင်းနှီးမြှုပ်နှံမှုက ဝင်ဖို့စီစဉ်နေလောက်ပြီ။ မန္တလေးက စက်မှုစီမံကိန်းတွေကလည်း အထိုင်ကျနေလောက်ပြီ။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက နှစ်စဉ်တိုးနေသလို ပြည်တွင်းမှာ ပဋိပက္ခတွေလည်း ဒီနှစ်ပိုင်းမှာဖြစ်ခဲ့တယ်။ ပဋိပက္ခတွေကြောင့် ရင်းနှီးမြှုပ်နှံမှုတွေကို ထိခိုက်နိုင်ပါသလား။**

ရေတို(ကာလတို) အတွင်းဖြစ်ပြီးသွားရင် စိုးရိမ်စရာမရှိပါဘူး။ ရေရှည်ဖြစ်လာပြီး နာတာရှည်ရောဂါဖြစ်လာရင်တော့ စိုးရိမ်စရာရှိတယ်။ ပြီးခဲ့တဲ့နှစ်ကဖြစ်ခဲ့တဲ့ ရခိုင်ကိစ္စ၊ မိတ္ထီလာအရေးအခင်း၊ လက်ပံတောင်းတောင်ကိစ္စတွေရှိနေပေမယ့် ရင်းနှီးမြှုပ်နှံမှုက ကျမသွားဘူး။ ဒါကရေတိုဖြစ်လို့ပါ။ စီးပွားရေး လုပ်ငန်းရှင်တွေက (Political Risk) နိုင်ငံရေး မတည်ငြိမ်အနည်းဆုံးနိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်တော့ ရေရှည်ဆိုရင်တော့ ရင်းနှီးမြှုပ်နှံမှုအတွက် စိုးရိမ်စရာပါ။

**လုပ်ငန်းတွေ ချပေးရာမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နဲ့ ပတ်သက်ပြီးတော့ ဝေဖန်စွပ်စွဲပြောဆိုမှုတွေကို ဘယ်လိုတုံ့ပြန်ချင်ပါသလဲ။**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပတ်သက်ပြီး အများဆုံး ပြောဆိုနေတာကတော့ ခရိုနီတွေကိုပဲ လုပ်ငန်းချပေးတယ်။ မျှမျှတတမပေးဘူး။ နိုင်ငံတော်ပိုင်အဆောက်အအုံနှင့် မြေတွေနဲ့ ပတ်သက်လာရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) အမြဲအပြောခံနေရတယ်။ အဖြစ်မှန်ကိုလူတွေက မသိလို့ပါ။ အမှန်တော့ MIC ကလုပ်ငန်းတွေချပေးတဲ့ အပိုင်းမှာ အတည်ပြုတဲ့ အခန်းကဏ္ဍကပဲ ပါဝင်တယ်။ လုပ်ငန်းလုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်တွေ ရွေးချယ်ချပေးတာ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေပဲ။ ဒီမြေတွေ အဆောက်အအုံတွေမှာ လုပ်ငန်းလုပ်မှသာ MIC နဲ့ သက်ဆိုင်တာပါ။ MICအနေနဲ့က သက်ဆိုင်ရာဝန်ကြီးဌာနက ရွေးချယ်ပေးတာကို ခွင့်ပြုမိန့်ထုတ်ပေးတယ်အဆင့်ပဲရှိပါတယ်။ ဒါတွေကိုလူတွေက မျက်စိလည်နေကြတာပါ။

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် ပြည်ပမှ အရက်၊ ဘီယာ၊ ဆေးလိပ်ထုတ်ကုန်လုပ်ငန်းတွေကို ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံ ခွင့်ပြုတာနဲ့ ပတ်သက်ပြီး ပြောဆိုဝေဖန်နေမှုပေါ်မှာရော ဘယ်လို ရှင်းပြလိုပါသလဲ။**

ပြည်တွင်းမှာ အရင်က ဘီယာထုတ်တဲ့စက်ရုံနှစ်ခုပဲရှိတယ်။ သူတို့က လက်ဝါးကြီးအုပ်ထားသလိုဖြစ်နေတယ်။ အစိုးရသစ်မှာ တန်းတူလွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ရှိတဲ့အတွက် နိုင်ငံခြားက လုပ် ချင်တယ်ဆိုတာကို ခွင့်ပြုပေးတာပါ။ စီးကရက်မှာလည်းဒီလိုပဲအဖွဲ့ အစည်းတစ်ခု၊ နှစ်ခုကပဲ ပြည်တွင်းမှာ လက်ဝါးကြီးအုတ်ထားသလိုဖြစ်နေတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးတာပါ။ ။

**အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။ ။**

7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013




# မင်းဒင်ရဲ့သက်ခိုင်(၂)

မင်းဒင်

(ယခင်အပတ်မှ အဆက်)

**အခန်း(၈) ဂွန်သက်ခိုင်**

'စကားမစပ် လက်ရှိအချိန်မှာ ခင်ဗျားရဲ့ တစ်လဝင်ငွေဟာ ဘယ်လောက်ရှိသတုံးဗျ'

'ရော၊ ခက်နေပါလား၊ ပြည်ပမှာနေတဲ့သူအချင်းချင်း ဝင်ငွေနဲ့ အသက်ကို မမေးရဘူးဆိုတာ ခင်ဗျားမေ့နေလေရော့သလား'

'သိပါတယ်ဗျာ။ ခင်ဗျားနဲ့ ကျွန်တော်က လူရင်းတွေပဲ။ ပြောမှာသာပြောစမ်းပါ'

'ထိုင်းဘတ် သုံးသိန်းဝန်းကျင်ဆိုပါတော့'

'များလှချည်လားဗျာ။ အတော့်ကိုဟန်ကျနေပြီပဲ'

'အင်း. . ဗမာပြည်ထဲမှာ ကျွန်တော်ကျင်လည်ခဲ့စဉ် အချိန်တုန်းက ရှာနိုင်ဖွေနိုင်ခဲ့တဲ့ဝင်ငွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ဘာမှပြောပလောက်တဲ့ ငွေတော့မဟုတ်ဘူးဗျ။ ဒါပေမဲ့ တန်ဖိုးချင်းတော့ အတော်ကွာတယ်ဆိုရမယ်'

'ငွေဟာငွေပဲမို့ အတူတူလို့ မဆိုနိုင်ဘူးလားဗျာ'

'မတူဘူးဗျ။ အများကြီးခြားနားတယ်။ ဟိုအရင် ကျွန်တော်ရှာခဲ့တဲ့ငွေဟာ လူလည်လူတတ်လုပ်ပြီး ရှာခဲ့တဲ့ငွေ၊ သူများမျက်ခုံးမွေးပေါ် စကြံလျှောက်ပြီးရခဲ့တဲ့ငွေ။ အခုကျွန်တော်ရနေတဲ့ဝင်ငွေဟာ သမ္မာအာဇီဝလို့ ဆိုနိုင်တဲ့ငွေ။ လွယ်လွယ်ရှာလို့ရတဲ့ ငွေကို ကျွန်တော်ကိုယ်တိုင် တန်ဖိုးထားရမှန်းမသိခဲ့သလို၊ ကြာရှည်လည်း မခံခဲ့ဘူး။ ပုံပြင်တစ်ပုဒ်ခင်ဗျားကြားဖူးမယ်ထင်ပါရဲ့။ သူဌေးကြီးတစ်ယောက်က စည်းမဲ့ကမ်းမဲ့ သုံးဖြုန်းနေတဲ့သားကိုတစ်နေ့တစ်ကျပ်မရှာနိုင်ရင်အိမ်ပြန်မလာနဲ့ ဆိုပြီးစည်းကမ်းထုတ်တော့သူဌေးသားဟာသူ့မိခင်ဆီကလွယ်လွယ်ရတဲ့ငွေတစ်ကျပ်ကို သူ့အဖေသူဌေးကြီး ဆီ ညနေတိုင်းအပ်သတဲ့။ လာအပ်တဲ့ငွေတစ်ကျပ်ကို သူဌေးကြီးက လှမ်းယူပြီး မီးပုံထဲပစ်ထည့်တယ်။ ညနေတိုင်းတစ်ကျပ်ပေး၊ လှမ်းယူ၊ မီးပုံထဲပစ်ထည့်နေရာကနေ တစ်နေ့တော့ သူဌေးကတော်ခရီးလွန်တဲ့နေ့လည်းရောက်ရော သူဌေးသားဟာ ငွေတစ်ကျပ်ရဖို့ ထင်းခွဲ၊ ရေခပ်၊ နဖူးကချွေး ခြေမကျအောင်လုပ်လိုက်ရတယ်။ အဲဒီညနေမှာ သူ့အဖေလက်ထဲကို ငွေတစ်ကျပ်လည်းအပ်ရော ထုံးစံအတိုင်း မီးပုံထဲပစ်ထည့်လိုက်တာကို သူဌေးသားက ဖွတ်လိုက်ဆယ်သတဲ့။ ငွေတန်ဖိုးနဲ့ငွေရှာရတဲ့ဒုက္ခကို သူသိသွားပြီလေ။ ဒီသဘောပါပဲဗျာ။ အခု ကျွန်တော်ရနေတဲ့ဝင်ငွေဟာ အခက်အခဲမျိုးစုံကြားမှာ ကျွန်တော့်ကိုယ်စွမ်းဉာဏ်စွမ်းတွေကိုသုံးပြီး သမ္မာအာဇီဝနည်းနဲ့ ရှာဖွေထားတဲ့ငွေမို့ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တန်ဖိုးထားတတ်နေပြီဗျ။ ကျွန်တော် ထိုင်းနိုင်ငံဘက် ရောက်လာခါစအချိန်မှာ ထိုင်းဘတ်တစ်ဘတ်ကို ဘယ်လိုများရှာရပါ့မလဲဆိုတဲ့ အခြေအနေကန အစပြုခဲ့ရတယ်ဆိုပါတော့ဗျာ'

'လုပ်စမ်းပါဦးဗျ။ ထိုင်းနိုင်ငံမှာ ခင်ဗျားငွေရှာခဲ့တဲ့ အတွေ့အကြုံလေး။ ကျွန်တော်တော့ဗျာ။ တစ်လဘတ်သုံးသောင်းလောက်ရအောင်တောင် အခုအချိန်အထိ ကျားကုတ် ကျားခဲလုပ်နေရတုန်းပါပဲ'

ခြေခင်းလက်ခင်းသာသော တစ်ညနေတွင်ဖြစ်၍ နေရာကား ဖူးခက်မြို့မ၊ စံမကောင်းအရပ်ရှိ ခေါင်ရန်းတောင်ထိပ်ပေါ်တွင် ဖြစ်သည်။ စကားပြောဖော် အတွေးတူရာမိတ်ဆွေရှားလှသော ဤအရပ်တွင် အလုပ်ပါးချိန်တိုင်းလိုလို ကျွန်တော်နှင့် ကိုသက်ခိုင်ဆိတ်ငြိမ်သောနေရာများတွင် စကားလက်ဆုံကျလေ့ရှိသည်။ ခေါင်ရန်းတောင်ထိပ်ပေါ်သို့ ရောက်အောင် အတန်ငယ်မတ်စောက်သော ကားလမ်းကိုတက်ခဲ့ကြရသည်။ ခေါင်ရန်းတောင်ထိပ်မှ လှမ်းမျှော်ကြည့်လျှင် ဖူးခက်မြို့မတစ်ခုလုံးကိုအပေါ်စီးမှ လှမ်းမြင်နေရသည်။ ရောင်စုံတိမ်များ၊ ဟိုတစ်ကွက် သည်တစ်ကွက်ရှိနေသော ခေတ်မီအဆောက်အအုံများ၊ အဝေးဆီက မှိုင်းညို့ညို့တောင်တန်းများမှာ ပြီးပြည့်စုံသော ပန်းချီကားတစ်ချပ်သဖွယ်ပါတကား။

ထိုအချိန်၊ ထိုနေရာတွင် ယိုးဒယားမြေရောက် ကိုသက်ခိုင်၏ ဘဝခရီးတစ်စွန်းတစ်စကို ကျွန်တော် သိခွင့်ရခဲ့ပြန်ပါသည်။ ကိုသက်ခိုင်သည်တောင်အောက်က ရှုခင်းများဆီသို့ ငေးမျှော်ရင်း၊ သူ့အစိတ်အစဉ်ကို အတိတ်ဆီသို့ စေလွှတ်ကာ အေးဆေးတည်ငြိမ်စွာ ဇာတ်ကြောင်းလှန်နေလေ၏။ သူ့နံဘေးမှာ ကျွန်တော်ရှိနေသည်ကိုပင် သူမေ့လျော့နေဟန်ရှိလေသည်။

'ဟုတ်တယ်ဗျ။ ကိုလှမောင်ရွှေနဲ့ ဦးကြီးစိန်တို့ဆီကငွေတွေ ရလိုက်တယ်ဆိုပေမယ့် ရေခြားမြေခြားကိုတရားမဝင်ရောက်လာတဲ့ဘဝမို့ ဘာမှမလုပ်တတ်၊မကိုင်တတ်တဲ့ အခြေအနေ၊ ရှေ့ဘဝခရီးကလည်း မရေမရာ၊ တော်တော်ကို ဂနာမငြိမ်ရတဲ့ကာလတွေပါပဲဗျာ။ ရတဲ့ငွေထဲက အာရှခနဘဏ်ကိုဆပ်ရမယ့် ငွေသိန်းလေးရာကျော်လောက်လည်း ဆပ်လိုက်တယ်။ ဒီငွေကို ကျွန်တော်မဆပ်ဘဲနေမယ်ဆိုရင် နေသာသပေါ့ဗျာ။ ဒါပေမဲ့ မလုပ်ကောင်းတဲ့အလုပ်ဗျ။ ဇာတ်လမ်းကဒီလို။ ရဲဘက်စခန်းမရောက်ခင် ၂ နှစ်ဝန်းကျင် ၂၀၀၁ ခုနှစ်လောက်ကပေါ့။ စမ်းချောင်းဘက်မှာ ကျွန်တော် ကန်ထရိုက်တိုက်တစ်လုံးဆောက်တော့ ငွေလိုတာနဲ့ အိမ်ပိုင်ရှင်ဦးရွှေသန်းရှေ့မှာ ညည်းမိတော့ သူက သူ့အိမ်ဂရန်ကိုထုတ်ပေးသဗျ။ ဒီတုန်းက အိမ်ဂရန်တွေ အာမခံတင်နိုင်ရင် အာရှခနဘဏ်ကငွေထုတ်ချေးတယ်။ သိန်းထောင်၊ သောင်းချီတဲ့ ချေးငွေတွေကိုလွယ်လွယ်နဲ့ကို ထုတ်ချေးတာ။ အာရှခနဘဏ်ဆီကို ဒီငွေတွေဘယ်လိုရောက်လာသလဲဆိုတာကို စဉ်းစားကြည့်ရင်လွယ်လွယ်နဲ့ သိနိုင်ပါတယ်။ ဦးအိုက်ထွန်းနောက်ကွယ်မှာရှိနေတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေအကြောင်း အတော်များများကို ကျွန်တော်ရိပ်စားမိပါတယ်။

အဲဒီတုန်းက အစိုးရကလည်း သိသိကြီးနဲ့ လွှတ်ထားခဲ့တာပါပဲ။ ခင်ဗျားလည်း ကြားဖူးနေမှာပါ။ တိုတိုပြောရရင် မူးယစ်ဆေးဝါးကနေရတဲ့ငွေတွေဆိုတာ အလွယ်တကူ ခန့်မှန်းနိုင်ပါတယ်။ နောက်ပိုင်းမှာတော့ အာရှခနဟာ မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အပြီးတိုင်လုပ်ငန်းရပ်ဆိုင်းသွားခဲ့တယ်။ ဘဏ်လုပ်ငန်းရပ်သွားချိန်မှာဘဏ်ကိုအကြွေးဆပ်ရမယ့်သူတွေအတွက်တော့ ဖိုးကျိုးတုတ်ပေါ့ဗျာ။

ဦးအိုက်ထွန်း ကိုယ်တိုင်လည်း ကျွန်တော်ပြန်ဆပ်ရမယ့် ငွေတွေကို အပြည့်ဆပ်စရာမလိုဘဲ ရာခိုင်နှုန်းတချို့ဆပ်ရင် ပြေလည်အောင် ဆောင်ရွက်ပေးမယ်ဆိုပြီး ကမ်းလှမ်းရှာပါတယ်။ သူ့ဘာသာ ဘယ်ကရတဲ့ငွေဖြစ်ဖြစ်ဗျာ။ ကျွန်တော့်စိတ်ထဲရောက်နေတာက အိမ်ရှင်ဦးရွှေသန်းကြုံရမယ့် ဒုက္ခပါပဲ။ ဒါကြောင့် အာရှခနဘဏ်ကို တစ်ခွန်းမှစျေးမဆစ်ဘဲ ဆပ်စရာရှိတဲ့အကြွေး အကုန်ထိုးဆပ်လိုက်ရောဆိုပါတော့။

ကျွန်တော်ဟာ ဘဝရပ်တည်ရာ တစ်နေရာရလို ရပြောထိုင်းတစ်နိုင်ငံလုံးနီးပါး၊ စင်ကာပူ၊ မလေးရှားသာမက ဂျပန်အထိပါ ရောက်ခဲ့ပေမယ့် ခြေတိုပြီး ငွေကုန်ရုံဘဝမှာ တဝဲဝဲလည်နေခဲ့တယ်။ စင်ကာပူမှာကုမ္ပဏီထောင်တယ်။ ထိုင်းမှာ ကုမ္ပဏီဖွင့်တယ်။ ဝင်ငွေကတော့ နတ္ထိ။ ကျွန်တော်ကျင်လည်ခဲ့တဲ့ စရိုက်မျိုးနဲ့ ပြည်ပနိုင်ငံတစ်ခုမှာရပ်တည်ဖို့ မဖြစ်နိုင်လောက်ဘူးဆိုတာ ကျွန်တော် တဖြည်းဖြည်းရိပ်စားမိလာ တယ်ဗျ။ နောက်ဆုံးတော့ ရနောင်းစျေးနားမှာ အိမ်တစ်လုံးငှားပြီး ငွေဘယ်လိုရှာရပါ့မလဲဆိုတာကိုမိုးလင်းမိုးချုပ်စဉ်းစားခန်းဖွင့်ရပါတော့တယ်။

ဗမာပြည်မှာ သိန်းပေါင်းများစွာရှာဖွေနိုင်ခဲ့တဲ့ ငါဟာ ထိုင်းဘတ်တစ်ဘတ်ကို ဘယ်လိုရှာရပါ့မလဲလို့ အကြိမ်ပေါင်းများစွာ တွေးမိတဲ့အထိပါပဲ။ မဲဆောက်ဘက်မှာ အခြေကျနေတဲ့ မိတ်ဆွေတွေက အတိုက်အခံအဖွဲ့အစည်းတစ်ခုခုမှာ ဝင်လုပ်ဖို့ကမ်းလှမ်းပေမယ့် ကျွန်တော့်ဘဝအခြေအနေနဲ့ မအပ်စပ်ဘဲ ယောင်ဝါးဝါးလုပ်ရမယ့် ကိစ္စမျိုးကို မလုပ်ချင်ပြန်ဘူးဗျ။ ရှင်းအောင်ပြောရရင် ကျွန်တော့်ဘဝရပ်တည်ရေးအတွက် နာမည်ခံတော်လှန်ရေးသမား၊ အစိုးရဆန့်ကျင်ရေးသမား ကျွန်တော်မဖြစ်ချင်ဘူး။ ဟန်ဆောင်ရတဲ့ အလုပ်ကို ကျွန်တော်မုန်းတယ်။ ပြောနေရင်း သတိရပြီဗျ။ ကျွန်တော် ထိုင်းဘက်ကိုရောက်ပြီး စီးပွားရေးစလုပ်ဖြစ်ခဲ့တာဟာ မဲဆောက်တံတားကြီးထိပ်မှာအစပြုခဲ့တယ်လို့ ဆိုနိုင်တယ်။ ဘာရယ်လို့မည်မည်ရရရည်ရွယ်ချက်မရှိဘဲ မဲဆောက်ကို ကျွန်တော်ရောက်ခဲ့တဲ့ တစ်ခေါက်ပေါ့။ မြဝတီဘက်က အသိတစ်ယောက်ကို နယ်စပ်တံတားထိပ်မှာ ချိန်းထားတာကြောင့် တံတားထိပ်မှာ ကျွန်တော်ရပ်စောင့်နေရင်း မလှမ်းမကမ်းက မော်တော်ဆိုင်ကယ်တွေရောင်းတဲ့ ဆိုင်ကြီးတစ်ခုဆီကို ကျွန်တော့်မျက်စိရောက်သွားတယ်ဗျ။ ဆိုင်ကယ်အသစ်စက်စက်တွေမှာ ရောင်းစျေးကတ်ပြားတွေကပ်ထားတာကိုကြည့်နေရင်း ရနောင်းဘက်က အသိတစ်ယောက်ပြောဖူးတဲ့'ဆိုင်ကယ်တွေကော့သောင်းဘက်ပို့ရင် ကိုက်တယ်'ဆိုတဲ့စကားသံကို အမှတ်ရလာတယ်။ ဒါနဲ့ ကော့သောင်းက မိတ်ဆွေကို လှမ်းဖုန်းဆက်ပြီး 'မော်တော်ဆိုင်ကယ်တစ်စီးကို ဘယ်လောက်အမြတ်ပေးမလဲ' မေးလိုက်တော့ သူက ဘတ်လေးရာပေးမယ်ဆိုပဲ။ တစ်ဘတ်အမြတ်ရရင်တောင် သေပျော်ပါပြီဆိုတဲ့ ခံစားချက်မျိုးဝင်နေတဲ့ ကျွန်တော်ဟာ ရှည်ရှည်ဝေးဝေးမစဉ်းစားတော့ဘဲ တံတားထိပ်က အေတီအမ်စက် (ဘဏ်တိုင်)မှာ ငွေထုတ်ပြီး ဆိုင်ကယ်လေးစီးဝယ်လိုက်ပါလေရော။ ကျွန်တော်ငွေချေပြီးလို့ ဆိုင်ရှင်က 'ဆိုင်ကယ်တွေကို ဘယ်ပို့မှာတုံး' မေးတော့ ကျွန်တော်က ကော့သောင်းကိုပို့မှာလို့လည်းဖြေလိုက်ရော ဆိုင်ရှင်ဟာ ကျွန်တော့်မျက်နှာကို အံ့သြတကြီးမော့ကြည့်လေရဲ့။ ကျွန်တော့်အမှားကို ကျွန်တော် ချက်ချင်းသိလိုက်ပါပြီ။ အမှန်တော့ ကော့သောင်းပို့မယ့် ဆိုင်ကယ်ကို ရနောင်းမှာ ဝယ်ရမယ့်အစား မိုင်ပေါင်းတစ်ထောင်ကျော်ဝေးတဲ့ မဲဆောက်မှာ လာဝယ်တဲ့ ကျွန်တော့်လောက်တုံးတဲ့သူ ရှိပါဦးမလားဗျာ။

ဆိုင်ရှင်ဟာ မအူမလည်ဖြစ်နေတဲ့ ကျွန်တော့်ကို သနားတယ်ထင်ပါရဲ့။ ကော့သောင်းရောက်အောင် ရနောင်းကဆိုင်ခွဲနဲ့ ချိတ်ပေးရှာတယ်။ နောက်ဆုံးတော့ ဆိုင်ကယ်လေးစီးဟာ ပါကင်အတိုင်း ကော့သောင်းကိုရောက်သွားရောဆိုပါတော့။ ဘယ်လောက်မြတ်သလဲဟုတ်လား။ တစ်ပြားမှမမြတ်တဲ့အပြင် ဆိုင်ကယ်လေးစီးဖိုးလုံး ဆုံးသွားသဗျာ။ အေးလေ။ ဆိုင်ကယ်လေးစီးကို ဘယ်လိုဘယ်ပုံရောင်းပေးပါ့မယ်ဆိုပြီး ရွှန်းရွှန်းဝေအောင် ပြောခဲ့တဲ့ ကော့သောင်းကမ်းနီး ငါးဖမ်းဥက္ကဋ္ဌကြီး ကိုမိုးကျော်ဟာ ဆိုင်ကယ်ရောင်းရတဲ့ ငွေတွေကို သူ့အလုပ်မှာငွေလိုလို့သုံးထားပါရစေဆိုပြီး အတိုးလိုလိုအမြတ်လိုလို တစ်လလေးငါးထောင် ပေးနေရာက လေးငါးလလည်းကြာရော ကော့သောင်းမှာရှိတဲ့ အိမ်ကိုပါရောင်းပြီးကိုယ်ယောင်ဖျောက်သွားတော့တာပါပဲ။ ဆိုင်ကယ်လေးစီးဖိုးနဲ့တော့ ရှောင်တာဘယ်ဟုတ်မလဲဗျ။ ရန်ကုန်အိမ်ကနေ ကျွန်တော့်ဆီကို လူကြုံပါးလိုက်တဲ့ငွေတွေပါပေါင်းရင် စုစုပေါင်း ဘတ်သုံးသိန်းဝန်းကျင်ရှိမယ်။ တခြားအကြွေးတွေလည်းပင်းနစ်နေတော့ အိမ်ကို အန်တီအုန်းလက်ထဲ ရရာစျေးနဲ့ ထိုးအပ်ခဲ့ရတာ။

**စာမျက်နှာ(၃၂)သို့**



# ဥရု မကောသေးဘူးလား

■ မောင်သာချို

(တစ်)

အလွမ်းပြေကလေးပဲဖြစ်ပါစေ။ နောက်ထပ်တစ်ကြိမ်ဖြတ်သန်းချင်သေးချည်ရဲ့ဟု ဘယ်တုန်းကမှ ကျွန်တော်စိတ်ကူးမပေါ်သောလမ်းမှာမြန်မာနိုင်ငံထဲ၌ သည်တစ်လမ်းပဲရှိလိမ့်မည်ဟု ထင်ပါသည်။ ဟုတ်ပါသည်။ သည်လမ်းမှ သည်လမ်း။ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားနှင့် ကျောက်စိမ်းမြို့တော် ဖားကန့်ကို ဆက်သွယ်ထားသည့်လမ်း။

လွန်ခဲ့သော ဆယ်နှစ်မရှိတရိုက သည်လမ်းပေါ်ကနေ စာရေးဆရာတစ်ယောက်၊ ရုပ်ရှင်ဒါရိုက်တာတစ်ယောက်တို့နှင့်အတူ ခရီးကြမ်းနှင်ခဲ့ဖူးပါသည်။ စာရေးဆရာက ချစ်ဦးညို၊ ဒါရိုက်တာက အကယ်ဒမီကြည်စိုးထွန်း။

ကြမ်းလိုက်တာ။ ကတ္တရာစေးလုံးဝမရှိသည့်လမ်း။ ရွှံ့စေးအထပ်ထပ်နှင့်လမ်း။ ဗွက်နစ်သည့်ကားကို သံကြိုးနှင့်ဆွဲရသည့်လမ်း။ ကားဘီးမှာ သံကြိုးကို ချိန်းကြိုးလိုပတ်ကာ ရွှံ့ညွန်ဗွက်တောကြီးတွေထဲ ဖြတ်မောင်းရသည့်လမ်း။ ကာရန်မသင့်သောအခါ ကားကို ကျွဲနှင့်ဆွဲရ၊ ဆင်နှင့်ဆွဲရသည့်လမ်း။ ကားတစ်စီးစီး အကြောင်းတစ်ခုခုနှင့် ထိုးရပ်သွားတိုင်း ဟိုဘက်သည်ဘက် ကားစီးရေ ငါးဆယ်တစ်ရာဆိုသလို ပိတ်မိသွားသည့်လမ်း။ ရှောင်ဖို့လည်းခက်၊ ကွင်းဖို့လည်းခက်။ တောင်ဆင်းတွေ တောင်တက်တွေ။ မိုင်ကလေးရှိလှ ၁၇၀ ဝန်းကျင်ကို ဆယ့်ရှစ်နာရီ မောင်းရလေသတဲ့။ ကံဆိုးမိုးမှောင်ကျသောအခါ ရောက်ရာနေရာမှာ ကားကိုထိုးရပ်ထားပြီး ညအိပ်ရသဖြင့်နှစ်ဆယ့်လေးနာရီလည်း ကြာချင်ကြာသွားတတ်သည့်လမ်း။ စက္ကန့်မလပ်ကားကို ဆွဲခါနေသည့်လမ်း။

မြစ်ကြီး၏အနားမှာနေသည့် မြစ်ကြီးနားမြို့က စာပေမိတ်ဆွေတွေက ကျွန်တော်တို့ကို ဘယ်လိုပဲ လှိုက်လှဲပျူငှာရှိသည်ဖြစ်စေ၊ ဖားကန့်ကျောက်စိမ်းမော်တွေထဲက စာချစ်သူတွေက ကျွန်တော်တို့ကို ဘယ်လိုပဲနွေးထွေးချစ်ခင်ကြသည်ဖြစ်စေ၊ သည်လမ်းကိုတော့ ကျွန်တော်ကြောက်သွားမိသည်မှာ အမှန်ပါ။

သို့သော် ကြောက်စရာလမ်းကိုမှ နောက်တစ်ခါလှမ်းဖြစ်အောင် လှမ်းခဲ့ရပြန်ပါပြီ။ ကာတွန်းဆရာကတစ်ယောက်၊ ရုပ်ရှင်မင်းသားကတစ်ယောက်။ ကိုအော်ပီကျယ်နဲ့ အကယ်ဒမီကိုကျော်သူ။ ကိုကျော်သူ့လက်စွဲတော်ကလေး ကိုလင်း။

(နှစ်)

တကယ့်တကယ်က ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းပါးတွင်ရှိသော ဟုမ္မလင်းသို့ လေယာဉ်ဖြင့်ဆင်းကာ ဥရုချောင်းကို ဆန်တက်လိုက်လျှင် စစ်ကိုင်းတိုင်းကြီးကို လွန်မြောက်ကာ ကချင်ပြည်နယ်ထဲရှိ ရွာကလေးများသို့ သက်သောင့်သက်သာရောက်ရှိသွားနိုင်ပါသည်။ ဝေဟင်နှင့် ရေပြင်ခရီးပေကိုး။

သို့သော် လေယာဉ်က ဟုမ္မလင်းကို နေ့တိုင်းမဆင်း။ မြစ်ကြီးနားကိုလည်း နေ့တိုင်းမဆင်း။ သည်မှာတွင် ခရီးသွားမည့်ရက်နှင့်ကိုက်သည့် လေယာဉ်ခရီးစဉ်အရ မြစ်ကြီးနားကွင်းကိုပဲ ရွေးချယ်လိုက်ကြကာ လေယာဉ်ပေါ်ကဆင်းပြီး ကားပေါ်တက်သည့်စနစ်ဖြင့်ခရီးကိုစတင်လိုက်ရာမြစ်ကြီးနား ဖားကန့်လမ်းကလွန်ခဲ့သော ဆယ်နှစ်က လူကြမ်းမင်းသားကြီးလိုပဲ မျက်ထောင့်နီနီကြီးဖြင့်စောင့်ကြိုနေခဲ့ပါလေသည်။

(သုံး)

ဥရုကိုချောင်းလား၊မြစ်လား ကျွန်တော်မခွဲခြားတတ်ပါ။ မြေပုံတချို့က မြစ်ဟုဖော်ပြပါသည်။ ဥပမာမြေတိုင်းဦးစီးဌာနက ထုတ်ဝေသည့် မြေပုံများ။ ဒေသခံတို့၏ နှုတ်ဖျားနှင့် ဒေသန္တရစာမျက်နှာများပေါ်၌မူ ချောင်းတဲ့။ သည့်အပြင်ကို ဥရုကို ဘယ်လိုစားလုံးပေါင်းရမှာပါလိမ့်။ ဥရုတဲ့။ ဥယုတဲ့။ ဖော်ပြကြပုံတွေက အကွဲကွဲအပြားပြား။ ချောင်းဖြစ်စေ၊ မြစ်ဖြစ်စေ၊ ရချင်ရ ယုချင်ယု သူကတော့ ယခုအချိန်ထိ စီးတော့စီးဆင်းနေဆဲဖြစ်ပါလေသည်။

ကချင်ပြည်နယ်ထဲကနေ စတင်၍ အခြေတည်ကာ လုံးခင်း၊ ဖားကန့်၊ ဆိုင်းတောင်၊ ကသိုဏ်းတောင်၊ တာမခန်၊ ဆယ်ဇင်း စသည့်ရွာကလေးများကို ဖြတ်သန်းသွားပြီးနောက် စစ်ကိုင်းတိုင်းထဲသို့ဝင်ရောက်ကာ ဟုမ္မလင်းမြို့အနီး၌ ချင်းတွင်းမြစ်ထဲသို့ စီးဝင်သွားသော ချောင်းလည်းဖြစ်ပါသည်။ အမြဲတမ်းနီညစ်ညစ်ကြီး ဖြစ်နေသည့်ချောင်း။ ဘယ်တော့မှ သွေးမတိတ်နိုင်သည့် ဒဏ်ရာကို ရထားသည့်ချောင်း။ နောက်ဆုံးထွက်သက်ကို နေ့လားညလား စောင့်ကြည့်နေရသည့်ချောင်း။

"အစက. . အင်း. . . အစကဆိုတာ ၁၉၉၀ ဝန်းကျင်တစ်ဝိုက်ကပေါ့။ ရေက စိမ်းပြီးကြည်နေတာ။ ချောင်းက နက်လည်းနက် ကျယ်လည်းကျယ်တယ်လေ. . ။ ဟောင်ပါးဆိပ်ကမ်းမှာဆို ဝါးထောက်လို့မမီဘူး. . အခုတော့"

ဒေသခံက သူ့စကားကို အခုတော့မှာ ရပ်ထားပစ်ခဲ့လိုက်ပါသည်။ အခုတော့ နောက်တွင်ဆက်ပါလာမည့် စကားတွေက ခင်ဗျားတို့မြင်ထားတဲ့အတိုင်းပါပဲ ဆိုသည့်သဘော။

ဟုတ်ပါသည်။ ဥရုက တိမ်ပြီး ကျဉ်းသွားပါပြီ။ ပုံမှန်အားဖြင့် ၇၅ ပေကနေ ပေ ၂၀၀ အထိ ကျယ်တတ်သော ဥရုက တချို့တချို့သောနေရာတွေမှာ ၃ ပေလောက်သာရှိပါတော့သည်။ ဆိုကြပါစို့ မှန်ရွာအနီးမှာ။ ကျောက်စိမ်းနှင့် ရွှေ၏ နောက်သို့အငမ်းမရလိုက်ကြသူတွေ၏ ခြေရာနောက်မှာ ဥရု တစ်စတစ်စနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားခဲ့ခြင်းပင်ဖြစ်ပါသည်။

ကချင်တောင်တန်းတွေ၏ ကြားကနေ ရစ်ခွေစီးဆင်းသွားသည့် ဥရုက ချောင်းအဖျားဘက်ဆီမှာ ကျောက်စိမ်းလုပ်ကွက်တွေပိုများပါသည်။ ချောင်းအညာဘက်ကိုရောက်လာတော့ ရွှေလုပ်ကွက်တွေ။ ချောင်း၏ ဝဲယာရှိမတ်စောက်သော ကမ်းပါးတွေပေါ်ကို တက်ကြည့်လိုက်လျှင် ဘယ်ဘက်ကိုကြည့်ကြည့်၊ ဘယ်နေရာကို ကြည့်ကြည့် စိတ်တိုင်းကျမှောက်လှန်တူးဆွထားသည့်ကမ္ဘာမြေကြီးက ချိုင့်ကြီးတွေ၊ ကျင်းကြီးတွေ၊ မြေစာပုံကြီးတွေနှင့် မျက်စိတစ်ဆုံး။

ဘက်ဟိုး (Back Hoe)ခေါ် မြေကော်စက်ကြီးများ၊ ဘူဒိုဇာ (Bull Dozer)ခေါ် မြေထိုးစက်ကြီးများ၊ လုပ်ဒါ (Loader)ခေါ် မြေတင်စက်ကြီးများ၊ ဒမ်ပါ (Dumper)ခေါ် မြေသယ်စက်ကြီးများက ရောမကမ္ဘာဖျက်ပိုးကောင်ကြီးများပမာ ရှူရှူ ရှဲရှဲနှင့် လှုပ်ရှားသက်ဝင်လို့။

တစ်ခါတစ်ခါ တစ်နိုင်တစ်ပိုင် ရွှေရှာနေသူများကိုလည်းတွေ့ရတတ်ပါသည်။ မှုန်စုပ်စက်မောင်းသူကမောင်း၊ မျှောဇလားစင်ပေါ်မှာ မျှောတိုက်သူတိုက်။ မြေကြီးကို ရေနှင့်ထိုးမွှေကာ မျှောတိုက်လိုက်သဖြင့် အိတ်ဖတ်မှာ ကပ်ကျန်ခဲ့သည့် ရွှေအမှုန်အမွှားများကို ဇလုံထဲခါချသူကခါချ၊ ဇလုံထဲက သဲ၊ ကျောက်၊ မြေ၊ ရွှေ အရောရောအနှောနှောကို အင်ဝိုင်းလှည့်သူက လှည့်၊ အင်ဝိုင်းထဲက ရွှေကို ပြဒါးဖြင့် ဖမ်းသူကဖမ်း။

"ရွှေကလေးတယ် ဆရာရဲ့ ဒါ့ကြောင့် မျှောစင်ပေါ်ကနေ ရေနဲ့ထိုးချလိုက်ရင်. . အိတ်ဖတ်မှာ ကပ်ကျန်ခဲ့တာပဲ. . အင်ဝိုင်းလှည့်တောလည်း အမှိုက်တွေက ဘေးကို ထွက်သွားပေမယ့် ရွှေက အလယ်မှာစုပြီး ကျန်ခဲ့တာ. . အဲဒါကို အဝတ်စထဲထည့်. . ပြဒါးထည့်ပြီး ရွှေကိုလုံးယူရတာ"

ရွှေအရိုင်းက မီးလင်းခေါ် လှော်ပြီးသားရွှေနှင့် သုံးသောင်းဝန်းကျင်ဈေးကွာပါသည်။ ပြဒါးနှင့်ရောနေသည့် ရွှေအဖြူက မီးဖြင့်လှော်လိုက်သည်နှင့် ပြဒါးအငွေ့ပျံကာ ဝင်းဝါ၍ ကျန်ရစ်ခဲ့မြဲဖြစ်ပါသည်။

မည်သည့်အရင်းအနှီးမှမရှိ၍ ဥရုချောင်းစပ်တွင် လှေကလေးတစ်စင်း၊ အင်ဝိုင်းကလေးတစ်ချပ်၊ ရေပုံးကလေးတစ်ပုံးဖြင့် ရေထဲတွင် ဒူးဆစ်အထိဆင်းကာ ရွှေကျင်နေသည့် ဒေသခံရွာသူမိန်းမပျိုတစ်ယောက်က ရွှေနှစ်ရွေးလောက်ကတော့ ရတတ်ကြောင်း ပြောရာ ငွေလေးငါးခြောက်ထောင်ဝန်းကျင်ပေါ့ဟု ခန့်မှန်းမိပါသည်။

ရွှေကိုသဲကြီးမဲကြီးရှာသူတွေက ဥရုချောင်းဝဲယာရှိ လယ်များ၊ ကိုင်းများ၊ တောင်ယာများကို ကြိုက်ဈေးပေး၍ဝယ်ကာ စက်ယန္တရားကြီးများဖြင့် လုပ်ကွက်ဖော်ကြရာက သွန်ချလိုက်သော ကျောက်ခဲပုံကြီးများ၊ မြေစာပုံကြီးများက ချောင်းဘေးဝဲယာတွင် နေရာမလပ်ရှိနေရုံသာမက ချောင်းထဲသို့လည်း ပြိုဆင်း၍ လာလေရာ ချောင်းတိမ်ပြီး ကျဉ်းသွားတာ သိပ်တော့မဆန်းလှ။ ကျောက်စရစ်ပုံကြီးတွေက ကမ်းဘေးဝဲယာ၌သာမကတော့ဘဲ ရေလယ်မှာပင်လျှင် ကျောက်စရစ်အတိထွန်းသည့် ကျွန်းကလေးများဖြစ်၍ နေပါသည်။

ဟိုတုန်းက ကျောက်စိမ်းမှဆိုးတချို့ ဥရုချောင်းထဲမှာ ရေကျင်းလည်းတူးခဲ့ကြဖူးပါသည်။ အသက်ရှူပိုက်နှင့်မျက်မှန်ကိုတပ်ကာ သံတိုင်ကို လက်မှာကိုင်ပြီး ဥရုချောင်းထဲသို့ ငုပ်ဆင်းကာ ကျောက်စိမ်းတူးခြင်းဖြစ်ပါသည်။ ၂၀၀၁ ဝန်းကျင်လောက်ကမှ ဥရုချောင်းထဲသို့ လေးပေပတ်လည်ကွန်ကရစ်တိုင်ကြီးကို၍ ရေတစ်စက်မှမဝင်အောင်လုပ်ပြီး ချောင်းအောက်ကြမ်းပြင်၌ ကျောက်စိမ်းရှာရာကွန်ကရစ်တိုင်လဲကျရာက လူအစုအဝေးနှင့် သေခဲ့ကြဖူးပါသည်။

၁၉၉၀ စွန်းစ သုံးလေးနှစ်ကမှ ဥရုချောင်းထဲသို့ တရုတ်ပြည်က ရွှေဖောင်များရောက်လာကာ ရွှေကို နေ့စဉ်ပိဿာနှင့်ချီ၍ ထုတ်ခဲ့ကြဖူးပါသည်။ ယခုမူ ရွှေဖောင်တချို့ မှုန်ကုပ်ကုပ်နဲ့ ချောင်းစပ်မှာရပ်လို့။ သြော်. . ရွှေရွှေ။ ကချင်တောင်တန်းကြီးတွေကြားကနေ စီးဆင်းလာသည့် ဥရုချောင်းထဲက ရွှေတွေက ချင်းတွင်းမြစ်ထဲအထိ ရောက်လာကြပုံရပါသည်။ ချင်းတွင်းမြစ်ထဲမှာ မကြာခဏ ခရီးသွားဖြစ်တော့ ရွှေကျင်နေသည့် လှေကလေးတွေကို မကြာခဏ တွေ့ရတတ်သည်မဟုတ်လား။

သည်ရွှေကြောင့်ပဲ ထင်ပါရဲ့။ တာမခန်မှာပဲကြည့်ကြည့်၊ ဟောင်ပါးမှာပဲကြည့်ကြည့်၊ ဆင်ဇင်းမှာပဲကြည့်ကြည့် ဒေသခံမဟုတ်သူတွေက အများကြီးမှ အများကြီး။ ရွှေမော်ထဲမှာ အလုပ်မျိုးစုံလုပ်ဖို့ လာကြသူတွေ၊ ရွှေကုန်သည်တွေ၊

စာမျက်နှာ(၃၂)သို့

7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| | ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည့်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဇွဲညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊နန်းအောင်၊ပေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဇွဲမာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊နန္ဒာ၊နိုင်လင်းထွန်း၊ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# သမိုင်းထဲက စာဖတ်သန်သူများ

**အောင်သိဒ္ဓိ**

ကျောင်းသင်ခန်းစာများတွင်သမိုင်းဘာသာရပ်ကိုထည့်သွင်းသင်ကြားခြင်းမှာ ရှေးမဆွကပင်ဖြစ်သည်။ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းဖြစ်ရပ်များထဲမှ လူငယ်လူရွယ်တို့ သိရှိလေ့လာသင့်သည့် အကြောင်းအရာများကိုထည့်သွင်း သင်ကြားပေးခြင်းဖြစ်သည်။ မြန်မာကျောင်းများ၏ သမိုင်းသင်ရိုးများမှာ အဆင့်မနိမ့်ပါ။ သို့ရာတွင် သင်ကြားပို့ချသူဆရာ၊ ဆရာများက ကလေးများစိတ်ဝင်စားအောင် ဟောပြောပို့ချနိုင်ဖို့တော့လိုပါသည်။

ထို့ထက်ပို၍ အရေးကြီးသည်က ကျောင်းသင်ရိုးထဲမှ သမိုင်းများအမှန်ဖြစ်ရေးဖြစ်၏။ မူလတန်း၊အလယ်တန်းအဆင့်တွင်သမိုင်းဘာသာရပ်ကို စိတ်ဝင်စားဖွယ်ပုံပြင်ဆန်ဆန်ရေးသားထားသည်။ ကလေးများကိုပုံပြောသလိုသင်ကြရန်ဖြစ်သည်။ ပုံပြင်ထဲက မြန်မာသူရဲကောင်းများ၊ ကမ္ဘာ့ခေါင်းဆောင်များကိုစိတ်ဝင်စားအားကျစေရန်ဖြစ်သည်။ အထက်တန်းနှင့် တက္ကသိုလ်အဆင့်များတွင်အကြောင်းအရာပိုင်းထက်အတွေးအခေါ် ပါလာအောင်သင်ကြားပို့ချရန်ဖြစ်သည်။ ဆရာကအကြောင်းအရာကိုရှင်းလင်းပို့ချပြီး ကျောင်းသား၊ ကျောင်းသူတို့၏ သဘောထားအမြင်ကို တင်ပြစေခြင်းဖြစ်သည်။

မူလတန်းအဆင့်တွင် ကလေးသူငယ်များသည် ဆရာ၊ ဆရာမတို့၏ စကားကိုတစ်သဝေမတိမ်းစွဲမှတ်ထားကြသူများဖြစ်သည်။ ဆရာပြောလိုက်သည်ကိုသာအမှန်ဟုလက်ခံထားတတ်ကြသည်။ အချို့သော ချွတ်ချော်မှားယွင်းနေမှုများ၌ အိမ်ကမိဘကပြင်ပေးသည်ကိုပင်လက်မခံတတ်ကြပေ။ သူတို့ဆရာမပြောတာမှအမှန်ဖြစ်သည်။ ထို့ကြောင့် မူလတန်းအဆင့်၌ ဆရာ၊ ဆရာမတို့၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ သူတို့သည် ကလေးသူငယ်တို့၏ ဘဝတစ်လျှောက်လုံးအတွက် အခြေခံအုတ်မြစ်ချပေးလိုက်သော ဗိသုကာကြီးများဖြစ်သည်။ သို့ဖြစ်၍ သူငယ်တန်းကိုသင်ကြားရသောဆရာ၊ ဆရာမတို့၏အရည်အချင်းမှာအလွန်အရေးကြီး၏။ သူတို့တော်လျှင်တော်သလောက် ကလေးတို့၏ ဘဝတောက်ပြောင်နိုင်၏။ သူတို့ရှော်လျှင်၊ ရှော်သလောက်ကလေးတို့ဘဝနစ်နာ၏။




ဗိုလ်ချုပ်အောင်ဆန်းလည်း ကလေးဘဝကလာ၏။ ဂျွန်ဦးစောလည်းကလေးဘဝကလာ၏။ မဟတ္တမဂန္ဒီလည်းကလေးဘဝကလာ၏။ ဟစ်တလာလည်း ကလေးဘဝကလာ၏။ မာသာထရီဇာကလည်းကလေးဘဝကလာ၏။ အိုစမာဘင်လာဒင်လည်းကလေးဘဝကလာ၏။ သို့သော်သူတို့၏ကလေးဘဝအသိဉာဏ်ကို အုတ်မြစ်ချပေးခဲ့ကြသော လက်ဦးဆရာဗိသုကာများကတော့ တစ်ယောက်နှင့်တစ်ယောက်တူကြမည်မဟုတ်ပေ။ ငယ်စဉ်က စွဲသွားခဲ့သောအတွေးအခေါ် အယူအဆများကသူတို့ဘဝကို များစွာလွှမ်းမိုးသွားနိုင်၏။ ထို့ကြောင့် လူငယ်တို့၏ ဘဝကို အုတ်မြစ်ချပေးသူများအလွန်အရေးကြီး၏။

ငယ်စဉ်ကပင်စာဖတ် ဝါသနာပါအောင် ကလေးတို့ကိုစည်းရုံးပြောဆိုသင့်၏။ စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို သူတို့သိရှိအောင်ဆွေးနွေးပြောဆိုရမည်ဖြစ်၏။ စာအလွန်ဖတ်သူတိုင်းခေါင်းဆောင်မဖြစ်နိုင်သော်လည်းခေါင်းဆောင်တိုင်းစာအလွန်ဖတ်သူများဖြစ်ကြောင်းကိုတော့ သတိမူသင့်ကြ၏။ ဗိုလ်ချုပ်အောင်ဆန်းသည် စာအလွန်ဖတ်သူဖြစ်၏။ မဟတ္တမဂန္ဒီသည်စာအလွန်ဖတ်သူဖြစ်၏။ အီဗရာဟင်လင်ကွန်းသည်စာအလွန်ဖတ်သူဖြစ်၏။ ဟိုချီမင်းသည် စာအလွန်ဖတ်သူဖြစ်၏။ ထင်ရှားသောကမ္ဘာ့ခေါင်းဆောင်တိုင်းလိုလိုပင် စာဖတ်သန်သူများဖြစ်ကြောင်းမှတ်သားဖူး၏။

သူတို့ဖတ်သောစာအုပ်များကတော့ ဘာသာရပ်အမျိုးမျိုးဖြစ်နိုင်၏။ သူတို့၏ စိတ်ဝင်စားမှုပေါ်မူတည်မည်ဖြစ်၏။ မည်သည့်ဘာသာရပ်မဆိုလူနှင့်လူ့ပတ်ဝန်းကျင်ကိုတစ်နည်းနည်းဖြင့် ကောင်းကျိုးပြုနိုင်သည်သာဖြစ်၏။ အသုံးချလိုခြင်းနှင့် အသုံးချတတ်ခြင်းပေါ်၌သာတည်မှီနေ၏။သို့ဖြစ်၍လည်း "စာအုပ်စာပေလူ့မိတ်ဆွေ"၊ "စာပေမြင့်မှ လူမျိုးတင့်မည်"ဟူသောဆောင်ပုဒ်များပေါ်လာခြင်းဖြစ်၏။

စာရေးသူတို့ ငယ်စဉ်က ဗဟန်းတွင် နေခဲ့ဖူးသဖြင့် နှစ်စဉ်နှစ်တိုင်းအာဇာနည်နေ့တွင် တာဝါလိန်းဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ရောက်ခဲ့ဖူး၏။ ဗိုလ်ချုပ်၏ မိသားစုဘဝ၊ ဗိုလ်ချုပ်ဖတ်ခဲ့သောစာအုပ်စာတမ်းများကိုငယ်စဉ်ကပင်လေ့လာခဲ့ဖူး၏။ ထိုစဉ်ကတော့ သေချာစွာမသိခဲ့။ အရွယ်ရောက်၍ အတန်းပညာအသင့်အတင့်ရလာသောအခါဗိုလ်ချုပ်ဖတ်ခဲ့သောစာအုပ်များတွင် သမိုင်း၊ ဥပဒေ၊ နိုင်ငံရေးနှင့် ဘောဂဗေဒစာအုပ်များအများဆုံးပါဝင်ကြောင်းလေ့လာသိရှိခဲ့၏။ ထိုစဉ်က အာဇာနည်နေ့ညတိုင်း ညစနာရီသတင်းအပြီးတွင်ဗိုလ်ချုပ်မိန့်ခွန်းကို အကျယ်လွှင့်ထုတ်ပေးလေ့ရှိ၏။ ငယ်စဉ်ကျောင်းသားဘဝကပင် ဗိုလ်ချုပ်မိန့်ခွန်းများကို အကြိမ်ကြိမ်ကြားခဲ့ရဖူးသည်။ စာရေးသူတို့နှင့်သက်တူရွယ်တူများ မှတ်မိကြကုန်မည်ထင်ပါသည်။ အရွယ်ရောက်ပြီး တက္ကသိုလ်ကျောင်းသားဘဝအဆင့်မြင့်သမိုင်းသင်ခန်းစာများကိုသင်ယူလာရသောအခါ ဗိုလ်ချုပ်၏မိန့်ခွန်းများမှာလက်ရှိသင်နေရသောကမ္ဘာ့သမိုင်းသင်ရိုးများထဲမှ အကြောင်းအရာတော်တော်များများပါဝင်နေကြောင်းလေ့လာတွေ့ရှိရသည်။ ဗိုလ်ချုပ်သည်သူ၏ မိန့်ခွန်းများတွင် ဒုတိယကမ္ဘာစစ်နှင့် ရုရှတော်လှန်ရေးသမိုင်းများမှ သမိုင်းဖြစ်ရပ်အတော်များများကို သင်ခန်းစာယူ၍ မိန့်ကြားခဲ့ကြောင်းတွေ့ရပါသည်။ဗိုလ်ချုပ်၏ စာအုပ်ဗီရိုထဲ၌ဥပဒေနှင့်နိုင်ငံရေး ဘောဂဗေဒစာအုပ်များကိုလည်းတွေ့ရသည်။ ဗိုလ်ချုပ်သည် ဥပဒေကိုလေးစားသူဖြစ်၍ လူတိုင်း စည်းကမ်းရှိရန်နှင့်စည်းကမ်းဥပဒေ၏ အရေးကြီးပုံများကို မကြာခဏထည့်သွင်းမိန့်ကြားခဲ့ခြင်းဖြစ်မည်ဟု ဆိုနိုင်၏။

လူငယ်များအားသမိုင်းနှင့်အတူ အတ္ထုပ္ပတ္တိစာပေများကိုလည်းအထူးပြုဖတ်ရှုလေ့လာသင့်ကြောင်း တိုက်တွန်းလိုပါသည်။ ထင်ရှားကျော်ကြားသူတို့၏ဘဝတွင် သင်ခန်းစာယူစရာ၊ အတုယူစရာ၊ အားကျစရာအတွေ့အကြုံများကိုဖတ်ရှုသိမြင်နိုင်ပါသည်။ အတ္ထုပ္ပတ္တိစာအုပ်ကိုဖတ်ခြင်းဖြင့် လူတစ်ယောက်၏ ဘဝတစ်ခုလုံးကို ခြုံငုံလေ့လာနိုင်သဖြင့် အတ္ထုပ္ပတ္တိစာအုပ်များ၏ တန်ဖိုးကိုပိုမိုသိမြင်နိုင်ပေသည်။

စာမျက်နှာ(၃၂)သို့

# Business

7DAY NEWS JOURNAL

Vol.12, No.36 · NOVEMBER 13 , 2013


# ဟင်းခတ်မှုန့် စျေးကွက်၏ ၈၀ ရာခိုင်နှုန်းကျော် ခနောရရှိထားဟုဆို




*စျေးကွက်အတွင်း ရောင်းချနေသည့် ခနောဟင်းခတ်မှုန့်အထုပ်များ*

ဓာတ်ပုံ-နစ်ကီ

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ-၁၀**

ပြည်တွင်းရှိ ဟင်းခတ်မှုန့်စျေးကွက်တွင်ခနောမှာစျေးကွက်ဝေစု၏ ၈၀ ရာခိုင်နှုန်းကျော်ရရှိထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာအိမ်ရှင်မအများစု ဟင်းချက်ရာတွင် တွင်ကျယ်စွာ အသုံးပြုနေသည့်ခနောဟင်းချက်မှုန့်မှာ ဂျာမနီအမှတ်တံဆိပ်ဖြစ်ပြီး ယခင်က ထိုင်းနိုင်ငံမှတစ်ဆင့် တင်သွင်းရောင်းချနေရာမှ ယခုနှစ်လယ်ပိုင်းမှစ၍ မြန်မာနိုင်ငံတွင်စက်ရုံတည်ထောင်ကာ ကျွမ်းကျင်ပညာရှင်များဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း Unileverကုမ္ပဏီမှ သတင်းရရှိသည်။

ခနောဟင်းခတ်မှုန့်ကိုယခင်က ထိုင်းနိုင်ငံမှတစ်ဆင့်တင်သွင်းခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဇွန် ၃ ရက်တွင် Unilever ကုမ္ပဏီက မြန်မာနိုင်ငံတွင် စက်ရုံတည်ထောင်၍ ပါဝင်ပစ္စည်းသုံးမျိုးကို ပြည်တွင်းတွင် ထုတ်လုပ်ပြီး ကျန် နှစ်မျိုးကို ထိုင်း Unilever ကုမ္ပဏီက တင်သွင်းကာမြန်မာနိုင်ငံတွင်း အစအဆုံးထုပ်ပိုးရောင်းချနေကြောင်း Unilever မှ မသစ်သစ်ထက်က ပြောကြားသည်။

“အရင်က ထိုင်းကနေ မြန်မာကိုသွင်းတယ်။ အခုစက်ရုံဆောက်ပြီးချိန်မှာ ထိုင်းကနေပါဝင်ပစ္စည်းနှစ်မျိုးကိုယူတယ်။ ကျန်တဲ့သုံးမျိုးကို ပြည်တွင်းမှာ ထုတ်တယ်။ ပါဝင်ပစ္စည်းငါးမျိုးပေါင်းပြီး ရောစပ်တာ၊ ထုပ်ပိုးရောင်းချတာကအစ မြန်မာစက်ရုံက လုပ်ပါတယ်”ဟု ၎င်းက ပြောကြားသည်။

ထို့အပြင် ထိုင်းရှိ Unilever စက်ရုံမှ ကျွမ်းကျင်မြန်မာဝန်ထမ်းများကိုလည်း မြန်မာ Unilever စက်ရုံသို့ ပြန်လည်ခေါ်ယူခန့်ထားကြောင်း Unilever နှင့် ပူးပေါင်းလုပ်ကိုင်နေသည့် Mango ကြော်ငြာအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကလည်း ဆိုသည်။

မြန်မာအိမ်ရှင်မအများစု ဟင်းချက်ရာတွင် အဓိကထားအသုံးပြုနေသည့် ခနောဟင်းချက်မှုန့်အပါအဝင် ခနောအမှတ်တံဆိပ်စတင်တည်ထောင်ခဲ့သည့် (၁၇၅)နှစ်ပြည့် အထိမ်းအမှတ်မိတ်ဆုံစားပွဲကို ခနောစတင်တည်ထောင်ခဲ့သည့်ဂျာမနီနိုင်ငံဟေးလ်ဘရွန်းမြို့တွင် ပြီးခဲ့သည့်အောက်တိုဘာ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

ခနောကိုစတင်တည်ထောင်သူမှာ ဂျာမနီနိုင်ငံမှ Mr. Carl Heinrich Knorr ဖြစ်ပြီး Mr Knorr မှာ ကော်ဖီလုပ်ငန်းကို စတင်လုပ်ကိုင်ရာမှတစ်ဆင့် ၎င်း၏ဝန်ထမ်းများ ဟင်းချက်ရာတွင် လွယ်ကူမြန်ဆန်စေရန်နှင့်အရသာကောင်းမွန်စေရန် သဘာဝဟင်းသီးဟင်းရွက်များကို အသုံးပြု၍ ခနောအရသာခဲကို ၁၈၃၈ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းသို့ တင်ပို့ရောင်းချနေသော ခနောအမှတ်တံဆိပ်များအားလုံးထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့် ဟင်းသီးဟင်းရွက်ကို ဂျာမနီနိုင်ငံ ဟေးဘရွန်းမြို့တွင် မျိုးဆက်သုံးဆက်တိုင်တိုင်စိုက်ပျိုးလာခဲ့ပြီး ယခုအခါစိုက်ခင်းပေါင်း ၁,၈၀၀ ဧကခန့်ကိုခေတ်မီရိတ်သိမ်းနည်း ပညာများနှင့် ထုပ်ပိုးမှုနည်းပညာများ

**စာမျက်နှာ (၂၈) သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၇ | ၉၇၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၄ | ၇၈၄ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၉၄ | ၁၃၁၁ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁ | ၃၁. ၅၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၈ | ၁၆၀ | ကျပ် |

၂၀၁၃ နိုဝင်ဘာ ၉ ရက် ပေါက်စျေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၄၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၇၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၉. ၁၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၉၀၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၄၇၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၆ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၂. ၁၂ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၇၇၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၄၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၃၂၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၁၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၆၅၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၁၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၅၂. ၅၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၆၅၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ စျေးနှုန်း

| ပစ္စည်း | ယူနစ် | စျေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၈၃. ၆၀ |
| ရေနံစိမ်း | စည် | ၁၀၄. ၉၀ |
| ငွေ | အောင်စ | ၂၁. ၃၇ |
| ကြေးနီ | ပေါင် | ၃. ၂၆ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၅ |

မှတ်ချက်။ ။ စျေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီစျေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ နိုဝင်ဘာ ၉ရက် ကမ္ဘာ့ပေါက်စျေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# မိုးစပါး ကျပ်လေးသိန်းကျော်ဖြင့် ဈေးကွက်ဖွင့်

**သန်းထူး**

**နေပြည်တော်**- အချိန်စောစိုက်ပျိုးခဲ့သော မိုးစပါးနှင့် သက်လျှင်မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းပြီး စပါးထွက်ပေါ်လာရာမိုးစပါးဈေးနှုန်းလည်းတင်းတစ်ရာလျှင် ကျပ်လေးသိန်းကျော်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း နေပြည်တော်စပါးဈေးကွက်မှ သတင်းရရှိသည်။

"မိုးစပါးလေးသိန်းသုံးသောင်းနဲ့ ဝယ်နေပြီ။ မနောသုခမျိုး၊ လောလောဆယ်တော့ ဆန်စက်တွေက ဝယ်နေတယ်"ဟု စပါးလှောင်လှေ့ရှိသော တောင်သူကိုမျိုးလင်းအောင်က နိုဝင်ဘာ ၈ ရက်က ပြောကြားသည်။

အဆိုပါ ပေါက်ဈေးသည်အမြင့်ဈေးနှုန်းဟု ဆိုနိုင်သော်လည်း ဆန်စက်များအတွက် အရှုံးမရှိနိုင်ကြောင်း၊ ဆန်စက်များသည် ဖွဲ၊ ဆန်ကွဲနှင့် တင်းရေပေါ်မှ အကျိုးအမြတ်ရယူလေ့ရှိသည်ဟုဆိုသည်။

ဆန်စက်လုပ်ငန်းရှင် ကိုနေစိုးက လေးသိန်းနှုန်းအထက်ပေါက်ဈေးရှိနေသည်မှာ မှန်ကန်ကြောင်း ပြောကြားသည်။ "မနှစ်ကလည်း လေးသိန်းကျော်နဲ့ စဖွင့်တာပဲ။ အခုလည်း လေးသိန်းအထက်ရှိပါတယ်"ဟုဎင်းကပြောကြားခဲ့သည်။

မိုးစပါးကနဦးပေါ်၍ ဈေးကောင်းရသော်လည်း အောက်တိုဘာ နောက်ဆုံးပတ်က ရွာသွန်းခဲ့သော မိုးကြောင့် ရိတ်သိမ်းရာတွင် ကုန်ကျစရိတ်များခဲ့ကြောင်း လယ်ဝေးမြို့နယ်မှ တောင်သူဦးမြင့်သိန်းကပြောသည်။

နေပြည်တော်စပါးပေါက်ဈေးသည်ယမန်နှစ်က အခြားဒေသများတွင် ပေါက်သည့်ဈေးနှုန်းထက် အမြင့်တွင်ရှိခဲ့ပြီး ယခုနှစ်တွင်လည်း ထိုကဲ့သို့ပင် ဖြစ်နိုင်ကြောင်း ကုန်သည်နှင့် ဆန်စက်သမားများကဆိုကြသည်။

လက်ရှိဆန်ဈေးကွက်တွင်လည်း ၂၄ ပြည်ဝင်တစ်အိတ်လျှင် ကျပ်နှစ်သောင်းနှင့် အထက်တွင်ရှိသည်။






# စက်မှုဝန်ကြီးဌာနက မြေဧက ၁၀၀ ကျော် နှစ်ရှည်ငှားရမ်းမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်**-စက်မှုဝန်ကြီးဌာနက အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မီးခံဘိလပ်မြေပြားစက်ရုံ (မှော်ဘီ)ပိုင် တစ်ဆက်တည်းရှိသော မြေ ၁၁ ကွက်အား နှစ်ရှည်ငှားရမ်းမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သို့သော် စက်ရုံပါဝင်မည်မဟုတ်ဘဲ အကျယ်စုစုပေါင်း ၁၀၉ ဒသမ ၂၅ ဧကရှိသော မြေကွက် ၁၁ ကွက်ကို လေလံပစ်ငှားရမ်းမည်ဖြစ်ပြီး အဆိုပါနေရာများမှာ လုပ်ငန်းများလုပ်ဆောင်ထားခြင်းမရှိသော မြေလွတ်ဧရိယာများဖြစ်သည်။

ထိုမြေလွတ်နေရာကို နှစ်ရှည်ငှားရမ်းရာတွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိက လုပ်ငန်းရှင်များအား အဆိုပြုလွှာခေါ်ယူ၍ လုပ်ကိုင်ခွင့်များ ချထားပေးသွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယင်းမြေနေရာကို လုပ်ကိုင်လိုသော လုပ်ငန်းရှင်များမှာ အဆိုပြုလွှာပုံစံများကို နိုဝင်ဘာ ၁၁ ရက်မှစကာ ဝယ်ယူနိုင်ပြီး ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ စက်မှုဝန်ကြီးဌာန နေပြည်တော် အမှတ် (၃)အကြီးစားစက်မှု လုပ်ငန်း၊ ပစ္စည်းစီမံရေးရာဌာန၊ ရုံးအမှတ် ၄၁ သို့ တင်သွင်းရမည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာနသည် ယခုနှစ်အတွင်း ၎င်းတို့ဝန်ကြီးဌာနပိုင် လုပ်ငန်းများကို ပုဂ္ဂလိကသို့လွှဲပြောင်းခင်း၊ ငှားရမ်းခြင်းစသောလုပ်ငန်းများကိုများစွာ ပြုလုပ်နေသော ဌာနတစ်ခုဖြစ်သည်။

အဆိုပါ ဌာနပိုင် အထည်ချုပ်စက်ရုံပေါင်း ၁၂ ရုံကိုလည်း ပုဂ္ဂလိက လုပ်ငန်းရှင်များကို ငှားရမ်းလုပ်ပိုင်ခွင့်ပေးရန် တင်ဒါများဆက်တိုက်ခေါ်ယူကာ ချထားပေးမှုများ ပြုလုပ်နေသည်။

စာမျက်နှာ (၂၇) သို့

## ဟင်းခတ်မှုန့် ဈေးကွက်၏ ၈၀ ရာခိုင်နှုန်း ခနောရရှိထားဟုဆို

ကို အသုံးပြုထားကြောင်း ခနောစိုက်ခင်းများ စိုက်ပျိုးသူ တောင်သူမစ္စအမန်ဒါက 7 Day News အားပြောကြားသည်။

အောက်တိုဘာ ၁၇ ရက်က ပေါးလ်ဘရွန်းမြို့တွင် ပြုလုပ်ခဲ့သည့် (၁၇၅)နှစ်ပြည့်အထိမ်းအမှတ်မိတ်ဆုံစားပွဲ၌ ခနောဟင်းခတ်မှုန့်ကို အသုံးပြု၍ စားဖိုမှူးနှစ်ဦးက ချက်ပြုတ်ထားသော ဟင်းလျာအသစ်များနှင့်မိတ်ဆက်ညှော့ခံခြင်း၊ Unilever မှ ဝါရင့်စားဖိုမှူးများက ခနောဟင်းချက်မှုန့်နှင့် ထုတ်ကုန်များကို အသုံးပြု၍ နိုင်ငံပေါင်းစုံမှ တက်ရောက်လာသောသတင်းထောက်များကိုချက်ချင်းမြည်း စမ်းစေခြင်း၊ ထို့အပြင် သတင်းထောက်များကိုယ်တိုင် ခနော ဟင်းချက်မှုန့်များ၊ ထုတ်ကုန်များကို အသုံးပြု၍ စားဖိုမှူးကြီးများ နှင့်တွဲဖက်ကာ ဟင်းလျာများလက်တွေ့ချက်ပြုတ်ပြင်ဆင်ခြင်းတို့ပြုလုပ်ခဲ့သည်။

ယင်းခနောဟင်းခတ်မှုန့်အား မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံပေါင်းများစွာတွင် ခနောမှထုတ်လုပ်သည့်ဟင်းချက်အနှစ်၊ ဟင်းခတ်အမှုန့်၊ ဆန်ပြုတ်စသည့် ခနောထုတ်ကုန်များမှာ ယနေ့ဥရောပ၊ အာရှ၊ လက်တင်အမေရိကနှင့် အမေရိကတို့တွင် တွင်ကျယ်စွာ အသုံးပြုနေကြောင်း ခနောထုတ်ကုန်များကို တာဝန်ယူဖြန့်ဖြူးရောင်းချပေးနေသည့် Unilever ကုမ္ပဏီမှ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။



GETTY IMAGES/AFP

# အီးယူခြိုးခြံချွေတာရေးအစီအစဉ် အလုပ်မဖြစ်ပါ

ကြည်နေဝင်းမင်း

ဥရောပတိုက်တစ်ဝန်းတွင် မကြာသေးမီကာလအတွင်း သက်ပြင်းချသံ အများအပြား ထွက်ပေါ်ခဲ့သည်။ အကြောင်းမှာ စီးပွားရေးကျဆင်းနေသည်မှာ ကြာပြီဖြစ်သော ဗြိတိန်နှင့် စပိန်ကဲ့သို့သော နိုင်ငံများ အဆုံးသတ်တွင် စီးပွားရေး ပြန်လည်တိုးတက်လာသောကြောင့် ဖြစ်သည်။ ယင်းတိုးတက်မှုအချိန်မှာ အကြာကြီး၊ အများကြီး တိုးတက်ခြင်းမဟုတ်ပါ။ သို့သော်လည်း ဘဏ္ဍာရေးအရ တင်းကျပ်သော စီးပွားရေးမူဝါဒများကို သည်းခံရကျိုးနပ်ကြောင်း နိုင်ငံရေးစကားပြောရန် အလျင်စလို အနေအထားဖြစ်ရာ အဆိုးရွားဆုံး အခြေအနေ ကျော်လွန်ခဲ့ပြီဆိုသော ပြောဆိုမှုများနှင့်အတူ အဆုံးမှာတော့ ခြိုးခြံချွေတာရေး အလုပ်ဖြစ်သည်ဟု မရဲတရဲပြောဆိုမှုများ ရှိလာသည်။

ခဏလေးစောင့်ပါဦး။ စီးပွားရေးဖွံ့ဖြိုးခြင်းမှာ ကောင်းပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြင့် တိုင်းပြည်နှင့် နိုင်ငံများတွင် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုများ ဖွံ့ဖြိုးများပြားလာပြီး အမျိုးသားကြွေးမြီကို ပေးချေလာနိုင်သည်။ အလုပ်လက်မဲ့များကို အလုပ်ပေးနိုင်ကာ အလုပ်လုပ်သူများ အခွန်ပေးဆောင်နိုင်သည်အထိ ကြီးပွားချမ်းသာလာစေပါသည်။ သို့သော် အလုပ်အကိုင်များ သိသိသာသာ များပြားလာမှုဆီသို့ ဦးတည်မလာပါက ရေရှည်အတွက် ကြီးပွားတိုးတက်ရေးဖြစ်ပေါ်ရန်မှာ စုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်မှု သက်သက်ဖြင့် မလုံလောက်ပါ။

စပိန်နိုင်ငံကိုနမူနာကြည့်ပါ။ စပိန်နိုင်ငံမှ တတိယသုံးလပတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၀ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ၂ နှစ်တာ စီးပွားရေးကျဆင်းမှုမှ လွတ်မြောက်လာခဲ့ပါသည်။ သဘောတရားအရဆိုလျှင် စပိန်နိုင်ငံ၏ စီးပွားရေးကျဆင်းမှု အဆုံးသတ်သွားပြီဟု ဆိုနိုင်ပါသည်။ သို့သော် ၎င်းတို့၏ အလုပ်အကိုင်ရရှိမှု ကိန်းဂဏန်းများကို ကြည့်ပါက စပိန်နိုင်ငံမှာ ခြိုးခြံချွေတာမှုဒဏ် ခံစားရခြင်းမှ အမှန်တကယ် လွတ်မြောက်ရေး အဝေးကြီးလိုသေးသည်ကို မြင်တွေ့နိုင်သည်။ စပိန်မှာ အီးယူကြားခံဖြင့် ဂျာမနီနိုင်ငံက သွယ်ဝိုက်ချမှတ်ထားသော တင်းကျပ်သည့် ဘဏ္ဍာရေးမူဝါဒများ၊ အစိုးရအသုံးစရိတ် လျှော့ချမှုနှင့် အလုပ်အကိုင်နှင့် အခြားပြုပြင်ပြောင်းလဲမှုများဒဏ်မှ အမှန်တကယ် မလွတ်မြောက်သေးပါ။

စပိန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၂၆ ရာခိုင်နှုန်းမှာပင် တင်းခံနေသည်။ အသက်(၂၅)နှစ်နှင့်အောက် လူငယ်ထက်ဝက်ခန့် အလုပ်အကိုင်မဲ့နေဆဲဖြစ်သည်။ ဂရိနှင့် ခရိုအေးရှားနိုင်ငံတို့တွင် အသက် (၂၅)နှစ်အောက် လူငယ်ထက်ဝက်ကျော်မှာ အလုပ်အကိုင်မရှိကြ။ ဥရောပတိုက်တစ်ခုလုံးတွင် ဂျာမနီနှင့် ဩစတြီးယားနိုင်ငံတို့တွင်သာ လူငယ်အလုပ်လက်မဲ့နှုန်း ၁၀ ရာခိုင်နှုန်းအောက်ရှိသည်။ ကျန်ဥရောပနိုင်ငံများတွင် အလုပ်လက်မဲ့ ဦးဆောင်သော စပိန်နှင့် ဂရိနိုင်ငံတို့တွင် လူငယ် ၂၅ ရာခိုင်နှုန်းကျော် အလုပ်အကိုင်မရှိဘဲ ကျန် ၁၃ နိုင်ငံမှာ အလုပ်လက်မဲ့နှုန်း ၁၀ ရာခိုင်နှုန်းကျော်ဖြင့် စခန်းသွားနေရသည်။

စပိန်စီးပွားရေးမှာ နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့သော ကဏ္ဍတွင်သာ တိုးတက်မှုရှိလာခြင်းဖြစ်ပြီး အခြားကဏ္ဍများတွင် ရှည်ကြာနေသော ခြိုးခြံချွေတာရေးအစီအစဉ်မှ အမှန်တကယ် ပြုပြင်နိုင်ခဲ့သော အနေအထားမမြင်ရပေ။ စီးပွားရေးပညာရှင်တစ်ဦး၏ စကားအရဆိုလျှင် ပြည်တွင်းဝယ်လိုအားမှာ ကျုံ့ဝင်နေဆဲဖြစ်ပြီး ယင်းနောက် အခြေအနေတွင် ရေရှည်ထိန်းသိမ်းနိုင်ပြီး အားကောင်းသော စီးပွားရေးတိုးတက်မှုဖြစ်ပေါ်ရန် ခက်ခဲမည်ဖြစ်သည်။

အားနည်းသော ဖွံ့ဖြိုးတိုးတက်မှုမှာ အလုပ်အကိုင်များ ဖန်တီးရန် မစွမ်းသာဘဲ ခြိုးခြံချွေတာရေး ချမှတ်မှုနှင့် ဖွားဖက်တော်ဖြစ်သော အလုပ်သမားစည်းကမ်း ပြုပြင်ပြောင်းလဲရေး ဖြစ်ပေါ်ရန်လည်း မတတ်နိုင်ဘဲရှိရာ အလုပ်အကိုင်သစ်များ ဖန်တီးရေးအခြေအနေပေးရန် စီးပွားရေးတိုးတက်မှု ၁ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၅ ရာခိုင်နှုန်းရှိရမည်ဆိုသော အဓိပ္ပာယ်ပင်ဖြစ်သည်။ အလုပ်အကိုင်ဖွံ့ဖြိုးရေးအတွက် အလုပ်သမားပုံအော အသုံးပြုရသော ဆောက်လုပ်ရေးလုပ်ငန်းကဲ့သို့ လုပ်ငန်းများ ကျယ်ပြန့်လာရပါမည်။ သို့သော် ထိုသို့ ဖြစ်နိုင်သော အရိပ်အယောင်မတွေ့ရပါ။

ဗြိတိန်နိုင်ငံတွင် အစိုးရကြွေးမြီအကျပ်အတည်း ရှောင်လွှဲနိုင်ရန်နှင့် ပေါင်ငွေကို ရင်းနှီးမြှုပ်နှံသူများ စွန့်ခွာမှုမှကာကွယ်ရန် ကွန်ဆာဗေးတစ်အစိုးရက ခြိုးခြံချွေတာမှု အစီအစဉ်များ ချမှတ်ခဲ့သည်။ အစိုးရကဏ္ဍကို ချုံ့လိုက်ပြီး ခေတ်သစ် မစ္စစ်သက်ချာ အတွေးအခေါ်များ ကျင့်သုံးနေစဉ် သုံးလပတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၀ ဒသမ ၈ ရာခိုင်နှုန်း ရရှိခြင်းကို ရှန်ပိန်ပုလင်းဖောက် အောင်ပွဲခံနေကြသည်။ သို့သော် ယခုနှစ် နွေဦးရာသီအချိန်အထိ ဗြိတိန်မှာ တတိယအကြိမ် စီးပွားရေးကျကပ်အတွင်း ထပ်မံကျဆင်းမည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် ယင်းကို ပွက်ကာသီကာ ရှောင်လွှဲနိုင်လိုက်ပုံ ပေါ်ပါသည်။

သို့သော်လည်း ဗြိတိန်နိုင်ငံ၏ နှစ်စဉ်နှုန်းထားနှင့်တွက်လျှင် ၁ ဒသမ ၅ ရာခိုင်နှုန်းရှိသော ဖွံ့ဖြိုးတိုးတက်မှုမှာ တင်းကျပ်သော ခြိုးခြံချွေတာရေးအစီအစဉ်များကို တိတ်တဆိတ်ဖြေလျှော့ပေးခဲ့ခြင်းကြောင့် ဖြစ်သည်။ အင်္ဂလန်ဗဟိုဘဏ်သစ်ဥက္ကဋ္ဌ မတ်ကာနီက ရဲရင့်သောမူဝါဒ အပြောင်းအလဲလုပ်၍ အလုပ်လက်မဲ့နှုန်း ခုနစ်ရာခိုင်နှုန်းအောက် ကျဆင်းသွားစေရန် အတိုးနှုန်းများကို တမင်တကာ ရည်ရွယ်ချက်ရှိရှိ နှိမ့်ချထားခဲ့သည်။

ဗြိတိန်၏အရောင်မှိန်နေသေးသော စီးပွားရေးနာလန်ထမှုကို ပထမဆုံးအကြိမ် အိမ်ဝယ်ယူသူများအား ထောက်ပံ့ငွေပေးအပ်ရေးနှင့် အိမ်ရာဆောက်လုပ်သူများကို တွန်းအားပေးရေး အစိုးရ၏ လျှို့ဝှက်အိမ်ရာအပေါင်ချေးငွေ အစီအစဉ်က မီးထိုးပေးခဲ့သည်။ သို့သော် ယင်းမှာလည်း ၂၀၀၈ ခုနှစ်က ကမ္ဘာ့စီးပွားရေးကို ဒူးညွတ်သွားစေခဲ့သော ပုံမှန်မဟုတ်ဘဲ ပယောဂကြောင့် အိမ်ရာဈေးနှုန်းများ မြင့်တက်ခြင်းမျိုး ဖြစ်စေနိုင်သော အန္တရာယ်ကို ဖိတ်ခေါ်နေသည်။

အားလုံးကို ခြုံကြည့်မည်ဆိုပါက ခြိုးခြံချွေတာရေးအစီအစဉ် ငါးနှစ်တာ ချမှတ်ပြီးနောက်တွင် ဂျာမနီနိုင်ငံက ကိုယ်တိုင်လည်း ကျင့်သုံးပြီး အခြားဥရောပနိုင်ငံများအနေဖြင့်လည်း တင်းတင်းကျပ်ကျပ် ချမှတ်သောအစီအစဉ်ကြောင့် ယူရိုဇုန်တွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အနုတ်လက္ခဏာပြနေဆဲဖြစ်သည်။ ယင်းအုပ်စုတွင် အီတလီ၊ ပေါ်တူဂီ၊ နယ်သာလန်၊ စပိန်နှင့် အိုင်ယာလန်နိုင်ငံတို့ ပါဝင်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှစ်ရာခိုင်နှုန်းနှင့် အထက်ရှိသော နိုင်ငံများမှာ လတ်ဗီးယား၊ လစ်သူယေးနီးယား၊ မော်လတာနှင့် လူဇင်ဘတ်ကဲ့သို့သော နိုင်ငံငယ်လေးများသာဖြစ်သည်။

ဥရောပစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အစဉ်အလာအားဖြင့် အားအကောင်းဆုံး နိုင်ငံဖြစ်ပြီး ကမ္ဘာတစ်ဝန်း ခြိုးခြံချွေတာရေး အစီအစဉ်ကို ဦးဆောင်အကောင်အထည်ဖော်ခဲ့သည့် ဂျာမနီနိုင်ငံမှာပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ နှစ်စဉ်နှုန်းဖြင့်တွက်လျှင် ၀ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။

ထိုကဲ့သို့ အခိုင်အမာကိန်းဂဏန်းများရှိနေစဉ် ခြိုးခြံချွေတာမှု အလုပ်ဖြစ်သည်ဟု ပြောဆိုမှုများမှာ အတိသယဝုတ္တိဆန်ပါသည်။ ရွေးကောက်ပွဲများ ရင်ဆိုင်ရန်ရှိသော နိုင်ငံရေးသမားများမှာ ယင်းကဲ့သို့ စီးပွားရေးအပေါ် ယုံကြည်မှုရှိရေး ချဲ့ကားပြောဆိုတတ်ကြသည်။ ဆုတောင်းခြင်းဖြင့် လက်တွေ့ဖြစ်လာသည်။(သို့မဟုတ်)ဆုတောင်းခြင်းမှာ လက်တွေ့လုပ်ရပ်၏ဖခင်ဟူသော ယုံကြည်မှုကြောင့်ဖြစ်ပါသည်။ *—Ref: No, austerity did not work*

7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

## 7DAY BOOK REVIEW







### ကိုယ်တွေ့မှတ်တမ်း
(တိုင်းချစ်သခင်သိန်းဖေ)

မြန်မာ့လွတ်လပ်ရေးအတွက် ဆောင်ရွက်ကြရာတွင် ဗြိတိသျှတို့၏ ဖမ်းဆီးအနှိပ်စက်ခံ၊ ဂျပန်တို့၏ ဖမ်းဆီးညှဉ်းဆဲခံရမှုများကို မျိုးချစ်နိုင်ငံရေးသမားအများအပြား ခံစားကြရသည်။ တိုင်းချစ်သခင် သိန်းဖေသည်လည် ဂျပန်ခေတ်တွင် ဂျပန်ကင်ပေတိုင်စစ်ပုလိပ်တို့က ဖမ်းဆီးပြီးရက်ရက်စက်စက် ညှဉ်းပန်းခံခဲ့ရသူဖြစ်သည်။ ဂျပန်တော်လှန်ရေး(သို့)ဖက်ဆစ်တော်လှန်ရေးကို ဦးဦးဖျားဖျား လုပ်ဆောင်ခဲ့သည့် နိုင်ငံရေးသမားများတွင် ပါဝင်ခဲ့သောတိုင်းချစ်သခင် သိန်းဖေသည် မန္တလေးမြို့ရှိတိုင်းချစ်သတင်းစာတိုက်ကို ဖက်ဆစ်ဆန့်ကျင်ရေး၏မြေအောက် ဝါဒဖြန့်ချိရေးအမြုတေအဖြစ်အသုံးချကာ ဂျပန်ကိုတော်လှန်ခဲ့သူ တစ်ယောက်ဖြစ်ပြီး အကယ်ဒမီမောင်တင်ဦးနှင့် သရုပ်ဆောင်အဆိုတော်ဇော်ဝမ်းတို့၏ဖခင်ဖြစ်သည်။

"လွတ်လပ်ရေးမှတ်တမ်းနှင့် အလားတူပေါ်ပေါက်ပြီး၊ ပေါ်ပေါက်လာလတ္တံ့သော အမှတ်အသားများမှ နောင်လာနောက်သားတို့ အတုယူလုပ်ဆောင်သင့်သည့်အချက်များကို တုယူနိုင်စေရန် ကောက်နုတ်ချက်အသီးသီးတို့ကို စုပေါင်းညှိနှိုင်းပြီး အတော်အသင့် မှန်ကန်သော တိုင်းပြည်၏ရာဇဝင်မှတ်တမ်းတစ်ခုပေါ်ပေါက် လာစေခြင်း"ဟု စာရေးသူက သူ၏စေတနာအာသီသကို အမှာစာတွင်ဖော်ပြထားသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် သက်စွန့်ဆံဖျားလှုပ်ရှားခဲ့သည့် သခင်နိုင်ငံရေးသမားများ၏ ကိုယ်ကျိုးစွန့်အနစ်နာခံမှုတို့ကို လူငယ်လူ ရွယ်များ ဖတ်ရှုမှတ်သားနိုင်သော စာအုပ်တစ်အုပ်ဖြစ်သည်။ တန်ဖိုး ၂,၂၀၀ကျပ်ဖြင့် စိတ်ကူးချိုချိုစာအုပ်တိုက်က ထုတ်ဝေသည်။

### အဝိဇ္ဇာမြို့ကလေး
(ခင်မြဇင်)

"ဝတ္ထုအမည် အဝိဇ္ဇာမြို့ကလေးမှာ အဝိဇ္ဇာ ဉာဏ်ပညာမဲ့သောဟု ဆိုလိုရင်းမဟုတ်ပါ။ မဟာဂီတဆရာကြီးဦးပြုံးချို၏ တေဘုမ္မာသီချင်းမှ အဝိဇ္ဇာပိတ်ကာဆို့ မိစ္ဆာမြို့ပြင်ပြင်စာသားထဲမှယူ၍ ပေးထားသောနာမည်ဖြစ်ရာ မိစ္ဆာနတ်ဆိုးတို့ပူးကပ်ခံရသော လူတို့ကြီးစိုးသောကာလမှ မြို့ကလေးတစ်မြို့ရှိ သာမန်လူတို့၏ ဘဝအကြောင်းများသာဖြစ်ပါသည်"ဟု စာရေးသူ ခင်မြဇင်ကအမှာစာတွင် ရေးသားထားသည့်အတိုင်းပင် မြို့ကလေးတစ်မြို့ရှိလေဖြန်းထားသော အငြိမ်းစားကျောင်းအုပ် ဆရာကြီးဦးကျော်လှိုင်နှင့် သမီးနှင်းနှင်းတို့ကို မဏ္ဍိုင်ထားကာ မြို့လေး၏ကောက်ကြောင်းကိုရေးခြစ်ပြထားသောပင်ကိုရေးဝတ္ထုရှည် တစ်ပုဒ်ပင်ဖြစ်သည်။

၁၉၉၀ ဝန်းကျင်ကာလဆီက မြို့လေးရှိ စာအုပ်အငှားဆိုင်ဖွင့်သူကောင်မလေး၊ သစ်ကုန်သည်၊ ချဲဒိုင်၊ ဘိုးတော်၊ မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ရဲမှူး၊ ဆရာဝန်အစရှိသည့် လူတန်းစားအစုံ၏ စရိုက်လက္ခဏာနှင့် ပတ်သက်ဆက်နွှယ်မှုများကို ခြယ်မှုန်းပြထားရာ စာရေးသူပြလိုသည့်ခေတ်၏ ပုံရိပ်နှင့်ဇာတ်ကောင်စရိုက်များ၊ စစ်အုပ်ချုပ်ရေးကာလများဆီက အောက်ခြေလူတန်းစားတို့၏ ဘဝအခြေအနေများကို ထင်ထင်ရှားရှား ဆုပ်ကိုင်နိုင်မည်ဖြစ်သည်။ ရသစာပေဝတ္ထုရှည်များ ရှားပါးနေသော အချိန်ကာလတွင် ထွက်ရှိလာသော စာရေးသူခင်မြဇင်၏ အဝိဇ္ဇာမြို့ကလေးလုံးချင်းဝတ္ထုရှည်ကို စိတ်ကူးချိုချိုစာအုပ်တိုက်ကထုတ်ဝေဖြန့်ချိပြီးတန်ဖိုး ၃,၇၀၀ကျပ်ဖြစ်သည်။

## Knowledge ဗဟုသုတ

### ကမ္ဘာ့ပထမဆုံးစက်ရုပ်လူသား

လမ်းလည်း လျှောက်နိုင်၊ စကားလည်း ပြောနိုင်သည့်အပြင် လူသားတစ်ဦးကဲ့သို့ နှလုံးခုန်သည့် ကမ္ဘာ့ပထမဆုံး စက်ရုပ်လူသား ရက်စ် (Rex) ခေါ် ဖရန့်ခ်ကို အမေရိကန်ဒေါ်လာတစ်သန်းနီးပါး အကုန်ကျခံကာ ထုတ်လုပ်ထားခြင်း ဖြစ်သည်။ အရပ်အမြင့် ၆ ပေခွဲ၊ ကိုယ်အလေးချိန် ၁၇၀ ပေါင်ရှိပြီး ထိုင်နိုင်၊ ထနိုင်၊ လမ်းလျှောက်နိုင်သော စက်ရုပ်လူသားကို ကမ္ဘာတစ်လွှားရှိဓာတ်ခွဲခန်းပေါင်းများစွာမှ လှူဒါန်းသော ခန္ဓာကိုယ်အစိတ်အပိုင်းအတုများကို စုစည်းကာ ထုတ်လုပ်ထားသည်။ အဆိုပါ စက်ရုပ်လူသားသည် ၆၀ မှ ၇၀ ရာခိုင်နှုန်းအထိ လူသားတစ်ယောက်ကဲ့သို့ စွမ်းဆောင်နိုင်ပြီး အစာခြေအင်္ဂါအဖွဲ့အစည်း၊ အသည်း၊ အရေပြားနှင့် ဦးနှောက်အစိတ်အပိုင်းများမှလွဲ၍ ကျန်အစိတ်အပိုင်းများမှာ လူသားတစ်ယောက်ကဲ့သို့ ပါရှိသည်။ လန်ဒန်ရှိသိပ္ပံပြတိုက်တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီက ထုတ်ဖော်ပြသခဲ့ ခြင်းဖြစ်ပြီး လက်ရှိတွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီ ရှိ National Air and Space Museum တွင် ပြသထားသည်။

-Ref: dogonews.com

## ဇာတာကံကြမ္မာ

နိုဝင်ဘာ ၁၃ မှ ၁၉ ရက်အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ကျန်းမာရေးဂရုစိုက်ရမည်။ မျှော်မှန်းထားသည် တစ်မျိုးလက်တွေ့တစ်မျိုး ကြုံမည်။ စီစဉ်ထားသည့် ကိစ္စများကို ပြောင်းလဲပြီး ဆောင်ရွက်ရမည်။ အာမခံခြင်း၊ ကြားဝင်တာဝန်ယူခြင်း ရှောင်ပါ။ ပေါ်လာသည့် အခြေအနေများကို ထိပ်တိုက်ရင်ဆိုင်ခြင်းထက် ဉာဏ်သုံး၍ ဖြေရှင်းသွားပါ။ အသွားအလာ ဂရုစိုက်ပါ။ သူတစ်ပါးကြောင့် မိမိတွင် ဒုက္ခရောက်တတ်သည်။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ထူးခြားသော အတွေ့အကြုံများ တစ်မျိုးပြီးတစ်မျိုး ရရှိနိုင်သည်။ အကြံအစည်များ အောင်မြင်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းအဆင်ပြေမည်။ ငွေကြေးကိစ္စစကားပြော၍ အဆင်ပြေမည်။ အလုပ်သစ် အကြံသစ်များကို လက်တွေ့ဆောင်ရွက်နိုင်မည်။ စကားအတိုက်အခံများ ပြောရတတ်သည်။ လူမျိုးကွဲအကျိုးပေးမည်။ ပညာအတတ် နှင့်ပတ်သက်ပြီး ဆောင်ရွက်သည်များ ထူးခြားသော အကျိုးရရှိမည်။ စိတ်အနှောင့်အယှက်ရှိတတ်ပါသည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

လိုရာအောင်မြင်မည်။ ကြန့်ကြာနေသည်များ ပြန်လည်ရရှိမည်။ အခက်အခဲ အနှောင့်အယှက်များ ကျော်လွှားနိုင်မည်။ သူတစ်ပါးကြောင့် နှောင့်နှေးနေသည့် အလုပ်များ လျင်မြန်စွာ ပြီးမြောက်မည်။ ခရီးသွား၍ ကောင်းသည်။ လုပ်ငန်းလုပ်၍ အဆင်ပြေမည်။ အကြံသစ်အောင်မြင်မည်။ ရင်းနှီးသူများနှင့် စကားများရတတ်သည်။ အတူနေအုပ်စု လုပ်ဖော်ကိုင်ဖက် မိတ်ရင်းများနှင့် ပြဿနာဖြစ် လမ်းခွဲရမည်။ ဆံရမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရည်မှန်းချက်အောင်မြင်မည်။ လုပ်သမျှ ထိထိရောက်ရောက် အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ စုပေါင်းလုပ်သော လုပ်ငန်းအကျိုးပေးမည်။ မျက်နှာပွင့်လန်းမည်။ ပြောရေးဆိုရေး အောင်မြင်မည်။ အရောင်းအဝယ် စီးပွားလုပ်သူများလုပ်ငန်းစီးပွားကြီးများ စနစ်တကျလုပ်၍ အဆင်ပြေမည်။ လုပ်ငန်းခွင်မှ သူများအဖို့လည်း လုပ်ငန်းအဆင့်တိုးတက်ခြင်း ရှိမည်။ ကျန်းမာရေး အနည်းငယ် ဂရုစိုက်ပါ။ အသေးစား ထိခိုက်တတ်သည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စာရင်းဇယား အလွန်ရှုပ်သည်။ ကိုယ့်ကိစ္စကိုယ် ဦးစားပေး၍မရ။ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် လုပ်နေရသည် များသည်။ သူတစ်ပါးအတွက်သာ ဖြစ်နေမည်။ စေတနာဝန်ထမ်းသာ လုပ်နေရမည်။ ငွေကုန်မည်။ အပျက်အစီး အပျက်အယွင်းများမည်။ လုပ်သမျှ အောင်၍ ကံကောင်းခြင်း၊ လိုရာပြည့်စုံခြင်း၊ ဘဝတိုးတက်ခြင်းများ ရှိမည်။ စိတ်အနှောင့်အယှက်များမည်။ ပြဿနာဖြေရှင်းရမည်။ ရန်များမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရွေးချယ်မှုလမ်းကြောင်း မှားယွင်း၍ စိတ်အနှောင့်အယှက် ဖြစ်ရတတ်သည်။ အခွင့်ကောင်းများ ရပြီးမှ လက်တွေ့ဆောင်ရွက်ရာတွင် ထင်သလောက် မဖြစ်သလို ကြုံမည်။ တာဝန်ယူခြင်း အာမခံခြင်းများကို တတ်အားသမျှ ရှောင်သင့်ပါသည်။ ငွေကြေးကိစ္စ လူမှုရေးပြဿနာများကို ရင်ဆိုင်ဖြေရှင်းရမည်။ ထိပ်တိုက်ပြောပါ။ မိမိအားနာလွယ်၊ ယုံလွယ်မှုအပေါ် အခွင့်အရေးယူသူများ တွေ့ရတတ်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

စိတ်အေးချမ်းသာဖွယ် သတင်းစကားများ ကြုံမည်။ အလိုရှိရာဆောင်ရွက်နိုင်သည်။ အောင်မြင်မှုနှင့် တက်လမ်းများကို ဖန်တီးနိုင်သော ကာလဖြစ်သည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ ထင်ရှားသော အပြောင်းအလဲနှင့် တိုးတက်မှုကြုံမည်။ ကာလအတန်ကြာ နှောင့်နှေးနေသော ကိစ္စများ ပြန်လည်အဆင်ပြေသော အနေအထားရှိမည်။ စုပေါင်းလုပ်သော လုပ်ငန်းများ အကျိုးပေးမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပိတ်နေသည့် လမ်းကြောင်းများ ပြန်ပွင့်မည်။ ခက်နေသည့် ပြဿနာများ ဖြေရှင်းအောင်မြင်မည်။ သူတစ်ပါးအပေါ် စေတနာကောင်းထားခဲ့ခြင်း၏ ကောင်းသော အကျိုးရရှိမည်။ ခရီးကိစ္စ အဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ ရန်အနှောင့်အယှက်များကို ကျော်လွှားနိုင်မည်။ မိမိဆုံးဖြတ်ထားသည့် ကိစ္စများအပေါ် ပြန်လည်ပြင်ဆင်ခြင်းများ ပြုရမည်။ ဦးတည်ချက်ပြောင်းရမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ပြဿနာဟောင်းများ ဖြေရှင်းရမည်။ ငွေမချေးရ။ သူတစ်ပါးအပေါ် လွန်ကဲစွာ ယုံကြည်ခြင်း၊ လိုက်လျောအားနာခြင်းကြောင့် မလိုလားအပ်သော စိတ်အနှောင့်အယှက်များ ဖြစ်တတ်သည်။ အခက်အခဲ အတားအဆီးများစွာ ကြားမှ တိုးတက်မှုကို ဖန်တီးရမည်။ ဥစ္စာတိုးပွားမည်။ အကြံအောင်မြင်မည်။ အကြွေးတောင်း၍ ကောင်းမည်။ မင်္ဂလာစကားပြောကြားခြင်း ချမ်းမြေ့ပျော်ရွှင်ခြင်းများ ရှိမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

သတိနှင့် အရာရာဆောင်ရွက်ရမည်။ ကျန်းမာရေး ဂရုစိုက်ရမည်။ နေအိမ်တွင် ကျန်းမာရေးအညံ့တစ်ဦးပြီး တစ်ဦး ဖြစ်မည်။ ဆေးရုံဆေးခန်းနှင့် ပတ်သက်သော ကိစ္စများ ကြုံမည်။ အင်္ဂါနံစက်ပစ္စည်းများ အဝင်မတော်။ အပျောက်အရှ အပျက်အစီးများမည်။ စွန့်စားပြီးလုပ်သော ကိစ္စများ ရှောင်ပါ။ ပုံမှန်လုပ်ငန်းများကို စနစ်တကျ အေးအေးချမ်းချမ်း လုပ်သွားပါ။ စိတ်အနှောင့်အယှက် အနည်းငယ်ရှိသည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လမ်းသစ်ဖွင့်မည်။ လုပ်နေသည့် ကိစ္စအပြင် သီးသန့်ထပ်ဆင့် ကံသစ်ပေါ်မည်။ ခရီးသွားရန် ကြုံက ချက်ချင်းသွားပါ။ အရပ်ဝေးမှ အဆက်အသွယ်များနှင့် ဆက်ဆံမှုများတွင်လည်း တစ်ပါးသူ ကတိပျက်မှု ကြောင့် စိတ်အနှောင့်အယှက် ရှိမည်။ သစ္စာမဲ့သူများနှင့် တွေ့တတ်သည်။ အတိုက်အခံရှိမည်။ ပစ္စည်းပျောက်တတ်သည်။ မိဘအကြီးအကဲ ကျန်းမာရေး အညံ့ရှိမည်။ အလုပ်ပြောင်းရန် စီစဉ်က အဆင်ပြေမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

လိုရာပြည့်စုံမည်။ ရွေးချယ်ရန် အခွင့်အရေးများ တစ်မျိုးပြီးတစ်မျိုး ဆက်တိုက်ပေါ်မည်။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်ရမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ သိသူခင်သူ သံယောဇဉ်ရှိသူများနှင့် အယူအဆကွဲပြားခြင်း၊ အတိုက်အခံပြောရခြင်းများ ရှိမည်။ အောင်မြင်ခြင်း တိုးတက်ခြင်းများ ဖြစ်ပေါ်၍ လိုရာဆန္ဒ ပြီးမြောက်မည်။ ပြဿနာဟောင်းများ ပြန်ပေါ်တတ်သည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၅၉)



## အလျားလိုက်

၃။ ပင်လယ်ပြင် ဘေးဒုက္ခအကြောင်း ပြန်လည်ဖန်တီးရိုက်ကူးသူ
၅။ ၂၀၁၃၏ အကျယ်လောင်ဆုံးအသံ
၇။ မေ့လျော့ခံမဖြစ်သင့်သူများ
၁၀။ ကမ္ဘာ့ဖလားတွင်ပါဝင်လိုသူ
၁၁။ မြန်မာစစ်တပ်က သင်ယူရန် စိတ်ဝင်စားသောအရာတစ်မျိုး
၁၂။ ဇနီးဟောင်းကိုအချစ်မပြယ်သေးသူ

## ဒေါင်လိုက်

၁။ မိန်းကလေးများကစားသော အားကစားနည်းတစ်မျိုး
၂။ မြက်ရိတ်ပြစ်ဒဏ်သာချမှတ်ခံရသူများ
၄။ ကျင့်ဝတ်နှင့်မညီသော သတင်းရေးသားမှု
၆။ နောက်ပိုင်းတွင် ခေတ်စားလာသော ငွေပေးချေမှုပုံစံတစ်မျိုး
၈။ အမေရိကန်သမ္မတဟောင်းတစ်ဦး
၉။ ကင်ဆာရောဂါ ဖြစ်ပွားစေသော အစားအစာတစ်မျိုး

### Smart Dictionary ကံထူးသူ

၁။ သူရစိုးစံ၊ ၁၂/သကတ(နိုင်)၁၈၅၉၃၉ တိုက်(၉၄/၀၀၁)၊ ရတနာပုံ(၁)လမ်း၊ သာကေတ။

### ကျန်အဖြေမှန်သူများ

၂။ သီဟစိုး၊ ၅/ရဘန(နိုင်)၁၃၁၈၄၇
၃။ ဖြိုးသူဟိန်း၊ ၁၂/ဒဂတ(နိုင်)၀၄၈၇၆၁
၄။ မိုးသုခ၊ ၁၂/ကမတ(နိုင်)၀၇၀၈၇၅
၅။ ခင်မျိုးသူဇာ၊ ၁၂/မရက(နိုင်)၀၀၂၃၃၇
၆။ ကျော်နိုင်ဝင်း၊ ၅/မကန(နိုင်)၀၄၆၅၀၀
၇။ အေးမြတ်မိုးစံ၊ ၁၂/သကတ(နိုင်)၁၈၅၃၆၃

### ပဟေဠိ အမှတ်စဉ်(၂၅၈)အဖြေမှန်




အမည် .................................. မှတ်ပုံတင်အမှတ် ..................................
နေရပ်လိပ်စာ ..................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၇) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၅-၁၁-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**"ရွှေ" Study Guide**

၁၀ တန်း ကျောင်းသား၊ သူများအတွက် ဘာသာစုံ ဂိုက်ရှိသည်။ မေးခွန်းဟောင်းများလည်း လေ့ကျင့်ပေးသည်။ တစ်ဘာသာနှစ်သောင်းကျပ်။

ဖုန်း-၀၉ ၄၂၀၇၀၁၆၈၃

**အိမ်နှင့်ခြံ အမြန်ရောင်းမည်**

အမှတ်(၃၂၆)၊ သုမင်္ဂလာလမ်း၊ ၅၁ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ခြံအကျယ်ပေ(၂၀×၆၀)၊ ရောင်းဈေး သိန်း(၃၅၀)။

ဖုန်း-၀၉ ၄၂၀၀၈၀၃၃၅

**သင်ကြားပေးသည်**

သူငယ်တန်းမှ န၀မတန်းအထိ Teaching ၁၀ တန်း ဂိုက်အိမ်အရောက် သင်ကြားပေးသည်။ ဖုန်း-၀၉ ၄၀၂၇၆၀၇၉၁

**Miss English**

အင်္ဂလိပ်စာကို အခြေခံမှစ၍ လေ့လာချင်သူများ၊ နိုင်ငံခြားအလုပ် Interview နှင့် အင်္ဂလိပ်စာအခက်အခဲရှိသူများ အတွက်သင်ကြားပေးပါသည်။

ဖုန်း- ၀၉ ၄၉၃၃၆၀၄၈

**Tr.Mu**

၉တန်းနှင့် ၁၀တန်းဇီဝဗေဒ သီးသန့် အိမ်ဝိုင်းများစီစဉ်သင်ကြားပေးသည်။

ဖုန်း- ၀၉ ၄၅၀၀၀၁၄၉၅

**Tr.Lily BEd Eng**

၉တန်းနှင့် ၁၀တန်း အင်္ဂလိပ်စာသီးသန့် Grammar,Essay,Letter သီးသန့် သင်ကြားပေးသည်။ ဖုန်း- ၀၉ ၄၅၀၀၀၁၄၉၅

**သင်ကြားပေးသည်**

Chemistry Classes for Int'l School (sec -Levels),IGCSE. Cambridge Int'l AS & A Level & SAT-2

PH: 09 5005470

**သင်ကြားပေးသည်**

-General English Course (Four Skills)
-Grammar+Reading+Writing
-Cambridge Exams
-LCCI Level 1,2,3

PH: 09 5151398

**English One by One Classes**

General English from Basic (4 Skills & Grammar).IELTS (Foundation/Preparation)

PH: 09 450001079

**Edu.Study Guide**

(မူလတန်းမှ အထက်တန်းအထိ) Int'l School (တစ်ဦးချင်း/ဝိုင်းသီးသန့်) Teaching & Guide.

ဖုန်း- ၀၉ ၅၄၁၂၆၁၃

**သင်တန်း**

စက်ချုပ်သင်တန်း၊ လက်မနည်း၊ စင်တီမီတာနည်းဖြင့် ဝါရင့်ဆရာမ(ကိုယ်တိုင်) အိမ်၌ သင်ကြားပေးပါသည်။ အိမ်အရောက်သင်ကြားပေးသည်။

ဖုန်း-၀၉ ၄၀၂၇၈၀၄၀၉

**ကွန်ပျူတာအိမ်လိုက်သင်သည်**

Basic, DTP, Graphic, Child Course, Advance Excel, Internet & Email, Video Editing, MYOB, Peachtree 2010, Web Application,PHP.

PH: 09-425303540

**နားထောင်ပေးမည်**

မိမိတို့ဘဝအဆိုးအကောင်းအတွက် ရင်ဖွင့်စရာ၊ ပြောစရာလိုလျှင်နားထောင်ပေးမည်။ ပုဂ္ဂိုလ်ရေး လုံခြုံရေး အာမခံသည်။ (စေတနာကြေးဖြစ်ပါသည်။)

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**မင်္ဂလာရတနာတိုးရောင်းဝယ်ရေး**

လိပ်သည်းကျောက်၊ ကျောက်စရစ်၊ ကွန်ကရစ်အုတ်ရောင်းဝယ်ရေး။

အမှတ်-၂၊ လမ်းမကြီး၊ တောင်မြောက်လမ်းဆုံအနီး၊ ၁၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

**ဆေးဖက်ဝင်အလှရည်**

သဘာဝထွက်ပစ္စည်းဖြစ်ပြီး ပူစပ်ခြင်းမရှိ၊ ညစဉ် ဆေးဖက်ဝင် အလှရည်ကိုလိမ်းခြင်းဖြင့် ဝက်ခြံများ ပျောက်ကင်းစေပါမည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ချွေးပေါက်ကျယ်ပျောက်ဆေးရည်**

သဘာဝထွက်ပစ္စည်းဖြစ်ပြီး မျက်နှာပြင်ချွေးပေါက်ကျယ်နေမှုကို ဆေးရည်ညစဉ်လိမ်းခြင်းဖြင့် ပျောက်ကင်းစေပါမည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ရွှေအိမ်စံ(အိတ်ဆိုင်)**

နိုင်ငံခြားသေတ္တာ၊ တွန်းလှည်း၊ ကျောပိုးအိတ်၊ ခရီးဆောင်အိတ်၊ ဘေးလွယ်အိတ်၊ ရုံးသုံးဖိုင်အိတ်၊ ကျားလက်ကိုင်အိတ်၊ အမျိုးမျိုးအရောင်းဆိုင်။

ဖုန်း-၀၉ ၅၀၉၆၂၀၇

**ယဉ်ကျေးလိမ္မာသင်သည်**

သားသားမီးမီးတို့ကို ဗုဒ္ဓဘာသာအခြေခံ၊ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာကဗျာများ ယဉ်ကျေးလိမ္မာပုံပြင်များ ဖတ်ပြခြင်းများကို သင်ကြားပေးပါသည်။

ဖုန်း- ၀၉ ၄၂၁၄၇၈၂၁

**Highway Star ကားမောင်းဝန်ဆောင်မှု**

မြို့တွင်း၊ မြို့ပြင်၊ နယ်ဝေးခရီးများ၏ ကားမောင်းခြင်းအတွက် ဝန်ဆောင်မှုပေးသည်။ ဖုန်း- ၀၉ ၂၅၀၀၅၀၃၇၁

**ဝန်ဆောင်မှု**

virgin Land Travels & Tours

ဗီဇာ၊ ကားစီးလုံးငှား၊ လေယာဉ်လက်မှတ်၊ ဟိုတယ် booking စိတ်ကြိုက်ခရီးစဉ်များစီစဉ်ပေးပါသည်။

ဖုန်း- ၀၉ ၅၂၀၂၆၄၃

**ယာဉ်မောင်းသင်သည်**

မန္တလေးမြို့မှ လူကြီးမင်းတို့၏ အိမ်စီးကားဖြင့် သင်ပေးသည်။ အချိန်ပိုင်းအမျိုးသမီး ယာဉ်မောင်းလိုအပ်ပါက ဆက်သွယ်နိုင်ပါသည်။

ဖုန်း- ၀၉ ၃၃၀၁၄၇၈၀

**သင်ကြားပေးသည်**

English Speaking သီးသန့်အိမ်လိုက်သင်သည်။ နိုင်ငံခြားသွားမည့် သူများအား Chief Engineer ကိုယ်တိုင်သင်ပေးသည်။ 4Skills, Grammar သင်ပေးသည်။

ဖုန်း-၀၉ ၇၃၀၃၈၈၁၀

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်း မြန်မာစာ၊ အင်္ဂလိပ်စာနှင့် ဇီဝဗေဒသုံးလပြတ် Special Guide။

ဖုန်း-၀၉ ၄၃၁၃၁၉၈၅

**သင်ကြားပေးပါသည်**

သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း အထိကျူရှင်လိုက်သင်ကြားပေးပါသည်။

ဖုန်း-၀၉ ၄၂၅၀၀၇၅၆၇

**သင်ကြားပေးသည်**

အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် International ကျောင်းများမှ Pre School, Young Learners ကျောင်းသား၊ ကျောင်းသူများကို English စာ သီးသန့် သင်ကြားပေးသည်။

ဖုန်း- ၀၉ ၄၂၁၀၄၈၂၆၉

**သင်ကြားပေးသည်**

For Grade X&IX Maths,Chemistry & Physics ထူးချွန်လိုသော တပည့်များအတွက် Tr.Kaung Myat (Special For Maths)

ဖုန်း- ၀၉ ၇၃၁၄၂၀၂၀

**အမြန်ရောင်းမည်**

အမှတ် (၃၂၆)၊ သုမင်္ဂလာလမ်း ၅၁ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ခြံအကျယ်(၂၀×၆၀)ပေ။ ရောင်းဈေး- ၃၅၀

ဖုန်း-၀၉-၄၂၀၀၈၀၃၃၅၊ ၄၂၀၀၃၀၄၈၂

**ရောင်းမည်**

သံလွင်လမ်း၊ ပေ (၇၀× ၇၀)၊ ဈေး-9500L ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ဆက်သွယ်ပါ**

ကန်ထရိုက်ဆောက်လုပ်လိုသူ မြေရှင်များဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉၃၁၆၈၇၀၁၂

**ရောင်းမည်**

သစ္စာလမ်းမကြီး၊ ကျောကပ် ရန်ကင်းကြေးအိုးအနီး(၂၀×၃၀)၊ 2BN၊ ရေမီးစုံ၊ ဈေး-350L

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

မ/ဒဂုံ၊ ဆက်သွယ်ရေး၊ ပေ(၄၀×၆၀)၊ L ကွက်၊ ဂရန်၊ ဈေး-1700L

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ရောင်းမည်**

မ/ဒဂုံ၊ ဗိုလ်မင်းရောင်လမ်းမပေါ် ပေ (၄၀×၆၀)၊ ဂရန်။ ဈေး-2100L

**ရောင်းမည်**

ရန်ကင်းသစ္စာလမ်းမပေါ်၊ ပေ(၃၀×၇၀)၊ ဘိုးဘွားပိုင်၊ ဈေး-7000L

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ရောင်းမည်**

တ/ဥ၊ သုတလမ်းမပေါ်၊ ပေ (၂၀×၆၀)၊ ရေမီးစုံ၊ ဈေး-900L

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**လှူဒါန်းနိုင်သည်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ပုပ္ပကန်ကျေးရွာ၌ ဖွင့်လှစ်ထားသည့် "လောကအလင်း"အခမဲ့ဆေးခန်းသို့ လှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဖုန်း-၀၉ ၄၀၁၆၄၁၄၈၁

**Audit and Aceounting**

လူကြီးမင်းတို့၏လုပ်ငန်းများအတွက် မှန်ကန်တိကျသော အချိန်ပိုင်းစာရင်းလုပ်ငန်းများကိုဆောင်ရွက်ပေးပါသည်။

ဖုန်း-၀၉ ၄၃၀၃၂၁၁၉

**Queen FASHION**

အပ်ချုပ်သင်တန်း(၁) ဖက်ရှင်ဒီဇိုင်းတစ်ဘာသာ (တစ်ပတ်) (၂)အခြေခံမှစ၍ ဘာသာစုံအထူးသင်တန်း (နှစ်လ)။ (ဒေါ်တင့်တင့်)

ဖုန်း-၀၉ ၅၁၃၂၃၇၃

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

**စာမျက်နှာ(၂၄) မှ**

# မင်းဒင်ရဲ့ သက်ခိုင်(၂)

တကယ်တော့ မိုးကျော့်ခြေလှမ်းကိုကျွန်တော်စိုးရိမ်မိလို့ကျွန်တော့်ငွေကိုမရ၊ ရတဲ့နည်းနဲ့ ပြန်ယူနိုင်အောင် ကျွန်တော်အကွက်ချခဲ့ပါသေးတယ်။ ခင်ဗျားကို ကျွန်တော်ပြောဖူးတာ မှတ်မိမယ်ထင်ပါရဲ့။ မိုးကျော်ကို ရနောင်းဘက်ချော့ခေါ်ပြီးပါးစပ်ထဲကသွေးအတောင့်လိုက်ကျတဲ့အထိ မှတ်လောက်သားလောက်အောင်လုပ်ဖို့ ကြံခဲ့ပေမယ့်လုပ်သမျှခံရမယ့်မိုးကျော်ကိုတကယ်တမ်းနဖူးတွေ့၊ ဒူးတွေ့ကျတော့ကျွန်တော်မလုပ်ရက်ပြန်ဘူးဗျာ။

အဲဒီအချိန်တုန်းက နောက်ကြောင်းမအေးတဲ့ကျွန်တော်ဟာ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်လုပ်တတ်တဲ့ အကျင့်တွေကို ဆင်ခြင်ဉာဏ်ကြီးကြီးထားပြီး ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်နေတာလည်း ပါမယ်ဗျ။ ကျွန်တော့်မှာ ရွေးစရာလမ်းမရှိပါဘူး။ ယိုးဒယားမြေမှာ ဘယ်လောက်ကြမ်းတဲ့ခရီးလမ်းပဲဖြစ်ဖြစ် ရှေ့ဆက်ပြီးခရီးနှင်ဖို့ပဲရှိပါတော့တယ်။ ရနောင်းမှာ နှစ်လလောက်ကြာတော့ကျွန်တော်စိတ်ကူးတစ်မျိုးဝင်လာပြန်ရောဗျာ။ ကျွန်တော် မနက်တိုင်းရောက်နေကျ ရနောင်းဈေးထဲမှာ ဗမာပြည်ထွက် စားသောက်ကုန်၊ ဆေးဝါးအပါအဝင် ပစ္စည်းအတော်များများ အကြီးအကျယ်အရောင်းအဝယ်ဖြစ်နေတာ တွေ့မိရာကစတယ်ဆိုပါတော့။ လူတကာမလုပ်နိုင်တဲ့ အလုပ်မျိုးကိုတောင်လုပ်လာခဲ့သေးတာ။ ဒီအရောင်းအဝယ်လောက်တော့ လုပ်နိုင်တန်ကောင်းရဲ့ဆိုပြီး ဗမာပစ္စည်းရောင်းဖို့ ကြံပြန်ရောဆိုပါစို့။ တကယ်တော့ ထိုင်းမှာ ဗမာပစ္စည်းရောင်းတယ်ဆိုတာမာဖီးယားဆန်ဆန်အလုပ်တစ်မျိုးပါပဲ။ အကောက်ခွန်၊ ရဲအပါအဝင် ထိုင်းအာဏာပိုင်တွေနဲ့ စည်းဝါးရိုက်ထားနိုင်မှ၊ ဇယားနိုင်မှလုပ်လို့ရတဲ့အလုပ်မျိုးဆိုတာ ကျွန်တော်မသိခဲ့ပါဘူး။ ထိုင်းနယ်စပ်မှာ လူတစ်လုံးသူတစ်လုံးဖြစ်နေသူမှန်သမျှထိုင်းထဲကိုဗမာအလုပ်သမားတွေ ခိုးသွင်းတာ၊ ငွေလွှဲလုပ်ငန်းနဲ့ ဗမာပစ္စည်းအရောင်းအဝယ်လုပ်တဲ့သူလောက်ပဲရှိလေရဲ့ဗျာ။

ဟုတ်ပါတယ်။ နယ်စပ်တွေမှာ ဒီဇယ်၊ ဓာတ်ဆီတွေ၊ သစ်မျိုးစုံနဲ့ ငါးဖမ်းလုပ်ငန်းတွေကို ဒေသခံအာဏာပိုင်တွေ၊ နယ်စပ်လက်နက်ကိုင်တွေနဲ့ပေါင်းပြီး အကြီးအကျယ် စီးပွားဖြစ်နေကြတာမှန်ပါတယ်။ ခင်ဗျားစဉ်းစားကြည့်လေ။ အဲဒီအဝန်းအဝိုင်းထဲကို ကျွန်တော့်လက်ထဲမှာရှိတဲ့ ငွေလေးနှစ်ပြားတစ်ပဲနဲ့ ထိုင်းစကားတစ်၊ နှစ်၊ သုံးတောင် မရေတတ်ဘဲနဲ့ ဘယ်လိုဝင်တိုးမတုံး။

ဒါနဲ့ပဲ ကျွန်တော်လည်း ရနောင်းမှာ ဗမာပစ္စည်းရောင်းမဟဲ့ဆိုပြီး မဒမ်သက်ခိုင်ကို သံကြိုးလှမ်းရိုက်လိုက်တော့ တစ်သက်လုံး အိမ်ရှင်မဘဝနဲ့ ခေါက်ရိုးကျိုးနေတဲ့ ဒေါ်သက်ဝေတို့ လုပ်ငန်းကျွမ်းကျင်ပုံများ ဩချလောက်ပါရဲ့။ ဦးချိန်တီ၊ လူပျံတော်ပတ္တမြားသွေးဆေးနဲ့ ငန်းနီကျော်တို့လို မြန်မာဆေးပစ္စည်းမျိုးစုံ၊ အထုပ်ကြီးငယ်တွေကို ရန်ကုန်လေဆိပ်ကနေ လေယာဉ်ပျံနဲ့တင်လွှတ်သဗျာ။ ရန်ကုန်ကနေ ကော့သောင်းဘက်ကို ကမ်းရိုးတန်းသင်္ဘောတွေနဲ့ ပစ္စည်းတွေပို့ရတယ်ဆိုတာ ခမျာမသိရှာဘူး။ တကယ့်အိုးနင်းခွက်နင်းပါပဲဗျာ။

ပစ္စည်းရောက်လာရင် ဈေးကွက်ထဲ အရောက်ပို့နိုင်ရမှာမို့ ဈေးကွက်ရှာဖို့ဟိုမေးဒီမေးနဲ့ဗမာပစ္စည်းအရောင်းအဝယ်ကောင်းလှပါချည်ရဲ့ဆိုတဲ့ ဖူးခက်မြို့ကိုယောင်လည်လည်ရောက်ခဲ့ရောဆိုပါတော့။ ဖူးခက်မှာ ကျွန်တော်နဖူးတွေ့၊ ဒူးတွေ့ကြုံရတာကတော့ဗမာပစ္စည်းဝယ်မယ့်ဖောက်သည်တွေ မဟုတ်ပါဘူး။ လူဦးရေသောင်းချီပြီးအသေအပျောက်ရှိတဲ့ ထိုင်းနိုင်ငံ ဆူနာမီရေဘေးဟာ ကျွန်တော်ကို အသင့်စောင့်ကြိုနေလေရဲ့ဗျာ။ ကျွန်တော်အမှတ်မမှားဘူးဆိုရင် ထိုင်း၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာအပါအဝင် အာရှနိုင်ငံအတော်များများကိုပျက်စီးခြင်းငါးပါးဆိုက်အောင် ဖြိုဖျက်ဝင်မွှေခဲ့တဲ့ ဆူနာမီရေလှိုင်းကြီးဟာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှာ ရိုက်ခတ်ခဲ့ပါတယ်။ ကိုယ်တွေ့ဆူနာမီဆိုပါတော့။

**(ဆက်လက်ဖော်ပြပါမည်။)**

JOKE

## အလုပ်ပြောင်းလဲခြင်း

ခွဲစိတ်အထူးကုဆရာဝန်ကြီးတစ်ဦး၏အိမ်သို့ ပြင်ဆင်ရေးလုပ်သားတစ်ဦးပိုက်လာပြင်သည်။ငါးမိနစ်ခန့် လုပ်ကိုင်ပြင်ဆင်ပြီးနောက် ပိုက်ပြင်သမားက ဒေါ်လာ ၁၅၀ ကျသင့်ကြောင်းပြောသည်။

အထူးကုဆရာဝန်ကြီးက အံ့ဩသွားပြီး "ဒီမှာ မိတ်ဆွေ၊ ကျုပ် ဦးနှောက်ခွဲစိတ်အထူးကုဆရာကြီးပါ။ ကျုပ်ကုသပေးတာတောင် အဲဒီလောက်ပိုက်ဆံမရဘူးဟု" ပြောလိုက်ရာ ပိုက်ပြင်သမားက "ဟုတ်တယ်။ ကျုပ်ခွဲစိတ်ကုဆရာဝန်လုပ်တုန်းကလည်း အဲဒီလောက်ပိုက်ဆံမရဘူး။ ဒါကြောင့် ကျုပ်အလုပ်ပြောင်းလုပ်နေတာ"ဟု ပြောပါသည်။

## သာမန်ပါပဲ

ငါးနှစ်သားအရွယ်ခန့်ရှိသော ကလေးနှစ်ဦးတိရစ္ဆာန်ရုံသို့ အလည်လာရင်း စကားပြောနေကြသည်။ "ငါ့နာမည်က ဘီလီကွ။ မင်းနာမည်ဘယ်လိုခေါ်လဲ"ဟု ပထမကလေးကမေးသည်။ "တော်မီကွ"ဟု ဒုတိယကလေး ငယ်က ပြန်ဖြေသည်။ ဆက်လက်၍ ဘီလီက "ငါ့အဖေက အင်ဂျင်နီယာကွ။ မင်းအဖေရောဘာလုပ်လဲ"ဟုမေးရာတော်မီက "ငါအဖေက ရှေ့နေ အလုပ်လုပ်တယ်"ဟု ပြောရာဘီလီက "ရိုးရိုးပဲလား"ဟုစူးစမ်းရာတော်မီက "မဟုတ်ဘူးကွ၊ သာမန်တခြားရှေ့နေတွေလိုပါပဲ"ဟု ပြန်ဖြေပါသည်။

**စာမျက်နှာ(၂၆)မှ**

# သမိုင်းထဲက စာဖတ်သန်သူများ

ကျော်ကြားသူတို့၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိများ (Autobiography)၊ စာရေးဆရာတစ်ဦးကလေ့လာပြုစုရေးသားသော အတ္ထုပ္ပတ္တိစာပေများအမျိုးမျိုးပါရှိသည်။စာရေးဆရာကြီး လင်းယုန်မောင်မောင်ရေးသားပြုစုခဲ့သော ဟစ်တလာ၊ ချီဂွေဗားရား၊ ကတ်စထရို၊ ဟိုချီမင်းစသော စာအုပ်များ၊ အောင်ဆန်း၏ အောင်ဆန်း၊ မဟတ္တမဂန္ဒီ၏ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိနှစ်အုပ်တွဲ၊ သိန်းဖေမြင့်၏ သခင်ကိုယ်တော်မှိုင်း၊ ဝန်ကြီးချုပ်ဦးနု၏ တာတေစနေသား၊ ဆရာကြီးပီမိုးနင်း၏ ပီမိုးနင်း၊ မဟာဆွေ၏ မဟာဆွေ၊ ဂျာနယ်ကျော်မမလေး၏ သူလိုလူစသည်တို့မှာ ထင်ရှားသော အတ္ထုပ္ပတ္တိစာအုပ်ကောင်းများဖြစ်ကြသည်။ အခြားသော စာအုပ်များလည်းအများအပြားရှိနိုင်ပါသည်။ လက်လှမ်းမီသမျှ ဖတ်ရှုလေ့လာခြင်းဖြင့် လူတစ်ယောက်၏ ဘဝခရီးအတက်အကျ၊ အနိမ့်အမြင့်၊ဘဝတိုက်ပွဲဆင်နွှဲပုံတို့ကိုသိရှိနိုင်ပြီး မိမိဘဝအတွက် သင်ခန်းစာယူစရာများ ရရှိနိုင်ပါသည်။ စာဖတ်ခြင်း၏ အကျိုးတရားကိုလက်တွေ့ခံစားရမည်ဖြစ်ပါသည်။

စာအုပ်စာပေနှင့်ပတ်သက်၍ လေ့လာမိသမျှအဆိုအမိန့်များတွင် " My Books are Friends that Never Fail me.(Thomas Carlyle). ""ကျွန်ုပ်၏စာအုပ်များသည် ကျွန်ုပ်ကိုဘယ်သောအခါမှ မကျရှုံးစေသောမိတ်ဆွေများဖြစ်သည်"ဟူ၍ သောမတ်စ်ကာလိုင်းကပြောခဲ့သည်။ " Some Books are to be Tasted, Others to be Swallowed, and Some Few to be Chewed and Digested. (Francis Bacon). ""အချို့သော စာအုပ်များက မြည်းစမ်းကြည့်ရုံမျှဖြစ်ပြီး အချို့က မျိုချရမှာဖြစ်တယ်။ အနည်းငယ်သောစာအုပ်တွေ့ကတော့ ကြေညက်အောင် သေသေချာချာဝါးစားစရာဖြစ်တယ်" လို့ ဖရန့်စစ်ဘေကွန်က ပြောခဲ့ပါသည်။ ဝင်စတန်ချာချီကတော့"ပညာနည်းသူတစ်ယောက်အဖို့ အဆိုအမိန့်စာအုပ်တွေဖတ်တာဟာကောင်းတဲ့ အလုပ်တစ်ခုပါပဲ"ဟုပြောခဲ့သည်။"It is a Good thing for uneducated man to read books of quotations. (Winston Churchill). "

စာအုပ်စာပေနှင့်ပတ်သက်၍ အဆိုအမိန့်များစွာရှိပါသည်။ လက်လှမ်းမီသလောက်တင်ပြလိုက်ခြင်းဖြစ်သည်။ လူနှင့်စာအုပ်ကင်းကွာ၍ မရဆိုသည်ကိုစာချစ်သူတိုင်းသိကြသည်။ လူတိုင်းခန္ဓာကိုယ်ကျန်းမာရေးအတွက်အစာအာဟာရကိုစားသုံးကြရသည်။ ထိုနည်းတူစိတ်ကျန်းမာဖို့အတွက်လည်းနေ့တိုင်းစာဖတ်ဖို့လိုသည်။ ကိုယ်ရောစိတ်ပါကျန်းမာမှနေ့စဉ်လုပ်ဆောင်မှုများတွင် သဟဇာတဖြစ်မည်ဖြစ်သည်။ လုပ်ဆောင်မှုတိုင်းမှာ Hermony ဖြစ်ရန်လိုသည်။ စာမတတ်၍ စာမဖတ်ခြင်းမှာပြဿနာမဟုတ်သော်လည်း စာတတ်ပြီးစာမဖတ်ခြင်းကတော့ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ စာမဖတ်သူများသောတိုင်းပြည်သည် တစ်နေ့တခြားလူရိုင်းတိုင်းပြည်ဖြစ်လာမည်ဖြစ်သည်။ ယနေ့ခေတ်လို ဒုစရိုက်မှုများထွေပြားလွန်းသော အခါသမယမျိုးတွင် စာများများဖတ်ရန်ပို၍လိုအပ်ပါသည်။

သမိုင်းထဲက စာဖတ်သန်သူများအကြောင်းကိုပြောခဲ့ပြီးပါပြီ။ ဆရာကြီးဒေါက်တာသန်းထွန်း၏ "မအေအောင်သမိုင်းသင်တာ"ဆိုတဲ့စကားလည်းလူတိုင်းနားမှာလျှံနေလောက်ပါပြီ။ ဒါနဲ့တောင်ကျွန်တော်တို့လူတွေ အနေဆဲ၊ နနေဆဲ၊ သူများထက်နောက်ကျနေဆဲဆိုသည်ကိုတွေ့မြင်နေရဆဲဖြစ်၍ ကျွန်တော်တို့လူတွေစာမဖတ်ကြလို့လား။ ဒါမှမဟုတ်သမိုင်းမသင်ကြရလို့လားဆိုသည်ကို စဉ်းစားနေမိကြောင်းပါဗျာ။ ။

First Ever Lucky Co.,Ltd.
ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| Sale & Cashier | - မ | (၃) ဦး |
| Marketing | - မ | (၂) ဦး |
| Designer | - ကျား၊မ | (၁) ဦး |
| ဗီနိုင်းစက်ပြင် (Hardware,Photoshop ကျွမ်းကျင်သူ) | - ကျား | (၃) ဦး |
| Driver | - ကျား | (၂) ဦး |
| Store keeper | - ကျား၊မ | (၂) ဦး |
| Account (MYOB -Experience ) | - မ | (၂) ဦး |

No.147, 46 Street (Upper Block), Botahtaung Township, Yangon.Tel : 01- 397975, 397976

**စာမျက်နှာ(၂၅) မှ**

# ဥရုမကောသေးဘူးလား

ငွေစက္ကူအနုတ်အသိမ်းတွေ။

ငွေစီးဆင်းမှုလျှင်မြန်လို့လားမသိ မူးယစ်ဆေးကလည်း ပေါပုံရပါသည်။ ခပ်ပုံတွေ၊ ဘိန်းတွေ၊ ဆေးပြားတွေ။

"အပင်ပန်းခံနိုင်တယ်
ဆရာရဲ့ . Tablet က
အားရှိသလားမသိဘူး"

ပြဒါးအဆိပ်ကြောင့်လားမသိ။ မဲပြာနေသည့် မှော်ထဲက လူတစ်ယောက်က သည်လိုပဲရင်ဖွင့်ပါသည်။ တစ်ခါတစ်ခါ မှော်ထဲမှာ သိပ်ပန်းတော့လည်း အနှိပ်စခန်းပေပေါ့။ ဒါမှမဟုတ် နန့်စပိန်းအရက်။ နာမည်ကျော်စကော့တလန်က ရေနှင့်ချက်သဖြင့် စကော့ဝီစကီနာမည်ကျော်သလို နန့်စပိန်းရွာကရေနှင့်ချက်ထားသည့် နန့်စပိန်းကချင်အရက်။ တစ်ခွက်မော့ချလိုက်ရုံနှင့် ဂျနီဖာလိုပက်စ်(Jennifer Lopez)ကို မေ့သွားပါလေရော။

(လေး)

အခုတော့ ဥရုဝန်းကျင်မှာ မြေမျက်နှာသွင်ပြင် (Topography) တွေပြောင်းခဲ့ပါပြီ။ ရေဆင်းစနစ် (Drainage System)တွေလည်း ပြောင်းခဲ့ပါပြီ။ လူနေမှုစနစ်တွေလည်း ပြောင်းခဲ့ပါပြီ။ မစိုက်ချင်တော့ဘူး။ ရွှေ။ မပျိုးချင်တော့ဘူး။ ရွှေ။ ပျော်မယ်ပါးမယ်။ ရွှေ။ သောက်မယ်စားမယ်။ ရွှေ။

ဘယ်တော့မှ ပြန်မကြည်တော့မယ့် ချောင်းကြီးစီးလို့၊ ဘယ်တော့မှ ပြန်မကျယ်တော့မယ့် ချောင်းကြီးစီးလို့။ ဘယ်တော့မှ ပြန်မနက်တော့မယ့် ချောင်းကြီးစီးလို့၊ ကချင်ပြည်နယ်မြေပုံထဲကနေ ဥရုမပျောက်သေးဘူးလား။ ။

YOUNGMAN Bus
FIRST CLASS GERMAN TECHNOLOGY

Contact ph : 01- 214148,01- 214150, 09-5214099, 09- 5213778,09- 425324770
Come on Joyride

Environment

7 DAY NEWS JOURNAL

Vol.12, No.36 • NOVEMBER 13 , 2013

# သံလွင်မြစ်အတွင်းရှိ ရေသတ္တဝါများ၏ ဂေဟစနစ်စစ်တမ်း 'မြစ်ချောင်းများနေ့' တွင် ထုတ်ပြန်မည်

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

သံလွင်မြစ်တစ်လျှောက် နေထိုင်ကျက်စားသည့်ရေနေသတ္တဝါများ၏ ဂေဟစနစ်ကိုလေ့လာထားသောစစ်တမ်းကို လာမည့်နှစ်မြစ်ချောင်းများနေ့တွင်ထုတ်ပြန်မည်ဖြစ်ကြောင်း ကရင်မြစ်ချောင်းများကွန်ရက်အဖွဲ့မှ စည်းရုံးလှုပ်ရှားသူ ကိုစောသာဘိုးကပြောသည်။



*သံလွင်မြစ်တစ်နေရာ*

Photo-wikimedia.org

သံလွင်မြစ်အတွင်းသို့ စီးဝင်သော သောင်ရင်းမြစ်မှ ကရင်ပြည်နယ်ဘားအံမြို့နယ်အထိ ၂ နှစ်ကြာ သုတေသနပြုလုပ်ထားခြင်းဖြစ်ပြီး သောင်ရင်းမြစ်မှ ကယားပြည်နယ် ဖာပွန်အကြား တစ်နှစ်ကြာလေ့လာခဲ့ပြီး ဖာပွန်မှ တစ်ဆင့် ဘားအံမြို့နယ်အထိ စီးဆင်းလာသော သံလွင်မြစ်ကို စတင်လေ့လာနေပြီဟုဆိုသည်။

"ဟတ်ကြီးဆည် အထက်ပိုင်း သံလွင်မြစ်ကိုလေ့လာလို့ပြီးပါပြီ။ အောက်ပိုင်းပဲကျန်တော့တယ်။ အောက်ပိုင်းက နောက်နှစ်လောက်မှပြီးမှာပါ။ ဒီအချက်အလက်တွေကိုတော့ ၂၀၁၄ မတ်လ (မြစ်ချောင်းများနေ့)မှာ ထုတ်ပြန်သွားဖို့ရှိပါတယ်"ဟု ကိုစောသာဘိုးကပြောသည်။

သံလွင်မြစ်အထက်ပိုင်း (သောင်ရင်းမြစ်နှင့်ဖာပွန်အထိ) လေ့လာချက်အရ ထက်အောက်စုန်ဆန်သွားလာနေသည့် ငါးမျိုးစိတ်များမှာ ဆည်ကြီး တည်ဆောက်ပြီးနောက် နှစ်ပေါင်း ၁၀ နှစ်ကျော်တွင်မျိုးစိတ်သုဥ်းမှုပြဿနာ ကြုံတွေ့ရနိုင်သည်ကို တွေ့ရှိရပြီး ငါးမျိုးစိတ်များ တဖြည်းဖြည်းရှား ပါးလာမှုကြောင့် ထိုဒေသ၏စားဝတ်နေရေး ခက်ခဲလာနိုင်ကြောင်း၊ သံလွင်မြစ်အောက်ပိုင်းတွင် ရေကာတာပိတ်မှုကြောင့် ရေမဆင်းပါက မြေနုကျွန်းများပေါ်တွင် လုပ်ကိုင်စားသောက်နေသည့်ဒေသခံများ ထိခိုက်နိုင်ကြောင်း ၎င်းကဆိုသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက မြစ်ကြောင်းများတွင် ဆည်ရေကာတာကြီးများ တည်ဆောက်မှုကြောင့် သဘာဝအတိုင်း စီးဆင်းနေသော မြစ်ချောင်းများ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်သည်ဟု ဆိုကြသော်လည်း ရေအရင်းအမြစ်ထိန်းသိမ်းသည့်အင်ဂျင်နီယာများက မြစ်ချောင်းများပေါ်တွင် ရေထိန်းရေကာတာများ တည်ဆောက်ပါက နှစ်စဉ်ရေကြီးရေလျှံမှုကို ကာကွယ်ပေးနိုင်သည်ဟုဆိုသည်။

သံလွင်မြစ်သည် တရုတ်နိုင်ငံမှစတင်စီးဆင်းလာပြီး မြန်မာ၊ ထိုင်းနိုင်ငံ စသည့်သုံးနိုင်ငံကို ဖြတ်သန်းစီးဆင်းနေသည့်မြစ်ဖြစ်သည်။ သံလွင်မြစ်ပေါ်တွင် တရုတ်နိုင်ငံက ရေအားလျှပ်စစ်စီမံကိန်း ၁၃ ခုတည်ဆောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ခုနစ်ခု တည်ဆောက်မည်ဖြစ်သည်။

တည်ဆောက်မည့်ဆည်ကြီးများမှာ ကွန်လုံ၊ ဗနောင်ပါ၊ တာဆန်း၊ ရွာသစ်ကြီး၊ ဝဲကြီး၊ ဒက်ဝင်းနှင့် ဟတ်ကြီးတို့ဖြစ်ကြသည်။ တာဆန်း၊ ရွာသစ်၊ ဝဲကြီးနှင့် ဒက်ဝင်း ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ရန်ဖြစ်နိုင်ခြေများနှင့်ပတ်သက်၍ အကြိုလေ့လာနေပြီး ကွန်လုံနှင့်ဗနောင်ပါ တည်ဆောက်ရန် အစီအစဉ် ချမှတ်ထား၍ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုကို ဒုတိယအကြိမ် သုံးသပ်လေ့လာနေသည်။

# ရခိုင်ပြည်နယ်ရှိ ရေတွင်းအချို့ ရေငန်ဝင်၍ ပျက်စီး

**နိုင်နိုင်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

ရခိုင်ပြည်နယ်တွင် သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အကျိုးဆက်အဖြစ် သဘာဝရေတွင်းများတွင် ရေငန်ဝင်ကာပျက်စီးမှုများ ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

သစ်တောများ အလွန်အကျွံခုတ်ယူမှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအကျိုးဆက်အဖြစ် ဒေသရှိသဘာဝတွင်းရေများတွင် ရေငန် ပါဝင်နေသည့်အတွက် သောက်သုံးမရမှုများဖြစ်နေကာ နွေရာသီတွင် ပိုဆိုးရွားလျက်ရှိသည်ဟု ရခိုင်ပြည်နယ်တွင် စီမံကိန်းများ ပြုလုပ်နေသည့် CLEARR မှ စီမံကိန်း မန်နေဂျာ ဦးဝင်းမောင်က ပြောသည်။

"တောင်ပေါ်တောတွေပျက်တော့ ရေချိုဖိတာ နည်းပြီး အောက်ကရေငန်တွေဝင်လာပြီး ပျက်သွားတာ။ ထိန်းသိမ်းမှုတွေ မလုပ်နိုင်ရင် နောင် ၁၀ နှစ်အတွင်းမှာ ရေပြဿနာက ဆိုးဆိုးဝါးဝါးဖြစ်သွားမယ်"ဟု ဦးဝင်းမောင်က ပြောသည်။

သဘာဝတွင်းထွက်ရေတွင်းများပျက်စီးမှုကြောင့် ရခိုင်ပြည်နယ်တွင် ရေရှားပါးမှုဖြစ်ပေါ်ခဲ့ပြီး ယခင်နှစ် နွေရာသီတွင် ရေပြတ်လပ်ခဲ့၍ အစိုးရအဖွဲ့နှင့် NGO အဖွဲ့အစည်းများမှ ရေဖြန့်ဝေပေးခဲ့ရကြောင်း ၎င်းကဆက်လက်ပြောသည်။

"မနှစ်ကတော့ ရေရှားတော့ ဒီနှစ်မှာ ကန်တွေကို အသစ်ပြန်ဖော်တာတွေရှိတယ်။ ရေငန်ပါတာ နေရာတိုင်းတော့မဟုတ်ဘူး။ ပင်လယ်နဲ့နီးတဲ့ရွာတွေမှာပိုဆိုးတယ်"ဟု ရသေ့တောင်မြို့နယ် ဒေသခံဦးလှမြင့်ကပြောသည်။

"ကျောက်ဖြူမှာတော့ ရေသန့်ဘူးကြီးတွေဝယ်သောက်တာများတယ်။ ရေကန်တွေက ရေသောက်ရတာ အဆင်မပြေဘူး။ သုံးရေမှာ သုံးကြတာများတယ်။ မနှစ်ကတော့ ရေရှားလို့ ရွာတွေကိုသွားလှူကြတယ်"ဟု ကျောက်ဖြူမြို့နယ်မှ ဦးဘမောင်က ပြောကြားသည်။

ရခိုင်ပြည်နယ်ရှိ သစ်တောများမှာ တရားမဝင်သစ်ခုတ်မှုများကြောင့် သစ်တောများပြုန်းတီးလျက်ရှိပြီး စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ IBC ၌ပြုလုပ်ခဲ့သည့် ရခိုင်တိုင်းရင်းသားများနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ တွေ့ဆုံပွဲတွင် ရသေ့တောင်မြို့နယ် လူထုကိုယ်စားလှယ်တစ်ဦးက မေယုတောင်၌ သစ်တောများ ပြန်လည်ထိန်းသိမ်းပေးရန် တင်ပြခဲ့သည်။



Tourism
7DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# ရန်ကုန်မြစ်တွင်း အပျော်စီးသင်္ဘော ခရီးစဉ်များ ပြေးဆွဲမည်

**ခန့်ထက်**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

ရန်ကုန်မြစ်အတွင်း၌ ပြည်တွင်း၊ ပြည်ပ ခရီးသည်များအတွက် အပျော်စီးသင်္ဘောခရီးစဉ်တစ်ခု အဖြစ် Green Holding ခရီးသွားလုပ်ငန်းကုမ္ပဏီက ခရီးစဉ် လေးခုဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုဝင်ဘာ ၉ ရက်မှစတင်သော ခရီးစဉ်လေးခုမှာ ရန်ကုန်မြစ်အတွင်း နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း လေ့လာရေးခရီးစဉ်၊ ညနေနေဝင်ချိန်အမီ ခရီးစဉ်၊ တွံတေးတူးမြောင်းအတွင်း ခရီးစဉ်တို့ပြေးဆွဲမည်ဖြစ်ကြောင်း ယင်းခရီးသွား ကုမ္ပဏီမှ အထွေထွေမန်နေဂျာက ပြောသည်။

အဆိုပါခရီးစဉ်အတွက်ကုန်ကျစရိတ်မှာ ပြည်တွင်းခရီးသည်များအတွက် ကျပ်ငွေနှစ်သောင်းဝန်းကျင်နှင့် နိုင်ငံခြားသားများအတွက် အမေရိကန် ဒေါ်လာ ၃၀ ဝန်းကျင်ကုန်ကျမည်ဖြစ်သည်။ လူဦးရေ ၈၀ လိုက်ပါစီးနင်းနိုင်သော ယင်းသင်္ဘောဝေလမင်းမှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ပြန်လည်ဝယ်ယူထားသော သင်္ဘောဖြစ်ကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ သင်္ဘောက ပုဂ္ဂလိကပိုင်ပါ။ ဒါပေမဲ့ ပြည်တွင်းရေကြောင်းရဲ့ခွင့်ပြုချက်ကို ယူရပါတယ်" ဟု အထက်ပါအထွေထွေအတွင်းရေးမှူးကပြောကြားသည်။

ထို့အပြင်ယင်းခရီးစဉ်များအားလုံးအတွက် စီးလုံးငှားခရီးစဉ်ကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အဲအေးရှားက Fly-Thru ဝန်ဆောင်မှု ဒီဇင်ဘာ ၁ ရက်တွင် စတင်မည်

**ခန့်ထက်**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

မြန်မာနိုင်ငံသို့ ပြေးဆွဲနေသော အဲအေးရှားလေကြောင်းလိုင်းသည် ဘန်ကောက်မှတစ်ဆင့် ယင်းလေကြောင်းလိုင်းပျံသန်းရာမြို့များသို့ ချိတ်ဆက်ပြေးဆွဲပေးမည့် ဝန်ဆောင်မှုကို ဒီဇင်ဘာ ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ယင်း Fly-Thru ဝန်ဆောင်မှု အစီအစဉ်အရ မြန်မာနိုင်ငံမှခရီးသည်များသည် ဘန်ကောက်မှ တစ်ဆင့် အဲအေးရှား ပြေးဆွဲသော ဖူးခက်၊ ဟိုချီမင်း၊ ဟောင်ကောင်၊ မကာအို၊ ဆီရန်ရိမြို့များသို့ ချိတ်ဆက်ပြေးဆွဲသွားမည်ဖြစ်သည်။

ဝန်ဆောင်မှုအစီအစဉ်အရ ခရီးသည်များအနေဖြင့် ခရီးစဉ်အဆုံးအထိ Check-In တစ်ကြိမ်သာလုပ်ရမည်ဖြစ်ပြီး ဘန်ကောက်ဒွန်မောင်းလေဆိပ်သို့ ဆင်းသက်စဉ်တွင် ထိုင်းနိုင်ငံဗီဇာ လျှောက်ထားစရာမလိုကြောင်း၊ ဒွန်မောင်းလေဆိပ်ခွန်ပေးဆောင်ရန်မလိုကြောင်း အဲအေးရှားလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

ဝန်ဆောင်မှုခရီးစဉ်အတွက် ကြိုတင်လက်မှတ်ကို နိုဝင်ဘာ ၁၇ ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ပြီး ခရီးစဉ်ကာလမှာ ၂၀၁၄ မတ်လအထိသာဖြစ်သည်။

အဲအေးရှားလေကြောင်းလိုင်းသည် မြန်မာနိုင်ငံသို့ ရန်ကုန်-ဘန်ကောက်ခရီးစဉ်၊ မန္တလေး-ဘန်ကောက်ခရီးစဉ်၊ နေပြည်တော်-ဘန်ကောက်ခရီးစဉ်များ ပုံမှန်ခရီးစဉ်ပြေးဆွဲပေးနေသော တန်ဖိုးနည်း (Low Cost)လေကြောင်းလိုင်းဖြစ်သည်။

တန်ဖိုးနည်း (Low Cost) လေကြောင်းလိုင်းများသည် ပုံမှန်ပျံသန်းနေသော လေကြောင်းလိုင်းကဲ့သို့ ကိုယ်ပိုင်ပစ္စည်းများ သယ်ဆောင်ရာတွင် ၂၀ ကီလိုအထိ ယူဆောင်ခွင့်မရှိခြင်း၊ လေယာဉ်ပေါ်တွင် အစားအသောက်ဝယ်ယူစားသောက်ရခြင်း၊ လေဆိပ်အခွန်ပေးဆောင်ရခြင်း၊ ခရီးစဉ်ပြောင်းလဲမည်ဆိုပါက လက်မှတ်ခထပ်မံပေးရခြင်းတို့ရှိကြောင်း လေကြောင်းဦးစီးမှ လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့ ပြေးဆွဲပေးသော ပြည်ပ လေကြောင်းလိုင်းများတွင် အဲအေးရှားအပါအဝင် တန်ဖိုးနည်းလေကြောင်းလိုင်းလေးလိုင်းရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံမှ ပထမဆုံးနိုင်ငံတကာသို့ ပြေးဆွဲသော တန်ဖိုးနည်းလေကြောင်းလိုင်းအနေဖြင့် ရွှေမြန်မာလေကြောင်းလိုင်းကလည်း ဘန်ကောက်နှင့် စင်ကာပူ ခရီးစဉ်များ ပြေးဆွဲလျက်ရှိနေသည်။

# အထူးတွဲသီးသန့်မြို့ပတ်ရထားကို အဲကွန်းမြို့ပတ်ထက် စီးနင်းသူ ထက်ဝက်ပိုများ

**အိမွန်ကျော်**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

နိုဝင်ဘာ ၁ ရက်က စတင်ပြေးဆွဲခဲ့သည့် အထူးတွဲသီးသန့်မြို့ပတ်ရထားမှာ RBE အဲကွန်း ရထားထက်ခရီးသည်စီးနင်းမှုထက်ဝက်ပိုများကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

အထူးတွဲသီးသန့်မြို့ပတ်ရထားမှာ လက်ရှိအချိန်အထိပြေးဆွဲနေသော ဇီယာ တွဲဆိုင်းတွင် အစားထိုးပြေးဆွဲခြင်းဖြစ်ပြီး ခရီးသည်အသုံးပြုမှုအများဆုံးရထားလည်းဖြစ်သည်။

"စီးနေကျအချိန်ရထားလာတာကြောင့်လည်းပါတယ်။ မူလကတည်းကလည်း အသုံးများလို့ပါ"ဟု မြန်မာ့မီးရထား(သွားလာရေး)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးက ပြောသည်။



*အဲကွန်းမြို့ပတ်ရထားစီးနင်းသူများ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကြားရက်များတွင် အထူးတွဲသီးသန့်ရထားအသုံးပြုသူမှာ တစ်ရက်လျှင် ပျမ်းမျှ ၂၇၀၀ဦးကျော်ရှိပြီး RBE အဲကွန်းရထားမှာ လူဦးရေ ၁၂၀၀ ကျော်သာ အသုံးပြုခဲ့သည်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင်လည်း အထူးတွဲသီးသန့်ရထားမှာ လူ ၃၀၀၀ ကျော်စီးနင်းခဲ့ပြီး RBE ရထားမှာ လူ ၁၉၀၀ ကျော်စီးနင်းကြောင်း မြန်မာ့မီးရထားမှ စာရင်းများအရသိရသည်။

အထူးတွဲသီးသန့်ရထားမှာ နံနက် ၅ နာရီမှ ည ၉ နာရီ ၂၅ မိနစ်အထိ တစ်ရက်လျှင် ကိုးခေါက်ပြေးဆွဲပေးပြီး လက်မှတ်ခမှာ နိုင်ငံခြားသားများအတွက် တစ်ဒေါ်လာ၊ ပြည်တွင်းခရီးသွားများအတွက် ခရီးစဉ်တစ်ခုတည်းအတွက် ၃၀၀ ကျပ် သတ်မှတ်ထားသည်။

RBE အဲကွန်း ရထားမှာ နံနက် ၆ နာရီမှ ညနေ ၅ နာရီ ၄၅ မိနစ်အထိတစ်ရက်လျှင် ရှစ်ခေါက်ပြေးဆွဲလျက်ရှိပြီး လက်မှတ်ခမှာ နိုင်ငံခြားသားများအတွက် နှစ်ဒေါ်လာ သတ်မှတ်ပြီး ပြည်တွင်း ခရီးသွားများအတွက် မည်သည့်ခရီးစဉ်မဆို ကျပ် ၄၀၀ သတ်မှတ်ထားသည်။



7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# Cartoon















7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# ယာဆာအာရာဖတ် လုပ်ကြံခံရသည့်အပေါ် ဇနီးဖြစ်သူ ဆူဟာ အာရာဖတ်နှင့် တွေ့ဆုံမေးမြန်းခြင်း


FADI AL-ASSAAD/REUTERS

**ခင်မေဇော်(ဝါရှင်တန်ဒီစီ)**

ပါလက်စတိုင်း ခေါင်းဆောင် ယာဆာအာရာဖတ်၏ သေဆုံးမှုသည် သွေးရိုးသားရိုးမဟုတ်ဘဲ ရေဒီယိုသတ္တိကြွ ပိုလိုနီယမ် အဆိပ်ဖြင့် လုပ်ကြံခံရခြင်းဖြစ်သည်ဟု ဇနီးဖြစ်သူဆူဟာအာရာဖတ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

၂၀၀၄ ခုနှစ်က သေဆုံးခဲ့သောပါလက်စတိုင်းခေါင်းဆောင်ကိုသေဆုံးစဉ်က လုပ်ကြံမှုအဖြစ် သံသယမဖြစ်ခဲ့။ သူသေဆုံးပြီး ၂ နှစ်အကြာတွင် ရုရှားနိုင်ငံမှ ထွက်ပြေးလာသူ ရုရှားထောက်လှမ်းရေးအရာရှိအလက်ဇန်းဒါးလီဗီနင်ကိုအား လန်ဒန်ဟိုတယ်တစ်ခုတွင် လက်ဖက်ရည်ထဲ အဆိပ်ခတ်ပြီး သတ်ဖြတ်မှုဖြစ်ပွားခဲ့သည်။ ယင်းအဆိပ်သည် အနုမြူဓာတ်ပေါင်းဖိုမှထုတ်လုပ်သည့် ပိုလိုနီယမ်ဖြစ်ပြီး သူ့ကို ရုရှားသမ္မတပူတင်က အဆိပ်ခတ်လုပ်ကြံသည်ဟု မသေဆုံးမီပြောခဲ့သည်။ ယင်းဖြစ်ရပ်နောက်ပိုင်း အာရာဖတ်၏သေဆုံးမှုအပေါ် ပြန်လည်သုံးသပ်လာကြသည်။ ထိုစဉ်က ရုတ်တရက်နေမကောင်းဖြစ်ကာ ပြင်သစ်ကိုဆေးစစ်ရန် သွားစဉ် မေ့မျောသွားခဲ့ပြီး များမကြာမီသေဆုံးခဲ့ခြင်းဖြစ်သည်။ အလောင်းကို ခွဲစိတ်စစ်ဆေးအဖြေရှာခြင်းမပြုခဲ့ပေ။

သို့သော် ပြင်သစ်ဆေးရုံက ပြန်လည်ရရှိသော သေဆုံးသူအာရာဖတ်၏သွားတိုက်တံ၊ လည်ပင်းတွင်အမြဲပတ်ထားသော ပဝါဖြူ စသောအသုံးအဆောင်ပစ္စည်းများတွင် ပိုလိုနီယမ် ၂၁၀ ဓာတ်အစအနများတွေ့ခဲ့ရသည်။ နောက်ပိုင်းတွင် ဇနီးဖြစ်သူ ဆူဟာအာရာဖတ်၏တောင်းဆိုချက်ကြောင့် ပြင်သစ်တရားရုံးက ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင်အမှုဖွင့်ပြီး စတင်စုံစမ်းစစ်ဆေးစေခဲ့သည်။ ပါလက်စတိုင်းအာဏာပိုင်များထံမှ ခွင့်ပြုချက်ရရှိချိန်တွင် သူ၏အုတ်ဂူကိုဖွင့်ပြီး အာရာဖတ် ရုပ်ကြွင်းမှ နမူနာကိုဆွစ်ဇာလန်၊ ရုရှား၊ ပြင်သစ်မှ မှုခင်းပညာရှင်များက ရယူစစ်ဆေးခဲ့ကြသည်။ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ဆွစ်ဇာလန်မှုခင်းဆေးပညာရှင်အဖွဲ့က ၄င်းတို့၏တွေ့ရှိချက် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ယင်းတွေ့ရှိချက်အရ နံရိုး၊ တင်ပါးဆုံရိုးနှင့် ရုပ်ကြွင်းစိမ့်ဝင်နေသော မြေတို့တွင် ရေဒီယိုသတ္တိကြွပိုလိုနီယမ်ဓာတ်ပါဝင်မှုသည် ပုံမှန်ထက် ၁၈ ဆများနေသည် ဟုဆိုသည်။ ဤတွေ့ရှိချက်အရအာရာဖတ်၏ သေဆုံးမှုသည် ပိုလိုနီယမ်-၂၁၀ အဆိပ်သင့်ပြီး သေဆုံးနိုင်ခဲ့ကြောင်းယူဆနိုင်ဖွယ်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဗြိတိသျှမှုခင်းဆေးပညာရှင် ပါမောက္ခဒေါက်တာဒေးဗစ်ဘာကလေကလည်း ရုပ်ကြွင်းတွင် ပါဝင်နေသောပိုလိုနီယမ်ပမာဏက သူ့ကိုသေစေနိုင်ခဲ့ပြီး မကျန်းမမာဖြစ်ခဲ့သည်မှာလည်း ယင်းအဆိပ်ကြောင့်ဖြစ်ကြောင်း အခိုင်အမာပြောဆိုလိုက်သည်။ ပါလက်စတိုင်းအစိုးရက ချက်ချင်းလက်ငင်းဆိုသလို အစ္စရေးတို့လက်ချက်ဟု ပြစ်တင်စွပ်စွဲလိုက်ပြီး အစ္စရေးကလည်း ချက်ချင်းပင်တုံ့ပြန်ငြင်းဆိုလိုက်သည်။ အာရာဖတ်တွင် အတွင်းအပြင်ရန်သူများရှိနေခဲ့သည့်အချက်ကို ပြန်လည်ထောက်ပြခဲ့သည်။

ဆွစ်ဇာလန်ဆေးပညာရှင်များ၏ အစီရင်ခံစာပေါ်အခြေခံပြီး ကျန်ရစ်သူဇနီး ဆူဟာအာရာဖတ်ကို အေဘီစီသတင်းထောက်အလက်ဇန်းဒါးမားကွတ်က ဆက်သွယ်မေးမြန်းခဲ့သည်။

**ဒီဆွစ်ဇာလန်အစီရင်ခံစာမှာဖော်ပြချက်တွေက ခင်ဗျားရဲ့ခင်ပွန်းသေဆုံးမှုနဲ့ပတ်သက်ပြီး ဘာတွေတွေ့ရပါသလဲ။**

ဒီတွေ့ရှိချက်က ကျွန်မတို့အရင်က သံသယရှိထားတာတွေ၊ ဆွစ်ပညာရှင်အဖွဲ့က သံသယရှိနေတာတွေကို သက်သေပြလိုက်တာပါပဲ။ ဆွစ်အစီရင်ခံစာအရတွေ့ရတဲ့ပိုလိုနီယမ်ဓာတ်ပါဝင်နှုန်းက သိပ်မြင့်နေတယ်။ တကယ်တော့ ၈၃ ရာခိုင်နှုန်းထက်ကိုပိုနေတယ်။ ဒါက ပုံမှန်သဘာဝမှာရှိတာထက်ကို ၁၈ဆများနေတယ်။ ကျွန်မအင်မတန်ဝမ်းနည်းကြေကွဲရတဲ့ နေ့ပါပဲ။ ဒီရာဇဝတ်မှုကို တကယ်ပဲကြေးစားဆန်ဆန် ကျူးလွန်သွားခဲ့တာပါပဲ။ ကိုးနှစ်ကြာမှ ဒါကို ကျွန်မတို့တွေ့ကြရတယ်။ တကယ့်ရာဇဝတ်မှုကြီးကို ဖော်ထုတ်တွေ့လိုက်ရတာပဲ။ ဒါနိုင်ငံရေးလုပ်ကြံမှုပဲ။

**ဒါက လုပ်ကြံတာလို့ ခင်ဗျားယူဆသလား။**

ဒါပေါ့။ ကျွန်မ မှုခင်းဆေးပညာရှင် ဒေါက်တာဒေးဗစ်ဘာကလေနဲ့ မနေ့ကပဲ အကြာကြီးစကားပြောခဲ့တယ်။ သူ့ရဲ့ အနှစ် (၄၀)အတွေ့အကြုံအရပြောရမယ်ဆိုရင် ဒါက ရာဇဝတ်မှုပဲတဲ့။ အတွင်းအင်္ဂါတွေအားလုံးကို ဖျက်ဆီးပစ်တဲ့အဆိပ်ပဲ။ ဒါက လုပ်ကြံတာသေချာတယ်လို့ သူကပြောတယ်။

**ဆွစ်ဇာလန်မှုခင်းဆေးပညာအစီရင်ခံစာက ခင်ဗျားခင်ပွန်းအဆိပ်ခတ်ခံရတယ်ဆိုပြီးတော့ တိတိကျကျဆိုမထားပါလား။**

သူတို့က သိပ္ပံပညာရှင်တွေပဲ။ ဇယားတွေကိုပဲကြည့်ပြီးပြောမှာပေါ့။ ကိုးနှစ်ကြာခဲ့ချိန်မှာတောင်မှ အဲဒီပိုလိုနီယမ်က အရိုးထဲမှာ ၈၃ ရာခိုင်နှုန်းကျန်နေသေးတယ်။ သူတို့က တွေ့တဲ့အချက်တွေကိုရေးထားတာ။ သူတို့ကို ဒါလူသတ်မှုလားလို့ မေးရင်တော့ သူတို့က ဟုတ်တယ်လို့ပြောမှာပဲ။ တခြားဖြစ်နိုင်စရာမရှိဘူးလေ။

**အဲဒီပစ္စည်းမျိုးရှိတဲ့ နျူကလီယထုတ်တဲ့နိုင်ငံတွေကပဲ ခင်ဗျားရဲ့ခင်ပွန်းကို သတ်တယ်လို့ထင်သလား။**

သေချာတာပေါ့။ ကျွန်မက ဒီကိစ္စတွေကို ကျွမ်းကျင်တဲ့သူတော့မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွမ်းကျင်သူတွေ ပြောပြချက်အရကတော့ ဒီဓာတ်ဟာ အနုမြူဓာတ်ပေါင်းဖိုကလာတာ။

**အနုမြူဓာတ်ပေါင်းဖိုရှိတဲ့နိုင်ငံက အစ္စရေးပေါ့နော်။ ပါလက်စတိုင်းသားအတော်များများက ဒါဟာ အစ္စရေးကလုပ်ကြံတာလို့ စွပ်စွဲနေကြတယ်။ ခင်ဗျားကတော့ သူတို့ကိုမစွပ်စွဲဘူး။ ဘာကြောင့်လဲ။**

ဟုတ်ပါတယ်။ ကျွန်မလက်ထဲ သက်သေအထောက်အထားတွေမရှိဘဲနဲ့တော့ ကျွန်မဘယ်သူ့ကိုမှ မစွပ်စွဲချင်ဘူး။ စုံစမ်းစစ်ဆေးတာတွေမှန်မှန်ကန်ကန်နဲ့ စနစ်တကျမပြီးဆုံးခင်မှာ ဒါကဖြင့် ဘယ်သူ့လက်ချက်ပဲလို့ ကျွန်မ ဆုံးဖြတ်မှာမဟုတ်ပါဘူး။ ဒါက ပါလက်စတိုင်းအတွင်းလူက အဆိပ်ကိုယူလာတာဖြစ်တယ်။ ဒါပေမဲ့ သူ့ကို ဒီအဆိပ်ဘယ်သူပေးတယ်ဆိုတာကတော့ စုံစမ်းရမယ့်ကိစ္စပါ။

**အဲဒီတော့ ပါလက်စတိုင်းသားထဲက သူ့အနားကိုသွားလို့ရတဲ့ အတွင်းလူကပဲ ပိုလိုနီယမ်အဆိပ်ခတ်ခဲ့တယ်လို့ပြောချင်တာလား။**

ဟုတ်တယ်။ မှုခင်းဆေးပညာရှင်ဒေါက်တာဒေးဗစ်ဘာကလေကိုမေးတော့ သူက ဒါဟာ သူ့အနားကို သွားနိုင်တဲ့သူ၊ လက်ဖက်ရည်ထဲ၊ ရေထဲထည့်တာဖြစ်ဖြစ်၊ ဆေးထိုးအပ်နဲ့ထိုးတာဖြစ်ဖြစ်၊ အမှုန့်နဲ့ဖြစ်ဖြစ် အဆိပ်ခတ်တာဖြစ်နိုင်တယ်လို့ပြောတယ်။ လုပ်တဲ့သူက သူ့အနားမှာပဲရှိပြီး သူအဆိပ်သင့်တာကိုစောင့်ကြည့်နေနိုင်တဲ့သူပဲဖြစ်ရမယ်။

**ဒီသတင်းထုတ်ပြန်လိုက်တော့ ဘာဆက်ဖြစ်လာမယ်လို့ထင်ပါသလဲ။**

မသိသေးပါဘူး။ ဒီကိစ္စစုံစမ်းစစ်ဆေးရမှာပါ။ ပါလက်စတိုင်းကော်မတီက ဒီကိစ္စကို အလေးထားစုံစမ်းမယ်လို့လည်း မျှော်လင့်ထားပါတယ်။

**တစ်နေ့ကျရင် ခင်ဗျားခင်ပွန်းကို ဘယ်သူကသတ်တယ်ဆိုတာကို သိလာမယ်လို့ မျှော်လင့်ထားပါသလား။**

လွယ်တော့မလွယ်ပါဘူး။ တကယ့်ကိုမလွယ်တာပါ။ ဒါပေမဲ့ ကျွန်မမျှော်လင့်ထားပါတယ်။

လက်ရှိတွင် ကျန်ရစ်သူဇနီးဆူဟာအာရာဖတ်က ပါလက်စတိုင်းအစိုးရရုံးအတွင်း စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ရန် တောင်းဆိုထားပြီး သူနှင့်သမီးဖြစ်သူဇာဝါတို့က အမှုမှန်ပေါ်သည်အထိ ပြင်သစ်တရားရုံးနှင့် ကျန်ကမ္ဘာ့တရားရုံးများမှတစ်ဆင့် ဆက်လက်ကြိုးပမ်းသွားမည်ဟုသိရသည်။

*ကိုးကား - ABC News (Video)*

# Leader's Profile

# ဂျော်ဂျီယာသမ္မတသစ် ဂျော်ဂျီမက်ဗီလက်ရှ်ဗီလီ



ရဲမင်း

မစ္စတာဂျော်ဂျီမက်ဗီလက်ရှ်ဗီလီသည် ဂျော်ဂျီယာပညာတတ်၊ နိုင်ငံရေးသမား တစ်ဦးဖြစ်ပြီး ဂျော်ဂျီယာနိုင်ငံ၏ သမ္မတအဖြစ် ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ရွေးကောက်တင်မြှောက်ခံရသည်။ ပညာရေးအရ ဒဿနိကဗေဒပညာရှင်ဖြစ်ပြီး ၂၀၀၀ မှ ၂၀၀၆ ခုနှစ်နှင့် ၂၀၁၀ မှ ၂၀၁၂ ခုနှစ်အထိ ဂျော်ဂျီယာ Public Affairs အင်စတီကျုဒ်၏ ပါမောက္ခချုပ်အဖြစ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့သည်။

ဂျော်ဂျီမက်ဗီလက်ရှ်ဗီလီကို ၁၉၆၉ ခုနှစ် စက်တင်ဘာ ၄ ရက်က ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စု တီဘလီစီမြို့တွင် မွေးဖွားခဲ့သည်။ ဖခင်မှာ အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး မိခင်မှာ စိတ်ပညာရှင်ဖြစ်သည်။ ဂျော်ဂျီသည် ၁၉၉၂ ခုနှစ်တွင် တီဘလီစီပြည်နယ် တက္ကသိုလ်မှ ဒဿနိကဗေဒဘာသာရပ် အထူးပြုဘွဲ့ ရရှိခဲ့သည်။ ယင်းနောက်တွင် ဗဟိုဥရောပတက္ကသိုလ်၌ ဘွဲ့လွန်တက်ရောက်ခဲ့သကဲ့သို့ ဒဿနိကဗေဒအင်စတီကျုဒ်တွင်လည်း ဆက်လက်တက်ရောက်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် တီဘလီစီပြည်နယ်တက္ကသိုလ်မှ ဒဿနိကဗေဒ ပါရဂူဘွဲ့ ရရှိခဲ့သည်။

၁၉၉၀ ခုနှစ်များက ကော့ကေးဆပ်ဒေသ၌ တောင်တက်လမ်းညွှန်အဖြစ် လုပ်ကိုင်ခဲ့သော ဂျော်ဂျီသည် ၁၉၉၅ ခုနှစ်တွင် ဂျော်ဂျီယာအမျိုးသားဒီမိုကရက်တစ်အင်စတီကျုဒ် အတိုင်ပင်ခံအဖြစ် လုပ်ကိုင်ခဲ့သည်။ ယင်းနောက်တွင် Georgian Institute of Public Affairs (GIPA)၏ ပါမောက္ခချုပ်အဖြစ် ၂၀၀၀ ပြည့်နှစ်မှ စတင်လုပ်ကိုင်သည်။

ဂျော်ဂျီဗက်ဗီလက်ရှ်ဗီလီသည် ၂၀၀၃ ခုနှစ်တွင် ဂျော်ဂျီယာ အတိုက်အခံအဖွဲ့ ဘာဂျာနာဇေဒီမိုကရက်များအဖွဲ့၌ ပါဝင်ခဲ့သည်။ သို့သော် ၂၀၀၃ ရွေးကောက်ပွဲများအပေါ် မကျေနပ်၍ နှင်းဆီတော်လှန်ရေးဖြစ်ပေါ်ခဲ့သော်လည်း ဘာဂျာနာဇေဒီမိုကရက်များအဖွဲ့က မီခေးလ်ဆာကက်ရှ်ဗီလီ ဦးဆောင်သော ညီညွတ်သော အမျိုးသားလှုပ်ရှားမှုအဖွဲ့နှင့် ပေါင်းစည်းခဲ့ရာ မက်ဗီလက်ရှ်ဗီလီလည်း နိုင်ငံရေးမှ နုတ်ထွက်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင်မူ ပါလီမန်ဥက္ကဋ္ဌဟောင်း ဘာဂျာနာဇေနှင့် ထပ်မံလက်တွဲခဲ့သည်။ သို့သော် ၎င်း၏ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၏အကြံပေးဘုတ်အဖွဲ့တွင်သာ ပါဝင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ဂျော်ဂျီသည် မီးခေးလ်ဘာကက်ရှ်ဗီလီအစိုးရကို ဦးဆောင်ဝေဖန်သူဖြစ်လာပြီး ဘီလျံနာလုပ်ငန်းရှင် အီဗာနစ်ဗီလီ၏ ဂျော်ဂျီယာအိပ်မက် ညွန့်ပေါင်းပါတီကို ထောက်ခံသူဖြစ်လာသည်။ ၂၀၁၂ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် ဂျော်ဂျီယာအိပ်မက်ပါတီ အောင်ပွဲခံပြီး အီဗာနစ်ဗီလီကိုယ်တိုင်လည်း ဝန်ကြီးချုပ်ဖြစ်လာခဲ့ရာ ဂျော်ဂျီမက်ဗီလက်ဗီလီကို ပညာရေးနှင့် သိပ္ပံပညာဝန်ကြီးတာဝန်အပြင် ပထမလက်ထောက်ဝန်ကြီးချုပ်အဖြစ်လည်း ခန့်အပ်တာဝန်ပေးခြင်းခံရသည်။ ပညာရေးဝန်ကြီးအဖြစ် လုပ်ကိုင်စဉ် ပညာရေးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့ပြီး ဝေဖန်မှုများလည်း ကြုံတွေ့ခဲ့ရသည်။

၂၀၁၃ ခုနှစ် မေလတွင် ဂျော်ဂျီယာအိပ်မက်ညွန့်ပေါင်း ပါတီက မစ္စတာဂျော်ဂျီမက်ဗီလက်ရှ်ဗီလီကို ၎င်းတို့ပါတီ၏ သမ္မတရွေးကောက်ပွဲဝင်မည့်သူအဖြစ် ကြေညာခဲ့သည်။ ဂျော်ဂျီမက်ဗီလက်ရှ်ဗီလီသည် ဘီလျံနာလုပ်ငန်းရှင် အီဗာနစ်ဗီလီနှင့်အတူ အပြင်းအထန် မဲဆွယ်ခဲ့ပြီး ၂၀၁၃ အောက်တိုဘာ ၂၇ ရက် သမ္မတရွေးကောက်ပွဲတွင် ရာထူးမှ ဆင်းပေးရတော့မည့် သမ္မတမီးခေးလ်ဆာကက်ရှ်ဗီလီ၏ ညီညွတ်သော အမျိုးသားလှုပ်ရှားမှုပါတီမှ ယှဉ်ပြိုင်သူ ဒေးဗစ်ဘက်ရာဇေအပေါ် အပြတ်အသတ် အောင်ပွဲခံခဲ့သည်။

ဂျော်ဂျီမက်ဗီလက်ရှ်ဗီလီသည် ဇနီးသည် ခါသူနာအဘာရှီဇေနှင့် သမီးတစ်ဦး ထွန်းကားခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် လမ်းခွဲခဲ့သည်။

*—Ref: Wikipedia*

## ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကိုယ်အလေးချိန် လျှော့ချနိုင်သူများအား ကန်ဒေါ်လာ ခုနစ်သိန်းခြောက်သောင်းကျော်တန်ဖိုးရှိ ရွှေဆုချ

**ဒူဘိုင်း၊ နိုဝင်ဘာ-၉**

အဝလွန်မှုကို တိုက်ဖျက်ရန် အစီအစဉ်တစ်ရပ်တွင် အာရပ်စော်ဘွားများပြည်ထောင်စု ယူအေအီးနိုင်ငံ ဒူဘိုင်း၌ ကျင်းပသည့် ကိုယ်အလေးချိန်လျှော့ချရေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများအတွက် ကန်ဒေါ်လာ ၇၆၂,၉၄၂ တန်ဖိုးရှိ ရွှေများ ဆုချီးမြှင့်ခဲ့သည်။



AHMED JADALLAH/REUTERS

*ဒူဘိုင်းအစိုးရ၏ အဝလွန်မှုတိုက်ဖျက်ရေးအစီအစဉ်အရ ကိုယ်အလေးချိန်လျှော့ချရေး Your Weight in Gold ပြိုင်ပွဲတွင် ဆုရရှိသူများ ရွှေဆုများ လက်ခံရယူနေသည်ကို နိုဝင်ဘာ ၇ ရက်က တွေ့ရစဉ်*

“ Your Weight in Gold” ဟု အမည်ပေးထားသည့် ကိုယ်အလေးချိန် လျှော့ချမှုပြိုင်ပွဲက ပါဝင်ယှဉ်ပြိုင်သူများအတွက် ကိုယ်အလေးချိန် ၁ ကီလိုဂရမ် လျှော့ချနိုင်သူအား ရွှေ ၁ ဂရမ်ပေးမည်ဟု ကတိပေးထားသည်။ မွတ်ဆလင်တို့၏ ဥပုသ်လအပြီး ဩဂုတ် ၁၆ ရက်တွင် ပြိုင်ပွဲဝင်များကို အနည်းဆုံး ကိုယ်အလေးချိန် ၂ ကီလိုဂရမ် (၄ ဒသမ ၆ ပေါင်)လျှော့ကျသွားစေရန် ယင်းပြိုင်ပွဲက စီစဉ်ခဲ့သည်။

ပြိုင်ပွဲဝင်အာမက်အယ်လ်ရှိတ် (၂၇)နှစ်သည် ကိုယ်အလေးချိန် ၂၆ ကီလိုဂရမ် လျှော့ချနိုင်ခဲ့ပြီးနောက် ယင်းပြိုင်ပွဲ၏ ပထမဆုဖြစ်သော ရွှေ ၆၃ ဂရမ် ရရှိခဲ့သည်။ ပြိုင်ပွဲအစတွင် ကိုယ်အလေးချိန် ၁၄၆ ဒသမ ၇ ကီလိုဂရမ်ရှိသည့် ရှိတ်သည် နိုဝင်ဘာ ၇ ရက်တွင် ရွှေ ၁၆ ဒသမ ၈၂ ကီလိုဂရမ်ကို ဆုအဖြစ် အတူတကွ ဆွတ်ခူးခဲ့ကြသည့် လူပေါင်း ၂,၆၄၈ ဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

“ကျွန်တော် အဲဒီပြိုင်ပွဲကို ၁၅ ရက်နောက်ကျပြီးမှ ဝင်ပြိုင်ခဲ့တာပါ။ ပထမတော့ စိုးရိမ်မိတယ်။ အခြားပြိုင်ပွဲဝင်တွေထက် နောက်ကျနေလို့လေ”ဟု ၎င်းက Gulf News သတင်းဌာနအား ပြောကြားသည်။

ယင်းပြိုင်ပွဲတွင် ဒုတိယနှင့် တတိယဆုရရှိသူများမှာ ကိုယ်အလေးချိန် ၂၃ ကီလိုဂရမ်နှင့် ၂၂ ကီလိုဂရမ် အသီးသီးလျှော့ချနိုင်ခဲ့ကြသည်။ မွတ်ဆလင်တို့မှာ ဥပုသ်လအတွင်း အရုဏ်တက်ချိန်မှ နေဝင်ချိန်အထိ အစားအစာစားခြင်း၊ အရည်သောက်သုံးခြင်း၊ ဆေးလိပ်သောက်ခြင်းများကို ရှောင်ကြဉ်ကြရသည်။ သို့သော် များစွာသောလူတို့မှာ အစားအသောက်အလွန်အကျွံစားသုံးခြင်းသည် ကျန်းမာရေးအတွက် မကောင်းကြောင်း သတိပေးချက်များ ရှိနေသော်လည်း နေကွယ်ပြီးနောက် အများအပြားစားသောက်လေ့ရှိကြသည်။

ပင်လယ်ကွေ့ နိုင်ငံများစွာတွင် အဝလွန်ကဲမှုကို လျှော့ချရန် အသည်းအသန် ကြိုးစားနေရကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။ *—Ref: AFP*

## နပိုလီယံ၏ သေတမ်းစာမိတ္တူကို ကန်ဒေါ်လာ ၄၈၀,၀၀၀ ဖြင့် လေလံတင်ရောင်းချ

**ပါရီ၊ နိုဝင်ဘာ-၉**

ပြင်သစ်ဘုရင်ဟောင်း နပိုလီယံဘိုနာပတ် ပြည်နှင်ဒဏ်ခံထားရချိန် ၁၈၂၁ ခုနှစ်အတွင်းက ရေးသားခဲ့သည့် ၎င်း၏သေတမ်းစာမိတ္တူတစ်စောင်ကို ပါရီမြို့တွင် ကျင်းပသည့် လေလံပွဲ၌ ကန်ဒေါ်လာ ၄၈၀,၀၀၀ ဖြင့် ရောင်းချလိုက်သည်။

ယင်းသေတမ်းစာမိတ္တူကို နိုဝင်ဘာ ၆ ရက်က ပါရီမြို့ရှိ (Drouot) လေလံပွဲရုံတွင် ရောင်းချခဲ့ခြင်းဖြစ်သည်။ အဆိုပါသေတမ်းစာမိတ္တူသည် ယူရိုငွေ ၈၀,၀၀၀ မှ ၁၂၀,၀၀၀ အထိ ရရှိနိုင်မည်ဟု လေလံပွဲကို စီစဉ်ခဲ့သည့် အာတီမီစီယာလေလံအဖွဲ့က ခန့်မှန်းထားသည်။

ယင်းသေတမ်းစာပါ အချက်အလက်များကို နပိုလီယံ၏ လက်ထောက် မွန်သိုလွန်နယ်စားက နပိုလီယံ ဗြိတိန်နိုင်ငံ စိန့်ဟယ်လန်နာကျွန်းတွင် နယ်နှင်ဒဏ်ခံထားရစဉ် ရေးသားခဲ့ခြင်းဖြစ်သည်။

၁၈၂၁ ဧပြီ ၁၆ ရက်က ရေးသားခဲ့သည့် ယင်းသေတမ်းစာတွင် “ကျွန်ုပ်ရဲ့အရိုးပြာကို ကျွန်ုပ်သိပ်ချစ်တဲ့ ပြင်သစ်လူမျိုးတွေကြားမှာ၊ စိန်းမြစ်ကမ်းဘေးပေါ်မှာ ရှိစေချင်တယ်”ဟု ရေးသားပါရှိသည်။

နပိုလီယံသည် ယင်းနှစ်အတွင်းမှာပင် အသက်(၅၁)နှစ်အရွယ် မေလ ၅ ရက်တွင် ကွယ်လွန်ခဲ့သည်။ အခြားသော သေတမ်းစာပြင်ဆင်ချက်တစ်ခုတွင် စိန့်ဟယ်လန်နာရှိ ၎င်း၏ပိုင်ဆိုင်မှုများကို စာရင်းပြုစုထားပြီး ပရိဘောဂများ၊ ကျောက်မျက်ရတနာများ၊ ငွေထည်ပစ္စည်းများ၊ ကြွေထည်များ၊ လက်နက်များနှင့် စာအုပ်များစာရင်း ပါဝင်သည်။

နပိုလီယံကိုယ်တိုင်ရေးသားခဲ့သည့် နောက်ဆုံးသေတမ်းစာကို ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ (National Archives)တွင် ပြသထားသည်။ သို့သော် မူရင်းသေတမ်းစာအား ဗြိတိန်အစိုးရက ဖျက်ဆီးမည်ကို စိုးရိမ်သဖြင့် မိတ္တူများစွာထားရှိခဲ့သည်။ *—Ref: AFP*

7 DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# အာရှတိုက် ဆိုက်ဘာကာကွယ်ရေး အားနည်းချက်ကို ဟက်ကာများလှစ်ဟပြ

**စင်ကာပူ၊ နိုဝင်ဘာ-၉**

အမည်မသိ (Anonymous)ဟုခေါ်သော ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားတက်ကြွသူများအဖွဲ့မှ ဟက်ကာများသည် မကြာမီကာလအတွင်း စင်ကာပူ၊ ဖိလစ်ပိုင်၊ သြစတြေးလျနိုင်ငံတို့ရှိ အစိုးရနှင့် စီးပွားရေးဆိုင်ရာဝက်ဘ်ဆိုက်အများအပြားကို တိုက်ခိုက်လိုက်ပြီး ပိုမိုကျယ်ပြန့်စွာ တိုက်ခိုက်သွားမည်ဟုလည်း ကြွေးကြော်လိုက်သည်။

အာရှ-ပစိဖိတ်ဒေသများရှိ ဝက်ဘ်ဆိုက်များကို ဟက်ကာများ ချိုးဖျက်ဝင်ရောက်နှောင့်ယှက်နိုင်ခြင်းမှာ ဒေသတွင်းဆိုက်ဘာကာကွယ်ရေးအားနည်းချက်ကိုဖော်ပြနေပြီး အထူးသဖြင့် ရာဇဝတ်ကောင်အဖွဲ့အစည်းများ၏ ပိုမိုရှုပ်ထွေးပြီး အန္တရာယ်ရှိသည့် ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေရသဖြင့် ကာကွယ်ရေးတိုးမြှင့်ရမည်ဖြစ်ကြောင်း လေ့လာသူများက ပြောသည်။

ဒေသဆိုင်ရာဘဏ္ဍာရေးဌာန၏ နည်းပညာကွန်ရက်ကို တိုက်ခိုက်သူ မည်သူကိုမဆို ရှာဖွေဖမ်းဆီးရန် ဖြစ်နိုင်သည်များအားလုံး လုပ်ဆောင်သွားမည်ဟု စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ကြွေးကြော်လိုက်ပြီး နောက်တစ်ရက်အကြာ နိုဝင်ဘာ ၇ ရက်တွင် (Anonymous)အဖွဲ့မှ ဟက်ကာများက ၎င်း၏ တရားဝင်ဝက်ဘ်ဆိုက်တစ်ခုသို့ ချိုးဖျက်ဝင်ရောက်ခဲ့သည်။

သယ်ဆောင်အသုံးပြုနိုင်သော ပစ္စည်းကိရိယာများ အမြောက်အမြား ထုတ်လုပ်လာခြင်းနှင့် လူမှုရေးမီဒီယာ အသုံးပြုမှုများပြားလာခြင်းများက အင်တာနက်လိုင်း အများအပြားတွင် အချက်အလက်စီးဆင်းမှုပမာဏ ပိုများလာစေပြီး အဝေးထိန်းဆာဗာသုံးကွန်ပျူတာစနစ်ကြောင့် အသုံးပြုသူများ၏ ဆက်သွယ်ဆောင်ရွက်မှုကို ဟက်ကာများ ပိုမိုကျယ်ပြန့်စွာ စုံစမ်းထောက်လှမ်းခွင့် ရရှိစေသည်ဟု လေ့လာသူများက ပြောသည်။

အင်တာနက်လွတ်လပ်ခွင့်နှင့် အကျင့်ပျက်ခြစားမှုကဲ့သို့ အရေးကြီးကိစ္စရပ်များအတွက် တိုက်ခိုက်သည့် (Anonymous)အဖွဲ့သည် ယင်းသို့ တိုက်ခိုက်မှုများတွင် ပါဝင်သည့် အဖွဲ့များအနက် တစ်ဖွဲ့သာဖြစ်ပြီး အန္တရာယ်ပိုရှိသည့် ခြိမ်းခြောက်မှုများ လုပ်ဆောင်နိုင်သည့်အခြားသောအဖွဲ့များမှာ ပြင်းထန်သော ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်သည်ဟု လေ့လာသူများက သတိပေးထားသည်။ —*Ref: AFP*



ROSLAN RAHMAN/AFP

*စင်ကာပူဝန်ကြီးချုပ်ရုံး အင်တာနက်အစိုးရဝက်ဘ်ဆိုက်မှ အွန်လိုင်းဖြင့် ဖြန့်ချိထားသော Anonymous ဟက်ကာအဖွဲ့၏ပုံကို နိုဝင်ဘာ ၇ ရက်က ရိုက်ကူးထားသောပုံ*

# ဂျပန်ဧကရာဇ်ကို ချဉ်းကပ်မှုဖြင့် လွှတ်တော်အမတ် အပြစ်တင်ခံရ

**တိုကျို၊ နိုဝင်ဘာ-၈**

ဂျပန်လွှတ်တော်အမတ်တစ်ဦးသည် ဂျပန်ဧကရာဇ်အား နိုင်ငံရေးတွင်ပါဝင်စေရန် ကြိုးပမ်းမှုဖြင့် ပြစ်တင်ဝေဖန်ခြင်းခံခဲ့ရသည်။ ပြီးခဲ့သည့်ဇူလိုင်လတွင် ဂျပန်အထက်လွှတ်တော်၏ တစ်သီးပုဂ္ဂလအမတ်အဖြစ် ရွေးချယ်ခံခဲ့ရသော တာရိုယာမာမိုတိုသည် ရုပ်ရှင်မင်းသားတစ်ဦးဖြစ်ပြီး နျူကလီးယားဆန့်ကျင်ရေးလှုံ့ဆော်စည်းရုံးသူတစ်ဦးလည်းဖြစ်သည်။

တာရိုယာမာမိုတိုသည် ဖူကူရှီးမားနျူကလီးယားသဘာဝဘေးအန္တရာယ်၏ အကျိုးသက်ရောက်မှုကို ဂျပန်ဧကရာဇ် အာကီဟီတိုသို့ စာတစ်စောင်တင်သွင်းမှုကြောင့် အင်ပါယာနန်းတော်၌ ကျင်းပသည့်ပွဲများသို့ တက်ရောက်ခွင့်တားမြစ်ခံရသည်။

ဂျပန်နိုင်ငံတွင် ၎င်းတို့၏ ဧကရာဇ်ကို နိုင်ငံရေးအခန်းကဏ္ဍမပါသော ပြယုဂ်တစ်ခုအဖြစ် သတ်မှတ်ထားသောကြောင့် ဧကရာဇ်အား နိုင်ငံရေးနှင့် ဆက်နွယ်စေမှုကို တားမြစ်ထားသည်။

ယာမာမိုတိုက ၎င်း၏အမှားကို နောင်တရကြောင်း ဝန်ခံခဲ့သော်လည်း ရာထူးမှနုတ်ထွက်ရန်အတွက်မူ ငြင်းဆန်ခဲ့သည်။

အထက်လွှတ်တော်အမတ် ယာမာမိုတိုသည် အင်ပါယာနန်းတော်၌ ကျင်းပသည့် ဆောင်းရာသီဥယျာဉ်ပွဲတော်တွင် ဂျပန်ဧကရာဇ်ထံချဉ်းကပ်၍ ၂၀၁၁ ခုနှစ်က ဆူနာမီငလျင်ကြောင့် ဖူကူရှီးယားနျူကလီးယားဘေးအန္တရာယ်ဖြစ်ပေါ်ပြီး ကျန်းမာရေးအကျိုးဆက်များဖြစ်ပေါ်ကြောင်း စာတစ်စောင်ဖြင့် တင်ပြခဲ့သည်ကို ဂျပန်ရုပ်သံဌာနများက ထုတ်လွှင့်ပြသခဲ့သည်။

၎င်း၏အပြုအမူမှာ မသင့်လျော်ဟုလည်း ယာမာမိုတိုက ပြောကြားခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးနောက်တွင် ဂျပန်ဧကရာဇ် အာကီဟီတို၏ဖခင်သည် ထီးနန်းစွန့်ကြောင်း ကြေညာခဲ့သော်လည်း အမေရိကန်တို့က ထီးနန်းကို ဆက်လက်စံမြန်းခွင့်ပြုခဲ့သည်။ သို့သော် ဂျပန်ဧကရာဇ်အား နိုင်ငံရေးတွင် ပါဝင်ခွင့်ကိုမူ တားမြစ်ခဲ့သည်။ သို့ရာတွင် အချို့သော လက်ယာယိမ်းနိုင်ငံရေးအဖွဲ့အစည်းများသည် ဂျပန်တို့၏ အင်ပါယာနေ့ရက်များကို ပြန်လည်တမ်းတလျက်ရှိပြီး ဂျပန်ဧကရာဇ်ကိုနိုင်ငံရေးအခန်းကဏ္ဍများတွင် ပါဝင်စေလိုကြသည်ဟု သိရသည်။ —*Ref: BBC*






7DAY NEWS JOURNAL

# Entertainment

Vol.12, No.36 • NOVEMBER 13 , 2013

# မျှော်လင့်ချက်တစ်စုံတစ်ရာသီချင်းရှင် နီနီခင်ဇော်နှင့် တွေ့ဆုံခြင်း

မယ်လိုဒီဝေါလ်သီချင်းဆိုပြိုင်ပွဲ၏ အောင်မြင်သော ကြယ်ပွင့်များအဖြစ် ဂီတလောကတွင် ရပ်တည်နေနိုင်သူများတွင် နီနီခင်ဇော်လည်း ပါဝင်သည်။ ထွက်ရှိထားသော တစ်ကိုယ်တော်ခွေ "မာရီယို" ထဲက "မျှော်လင့်ချက်တစ်စုံတစ်ရာ" သီချင်းနှင့် မကြာသေးမီက ရွှေအက်ဖ်အမ်က ချီးမြှင့်သည့် အကျော်ကြားဆုံးတေးသီချင်းဆုကိုလည်း ဆွတ်ခူးခဲ့သေးသည်။ အလုပ်သင်ဆရာဝန် အလုပ်တစ်ဖက်နှင့် ဂီတလမ်းကြောင်းတွင်လည်း အောင်မြင်မှုများကို ဆုပ်ကိုင်ထားနိုင်သူဖြစ်သည်။ မကြာမီအလုပ်သင်ဆရာဝန်တာဝန် ပြီးဆုံးတော့မည့် နီနီခင်ဇော်ကို ရှေ့ဆက်မည့် ဂီတခရီးလမ်းနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းထားပါသည်။



ကြူကြူဟန်

**နီနီရဲ့ အခုလတ်တလော လှုပ်ရှားမှုကို အရင်ဆုံးပြောပြပေးပါ။**

လတ်တလောလှုပ်ရှားမှုက ဆီးဂိမ်းအတွက် နေပြည်တော်သွားတယ်။ တောင်ငူ၊ မန္တလေးတို့မှာ ရှိုးဆိုဖို့ရှိတယ်။ ဆေးရုံဆင်းနေရတဲ့အခါကျတော့ ရုံးချိန်ဆိုရင် ဆေးရုံမှာရှိတယ်။ ရုံးပြီးတဲ့အခါကျရင်တော့ ဒီလိုအင်တာဗျူးတို့ သီချင်းဆိုတာတွေ၊ အဝတ်ချုပ်တာနဲ့ တခြားကိစ္စတွေလုပ်ရတယ်။

**မကြာခင် ဆေးကျောင်းလည်းပြီးတော့မှာဆိုတော့ ဆရာဝန်တစ်ယောက်အနေနဲ့ရော ဘယ်လိုရပ်တည်သွားမလဲ။**

နီနီလတ်တလောတော့ စဉ်းစားနေတုန်းပါပဲ။ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ဆိုတာ အများကြီးလိုအပ်တယ်။ အခုတော့ ကြိုးစားနေပါတယ်။ စာတွေကျက်လာရတာ ပင်ပန်းတဲ့အတွက် ပြီးရင်ခဏနားမယ်။ ပြီးမှ အနုပညာဘက်ကို လှည့်မယ်။ အနုပညာကို အချိန်မပေးတာ တော်တော်ကြာနေပြီ။

**မာရီယိုထဲမှာပါတဲ့ သီချင်းတွေက ပရိသတ်ကြားလိုက်တာနဲ့ နားဝင်လွယ်ဖို့ခက်တဲ့သီချင်းမျိုးတွေကို ဆိုထားတော့ အဲဒီလိုပုံစံမျိုး တစ်ကိုယ်တော်ခွေမှ ချပြဖြစ်ခဲ့တာ ဘာကြောင့်လဲ။**

R&B အစစ်ဆိုရင် ပရိသတ်နားထဲမှာ သိပ်မစွဲတတ်ဘူး။ 'ရန်သူ' သီချင်းဆိုတုန်းကလည်း အဲဒီလိုပဲ။ စစချင်းဆိုတော့ ပရိသတ်တွေ တော်တော်နဲ့ မကြိုက်ဘူး။ နီနီကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်။ နီနီတို့က လမ်းကိုထွင်ပြီး ခုတ်ထွင်ရှင်းလင်းသွားရတဲ့သူဆိုတော့ ပိုပင်ပန်းတယ်။ နည်းနည်းတော့ အချိန်ပေးရပါတယ်။ အချိန်ကြာတယ်။ အောင်မြင်မှုရရင်လည်း မတူဘူးပေါ့။ အခွေက အောင်မြင်သည်ဖြစ်စေ၊ ကျဆုံးသည်ဖြစ်စေ ကိုယ့်စိတ်တိုင်းကျ ဘေလ်ဘုတ်ဒီဇိုင်းကအစ ကာလာ ထည့်တာကအစ ကိုယ်တိုင်အားလုံးလုပ်ခဲ့ရတယ်။ အမေနဲ့ကိုယ်နဲ့နှစ်ယောက်တိုင်ပင်တယ်။ ဆရာကေအေတီနဲ့လည်းတိုင်ပင်တယ်။ အကုန်လုံး ကိုယ်တိုင်လုပ်ခဲ့ရတဲ့အတွက် ဘာပဲဖြစ်ဖြစ် ကျေကျေနပ်နပ်နဲ့ ခံယူတယ်။

**ရွှေအက်ဖ်အမ်မှာ ဒီနှစ်အတွက် 'မျှော်လင့်ချက်တစ်စုံတစ်ရာ' သီချင်းနဲ့ အကျော်ကြားဆုံးတေးသီချင်းဆုဂုဏ်ပြုခံခဲ့ရတော့ ဂီတနဲ့ပတ်သက်ပြီး ထပ်ပြီးတော့ ဘာတွေလုပ်ချင်စိတ်တွေ ဖြစ်မိလဲ။**

ဒီထက်ပိုပြီး အများကြီးကြိုးစားဖို့ လိုပါသေးတယ်။ ပရိသတ်ကရော၊ ဒီအက်ဖ်အမ်တွေရော မှတ်တိုင်တစ်ခု စိုက်ထူပေးလိုက်တဲ့အတွက် ကြိုးစားဖို့ အားတွေပိုရှိလာတယ်။

စာ(၄၁)သို့

ဓာတ်ပုံ-နစ်ကီ



# ဇာတ်ပို့ဆုအတွက် တစ်ပေးခံရလို့ ပျော်ရွှင်နေတဲ့ မိခင်လောင်း ချောရတနာ

**ဖွဲ့ညက်**

**ရန်ကုန်၊ နိုဝင်ဘာ-၈**

'ဥ'ဇာတ်ကားထဲမှ ဇာတ်ရုပ်အတွက် အမျိုးသမီးဇာတ်ပို့ဆုရနိုင်ကြောင်း ပရိသတ်များက ခန့်မှန်းပြောဆိုနေကြသဖြင့် ပျော်ရွှင်ရကြောင်း ချောရတနာက ပြောသည်။

ယင်းဇာတ်ကားတွင် ချောရတနာက အရူးဇာတ်ရုပ်ပုံစံဖြင့် သရုပ်ဆောင်ထားကာ သာမန်အရူးဇာတ်ရုပ်ပုံစံမဟုတ်သောကြောင့် ဒါရိုက်တာများခိုင်းသည့်အတိုင်း ကြိုးစားသရုပ်ဆောင်ခဲ့ကြောင်း ချောရတနာကပြောသည်။ "ဦးဇော်(ကိုဇော်-အရုဏ်ဦး)လိုချင်တဲ့ပုံစံအတိုင်း ကာရိုက်တာဝင်အောင်ကြိုးစားပြီး သရုပ်ဆောင်ထားတယ်။ ဒီအရူးက ဒိုပြင်အရူးနဲ့လည်း မတူဘူး။ သူများကိုယုံအောင်ပြောရတာဆိုတော့ စုတ်စုတ်ပြတ်ပြတ်ကအစ ဝတ်လို့မရတာဆိုတော့ အဝတ်အစားကအစ ဦးဇော်နဲ့မသီတာတို့ပြောတဲ့အတိုင်း သရုပ်ဆောင်ပါတယ်" ဟု ၄င်းကဆိုသည်။

အကယ်ဒမီဆိုသည်မှာ အနုပညာသမားတိုင်း လိုချင်သည့်အရာတစ်ခုဖြစ်ပြီး ယခုကဲ့သို့ ပရိသတ်အားပေးမှုနှင့်ပင် ပီတိဖြစ်နေကြောင်း ၄င်းကဆိုသည်။

လက်ရှိတွင် သားဦးကလေး၏ကိုယ်ဝန်ကိုလွယ်ထားသောကြောင့် မိခင်နှင့်ကလေး၏ကျန်းမာရေးကိုဂရုစိုက်ကာ သရုပ်ဆောင်အလုပ်များ လုပ်နေပြီး သားဖြစ်စေ၊ သမီးဖြစ်စေ ပျော်ရွှင်မည်ဟုချောရတနာကပြောသည်။






7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013



# ဂျေလိုပုံတူ ဘာဘီရုပ်များထွက်ရှိ

**လော့စ်အန်ဂျလိစ်၊ နိုဝင်ဘာ-၈**

နိုဝင်ဘာလပထမပတ်တွင် ကမ္ဘာကျော်အဆိုတော် ဂျနီဖာလိုပက်ဇ်၏ ကမ္ဘာလှည့်ဖျော်ဖြေပွဲနှင့် အနီရောင်ကော်ဇောထက် ရုပ်သွင်များကို တုပထားသည့် ဘာဘီရုပ်နှစ်ရုပ်ထွက်ရှိခဲ့သည်ဟု ဘာဘီဖက်ရှင် အရုပ်ဒီဇိုင်နာ ရောဘတ်ဘက်စ်က ပြောကြားသည်။

ဂျနီဖာလိုပက်ဇ်သည် ၎င်း၏ ကမ္ဘာလှည့်ဖျော်ဖြေပွဲတွင် ကမ္ဘာကျော်ဒီဇိုင်နာ Zuhair Murad ဖန်တီးပေးထားသည့် ဝတ်စုံနှင့် ငွေရောင်ဖိနပ်ကိုစီးကာ လှပနေခဲ့သည်ကို မစ္စတာရောဘတ်က အတုယူ၍ ဂျနီဖာလိုပက်ဇ် ကမ္ဘာလှည့်ဖျော်ဖြေပွဲ ဘာဘီရုပ်ကို ဖန်တီးခဲ့သည်။ အနီရောင်ကော်ဇောထက် ဘာဘီရုပ်မှာ Zuhair Murad ပင် ဒီဇိုင်းပြုလုပ်ပေးထားသော ဂျနီဖာလိုပက်ဇ်၏ ပွဲတက်ဝတ်စုံ၊ မျက်ရည်စက်နားဆွဲနှင့် ခေတ်ဆန်ကြော့မော့သော ဆံထုံးပုံကို အတုယူဖန်တီးထားသည့် အရုပ်ဖြစ်သည်။ အရုပ်တစ်ရုပ်လျှင် အမေရိကန်ဒေါ်လာ ၃၀ ခန့် တန်ဖိုးရှိသည်ဟုလည်း သိရသည်။

သို့ရာတွင် အဆိုပါ ဘာဘီရုပ်များကို ဂျနီဖာလိုပက်ဇ်ဘာဘီရုပ်များဟု အမည်မှည့်ခေါ်ထားသော်လည်း ဂျနီဖာလိုပက်ဇ်ကဲ့သို့ လှပသော ခန္ဓာကိုယ်ကောက်ကြောင်းများမရှိဟု လူအချို့က ပြောကြားသည်။ ယင်းဘာဘီရုပ်များကို ဘာဘီရုပ်ဒီဇိုင်းအဖွဲ့ ဒါရိုက်တာ ရောဘတ်ဘက်စ်နှင့် ဂျနီဖာလိုပက်ဇ်တို့ပူးပေါင်းဖန်တီးခဲ့သည်ဟု မစ္စတာရောဘတ်ဘက်စ်က ပြောကြားသည်။ "ဂျေလိုကလည်းပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အတွက် သဘောကျတယ်လို့ ပြောပါတယ်။ သူကိုယ်တိုင်ကလည်း အရုပ်ဝါသနာအိုးလို့ သိရပါတယ်" ဟု မစ္စတာရောဘတ်က ပြောသည်။

—*Ref: ABC News*

# နှစ်သစ်ကူးဖျော်ဖြေပွဲ ကျင်းပမယ့် ကိုရီးယား Davichi အဖွဲ့



**ဆိုးလ်၊ နိုဝင်ဘာ-၉**

တောင်ကိုရီးယားမိန်းကလေး ပေါ့ပ်အဆိုရှင်နှစ်ဦးအဖွဲ့ Davichi သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်တွင် ဖျော်ဖြေပွဲကျင်းပမည်ဖြစ်သည်။

Davichi အဖွဲ့သည် ဒီဇင်ဘာ ၂၈ နှင့် ၃၁ ရက်များတွင် 'Davichi Code' အမည်ရ ဖျော်ဖြေပွဲကျင်းပမည်ဟု ၎င်းတို့၏ အေဂျင်စီ Core Contents Media က နိုဝင်ဘာ ၈ ရက်တွင် ပြောကြားသည်။ ဒီဇင်ဘာလ ဖျော်ဖြေပွဲအတွက် ကြော်ငြာပိုစတာတွင် Davichi အဖွဲ့သားနှစ်ဦးသည် ဥရောပအလယ်ခေတ် တော်ဝင်ဘုရင်မနှစ်ပါးအဖြစ် ကိုယ်ဟန်ပြထားသည်။

ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် 'Davichi Code' ဖျော်ဖြေပွဲကို တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် ပြုလုပ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက် ဖျော်ဖြေပွဲကို ဆိုးလ်မြို့တွင်ကျင်းပ၍ ၂၀၁၄ ခုနှစ် နှစ်သစ်ကိုပရိသတ်များနှင့်အတူ ကြိုဆိုမည်ဟု Davichi အဖွဲ့ အေဂျင်စီက ပြောကြားသည်။

Davichi အဖွဲ့၏ သီချင်းသစ် 'Letter' သည် နိုဝင်ဘာ ၁၂ ရက်တွင် ထွက်ရှိမည်ဖြစ်သည်။

—*Ref: Bnt news*






7 DAY NEWS JOURNAL
ရ ရက် သတင်းဂျာနယ်
Vol.12, No.36 • NOVEMBER 13 , 2013

စာ(၃၉)မှ

# နီနီခင်ဇော်နှင့် တွေ့ဆုံခြင်း

**ဂီတလောကကို စဝင်တဲ့ပြိုင်ပွဲမှာကတည်းက ဖက်ရှင်ကို ကိုယ်တိုင်ဒီဇိုင်းဆွဲ ဝတ်လေ့ရှိတော့ အခုရော အဲဒီလိုမျိုး လုပ်ဖြစ်သေးလား။**

ဒီဇိုင်းကို အခုထိ လုပ်တယ်။ အဆိုတော်တစ်ယောက်အတွက် အရေးအကြီးဆုံးနဲ့ တော်တော်ကို ပံ့ပိုးပေးနိုင်တယ်။ အရင်ခေတ်က ဆို အဲဒီလောက်မလိုအပ်ဘူး။ အသံသာ အဓိကကျတာ။ အခုဆို ပါဖောမန့်စ်က ၈၀ ရာခိုင်နှုန်းလောက်ကို အရေးကြီးတဲ့ခေတ်ကြီးဖြစ်နေတယ်။

**နီနီအမြဲဂါဝန်တိုလေးတွေ အဝတ်များတယ်နော်။ ဘာလို့ ဖက်ရှင်ပြောင်းပြီး မဝတ်တာလဲ။**

ကိုယ်တိုင်က တစ်ခါတလေကျရင် ဖက်ရှင်တော့ပြောင်းကြည့်ချင်တယ်။ သူများတွေ ဝတ်သလိုမျိုး ဝတ်ကြည့်ချင်တယ်။ ပြောင်းပြီးဝတ်ကြည့်တယ်။ နီနီနဲ့မလိုက်တော့ မလှဘူးဆိုတော့ အရင်စတိုင်ပဲ ပြန်ဖြစ်သွားတာပေါ့။ လူတစ်ယောက်မှာ အရေးကြီးတာက သူ့စတိုင်နဲ့သူရှိတယ်။ ဒါကတော့ မသျှီရဲ့စတိုင်၊ ဒါတော့ မဖြူရဲ့စတိုင်၊ အဲဒီလိုမျိုးသင်္ကေတတစ်ခုတော့ ရှိနေဖို့လိုအပ်တယ်။ သူများဝတ်တိုင်း လိုက်ဝတ်ရင် ကိုယ်က လှချင်မှလှမယ်။

**တစ်ကိုယ်တော်ခွေလည်း ထွက်တာအောင်မြင်တယ်။ ဆုလည်းရခဲ့ပြီဆိုတော့ ကိုယ်လုပ်ခဲ့တဲ့ ဂီအလုပ်တွေအပေါ် ကျေနပ်မှု ရှိနေပြီလား။**

မရှိသေးပါဘူး။ နီနီအများကြီး လိုချင်တာက တစ်နေ့မှာ ၂၄ နာရီထက် အချိန်တွေပိုရခဲ့မယ်ဆိုရင်ဆိုတဲ့ အတွေးမျိုး အမြဲရှိခဲ့တယ်။ ရတဲ့အချိန်ကို ကြိုးစားတယ်။ နှစ်ဖက်မျှအောင်လုပ်ရတဲ့အတွက် ဒီထက်ပိုပြီး အချိန်တွေလိုချင်တယ်။ ဒီထက်ပိုပြီး သီချင်းတွေအများကြီး ဆိုချင်သေးတယ်။

**မာရီယိုခွေတစ်ခွေလုံးကို တေးရေးကေအေတီက Vocal Guide လုပ်ပေးခဲ့ပြီး အခွေက အောင်မြင်လာတဲ့အခါ ဘယ်လိုခံစားရလဲ။**

အရင်ကဆို ဆရာက ကိုယ်တိုင် Vocal Guide လုပ်ပေးတဲ့ တပည့်တွေတော့ ရှိခဲ့တယ်။ အခုမှ ဆရာက အတိအလင်းကြေညာပြီးတော့ နီနီရဲ့အယ်ဘ်ဘမ်ကို Vocal Guide လုပ်ပေးမယ်။ နောက်ဆိုရင်လည်း နီနီအယ်လ်ဘမ်အပြင် တခြားတပည့်တွေရဲ့ အယ်ဘ်ဘမ်တွေကိုလည်း ကိုယ်တိုင်လုပ်သွားပါမယ်ဆိုပြီးတော့ အတိလင်းကြေညာပြီးတဲ့အခါမှ အခွေထွက်ပြီး သိပ်မကြာဘူး ဆရာဆုံးသွားတော့ နီနီ့အခွေက ဆရာရဲ့ ပထမဆုံးနဲ့ နောက်ဆုံးခွေဖြစ်သွားတယ်။ အဲဒီအတွက် ယူကျုံးမရဘဲ အကြီးမားဆုံးဆုံးရှုံးမှုပဲလို့ ခံစားလိုက်ရတယ်။ ဆရာဆုံးသွားတဲ့နောက်ပိုင်းမှာမှ အခွေလေးက တဖြည်းဖြည်းနဲ့ ပရိသတ်ပိုသိလာတယ်။ ဆုပါရလာတော့ ဆရာ့ကို သိစေချင်တယ်။ စိတ်လည်းမကောင်းဘူး။

**ဒီဇင်ဘာလလောက်မှာ မယ်လိုဒီဝေါလ်ရဲ့ ခုနစ်နှစ်ပြည့်ပွဲလုပ်မှာဆိုတော့ နီနီပါဝင်ဖြစ်မှာလား။**

နီနီပါဖို့ရှိတယ်။ ဒီက အောင်မြင်သွားတဲ့ အဆိုတော်တွေရော လက်ရှိဆိုနေတဲ့ အဆိုတော်တွေရော အများကြီးပါပြီး ခမ်းခမ်းနားနားလုပ်မယ်လို့သတင်းရပါတယ်။

**ကိုယ့်ရဲ့အောင်မြင်မှုလမ်းစဖြစ်ခဲ့တဲ့ မယ်လိုဒီဝေါလ်က ပြိုင်ပွဲဝင်တွေအပါအဝင် တခြားအဆိုပြိုင်ပွဲဝင်နေကြတဲ့ သူတွေအတွက် အားပေးစကားလေး ပြောပေးပါဦး။**

ပြိုင်ပွဲဆိုတာက Level ဆုံးသွားတာနဲ့ ပြီးသွားပြီလို့ စိတ်ကို တုံးတုံးချလိုက်ကြတယ်။ ဒါက အမှန်တကယ်တော့ လမ်းကြောင်းပေါ်ကိုစပြီး တက်ရုံပဲရှိပါသေးတယ်။ လမ်းတောင်မလျှောက်ရသေးဘူး၊ လမ်းပုံစံအနေနဲ့ကြည့်ရင်ကိုယ်က လမ်းသွယ်လေးကနေ လမ်းမကြီးကိုတက်နေတဲ့ အချိန်ပဲရှိတယ်။ ဒီပြိုင်ပွဲမှာ ဆုမရခဲ့ရင်လည်းဘာမှမဖြစ်ပါဘူး။ တခြားလမ်းက သွားပါလို့ပြောချင်ပါတယ်။

**နီနီတို့ ဆီးဂိမ်းအတွက် နေပြည်တော်သွားနေရတယ်ဆိုတော့ ဖွင့်ပွဲ၊ ပိတ်ပွဲမှာ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ရမှာလဲ။**

ဖွင့်ပွဲ၊ ပိတ်ပွဲရောပါ ဆိုရမှာပါ။ ဖွင့်ပွဲမှာ နှစ်ပုဒ်ဆိုရမယ်။ အပိတ်မှာက တစ်ပုဒ် (သို့မဟုတ်) နှစ်ပုဒ်ဆိုရပါမယ်။ " Win the Day" တစ်ပုဒ်ပါတယ်။ မြန်မာပြည်မြေပုံကြီးကို လူ ၂၂၂၂ ယောက်နဲ့ ကပြီး ပုံဖော်မှာ။ လူအားလုံးပေါင်း သုံးထောင်ကျော်လောက်သုံးလိမ့်မယ်။ ဖွင့်ပွဲမှာ ပုံဖော်ဖို့ 'သွေးချင်းတို့ဌာနေ မြန်မာပြည်' ဆိုတဲ့ သီချင်းတစ်ပုဒ် ဆိုထားတယ်။ ပိတ်ပွဲမှာက လူတွေပြန်သွားတဲ့အချိန်မှာ အားလုံးကို တာ့တာပြပြီးတော့ "ပြန်ဆုံမယ်" ဆိုတဲ့ သီချင်းကိုဆိုပြရမယ်ဆိုတော့ တာဝန်ယူထားရတဲ့ အပိုင်းကို နည်းနည်းတော့ စိုးရိမ်တယ်။ တာဝန်နည်းနည်းကြီးသလို ခံစားရတယ်။

**မာရီယိုအတွက် အမ်တီဗီရိုက်နေပြီဆိုတော့ ဘယ်လိုပုံစံမျိုးတွေရိုက်ထားလဲ။ ပရိသတ်တွေ အံ့အားသင့်စေမယ့် ရိုက်ကူးမှုတွေ ပါသေးလား။**

အခုက အမ်တီဗီရိုက်ရင် အရင်လိုမဟုတ်ဘူး။ ပရိသတ်ကို ချပြတာတွေက ကြောက်ဖို့ကောင်းတယ်။ ရိုက်ရတာ တော်တော်ခေါင်းစားတော့ မလိုက်နိုင်ဘူး။ သူများနဲ့မတူအောင် ဖောက်ထွက်ဖို့တော်တော်ကြိုးစားရတယ်။ ပရိသတ်တွေက အံ့သြစရာတွေ အများကြီးတွေ့ပြီးနေတော့ အံ့သြတော့မှာမဟုတ်တော့ပါဘူး။ ရှေ့မှာကောင်းတဲ့ အမ်တီဗီတွေ အများကြီးရှိခဲ့တယ်။ အဲဒီမှာမှ ဒီထက်ပိုပြီးထွင်ဖို့ဆိုတာတော့ မဖြစ်နိုင်တော့ဘူး။ အကောင်းဆုံးတော့ ကြိုးစားထားတယ်။ အခု နာမည်ကြီးနေတဲ့ ဒါရိုက်တာတွေနဲ့ပါပဲ။ ဆုရခဲ့တဲ့ 'မျှော်လင့်ချက်တစ်စုံတစ်ရာ' သီချင်းက ပုဂံမှာ ရိုက်ထားတယ်။ အမ်တီဗီရိုက်တာ ခုနစ်ပုဒ်လောက်တော့ ပြီးပြီ။ ထွက်ဖို့က ဇန်နဝါရီ၊ ဖေဖော်ဝါရီမှာဖြစ်မယ်။

**နီနီရဲ့ အနုပညာသက်တမ်းက ငါးနှစ်၊ ဆေးကျောင်းတက်နေရတာလည်း ငါးနှစ်ရှိပြီ။ အဲဒီလိုတိုက်ဆိုင်ပြီး နှစ်ခုကို တွဲပြီးလုပ်နေရတော့ စိတ်ကျဉ်းကျပ်မှုတွေ ရှိမှာပေါ့။**

တော်တော်ဆိုးရွားတဲ့ ရက်တွေလည်း ရှိခဲ့တယ်။ စာကျက်နေရင်းနဲ့ ရှိုးကတက်ဆိုရတော့မယ်။ အဲဒီလိုနေခဲ့တဲ့ ဘဝကြီးက လွတ်မြောက်ချင်လာပြီ။ အမှန်တိုင်းပြောရရင် စာလည်း မကျက်ချင်တော့ဘူး။ နီနီလုပ်ချင်တာတွေ ဖြစ်ချင်တာတွေက အများကြီးရှိတယ်။ ဒါပေမဲ့ မလုပ်နိုင်ဘူးဖြစ်နေတယ်။

**ဂီတကို သေချာလုပ်သွားမယ်ဆိုတော့ ဘယ်လိုပုံစံမျိုးတွေ စိတ်ကူးထားတာရှိလဲ။**

အဝေးကြီးတော့ နီနီမမှန်းထားဘူး။ အခုချိန်မှာ ဘာခေတ်စားနေလဲ။ အဲဒီခေတ်စားနေတဲ့ဟာကို မှီငြမ်းပြီးတော့ နီနီတို့ကျတော့ ပေါ့ပ်ရော၊ R&B ရော တွဲဆိုတဲ့အခါကျတော့ ဘယ်လိုမျိုး သီချင်းအသစ်တွေက ခေတ်စားနေလဲ။ အခုနောက်ပိုင်း ဒန့်စ်တွေက ဘယ်လိုကနေကြလဲဆိုတာ လေ့လာမယ်။ အခုဟာက အပြောင်းအလဲက အရမ်းမြန်တော့ ကိုယ်က ဒီဟာကို လိုက်နေတုန်းရှိသေးတယ်။ နောက်အသစ်က ပေါ်လာပြန်ပြီ အဲဒီလိုဖြစ်နေတယ်။

**ကိုယ်ရေးကိုယ်တာထဲမှာ အဓိကအချစ်ရေးကို ပြောလေ့မရှိဘူးလို့ ဂျာနယ်တစ်ခုမှာ ဖတ်လိုက်ရတယ်။ ပရိသတ်တွေက သူတို့ချစ်တဲ့ အနုပညာရှင်ရဲ့ အချစ်ရေးကိုလည်း သိချင်ကြတယ်။ ဘာကြောင့် မပြောတာလဲ။**

အဲဒါက ခံယူထားတာပေါ့။ နီနီက သိုသိုသိပ်သိပ်နေတတ်တယ်။ နီနီမှာ ထွေထွေထူးထူးကိစ္စတွေကိုသူငယ်ချင်းတွေလည်း မပြောဖြစ်ဘူး။ ပရိသတ်ကိုချပြရမှာ နီနီ့အလုပ်၊ ကျောင်းပညာရေးအထိ အသိပေးတယ်။တချို့တွေကျတော့ နီနီ့မိသားစုအကြောင်းလေး တစ်ခါတစ်လေ ပြောပြဖြစ်တယ်။ ကျန်တာမပြောဖြစ်ဘူး။ အဲဒီလို လည်း မနေချင်ဘူး။

**ကျေးဇူးတင်ပါတယ်။**


ORIENT CLINIC အရှေ့တိုင်းဆေးခန်း

အရှေ့တိုင်းဆေးခန်းတွင် ခေတ်မီစက်ကိရိယာများ၊ ထူးချွန်သောပညာရှင်များ၊ ကျွမ်းကျင်သောဆရာဝန်များ၏ ကုသမှု၊
ဆေးခန်းအတွင်းရှိ ဝန်ထမ်းများ၏ ဖော်ရွေသောဝန်ဆောင်မှုကောင်းများဖြင့် ပြုစုကုသပေးလျက်ရှိပါသည်။

လိပ်ခေါင်းရောဂါ

အမေရိကန်နိုင်ငံမှ ခေတ်မီတိုးတက်သည့် စက်ပစ္စည်း ကိရိယာဖြင့် အပြင်လိပ်ခေါင်း၊ အတွင်းလိပ်ခေါင်း၊ ပေါင်းစပ် လိပ်ခေါင်း၊ စအိုနင်းရှူ၊ စအိုကျွံခြင်း၊ အူအဆုံးပိုင်းအသားပို ထွက်ခြင်း၊ စအိုအက်ကွဲခြင်း၊ ဂရင်ဂျီနာ၊ စအိုဝနာကျင် ကိုက်ခဲခြင်း၊ ကျင်ကြီးစွန့်ရာ၌ သွေးထွက်ခြင်း စသည့် စအိုအူမကြီး ရောဂါတို့ကို အထူးကုသပါသည်။ ခွဲစိတ်စရာ မလိုအပ်ပါ။ သွေး မထွက်၊ နာကျင်ခြင်းမရှိဘဲ ဆေးဝါးကုသသည့် အချိန်ကာလမှာ တိုတောင်းပါသည်။ ၁၀ မိနစ်မှ မိနစ် ၂၀ အတွင်း ကုသရေးဖြစ်စဉ်ကို ပြီးမြောက်သွားစေပါသည်။ ဆေးရုံတက်ရန် မလိုဘဲ တစ်ကြိမ်တည်းနှင့်ပျောက်ကင်းအောင် ကုသပေးပါသည်။ ရောဂါပြန်လည် ဖြစ်ပွားခြင်း မရှိတော့ပါ။ အကယ်၍ ကုသပျောက်ကင်းပြီး ၁၀နှစ်အတွင်း ရောဂါဖြစ်သူများအား အရှေ့တိုင်းဆေးခန်းမှ အခမဲ့ ဆေးဝါးကုသပေးမည်ဖြစ်ပါသည်။

အမျိုးသမီးရောဂါ

အမျိုးသမီးများတွင် ရာသီသွေးမမှန်ခြင်း၊ ရာသီသွေးဆင်းချိန်၌ ဝမ်းဗိုက်ကိုက်ခဲခြင်း၊ ခါးကိုက်ခြင်း၊ အဖြူဆင်းမှုအလွန်များပြားခြင်း၊ မိန်းမကိုယ်အင်္ဂါရောင်ရမ်းခြင်း၊ သားအိမ်ရောင်ခြင်း၊ သားအိမ်လမ်းကြောင်း ပြည်တည်ခြင်း၊ မျိုးဥပို့ဆောင်ပေးသည့် ပြွန်ချောင်းပိတ်ဆို့နေခြင်း၊ အိမ်ထောင်သက်ကြာညောင်းသော်လည်း ကလေးမရခြင်း၊ သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာစသည့်ရောဂါတို့ကို ကုသပေးပါသည်။

လိင်အင်္ဂါကြွက်နို့ရောဂါ

လိင်အင်္ဂါကြွက်နို့သည် HPV ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မသန့်ရှင်းသည့် ကာမဆက်ဆံခြင်းမှ ကူးစက်လာသည့် ရောဂါဖြစ်ပါသည်။ ရောဂါလက္ခဏာမှာ ကျား/မ လိင်အင်္ဂါတွင် ဂေါ်ဖီပန်းပွင့်ပုံသဏ္ဍာန်များ ထွက်လာပြီး ၎င်းအသားဖုများမှ လွယ်လွယ်ကူကူနှင့် သွေးထွက်ပြီး ညှီစို့စို့အနံ့ဆိုးထွက်နေပါသည်။

အကယ်၍ လိင်အင်္ဂါကြွက်နို့ (HPV)ရောဂါကို အချိန်မီကုသခြင်းမရှိပါက သို့မဟုတ် သမားရိုးကျ အကျိုးသက်ရောက်မှုရှိသည့် ကုသမှုမျိုးမရှိပါက လျင်မြန်စွာဖြင့် ဖင်ဇနီးမောင်နှံနှင့် မိသားစုဝင်များကိုပင် ကူးစက်ပျံ့နှံ့သွားနိုင်ပါသည်။ အမျိုးသမီးများမှာ ပို၍ ဆိုးရွားစွာဖြင့် ကူးစက်ခံရပြီးနောက် သားအိမ်ကင်ဆာအဖြစ်သို့ ပြောင်းလဲသွားတတ်ပါသည်။ အမျိုးသားများတွင် လိင်တံကင်ဆာ ဖြစ်ပွားတတ်ပါသည်။

၅ မိနစ်မှ ၁၀ မိနစ်ထိ လျင်မြန်စွာဖြင့် လိင်အင်္ဂါကြွက်နို့(HPV) ဗိုင်းရပ်(စ်)ပိုးများကို ဖယ်ရှားပစ်လိုက်နိုင်သည်။ အထူးအကျိုးသက်ရောက်မှုရှိသည့် တိုင်းရင်းဆေးဝါးများနှင့် ပေါင်းစပ်ထားလိုက်ခြင်းဖြင့် ခန္ဓာကိုယ်တွင်ရှိနေသည့် လိင်အင်္ဂါကြွက်နို့(HPV) ဗိုင်းရပ်(စ်) ပိုးများကို ရှင်းလင်းသုတ်သင်ပစ်လိုက်နိုင်ပါသည်။ ရောဂါခုခံနိုင်သည့် ကိုယ်ခံစွမ်းအားကို တိုးမြင့်စေ၍ ရောဂါမှာ ပြန်လည်ထလာခြင်း မရှိတော့ပါ။ အကယ်၍ ၁၀ နှစ်တာကာလအတွင်း၌ ရောဂါပြန်လည်ထလာသောသူများအား အရှေ့တိုင်းဆေးခန်းမှ အခြားမည်သည့်အခကြေးငွေကိုမှ ရယူခြင်းမရှိဘဲ အခမဲ့ပျောက်ကင်းအောင် ကုသပါမည်။

အမျိုးသားရောဂါများ

အမျိုးသားများတွင် ပန်းသေပန်းညှိုးရောဂါဖြစ်ပြီး သုက်လွှတ်မြန်ခြင်း၊ လိင်စွမ်းအားအပျော့အတားဖြစ်ခြင်း၊ အချိန်ကာလ အတော်ကြာ အိမ်ထောင်သက်ရှိပြီးသော်လည်း ကလေးမရခြင်း၊ သုက်ရည်ဂလင်း ရောင်ရမ်းနာ၊ သုက်ရည်ဂလင်းဆူဖြိုးလာခြင်း၊ ကာလသားရောဂါပိုး၊ ဆီးသွားရာတွင် နာကျင်ကိုက်ခဲခြင်း၊ ဆီးသွားရာ၌ ပြည်များ စီးထွက်လာခြင်း၊ ဆီးသွားရာတွင် သွေးထွက်ခြင်း၊ အမျိုးသားလိင်တံတို/သေးငယ်/အရေပြားရှည်နေခြင်း စသည့် ရောဂါများနှင့် အခက်အခဲများကို ကုသဖြေရှင်းပေးသည်။ အထူးအကျိုးသက်ရောက်မှုရှိသည့် တိုင်းရင်းဆေးဝါးများဖြင့် ကုသမှုပေးသောကြောင့် ကုသပြီးလျှင်ပြီးချင်း အကျိုးသက်ရောက်မှုကို မြင်တွေ့ရမှာဖြစ်ပါသည်။

အရိုးရောဂါ

ခေတ်မီတိုးတက်ဆုံးသော အကျိုးသက်ရောက်မှုအရှိဆုံးသော နည်းပညာကို အသုံးပြုပြီး ခါးဆစ်ရိုးအကြော အတက်ထွက်လာခြင်း၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းခြေထောက် ထုံကျဉ်ခြင်း၊ တင်ပါးနာ့ဗ်ကြောကိုက်ခဲခြင်း၊ လည်ဆစ်ရိုးခွက်အကြားအတက်ထွက်ခြင်း၊ ခေါင်းကိုက်လည်ပင်းနာကျင်ခြင်း၊ လက်ထုံကျဉ်ခြင်း၊ ပခုံးကိုက်ခဲခြင်းနှင့် အရိုးအဆစ်နာကျင်ကိုက်ခဲခြင်း၊ လေးဖက်နာ အရိုးအဆစ်နာခြင်း၊ လေးဖက်နာနှင့် အလားတူသည့် ရောဂါစသည်တို့မှာ အလျင်အမြန် အကိုက်အခဲပျောက်ကင်းပါသည်။ ခွဲစိတ်ကုသမှု မလိုအပ်ဘဲ ခါးဆစ်ရိုး၊ လည်ဆစ်ရိုး အတက်ထွက်သည့် ကုသရန်ခက်ခဲသော ရောဂါများကို ကုသနိုင်ပါသည်။

ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ

နာတာရှည်ရောဂါ တစ်မျိုးဖြစ်ပါသည်။ ရောဂါလက္ခဏာမှာ ခေါင်းမူးခြင်း၊ အမြင်အာရုံကျဆင်းခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ ဒေါသထွက်လွယ်ခြင်း၊ ပါးစပ်ခြောက်သွေ့ခြင်း၊ ဆီးများလွန်းခြင်း၊ ပိန်ချုံးသွားခြင်း၊ တစ်ကိုယ်လုံးအား မရှိခြင်း၊ လက်ထုံကျဉ်ပြီး ခြေထောက် ကိုက်ခဲခြင်း သို့မဟုတ် ကြွက်သားများ နာကျင် ကိုက်ခဲခြင်း၊ ဆိုးရွားသည့်အခါ၌ ခြေထောက်အောက်ပိုင်းတွင် မည်းလာခြင်း၊ ခြေထောက်ပြည်တည် အနံ့ထွက်ခြင်း၊ ကျောက်ကပ်စွမ်းအားမှာ ပုံမှန်မဖြစ်ခြင်းနှင့် နှလုံးရောဂါ၊ ဦးနှောက်သွေးထွက်ရောဂါ၊ ကိုယ်တစ်ပိုင်းသေခြင်းစသည့် လက္ခဏာများဖြစ်ကြပါသည်။ မျက်မှောက်ကာလ၌ ဆီးချိုရောဂါ၊ သွေးတိုးရောဂါသည်တို့မှာ နေ့စဉ် ဆေးဝါးသောက်သုံးခြင်းဖြင့် သွေးချို၊ ဆီးချိုနှင့် သွေးတိုးတို့ကို ထိန်းချုပ်ပါသည်။ အချိန်ကာလကြာရှည်စွာ ဆေးဝါးကို အမှီပြုနေခြင်းသည် ကျောက်ကပ်စွမ်းအားနှင့် အသည်းစွမ်းအားကို အတိုင်းထက်အလွန် ထိခိုက်စေခဲ့ပါသည်။ ဘေးထွက်အာနိသင်ကြီးမားပါသည်။ အရှေ့တိုင်းဆေးခန်းရှိ ဆီးချိုရောဂါပညာရှင်မှာ လူတိုင်း၏ ကိုယ်ခန္ဓာအခြေအနေ မတူညီသည့် အခြေအနေ ဦးတည်သည့်သဘောတရားဖြင့် ကုသပါသည်။ ပန်ကရိယ (မုန့်ချိုအိတ်) နှိုးဆွနည်းဖြင့် ဆီးချိုသွေးချိုကုသပေးနေပါသည်။ ၎င်းဆေးများသည် ပန်ကရိယနှိုးဆွပေးပြီး ပုံမှန်အတိုင်း အလုပ်လုပ်စေပါသည်။ ဆီးချိုသွေးချိုကျ၍ ရောဂါပျောက်ကင်းပြီး နောက်ဆက်တွဲရောဂါလည်း မရှိတော့ပါ။ ဆေးစသောက်သည့်ရက်တွင် ချက်ချင်းအကျိုးသက်ရောက်မှုရှိသည်။ ဘေးထွက်ဆိုးကျိုးမရှိပါ။





လာရောက်ကုသသောလူနာများအား
ကြေညာစာစောင်အပါယူခဲ့လျှင် ၃၀ ရာခိုင်နှုန်း လျှော့ပေးမည်။

ပိတ်ရက်မရှိ
ဆေးခန်းဖွင့်ချိန် – နံနက် ၈း၃၀ နာရီမှ ည ၈း၃၀ အထိ

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ Ph : 01 226917, 01 227285

Vol.12, No.36 • NOVEMBER 13 , 2013

# ဗီယက်နမ်အသင်းနှင့် ဆီးဂိမ်းအုပ်စုတွင် တွေ့ဆုံနေသော်လည်း ဖိအားမရှိဟု ကူမာဒါပြော

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၁**

ပြီးခဲ့သည့်အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် ရှုံးနိမ့်ထားသည့် ဗီယက်နမ်အသင်းနှင့် ဆီးဂိမ်းပြိုင်ပွဲတွင် တစ်အုပ်စုတည်းကျရောက်နေသော်လည်း မြန်မာအမျိုးသမီးဘောလုံးအသင်းတွင် ဖိအားရှိနေမည်မဟုတ်ကြောင်း နည်းပြချုပ်ကူမာဒါကပြောသည်။

၂၀၁၃ ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းသည် အုပ်စု (က)တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားအသင်းများနှင့် ကျရောက်လျက်ရှိပြီး အုပ်စု (ခ)တွင် ထိုင်း၊ လာအို၊ မလေးရှား၊ တီမောအသင်းများပါဝင်လျက်ရှိသည်။ အုပ်စုအနေအထားအရ မြန်မာအမျိုးသမီးအသင်းအနေဖြင့် ဒေသတွင်းပြိုင်ဘက်ဗီယက်နမ်အသင်းနှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

“ဗီယက်နမ်၊ ထိုင်း ဘယ်အသင်းနဲ့ပဲဖြစ်ဖြစ် အုပ်စုမှာတွေ့ဆုံနေပေမယ့်လည်း ကိစ္စမရှိပါဘူး။ ဘယ်အသင်းနဲ့ပဲတွေ့တွေ့ ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးရင်ဆိုင်နိုင်ဖို့က အဓိကမဟုတ်ဘူးလား။ ဒါပေမဲ့ ဗီယက်နမ်အသင်းနဲ့ အုပ်စုနောက်ဆုံးပွဲစဉ်မှာ ကစားရမယ့် ပွဲစဉ်ဇယားကိုတော့ ကျေနပ်ပါတယ်။ ပြီးခဲ့တဲ့ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲမှာ ဗီယက်နမ်အသင်းကို ရှုံးထားပေမယ့်မြန်မာအသင်းကို အကောင်းဆုံးပြင်ဆင်နေတာပါ။ ဘာဖိအားမှမရှိပါဘူး”ဟု ကူမာဒါကပြောသည်။

ဆီးဂိမ်းပြိုင်ပွဲ အုပ်စုများအဖြစ် မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၀ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၅ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းအနေဖြင့် ပြီးခဲ့သည့်အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲတွင် ဗီယက်နမ်အသင်းအား (၁-၃) ဂိုးဖြင့် ရှုံးနိမ့်ထားခဲ့ပြီး စတုတ္ထနေရာသာ ရရှိခဲ့သည်။ လာမည့် ဆီးဂိမ်းပြိုင်ပွဲ အုပ်စုအဆင့်တွင်လည်း မြန်မာအမျိုးသမီးအသင်းအနေဖြင့်ဗီယက်နမ်အသင်းကိုကျော်ဖြတ်ပြီး အုပ်စုပထမနေရာရရှိမှသာ အခြားအုပ်စုမှ နာမည်ကြီးထိုင်းအသင်းကို အကြိုဗိုလ်လုပွဲအဆင့်တွင် ရှောင်လွှဲနိုင်မည်ဖြစ်ပြီး ဗိုလ်လုပွဲသို့သွားရာလမ်းကြောင်းမှာ ပိုမိုချောမွေ့နိုင်မည်ဖြစ်သည်။ ပဏာမလက်ရွေးစင်ကစားသမား ၂၅ ဦးပါဝင်သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပြီးခဲ့သည့်အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ တောင်ကြီးမြို့တွင် လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအမျိုးသမီး ဘောလုံးပွဲစဉ်များကို မန္တလေးမြို့ရှိမန္တလာသီရိအားကစားကွင်းတွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ မန္တလေးမြို့တွင် စတင်လေ့ကျင့်လျက်ရှိပြီး နောက်ဆုံးအဆင့်လူစာရင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



*အားကစားပြတိုက်တွင် ပြသထားသည့်ဆုဖလားနှင့် ဆုတံဆိပ်အချို့ကိုတွေ့ရစဉ်* ဓာတ်ပုံ - အား/ကာ

# အားကစားပြတိုက်တွင် ဆုဖလား ဆုတံဆိပ်လေးရာကျော်ပြသမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ ၁၁**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် နိုင်ငံတကာနှင့် ပြည်တွင်းမှ ပရိသတ်များ ကြည့်ရှုလေ့လာနိုင်ရန်နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစားသမားများ၏ ဆုဖလားဆုတံဆိပ် စုစုပေါင်း လေးရာကျော် ပြသထားသည့် အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)ကို ဖွင့်လှစ်ထားကြောင်း သတင်းရရှိသည်။

နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့ရှိ Social Zone တွင် ခင်းကျင်းပြသထားသည့် အဆိုပါအားကစားပြတိုက်တွင် နိုဝင်ဘာ ၁၁ ရက်အထိ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမား အရေအတွက် ၅၀ ကျော်၏ဆုဖလားနှင့် ဆုတံဆိပ်စုစုပေါင်း လေးရာကျော်၊ အမှတ်တရပစ္စည်း ၆၁ ခု၊ မှတ်တမ်းဓာတ်ပုံသုံးရာဝန်းကျင် ပြသထားကြောင်း အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူက ပြောသည်။

“အားကစားပြတိုက်(စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)ကို ပြီးခဲ့တဲ့ အောက်တိုဘာ ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့တာပါ။ နိုင်ငံ့ဂုဏ်ဆောင်မြန်မာအားကစားသမားတွေအနေနဲ့လည်း လာရောက်လှူဒါန်းနိုင်ဖို့ ဆက်လက်ဖိတ်ခေါ်ထားပါတယ်”ဟု တာဝန်ရှိသူက ပြောသည်။

ပြီးခဲ့သည့် ဧပြီလ ၅ ရက်က ရန်ကုန်မြို့၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင်ပြုလုပ်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား တွေ့ဆုံဂုဏ်ပြုပွဲ၌ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဆုတံဆိပ်များလှူဒါန်းကြရန် မေတ္တာရပ်ခံခဲ့ရာ ယင်းနေ့တစ်ရက်တည်းတွင် အားကစားသမား ၃၅ ဦးက ဆုဖလား၊ ဆုတံဆိပ် ၁၀၈ ခုနှင့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းခဲ့ကြသည်။

အဆိုပါအားကစားပြတိုက်ကို ဆီးဂိမ်းပြိုင်ပွဲကျင်းပနေစဉ်ကာလတွင်လည်း နိုင်ငံတကာနှင့် ပြည်တွင်းမှ ဧည့်သည်များနှင့် ပရိသတ်များကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ကြည့်ရှုလေ့လာနိုင်ကြောင်း အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အားကစားပြတိုက်အတွက် ဆုတံဆိပ်များဆက်လက်လှူဒါန်းလိုသူများအနေဖြင့် နေပြည်တော်နှင့် ရန်ကုန်ရှိအားကစားဝန်ကြီးဌာန(လူထုအားကစားနှင့် ပညာပေးဌာနခွဲ)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။




CASIO
PRO TREK
PRW-3000
Feel the field
TRIPLE SENSOR, Ver.3
Takes faster, longer, and more accurate readings
Altimeter
Measuring unit : 1m (5ft)
Altitude tendency display
Altitude (m)
Digital compass
Measures and displays direction as one of 16 points
60 seconds continuous measurement
West
Directions
Direction angles : 0° to 359°
South
North
East
Barometer / Thermometer
Atmospheric pressure tendency display
Atmospheric pressure tendency information
Atmospheric pressure (hPa)
Temperature (°C)
Atmospheric pressure differential graphic
[ Large direct buttons ]
THE RADIO-CONTROLLED SOLAR PRO TREK PRW-3000
WAVE CEPTOR
RADIO CONTROLLED
MULTI BAND 6
MULTIBAND6 reception of six time calibration signals : Japan (2), United States, Germany, England, China
TOUGH SOLAR
SOLAR POWERED
Tough Solar ensures stable operation even when using power-hungry functions.
* Approximate battery operating time : 7 months
100-meter water resistance
• Barometric preasure tendency alarm
• Displays sunrise and sunset times
• Full auto LED backlight • Soft urethane band
www.casio-watches.com
CASIO COMPUTER CO., LTD. Tokyo, Japan
Available at:
CHERRY OO
NAING Family Co.,Ltd.
Domestic Marketing Distributor For MYANMAR
PHONE : (09)73150210 , (09)31257499 , (09)31248534 , (09)73145658 , (09)425278632 , (09)31247190 , 381751 , 242452 , (02)72992 , (09)43104314 .

7DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013



CHRISTOPHE KARABA/ EPA

# ပေါ်တူဂီနဲ့ မက္ကဆီကိုအတွက် အနိုင်သေချာနေတယ်

## ကမ္ဘာ့ဖလား ခြေစစ်ပွဲ Play-Offs ပ-အကျော့ ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

### ဂရိ – ရိုမေးနီးယား

| နောက်ဆုံးတွေ့ဆုံမှု |
|---|
| ဂရိ ၁–၃ ရိုမေးနီးယား |

ဂရိအသင်းရဲ့ ကစားပုံကောင်းမွန်ပြီး အထူးသဖြင့် ခံစစ်ပိုင်းကလုံခြုံလှတာတွေ့ရပါတယ်။ ရိုမေးနီးယားက ခြေမငြိမ်တဲ့အသင်းဖြစ်ပေမယ့် ခံစစ်ပိုင်းကတော့ မဆိုးဘူးလို့ဆိုရမယ်။ အိမ်ကွင်းဖြစ်နေလို့ ဂရိ အနိုင်ရနိုင်ခြေရှိပေမယ့် ဂိုးမပြတ်နိုင်ဘူး။ ဂိုးနည်းပါလိမ့်မယ်။

### ယူကရိန်း – ပြင်သစ်

| နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု |
|---|
| ယူကရိန်း ၀–၂ ပြင်သစ် |
| ယူကရိန်း ၁–၄ ပြင်သစ် |
| ယူကရိန်း ၂–၂ ပြင်သစ် |

ပြင်သစ်အသင်းအတွက် ယူကရိန်းအိမ်ကွင်းမှာ ရင်ဆိုင်ရတာဟာ တကယ့်ကို ခက်ခဲလှတဲ့ပွဲစဉ်ပါပဲ။ အစဉ်အလာအရ ပြင်သစ်က အသာစီးရထားပေမယ့် ဒီပွဲတော့ မလွယ်လှဘူး။ သရေကျဖို့များပါတယ်။

### အိုက်စလန် – ခရိုအေးရှား

| နောက်ဆုံးတွေ့ဆုံမှု |
|---|
| မရှိ |

အိုက်စလန်အသင်းရဲ့ ခြေစွမ်းက ခရိုအေးရှားကို ကောင်းကောင်း ယှဉ်နိုင်တယ်။ ခရိုအေးရှား ခြေမဆိုးပေမယ့် တချို့ပွဲတွေမှာ ဂိုးရဖို့ ရုန်းကန်နေရတာ တွေ့ရပါတယ်။ ခရိုအေးရှားဘက် ခံစစ်ပိုင်းလည်း သိပ်ကောင်းလှတာမဟုတ်ဘူး။ သရေကျဖို့များတဲ့ပွဲတစ်ပွဲ ဖြစ်ပါတယ်။

### ဂျော်ဒန် – ဥရုဂွေး

| နောက်ဆုံးတွေ့ဆုံမှု |
|---|
| မရှိ |

ဥရုဂွေးရဲ့ ခြေစွမ်းကို ဂျော်ဒန်မီဖို့မလွယ်သေးဘူး။ အထူးသဖြင့် တိုက်စစ်ကောင်းလှတဲ့ ဥရုဂွေးကို မိနစ် ၉၀ စလုံး ဂျော်ဒန် ယှဉ်ကစားဖို့ သိပ်မလွယ်ပါဘူး။ ဥရုဂွေးအသင်း တိုက်စစ်ကောင်းပေမယ့် ခံစစ်အားနည်းတယ်။ ဥရုဂွေး အနိုင်ရနိုင်ပေမယ့် ဂိုးပြန်ပေးရနိုင်တယ်။

### မက္ကဆီကို – နယူးဇီလန်

| နောက်ဆုံး(၂)ကြိမ်တွေ့ဆုံမှု |
|---|
| မက္ကဆီကို ၃–၀ နယူးဇီလန် |
| မက္ကဆီကို ၂–၀ နယူးဇီလန် |

မက္ကဆီကိုရဲ့ ကစားပုံကို နယူးဇီလန် ယှဉ်နိုင်တဲ့အဆင့် မရှိသေးပါဘူး။ တွေ့ဆုံမှုမှာလည်း မက္ကဆီကိုက အသာရထားတာ တွေ့ရတယ်။ အိမ်ရှင်လည်း ဖြစ်နေတဲ့အတွက် မက္ကဆီကိုဘက်က အနိုင်သေချာပြီး ဂိုးလည်း ပြတ်နိုင်တယ်။

## BIG MATCH



REUTERS

### ပေါ်တူဂီ – ဆွီဒင်

| နောက်ဆုံး(၂)ကြိမ်တွေ့ဆုံမှု |
|---|
| ပေါ်တူဂီ ၀–၀ ဆွီဒင် |
| ဆွီဒင် ၀–၀ ပေါ်တူဂီ |

ပေါ်တူဂီအတွက်ရော၊ ဆွီဒင်အတွက်ပါ အရေးကြီးလှတဲ့ပွဲစဉ်ပါ။ နှစ်သင်းစလုံး ခြေစွမ်း မာကျောတဲ့အခြေအနေရှိတာတွေ့ရတယ်။ ဆွီဒင်အသင်းရဲ့ တိုက်စစ်က ပေါ်တူဂီအသင်းထက်ပိုပြီး ကောင်းမွန်နေတာ တွေ့ရပါတယ်။ ပေါ်တူဂီဟာ အိမ်ရှင်ဖြစ်ပေမယ့် ဒီပွဲမှာ ဆွီဒင်ဘက်ကို ဂိုးတော့ ပေးရဦးမှာပါ။ ပ-အကျော့ကစားရတဲ့ပွဲကို ပေါ်တူဂီ အနိုင်ကစားပါလိမ့်မယ်။ ဂိုးများနိုင်တဲ့ပွဲပါ။



# တိုင်ပေအာဏာရပါတီအစည်းအဝေးကျင်းပစဉ် ဆန္ဒပြသူများက ရဲတပ်ဖွဲ့ဝင်များကို ဖိနပ်များဖြင့် ပစ်ပေါက်

**တိုင်ပေ၊ နိုဝင်ဘာ-၁၀**

အစိုးရအပေါ် ပြည်သူလူထု၏ မကျေနပ်မှုများရှိနေစဉ် စည်းလုံးညီညွတ်ရေး တိုက်တွန်းရန် တရုတ်တိုင်ပေ၏ အာဏာရကူမင်တန်ပါတီ အစည်းအဝေး ကျင်းပစဉ် နိုဝင်ဘာ ၁၀ ရက်တွင် ဆန္ဒပြသူများက အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များကို ဖိနပ်များဖြင့် ပစ်ပေါက်ခဲ့ကြသည်။

အတိုက်အခံ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေး ပါတီကို ထောက်ခံသူများ၊ အမှီအခိုကင်းသော တက်ကြွလှုပ်ရှားသူများနှင့် စက်ရုံများ ပိတ်လိုက်သဖြင့် အလုပ်လက်မဲ့ဖြစ်နေသူအချို့ပါဝင်သော ဆန္ဒပြသူများက ကူမင်တန်ပါတီဥက္ကဋ္ဌ သမ္မတ မာရင်ကျိုးကို ဒေါသထွက်နေကြသည်။

“မာရင်ကျိုးရာထူးကဆင်းပေး” ဟု ဆန္ဒပြသူများက အော်ဟစ်တောင်းဆိုခဲ့ကြပြီး အတားအဆီးများနောက်မှ အဓိကရုဏ်း နှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များကို ဖိနပ်များဖြင့် ပစ်ပေါက်ခဲ့ကြသည်။ ကူမင်တန်ပါတီအစည်းအဝေးကျင်းပရာ တိုင်ချုံမြို့လယ်ရှိ အားကစားရုံတစ်ခု၏ အပြင်ဘက်တွင် အတားအဆီးကို ကျော်တက်ရန်ကြိုးစားသည့် ဆန္ဒပြသူတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ယင်းအားကစားရုံအတွင်း ကူမင်တန်ပါတီ၏ အစည်းအဝေးကျင်းပရာ၌ ကူမင်တန်ပါတီ ဆက်လက်အုပ်ချုပ်နေမှုကသာ တိုင်ပေကို လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိစေနိုင်ပြီး ပြည်သူများအတွက် အကျိုးအမြတ်အများစု ပေးနိုင်မည်ဖြစ်ကြောင်း၊ သို့သော် ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိနိုင်ရန် ကိုယ်စားလှယ်များ၏ စည်းလုံးမှုနှင့် အကူအညီကို လိုအပ်ကြောင်း မစ္စတာမာရင်ကျိုးက ပါတီကိုယ်စားလှယ်များအား ပြောကြားခဲ့သည်။

ကူမင်တန်ပါတီ၏ ဒုတိယအာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်ပြီး ပါလီမန်ဥက္ကဋ္ဌ ဝမ်ကျင်းပင်ကို ရာထူးမှ ထုတ်ပယ်ခြင်းအတွက် ပါတီညီညွတ်မှု ပြိုကွဲနိုင်သည်ဟူသော စိုးရိမ်မှုများပေါ် ထွက်လာခဲ့သည်။

မစ္စတာ ဝမ်ကျင်းပင်သည် လွှတ်တော်ကို ဦးဆောင်ရန် အရည်အချင်းမမီကြောင်းနှင့် တရားရုံး၏ ဆုံးဖြတ်ချက်ကြောင့် ၎င်း၏ ရာထူးတည်မြဲနေခြင်းဖြစ်သည်ဟု မစ္စတာ မာရင်ကျိုးက ပြောကြားထားသည်။

နိုဝင်ဘာ ၁၀ ရက် ကူမင်တန်ပါတီအစည်းအဝေးသို့ ဝမ်ကျင်းပင်လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ မစ္စတာမာရင်ကျိုးမှာ ၂၀၀၈ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရကာ သမ္မတဖြစ်လာခဲ့သူဖြစ်သည်။ —*Ref: AFP*



FABRIZIO BENSCH/REUTERS

*တိုင်ပေ၊ တိုင်ချုံးဒေသ အာဏာရ ကူမင်တန်ပါတီအမျိုးသားကွန်ဂရက်ပြင်ပတွင် ကန့်ကွက်ဆန္ဒပြသူများ၏ ဖိနပ်များစုပုံ၍ "မဲပေးရန် ဖိနပ်များအသုံးပြုပါ" ဟူသောစာတန်းများကပ်ထားသည်ကို နိုဝင်ဘာ ၁၀ ရက်က တွေ့ရစဉ်*

# အင်္ဂလိပ်စာကျွမ်းကျင်မှု စစ်တမ်းတွင် ထိုင်းနိုင်ငံနောက်ဆုံးအဆင့်နီးပါးရှိ

**စင်ကာပူ၊နိုဝင်ဘာ-၁၀**

ထိုင်းနိုင်ငံသည် ကမ္ဘာတစ်ဝန်း အင်္ဂလိပ်စာကျွမ်းကျင်မှု စစ်တမ်းတွင် နောက်ဆုံးအဆင့်နီးပါး ရောက်ရှိနေသည်။

အင်္ဂလိပ်ဘာသာစကားသည် မိခင်ဘာသာစကားမဟုတ်သော နိုင်ငံပေါင်း ၆၀ အနက် ထိုင်းနိုင်ငံသည် အင်္ဂလိပ်စာကျွမ်းကျင်မှုပိုင်းတွင် အဆင့် ၅၅ နေရာ ရရှိခဲ့သည်။ အာရှဒေသတွင် အင်္ဂလိပ်စာ ကျွမ်းကျင်မှုတွင် ရမှတ်ပေါင်း ၅၈ ဒသမ ၉၉ ဖြင့် မလေးရှားနိုင်ငံက အဆင့် ၁ ဖြစ်နေပြီး မလေးရှားနောက်တွင် စင်ကာပူ၊ အိန္ဒိယ၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ ဂျပန်၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ တိုင်ပေနှင့် တရုတ်နိုင်ငံတို့က အမှတ်ပေါင်း ၅၀ ဖြင့် လိုက်ပါလာခဲ့သည်။ သို့ရာတွင် ထိုင်းနိုင်ငံ၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှုမှာ ၄၄ ဒသမ ၄၄ မှတ်သာ ရှိခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း ၆၀ အပေါ် လေ့လာသည့် အင်္ဂလိပ်စာကျွမ်းကျင်မှုစစ်တမ်းတွင် ထိုင်းနိုင်ငံသည် အဆင့် ၅၅ နေရာ ရရှိပြီး ၎င်းနောက်တွင် ပနားမား၊ ကာဇက်စတန်၊ အယ်လ်ဂျီးရီးယား၊ ဆော်ဒီအာရေးဗီးယားနှင့် အီရတ်နိုင်ငံတို့ အသီးသီးလိုက်ပါလာကြောင်း English First (EF) နိုင်ငံတကာ ပညာရေးကုမ္ပဏီ၏ အင်္ဂလိပ်စာကျွမ်းကျင်မှု ညွှန်းကိန်းတွင် ဖော်ပြသည်။

ဆွစ်ဇာလန်နိုင်ငံအခြေစိုက် EF ပညာရေးကုမ္ပဏီသည် မိခင်ဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကားမဟုတ်သည့် ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှုစစ်တမ်းကောက်ယူခဲ့သည်။

အင်္ဂလိပ်စာ အရည်အသွေးညံ့ဖျင်းမှုသည် ကမ္ဘာတစ်ဝန်း အလုပ်သမားအင်အားအတွက် လိုအပ်သော အင်္ဂလိပ်စကားပြောသူများ နည်းပါးနေကြောင်း ပြသနေသည်။ ထိုင်းနိုင်ငံ၏ အင်္ဂလိပ်စာကျွမ်းကျင်မှုအဆင့် နိမ့်ပါးခြင်းသည် ထိုင်းစီးပွားရေး၏ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းချက်တစ်ခုကို ဖော်ပြနေသည်ဟု ထိုင်းသတင်းဌာနတစ်ခုက ဖော်ပြသည်။ အင်္ဂလိပ်စာကောင်းမွန်လျှင် မိမိနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတကာ ဆက်သွယ်ရေးများကို များစွာအထောက်အကူပြုသည်ဟု EF ကုမ္ပဏီအကြီးအကဲတစ်ဦးက ပြောကြားသည်။

—*Ref: ANN*



7DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

# ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားများတွင် ဆယ်ကျော်သက်များအတွက် သေနတ်ပစ်အကြမ်းဖက်ခန်းများ ပိုများလာ

**နယူးယောက်၊ နိုဝင်ဘာ-၁၁**

အသက်(၁၃)နှစ်နှင့်အထက်ဆယ်ကျော်သက်များအတွက် ရုပ်ရှင်ဇာတ်ကားများတွင် သေနတ်ပစ်အကြမ်းဖက်ခန်းများ ပါဝင်မှုကို လက်ခံခဲ့သည့် ၁၉၈၅ ခုနှစ်မှစ၍ အမေရိကန်ရုပ်ရှင်ဇာတ်ကားများ၌သေနတ်ပစ်အကြမ်းဖက်ခန်းပါဝင်မှု သုံးဆမြင့်တက်လာကြောင်း လေ့လာမှုတစ်ရပ်က ဖော်ပြသည်။

လူကြီးများအတွက်ဟု ၂၀၁၂ ခုနှစ်က သတ်မှတ်သည့်(R)အဆင့်ရှိ ရုပ်ရှင်ဇာတ်ကားများတွင် အကြမ်းဖက်ပါဝင်မှုထက် (PG-13) အဆင့်ရှိ ခေတ်ပေါ် ရုပ်ရှင်ကားများ၌ အကြမ်းဖက်တိုက်ခိုက်မှုပါဝင်ခြင်းပိုများကြောင်းအမေရိကန်နှင့် နယ်သာလန်တက္ကသိုလ် သုတေသီများက အမေရိကန်ဂျာနယ် (Pediatrics)တွင် ၎င်းတို့၏လေ့လာမှုရလဒ်များကို ဖော်ပြလိုက်သည်။

စိတ်ကူးယဉ်ရုပ်ရှင်ဇာတ်ကားများတွင်ပါဝင်သော အကြမ်းဖက်ခန်းများက လူငယ်များအပေါ် လက်တွေ့ဘဝတွင် အကျိုးသက်ရောက်မှုရှိနိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများကို ယင်းလေ့လာချက်က ပြသနေကြောင်းနှင့် အကြမ်းဖက်ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုခြင်းသည် ရန်လိုစိတ်တိုးပွားစေကြောင်း သုတေသီများကပြောကြားသည်။

ယင်းလေ့လာမှုရလဒ်ကို စာသင်ကျောင်းများ၊ အများပြည်သူနေရာများတွင် အကြမ်းဖက်မှုများပြားလာခြင်းနှင့် တိုက်ရိုက်ဆက်နွှယ်သည်ဟု ကောက်ချက်မချသော်လည်း ယင်းအကြမ်းဖက်မှုများ ဖြစ်ပွားခြင်းမှာ ရုပ်ရှင်များတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုများလာခြင်းနှင့် တိုက်ဆိုင်နေသည်။

ယင်းလေ့လာမှုကိုသုတေသီများက နှစ်စဉ်ထိပ်တန်းရုပ်ရှင်ဇာတ်ကား ၃၀ အနက်မှ ၁၉၅၀ ပြည့်နှစ်မှ ၂၀၁၂ အတွင်း ထွက်ရှိခဲ့သော ဇာတ်ကားပေါင်း ၉၄၅ ကားရွေးချယ်ကာ အကြမ်းဖက်တိုက်ခိုက်မှုများကို ကြည့်ရှုလေ့လာခဲ့ခြင်းဖြစ်သည်။

၁၉၅၀ ပြည့်နှစ်မှစ၍ ရုပ်ရှင်ဇာတ်ကားများအားလုံးတွင် အကြမ်းဖက်တိုက်ခိုက်မှုပါဝင်မှု နှစ်ဆကျော်တိုးလာကြောင်း သုတေသီများ လေ့လာတွေ့ရှိခဲ့သည်။ သုတေသီများ၏ သိပ္ပံဆိုင်ရာလေ့လာမှုပေါင်း ၅၀ ကျော်ပြုလုပ်ခဲ့ရာ သေနတ်တစ်လက်ရှိနေခြင်းက လူကိုပို၍ရန်လိုစေကြောင်း လေ့လာသိရှိခဲ့သည်ဟု သုတေသီများက ပြောသည်။

—*Ref: AFP*

# ကိုလံဘီယာမူးယစ်ဘုရင် ပလန်စီယာဂွန်ဇာလက်စ် စပိန်နိုင်ငံတွင်ဖမ်းမိ

**မက်ဒရစ်၊ နိုဝင်ဘာ-၁၀**

ကိုလံဘီယာနိုင်ငံ၏ အကြမ်းဖက်ဆုံး မူးယစ်ဆေးဝါးဂိုဏ်းများအနက်ဂိုဏ်းတစ်ဂိုဏ်းအဖြစ်နာမည်ဆိုးဖြင့် ကျော်ကြားသော ခေါင်းဆောင်ပလန်စီယာဂွန်ဇာလက်စ်ကို စပိန်နိုင်ငံတွင် ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ကိုလံဘီယာနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို သတ်ဖြတ်ခြင်းအပါအဝင် ရာဇဝတ်မှုများစွာအတွက် ဥရာဘန်နို့စ်ဂိုဏ်းခေါင်းဆောင် စီပရီယမ်မန်နူရယ်ပလန်စီယာဂွန်ဇာလက်စ်အား ရဲတပ်ဖွဲ့က အလိုရှိနေသည်။

၎င်းသည် စပိန်နိုင်ငံသို့ မူးယစ်ဆေးတင်ပို့ရန် လမ်းကြောင်းသစ်များ စီစဉ်နေစဉ် နိုဝင်ဘာ ၈ ရက်တွင် မက်ဒရစ်မြို့၌ ဖမ်းဆီးမိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဂွန်ဇာလက်စ်(၃၄)နှစ်သည် ကိုလံဘီယာတွင် ထောင်ကျနေစဉ် ၂၀၀၉ ခုနှစ်အတွင်း ထောင်ဖောက်ထွက်ပြေးခဲ့ပြီး ယခုနှစ်စောစောပိုင်းက ရဲတပ်ဖွဲ့စီးနင်းမှုတစ်ခုအတွင်း ဒဏ်ရာရရှိခဲ့သည်။

ယင်းစီးနင်းမှုအတွင်းဥရာဘန်နို့စ်ဂိုဏ်းသား ခြောက်ဦးဖမ်းမိခဲ့ပြီး ရဲတပ်ဖွဲ့ရဲမှူးတစ်ဦး သေဆုံးခဲ့ရသည်။ ယင်းနောက်တွင် မစ္စတာဂွန်ဇာလက်စ်သည် ရဲတပ်ဖွဲ့ဝင်များကို ထပ်မံသတ်ဖြတ်ရန် ကြံစည်ခဲ့ကြောင်း ရဲတပ်ဖွဲ့က စွပ်စွဲခဲ့သည်။ —*Ref: BBC*

နောက်ကျောဖုံး မှ

# စီးပွားရေးစစ်ပွဲအတွင်း စတိုးဆိုင်ပိုင်ရှင် သူဌေးများနှင့် ပစ္စည်းလုသူများကို ဗင်နီဇွဲလား ဖမ်းဆီး

စီးပွားရေးလုပ်ငန်းများ၏ အမြတ်နယ်ပယ်ကို တရားဝင်ကန့်သတ်ရန် ယခုသီတင်းပတ်တွင် လွှတ်တော်က ၎င်းကို အပ်နှင်းမည်ဟု မျှော်လင့်ရသော အမိန့်အာဏာများကို အသုံးပြုသွားမည်ဟု မာဒူရိုကပြောသည်။

သို့သော်နိုင်ငံအပေါ် လွှမ်းကဲသော ထိန်းချုပ်မှုများ၊ ပုဂ္ဂလိကကဏ္ဍများကို ဖိနှိပ်မှုများ၊ အကျင့်ပျက်ခြစားမှု၊ နိုင်ငံပိုင်ပြုလုပ်ရန် ပျက်ကွက်ခြင်းနှင့် ကုန်တင်သွင်းသူများအတွက် နိုင်ငံခြားငွေကြေးမရှိခြင်းများအတွက် အစိုးရသည် မိမိကိုယ်ကိုယ်သာ အပြစ်တင်ရမည်ဟုဝေဖန်သူများကပြောသည်။

"မာဒူရိုဟာ ကျူးဘားအစိုးရရဲ့ ကျရှုံးတဲ့ ရုပ်သေးရုပ်တစ်ရုပ်ပဲ ဆိုတာ တစ်နေ့ထက်တစ်နေ့ပိုရှင်းလာတယ်။ သူပါးစပ်ဟလိုက်တဲ့အကြိမ်တိုင်း အလုပ်အကိုင်ဖန်တီးပေမယ့် ရင်းနှီးမြှုပ်နှံမှုတွေကို သူကခြောက်လှန့်နေပြီးပြဿနာကို ပိုမိုဆိုးရွားစေတယ်"ဟု ပြီးခဲ့သည့် ရွေးကောက်ပွဲအတွင်း မာဒူရိုကို မဲအနည်းငယ်ဖြင့် ကပ်ရှုံးခဲ့သည့် အတိုက်အခံခေါင်းဆောင် ဟန်နရစ်ကားပရီလက်ဖ်က ဒေါသတကြီး ပြောကြားသည်။ ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပမည့်နိုင်ငံတစ်ဝန်းရွေးကောက်ပွဲ၌ မာဒူရို၏မြို့တော်ဝန်လောင်းများကို အပြစ်ပေးကြရန် ကားပရီလက်ဖ်နှင့်အခြားသောအတိုက်အခံများက ဗင်နီဇွဲလားနိုင်ငံသားများအား တိုက်တွန်းထားသည်။ —*Ref: Reuters*



# အမေရိကန်နှင့် ဂျာမနီထောက်လှမ်းရေး စည်းကမ်းသစ်များအကြောင်းဆွေးနွေး

**ဝါရှင်တန်၊ နိုဝင်ဘာ-၉**

အမေရိကန်အမျိုးသားထောက်လှမ်းရေးအေဂျင်စီ (NSA) က ဂျာမနီအဓိပတိ မစ္စစ်အန်ဂျလာမာကယ်လ်၏ မိုဘိုင်းဖုန်းကိုကြားဖြတ် နားထောင်နေခဲ့ကြောင်း ဖော်ထုတ်မှုများရှိပြီးနောက် ဝါရှင်တန်နှင့် ဘာလင်သည် ၎င်းတို့၏ ထောက်လှမ်းရေးအေဂျင်စီများကြား ဆက်ဆံမှုများတွင် လိုက်နာရမည့် စည်းကမ်းချက်အသစ်များအကြောင်း ဆွေးနွေးနေကြကြောင်း ဥရောပနှင့် ကန်အရာရှိများက ပြောကြားသည်။


FABRIZIO BENSCH/REUTERS
*အမေရိကန်အမျိုးသားထောက်လှမ်းရေး အေဂျင်စီက အသုံးပြုခဲ့သော နားထောင်ရေးစခန်းမှ လိုင်ဖမ်းကိရိယာအင်တီနာကိုများကို ဘာလင်မြို့ Devil 's Mountain ၌ နိုဝင်ဘာ ၅ ရက်က တွေ့ရစဉ်*

ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း ဂျာမနီထောက်လှမ်းရေးအကြီးအကဲများသည် အိုဘားမားအစိုးရနှင့် ကန်ထောက်လှမ်းရေးအကြီးအကဲများနှင့်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မှု မည်သို့ပြန်လည်ပုံဖော်မည်ကို ဆွေးနွေးခဲ့သည်။

ကန်ထောက်လှမ်းရေးအေဂျင်စီများသည် ဂျာမနီနိုင်ငံမှ စက်မှုလုပ်ငန်း(သို့)စီးပွားရေးလုပ်ငန်းများအပေါ် ပစ်မှတ်ထား၍ ထောက်လှမ်းခြင်းမပြုလုပ်ရေး ကတိကဝတ်ပြုရန် စိတ်အားထက်သန်မှုရှိကြောင်း အမေရိကန်သူလျှိုအစီအစဉ်များနှင့် အကျွမ်းတဝင်ရှိသော ကန်အရာရှိများက ပြောသည်။ မစ္စစ်မာကယ်လ်ကိုယ်တိုင်မှာမူ ဟန်းဖုန်းနှင့် ဆက်သွယ်ခြင်းမှာ မလုံခြုံသောနည်းမှန်း အသိအမှတ်ပြုခဲ့၍ ၎င်း၏ဆက်သွယ်ပြောဆိုမှုများကို သတိထားခဲ့ပြီး ယခုသတင်းများ ထွက်ပေါ်လာမှုအပေါ် စိတ်သောကရောက်မှု အလွန်အကျွံမရှိဟု ဥရောပအရာရှိတစ်ဦးက ပြောသည်။

ယခုအခါ အမေရိကန်နှင့် ဂျာမနီအရာရှိများသည် နှစ်နိုင်ငံကြား နေ့စဉ်ထိတွေ့ဆက်ဆံမှုများနှင့်ပတ်သက်၍ သဘောတူညီချက်များရရှိရန် ကြိုးစားနေကြသည်ဟု ဥရောပအရာရှိတစ်ဦးက ပြောကြားသည်။—*Ref: Reuters*

# ကျူးဘားနိုင်ငံအပေါ် ပိတ်ပင်ထားသည့်မူဝါဒ ပြန်လည်သုံးသပ်သင့်ဟု အိုဘားမားပြော

**မီယာမီ၊ နိုဝင်ဘာ-၉**

ကျူးဘားနိုင်ငံအပေါ် နှစ်ပေါင်းငါးဆယ်ကျော် ပိတ်ဆို့တားဆီးမှုများ ချမှတ်ထားသော အမေရိကန်နိုင်ငံ၏ မူဝါဒကိုပြန်လည်သုံးသပ်ချိန်တန်ပြီဖြစ်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

"ကျွန်တော်တို့ဟာ တီထွင်ဆန်းသစ်မှုရှိပြီး စိတ်ကူးနယ်ပယ်ချဲ့ထွင်နိုင်ရပါမယ်။ ကျွန်တော်တို့ရဲ့မူဝါဒတွေကိုခေတ်နဲ့လိုက်လျောညီထွေ အဆင့်မြှင့်ရပါမယ်" ဟု အိုဘားမားကပြောသည်။

"ကတ်စထရိုအာဏာရလာတဲ့အချိန်မှာ ကျွန်တော်မွေးကင်းစလေးပဲရှိသေးတယ်ဆိုတာ သတိရကြပါ။ ဆိုတော့ကာ ၁၉၆၁ ခုနှစ်မှာ ကျွန်တော်တို့ ချမှတ်ခဲ့တဲ့ မူဝါဒတွေဟာ အင်တာနက်၊ ဂူးဂဲလ်နဲ့ ကမ္ဘာ့ခရီးသွားလာမှု လွယ်ကူနေတဲ့အချိန်မှာ ထိရောက်မှုရှိဦးမယ်ဆိုတာ အဓိပ္ပာယ်မရှိတော့ဘူး"ဟု အိုဘားမားကပြောသည်။

—*Ref: Reuters*



7 DAY NEWS JOURNAL

# International

Vol.12, No.36 • NOVEMBER 13 , 2013



FABRIZIO BENSCH/REUTERS

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဟိုင်ယန်မုန်တိုင်းဒဏ်ခံ တက်ခ်လိုဘန်မြို့ရှိ ကတိုက်ကရိုက်တည်ဆောက်ထားသော ဆေးခန်းတွင် မီးဖွားပြီးနောက် အမှိုက်သရိုက်များကြား မောပန်းနေသည့် အသက်(၂၁)နှစ်အရွယ်မိခင် အမ်မီလီစက်ဂါလစ်အား နိုဝင်ဘာ ၁၁ ရက်က တွေ့ရစဉ်

## ဖိလစ်ပိုင်တိုင်ဖွန်းမုန်တိုင်း အပျက်အစီးများကြားမှ မိခင်ငယ်တစ်ဦး ရင်သွေးမွေးဖွား

**မနီလာ၊ နိုဝင်ဘာ-၁၁**

ဖိလစ်ပိုင်ဟိုင်ယန်မုန်တိုင်းဒဏ်သင့်ခဲ့သောကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် နိုဝင်ဘာ ၁၁ ရက် နံနက်အစောပိုင်းတွင် မုန်တိုင်းဒဏ်ကြောင့်ပျက်စီးနေသည့်လေဆိပ်အဆောက်အအုံတစ်ခု၌ သမီးမိန်းကလေးတစ်ဦးကိုအောင်မြင်စွာမွေးဖွားခဲ့သည်။

ဆန်ဟိုဆေးကမ်းရိုးတန်းမြို့ရှိ အသက်(၂၁)နှစ်အရွယ် အမ်မီလီစက်ဂါလစ်အမည်ရ ကိုယ်ဝန်ဆောင်အမျိုးသမီး၏နေအိမ်မှာ ကြီးမားသောလှိုင်းလုံးနှင့်အတူပါသွားခဲ့ပြီး မိသားစုဝင်များအားလုံးရေထဲသို့ မျောပါသွားခဲ့သည်။ ယင်းအမျိုးသမီး၏ မိခင်ဖြစ်သူမှာ ပျောက်ဆုံးဆဲဖြစ်သည်ဟု သိရသည်။ အမ်မီလီစက်ဂါလစ်နှင့် ခင်ပွန်းဖြစ်သူ ဂျိုဘတ်သည် အသက်ရှင်လျက် ရေထဲ၌ ပြန်လည်ဆုံစည်းခဲ့ကြသည်။

၎င်းတို့စုံတွဲသည် အသက်ရှင်ကျန်ရစ်သော အိမ်နီးချင်းအချို့နှင့်အတူ စာသင်ကျောင်းတစ်ကျောင်းအတွင်း ခိုလှုံနေခဲ့ကြသည်။ အမ်မီလီစက်ဂါလစ် ဗိုက်နာလာသောကြောင့် ဆေးဝါးပစ္စည်းနှင့် အကူအညီရရှိနိုင်မည့်မြို့တွင်းလေဆိပ်သို့ ကြိုးစား၍သွားခဲ့ကြသည်ဟု ခင်ပွန်းဖြစ်သူကပြောကြားသည်။

အမ်မီလီစက်ဂါလစ်သည် ၎င်းတို့၏သမီးဦးလေးကို စစ်ဆရာဝန်တစ်ဦး၏အကူအညီဖြင့် အောင်မြင်စွာမွေးဖွားနိုင်ခဲ့သည်။

အုံသြဖွယ်ကလေးငယ်၏ မိမွေးဖွားလာသည့်ကလေးငယ်မှာလည်း ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် မိခင်ဖြစ်သူ အမ်မီလီမှာလည်း သက်သာလာပြီဟု သိရသည်။

သို့ရာတွင် မိခင်နှင့်ကလေးအတွက် ဆေးဝါးအလုံအလောက်မရှိသောကြောင့်ရောဂါပိုးကူးစက်ခံရနိုင်သည့်အန္တရာယ်ကို စိုးရိမ်မိသည်ဟုသားဖွားဆရာဝန်ကပြောကြားသည်။

ခင်ဖြစ်သူ အမ်မီလီက မုန်တိုင်းကြောင့် သေဆုံးသွားခဲ့သည့် မိခင်ဖြစ်သူအတွက် ဝမ်းနည်းကြောင်း၊ အသက်ရှင်လျက် မွေးဖွားလာသောသမီးဖြစ်သူအတွက်ဝမ်းသာကြောင်းနှင့်၎င်း၏သမီးကိုပျောက်ဆုံးနေသည့် မိခင်အား ဂုဏ်ပြုသောအားဖြင့် ဘီဗျိုင်းဟု အမည်မှည့်ခေါ်မည်ဖြစ်ကြောင်း ကလေးမိခင်က မီးဖွားပြီး မကြာမီ ပြောကြားခဲ့သည်။

—*Ref: AFP*

## စီးပွားရေးစစ်ပွဲအတွင်း စတိုးဆိုင်ပိုင်ရှင် သူဌေးများနှင့် ပစ္စည်းလုသူများကို ဗင်နီဇွဲလား၌ ဖမ်းဆီး

**ကာရာကတ်စ်၊ နိုဝင်ဘာ-၁၁**

စည်းစောင့်ခြင်းမရှိသော စီးပွားရေးသမားများနှင့် ဆိုရှယ်လစ်အစိုးရကြား ဗင်နီဇွဲလားနိုင်ငံတွင် သမ္မတက စီးပွားရေးစစ်ပွဲဟုခေါ်သော ကာလအတွင်း စတိုးဆိုင်မန်နေဂျာများနှင့် စတိုးဆိုင်များမှ ပစ္စည်းလုယူသူများကိုဖမ်းဆီးမည်ဖြစ်ကြောင်း သမ္မတနီကိုလတ်စ်မာဒူရိုအစိုးရက နိုဝင်ဘာ ၁၁ ရက်တွင် ကြေညာသည်။

အီလက်ထရွန်နစ်ပစ္စည်းဆိုင်များ သိမ်းပိုက်ရန်နှင့် အခြားသော ဆိုင်များတွင် ဈေးနှုန်းမတန်တဆမြှင့်ထားခြင်းကို စစ်ဆေးရန် မာဒူရိုက စစ်သားများစေလွှတ်ခဲ့သည်။ အစိုးရ၏ ယင်းကြေညာချက်ကြောင့် ဈေးပေါသောပစ္စည်းများ ဝယ်ယူနိုင်မည်ဟု မျှော်လင့်ချက်ဖြင့် ဗင်နီဇွဲလားနိုင်ငံသားထောင်ပေါင်းများစွာသည် အီလက်ထရွန်နစ်ပစ္စည်းဆိုင်များသို့ လာရောက်စုဝေးခဲ့ကြသည်။

မာဒူရိုသည် ဆင်းရဲသားများကို ကာကွယ်ရန်ထက် ပရမ်းပတာဖြစ်စေရန်သာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အတိုက်အခံများက ပြောသည်။ **စာမျက်နှာ ၄၆ ››**



ပစ္စည်းများဝယ်ယူ၍ ကာရာကတ်စ်မြို့ ဒါကာစတိုးဆိုင်မှ ထွက်လာသော ဈေးဝယ် သူတစ်ဦးကို နိုဝင်ဘာ ၉ ရက်က တွေ့ရစဉ်

JUAN BARRETO/REUTERS

## ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ တရုတ်နိုင်ငံပိုင် ကုမ္ပဏီများတွင် ပိုမိုခွင့်ပြုမည်

**ဘေဂျင်း၊ နိုဝင်ဘာ-၁၁**

စီးပွားရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ တရုတ်ကွန်မြူနစ်ပါတီထိပ်တန်းညီလာခံကျင်းပနေချိန်တွင် မီဒီယာက မျှော်လင့်ချက်များတိုးမြှင့်ပေးနေစဉ် တရုတ်နိုင်ငံပိုင်ကုမ္ပဏီများတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်ရေး အစိုးရက ခွင့်ပြုမည်ဟု အစိုးရသတင်းစာတစ်စောင်က သတင်းပေးပို့ထားသည်။

ပြည်သူ့နေ့စဉ်သတင်းစာ၏ အဆိုအရပုဂ္ဂလိကမှပူးပေါင်းလုပ်ကိုင်သူများကို နိုင်ငံပိုင်လုပ်ငန်း ဌာန (SOE)များတွင် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ပါဝင်ရင်းနှီးမြှုပ်နှံမှုပြုရန် ခွင့်ပြုမည်ဖြစ်သည်။

ယင်းအတွက် ပါဝင်မြှုပ်နှံသော ကုန်ပစ္စည်းများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆုံးဖြတ်ချက်များချရာတွင် ပိုမိုပါဝင်ပြောဆိုခွင့်ရမည်ဖြစ်ကြောင်း နိုင်ငံပိုင်ဆိုင်မှုများကြီးကြပ်ရေးနှင့် စီမံခန့်ခွဲရေးကော်မရှင် (SASAC)မှ အရာရှိများကို ကိုးကား၍ သတင်းစာတွင် ဖော်ပြသည်။



STR/AFP

အဆိုပါအေဂျင်စီမှာ အလွန်ဩဇာကြီးသောအဖွဲ့အစည်းဖြစ်ပြီး ကန်ဒေါ်လာ ထရီလီယံနှင့်ချီသော နိုင်ငံပိုင်လုပ်ငန်းဌာနကြီးများကိုကြီးကြပ်ရသည်။ ယင်းလုပ်ငန်းဌာနကြီးများမှာ စွမ်းအင်နှင့် ရထားလုပ်ငန်းကဲ့သို့ ကဏ္ဍများတွင် တစ်ဦးတည်းလုပ်ပိုင်ခွင့်ရထားသော အဖွဲ့များဖြစ်သည်။

ယင်းမှာ လက်ရှိကျင့်သုံးနေသော စနစ်မှ ပုံစံကွဲထွက်လာခြင်းဖြစ်သည်။ လက်ရှိတွင် နိုင်ငံပိုင်ရေနံကုမ္ပဏီကြီးများ၊ ဘဏ်များနှင့် အခြားလုပ်ငန်းကြီးများကို ဟောင်ကောင်နှင့်အခြားနိုင်ငံခြားဈေးကွက်များတွင် ရှယ်ယာများတစ်စိတ်တစ်ပိုင်း ရောင်းချလည်ပတ်လျက်ရှိသည်။

—*Ref: AFP*

# ဖုန်းတွေကို ဘုံးနေတာ ဘယ်သူလဲ

**အောင်သူရ၊ ဆွေမွန်**

ဦးသိန်းစိန်အနေဖြင့် သမ္မတရာထူးစတင်လက်ခံသည့် အချိန်မှစ၍ မကြာခဏပြောလေ့ရှိသည့် စကားတစ်ခွန်းရှိသည်။ ‘အစိုးရအဖွဲ့သစ်ရဲ့ အရေးကြီးဆုံး လုပ်ငန်းစဉ်ကတော့ ကောင်းမွန်သော အုပ်ချုပ်မှု စနစ်နဲ့ သန့်ရှင်းသော အစိုးရ ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ဖို့ပဲဖြစ်ပါတယ်’ ဟူ၍ဖြစ်သည်။

အစိုးရအဖွဲ့ သက်တမ်းသုံးနှစ်နီးပါးရှိလာချိန် ပြန်လည်သုံးသပ်ကြည့်လျှင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့်သန့်ရှင်းသော အစိုးရဆိုသည်မှာ လက်တွေ့နှင့် များစွာကွာဟလျက်ရှိသည်။ အထူးသဖြင့် လာဘ်ပေးလာဘ်ယူမှုများမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် ပုံစံမျိုးစုံဖြင့်ရှိနေသေးသည်။ များစွာသော မသမာမှုများထဲမှထင်ရှားသော လုပ်ရပ်တစ်ခုမှာ တန်ဖိုးနည်းဖုန်းကတ်ချထားပေးမှုတွင် မသမာမှုများရှိနေခြင်း ဖြစ်သည်။

အစိုးရအဖွဲ့မှ ၁၅၀၀ ကျပ်ဖြင့် ရောင်းချပေးသောတန်ဖိုးနည်းဖုန်းကတ်များရရှိရေး အတွက် ပြည်သူများအနေဖြင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးများတွင် အလုအယက် မဲနှိုက်နေရချိန်၌ အဆိုပါ ဖုန်းကတ်များကို ပြင်ပဆိုင်များတွင် နာမည်ပေါက်နှင့်ပင် အလွယ်တကူဝယ်ယူနိုင်ပါသည်။

“နာမည်ပေါက် GSM တစ်ကတ်ကိုတစ်သိန်းသုံးသောင်းပဲရှိတယ်”ဟုကျောက်တံတားမြို့နယ်အခြေစိုက် ဖုန်းခွံ (Handset) နှင့်အပိုပစ္စည်းရောင်းသောဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဖုန်းရောင်းချသူများအနေဖြင့် အဆိုပါဖုန်းကတ်များကို အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးမှူးများနှင့် နီးစပ်သူများထံမှ ဝယ်ယူရသည်ဟု ဖုန်းရောင်းသူများက ထုတ်ဖော်ပြောကြားသည်။

ယခင်၁၅ သိန်း၊ ငါးသိန်းခွဲစသဖြင့် ဈေးကြီးပေး၍ ဝယ်ယူခဲ့ရသော ဖုန်းဆင်းမ်ကတ်များကို အစိုးရသစ်လက်ထက်တွင် ယခုနှစ်ဧပြီလမှစ၍ ၁၅၀၀ ကျပ်ဖြင့် ရောင်းချပေးခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ မဲနှိုက်ဝယ်ယူခဲ့ကြရသည်။

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းMECTel အမှတ်တံဆိပ်ပါဆင်းမ်ကတ်များကိုဧပြီလ မှစ၍ တစ်လလျှင်အကတ်ရေသုံးသိန်းခွဲခန့်ဖြင့် သုံးလရောင်းချပေးခဲ့ပြီးနောက် ဩဂုတ်လမှစ၍ ကတ်တစ်သောင်းထပ်တိုးကာ တစ်လလျှင်ကတ်သုံးသိန်းခြောက်သောင်းနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ထို့ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အောက်တိုဘာလအထိ ဆင်းမ်ကတ် စုစုပေါင်း ၂ဒသမ၄ သန်းကျော်ရှိနေပြီဖြစ်သည်။

ထိုသို့ရောင်းချပေးရာ၌ မြို့နယ်အတွင်းရှိ လူဦးရေကိုကြည့်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ဖုန်းကတ်ခွဲတမ်းများပြန်လည်ချထားပေးခဲ့သည်။ ထိုမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်အတွင်းလျှောက်ထားသည့် ဖုန်းအရေအတွက်ကိုကြည့်၍ ရရှိသောခွဲတမ်းကို ရပ်ကွက်ကျေးရွာများသို့ပြန်ချထားပေးခဲ့သည်။

“တစ်ကြိမ်ကနေ ငါးကြိမ်အထိ အိမ်မှာရှိတဲ့လူတိုင်းလျှောက်လို့ရတယ်။ ခြောက်ကြိမ်ကစပြီး အဆောက်အအုံနဲ့ပြန်ချပေးတယ်။ တိုက်ခန်းတစ်ခန်းတစ်ယောက်၊ အိမ်တစ်လုံးကိုတစ်ယောက်ပဲလျှောက်လို့ရတဲ့စနစ်ပြန်ကျင့်သုံးတယ်”ဟု ကမာရွတ်မြို့နယ် ၁၀ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ၎င်းကျင့်သုံးသော စနစ်ကိုပြောသည်။

ထိုကဲ့သို့ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးအား ခွဲတမ်းချပေးသည့်နေရာတွင် အချို့သောရပ်ကွက်အုပ်ချုပ်ရေးမှူးများမှာ ရရှိသည့်ခွဲတမ်းကို အများပြည်သူသို့ အပြည့်အဝမပေးဘဲ ပြင်ပဈေးကွက်သို့ ရောင်းချခြင်းများရှိသည်။

အထူးသဖြင့် ထိုကဲ့သို့လုပ်ရပ်မျိုးကို ဆင်ခြေဖုံးရပ်ကွက်များနှင့် ကျေးရွာများတွင် အများဆုံးပြုလုပ်ကြ၍ မြို့ပေါ်ရပ်ကွက်များတွင် ပြုလုပ်သူနည်းကြောင်း ဖုန်းပွဲစားများကဆိုသည်။

“မြို့ပေါ်မှာတော့ ပါးပါးပဲလုပ်ရဲကြတယ်။ တစ်ကြိမ်ကို ငါး လုံး၊ ၁၀ လုံးလောက်ပဲလုပ်ရဲတယ်။ မြို့ပေါ်ကျတာ ကိုယ့်ရပ်ကွက်အတွက် ဘယ်နှလုံးရလဲသိနိုင်တဲ့အတွက် သိပ်မလုပ်ရဲကျဘူး။ နယ်ကျတော့ ပေးသလောက်ပဲယူကြတာ” ဟု ပုသိမ်မြို့ခံ ဖုန်းရောင်းချသူတစ်ဦးကပြောသည်။

ထင်ရှားသောဖြစ်ရပ်များအဖြစ် ပခုက္ကူမြို့ ၁၀ ရပ်ကွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ခွဲတမ်းရရှိသော ဖုန်းကတ်များထဲမှ ဖုန်းကတ်ငါးကတ် ပြင်ပသို့ ရောင်းစားသဖြင့် ထိုရပ်ကွက်နေပြည်သူများက အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူး ရာထူးမှနုတ်ထွက်ပေးရန်တောင်းဆိုထားသည်။

အလားတူ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက ဖုန်းခွဲတမ်းများထဲမှ အချို့ ပြင်ပသို့ရောင်းချခြင်းကို ဒေသခံများသိရှိသဖြင့် တိုင်းကြားရာမှ ထိုရပ်ကွက်အုပ်ချုပ်ရေးမှူးထွက်ပြေးသွားသည့်ဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်တွင် နိုဝင်ဘာလဆန်းက ကျပ် ၁၅၀၀ တန် ဖုန်းဆင်းမ်ကတ်မဲဖောက်ရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးအလွဲသုံးစားလုပ်သည်ဟုဆိုကာရပ်ကွက်နေပြည်သူများက မကျေနပ်သဖြင့် လူစုလူဝေးဖြင့်ကန့်ကွက်သောကြောင့် ရဲတပ်ဖွဲ့နှစ်ဆယ်ကျော်ဖြင့် လုံခြုံရေးချထားခဲ့ရသည်။

အဆိုပါရပ်ကွက်အတွင်း မဲနှိုက်ရာတွင် ဆင်းမ်ကတ်မဲပေါက်ပြီးသူများသာ ထပ်မံမဲပေါက်သည်ဟုဆိုကာ ရပ်ကွက်နေပြည်သူများက ပြန်လည်ဖြေရှင်းခိုင်းရာတွင် အဆင်မပြေသဖြင့် လူစုလူဝေးထိဖြစ်လာခဲ့ပြီး ရဲစခန်းမှ လာရောက်ထိန်းခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးကဖုန်းဆင်းမ်ကတ်များကို ရပ်ကွက်ခမ္မာရုံတွင် လူအများရှေ့၌ ပွင့်လင်းမြင်သာစွာပြန်ရှင်းပြမှ အဆင်ပြေသွားကြောင်း အဆိုပါရပ်ကွက် အုပ်ချုပ်ရေးမှူးကဆိုသည်။

ထို့အပြင် အလွဲသုံးစားလုပ်၍ တိုင်ကြားခံရကာ အလုပ်ပြုတ်သွားသော အုပ်ချုပ်ရေးမှူးများလည်း ရှိသည်။

အလားတူ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းစာဂျာနယ်များသို့ ထုတ်ပြန်ပေးသည့် မှုခင်းများတွင် ဖုန်းကတ်မဲနှိုက်ပေးရာ၌ မကျေနပ်သဖြင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် အုပ်ချုပ်ရေးမှူးများကြား အပြန်အလှန်တိုင်ကြားသည့်မှုခင်းများစွာတွေ့ရသည်။

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင်ရောင်းချနေကြသောဖုန်းဆင်းမ်ကတ် အများစုမှာ အခြားသောပြည်နယ်နှင့် တိုင်းများအတွက် ခွဲတမ်းချပေးသော ဖုန်းဆင်းမ်ကတ်များ ဖြစ်သည်ဟုဖုန်းပွဲစားများကဆိုသည်။

“ရန်ကုန်မှာရောင်းတဲ့ကတ်ပျက်ကတ်ပျောက်တွေကို ကျွန်တော့်ဆီမှာလာပြင်တယ်ဆိုတော့ သေချာတယ်လေ။ ဧရာဝတီတိုင်းကဖုန်းတွေ ရန်ကုန်ဆိုင်တွေကို ရောင်းစားကြတာ”ဟု ပုသိမ်မြို့တွင် ဖွင့်လှစ်ထားသော ဖုန်းဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ပြင်ပသို့ ရောင်းချသော ဆင်းမ်ကတ်များထဲတွင် နံပါတ်စဉ်စီးရီးလိုက်ရောင်းချမှုများရှိပြီး နာမည်ပေါက်လိုချင်သူများ အတွက် စီးရီးလိုက်ရောင်းချသော ဆင်းမ်ကတ်များဖြင့် ပြုလုပ်ပေးကြသည်။

“နာမည်ပေါက်ဆိုပေမယ့် လိပ်စာတော့ထည့်လို့မရဘူး။ နာမည်မှတ်ပုံတင်နံပါတ်နဲ့ဓာတ်ပုံပဲ အမည်ပေါက်လုပ်ပေးတာ” ဟု ကမာရွတ်မြို့နယ်အခြေစိုက် ဖုန်းဆင်းကတ်ရောင်းချသူတစ်ဦးကပြောသည်။

အချို့ဒေသများတွင် မြို့နယ်နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ထိုမြို့နယ်အတွင်းရှိ အခြားသောဌာနမှ အကြီးအကဲများ၊ အသင်းအဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့် ဘုန်းတော်ကြီးတို့ကို ဂါဝရပြုသည်ဆိုကာ ပေးသည်များလည်းရှိသည်။ ထိုသူများကလည်း တစ်ဆင့်ပြန်လည်ရောင်းချမှုများရှိသည်။

ထို့ကြောင့်လက်ရှိဖုန်းကတ်ချထားပေးသည့်စနစ်မှာ တိုင်းနှင့်ပြည်နယ်များအား ချထားပေးသည့်စာရင်းကိုသာသိရပြီး ခရိုင်မှမြို့နယ်၊ မြို့နယ်မှရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ချထားပေးသော ဆင်းမ်ကတ် အရေအတွက်ကို အလွယ်တကူမထုတ်ပြန်သဖြင့် လုပ်ပိုင်ခွင့်ရှိသူများက ပြင်ပသို့ရောင်းချခြင်းများပြုလုပ်လာခြင်းဖြစ်သည်။

ဖုန်းကတ်များကိုမြို့နယ်နှင့် ရပ်ကွက်များသို့ မဲနှိုက်ရွေးချယ်ရာတွင် အိမ်ထောင်စုစာရင်းတစ်ခုတည်း၌ပင် ဖုန်းရရှိသူ အများအပြားရှိပြီး မရရှိသေးသည့်အိမ်ထောင်စုများစွာရှိနေသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှအရာရှိတစ်ဦးက အကြံပြုပြောကြားသည်။

ဖုန်းဆင်းမ်ကတ်များကို ရပ်ကွက်များသို့ခွဲတမ်းချပေးရာတွင် သက်ဆိုင်ရာဌာနကလူအများရှေ့တွင် သတ်မှတ်ခြင်း၊ ရပ်ကွက်နှင့်ကျေးရွာများ၏ခွဲတမ်းများလာရောက်ထုတ်ယူရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများသာမက ဖုန်းကော်မတီဝင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများရှေ့တွင်ချပြပြီး ဝေငှပေးခြင်းဖြင့်မသမာမှုများကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း သာကေတမြို့နယ်အုပ်ချုပ်ရေးမှူးဦးစန်းမင်းကဆိုသည်။

“အဓိကကတော့ပွင့်လင်းမြင်သာမှုပါပဲ”ဟု ဦးစန်းမင်းကအကြံပြုပြောကြားသည်။

“ကိုယ့်မြို့နယ်ထဲမှာ လာတိုင်တဲ့သူရှိရင် ကိုယ့်ဘာသာကိုယ်ပဲဖြေရှင်းလိုက်တယ်။ အထက်တွေကိုအဲဒီတိုင်စာတွေထပ်မပို့တော့တာများတယ်။ အဆင်ပြေသွားအောင်နားလည်သွားအောင်ဖြေရှင်းပေးလိုက်တယ်”ဟု မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးက ကန့်ကွက်မှုရှိလာပါက ဖြေရှင်းသောပုံစံကို ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဦးအောင်ခင်က “မကျေနပ်ရင် တိုင်တာတွေတော့ရှိတယ်။ အဲဒီလိုတိုင်ရင်စစ်ဆေးတဲ့ တိုင်းဒေသကြီးမှာခုံအဖွဲ့တွေလည်းရှိတယ်။ စစ်ဆေးလို့မှန်ရင် အရေးယူဆောင်ရွက်ပေးတယ်။ မမှန်ရင်တော့ အရေးမယူဘူး”ဟု ပြောသည်။

လက်ရှိရောင်းချပေးထားသည့် ခုနစ်လတာကာလအတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ရောက်ရှိလာသည့် တိုင်စာမှာ အနည်းငယ်သာရှိဟုဆိုသည်။

ထို့အပြင် ပြည်သူများ၏ မကျေနပ်မှုများကို ကိုင်တွယ်ဖြေရှင်းပေးနေသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည်အဖွဲ့သို့လည်း ယခင်က တိုင်စာရရှိသော်လည်း နောက်ပိုင်းတွင် တိုင်ကြားမှုအလွန်နည်းပါးလာကြောင်း ဗဟိုအဖွဲ့မှဦးတင်မောင်သန်းကပြောသည်။

“ဘာလို့နည်းသွားတာလဲတော့ သေသေချာချာမသိဘူး။ အခုနောက်ပိုင်းတိုင်ရမယ်မှန်းမသိတာလား ဘာလားတော့ မပြောတတ်ဘူး။ တီဗီတွေမှာလည်း တိုင်ကြားနိုင်တယ်ဆိုတာတွေကသိပ်မကြေညာတော့ဘူး”ဟု၎င်းကပြောသည်။

မြို့ပေါင်း ၃၆၀ ကျော်၊ ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိသော မြန်မာနိုင်ငံတွင် အစိုးရက ချပေးသောဖုန်းကတ်ကိုမသာမာမှု၊ အလွဲသုံးမှုများတွင် အုပ်ချုပ်ရေးမှူးတိုင်းမဟုတ်သော်လည်း အုပ်ချုပ်ရေးမှူးအချို့၊ အစိုးရဝန်ထမ်းအချို့ပါဝင်ကြောင်းကို အထက်ပါ ဖြစ်စဉ်များက သက်သေပြနေသည်။ ထို့ကြောင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရအဖွဲ့ဖြစ်ရန်ဆိုသော ရည်မှန်းချက်ရောက်ရန်တော့ လိုအပ်ချက်များလွန်းသေးသည်။ ။



ရန်ကုန်မြို့ရှိ ရပ်ကွက်တစ်ခုတွင် ၁၅၀၀ တန်ဖုန်းဆင်းမ်ကတ်ကို မဲနှိုက်စဉ် ဓာတ်ပုံ- ကျော်ဇင်သန်း

# ယာဉ်ကြောပိတ်ဆို့မှုကြောင့် ထိခိုက်သွားသော ဘဝများ

အောင်သစ်လွင်၊ ဖွဲ့မာန်၊
အေးမြတ်သူ၊ ရှင်းရှင်း



ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားနေသော ရန်ကုန်မြို့တစ်နေရာ

ဓာတ်ပုံ- ကျော်ဇင်သန်း

ကမ္ဘာကျော်နယူးယောက်တိုင်း(မ်)သတင်းစာ အုပ်ချုပ်မှု အယ်ဒီတာဟောင်းဂျွန်ကသူ ပထမဆုံးမြန်မာနိုင်ငံခရီးစဉ်တွင်အံ့အားအသင့်ဆုံးကဘာလဲဟုမေးသော အခါ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာဟုပြောပါသည်။

ကမ္ဘာ့နိုင်ငံများစွာသို့ လှည့်လည်နေသောသူ့အတွက်မြန်မာကဲ့သို့ စီးပွားရေးမဖွံ့ဖြိုးသောနိုင်ငံငယ်တွင်ရန်ကုန်မြို့လူထုမှာ ဆိုးရွားလှသော ယာဉ်ကြောပိတ်ဆို့မှုကြားမည်သို့ နေ့စဉ် လုပ်ငန်းများ လုပ်ကိုင်နေကြသနည်းဟုသူအံ့သြစွာ မေးခွန်းပြန်ထုတ်သည်။

အစိုးရသစ်လက်ထက်တွင် ပထမဆုံးဦးဆုံးအကြိမ် ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံပြီးအစားထိုးတင်သွင်းစနစ်နှင့် လွတ်လပ်စွာ မော်တော်ယာဉ် တင်သွင်းခွင့်ပြုလိုက်ပြီးနောက်ပိုင်း ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာမှာ ၂ နှစ် အတွင်း အဆိုးရွားဆုံးဖြစ်လာသည်။ ထိုပြဿနာ၏ နောက်ဆက်တွဲ အဖြစ်မြို့တွင်း ခရီးသည်တင် ဘတ်စ်ကားယာဉ်မောင်းများ၊ အငှားယာဉ်မောင်းများအပြင် အိမ်စီးကားမောင်းနှင်သူများသာမက မိမိတို့ ဘဝရပ်တည်မှုအခြေအနေအရ ရန်ကုန်မြို့အတွင်း လှည့်လည်သွားလာနေရသည့် အလွှာအသီးသီးမှ လူတန်းစားပေါင်းစုံမှာ ယင်းပြဿနာကို နိစ္စဓူဝရင်ဆိုင်နေရသည်။

"အရင်တုန်းက တစ်နေ့ကို အုံနာခပေးပြီး တစ်သောင်းလောက် သာသာယာယာ ရှာလို့ရတယ်။ အခုက မရတော့ဘူး။ လမ်းပေါ်မှာတင် အချိန်တွေကုန်နေတာ" ဟု ရန်ကုန်မြို့မှ တက္ကစီယာဉ်မောင်းကိုကျော်ဦးက ပြောသည်။

လွတ်လပ်စွာ ယာဉ်တင်သွင်းခွင့်ပြုပြီးနောက်ပိုင်း တက္ကစီယာဉ်အစီးရေမှာလည်း ရန်ကုန်မြို့လမ်းမများထက်တွင် ပိုမိုများပြားလာကာ ယာဉ်မောင်းများ၏ နေ့စဉ်တစ်ဦးချင်းဝင်ငွေကိုလည်း ထိခိုက်လာပြီး မိသားစု စားဝတ်နေရေးအပေါ် ဆိုးရွားစွာ သက်ရောက်ခဲ့ကြောင်း ခရီးသည်တင် ဘတ်စ်ကား ယာဉ်မောင်းများနှင့် တက္ကစီယာဉ်မောင်းများက ပြောသည်။

"ဟိုတုန်းက တစ်နေ့ကိုပုံမှန်ငါးကြောင်းလောက်မောင်းရပြီး အုံနာအတွက်ပိုက်ဆံပိုရှာနိုင်တော့ ကားပိုင်သူဌေးက ကြည်ဖြူတယ်။ အခုနောက်ပိုင်း သုံးကြောင်းလောက်ပဲဆွဲနိုင်တော့ အုံနာကို အပ်တဲ့ ပိုက်ဆံနည်းသွားလို့ အရင်လိုမကြည်ဖြူတော့တဲ့အတွက် အလုပ်လုပ်ရတာ အဆင်မပြေဘူး" ဟု ဒညင်းကုန်းလမ်းဆုံနှင့်ဒဂုံတက္ကသိုလ်သို့ပြေးဆွဲသည့် ၂၀၂ ယာဉ်လိုင်းမှ ယာဉ်နောက်လိုက် ကိုသက်ဦးက ပြောသည်။

ကိုသက်ဦးသည် ယာဉ်နောက်လိုက်အတွေ့အကြုံ ရှစ်နှစ်ခန့်ရှိပြီ ဖြစ်သည်။ သူ၏လုပ်သက်တစ်လျှောက်လုံး ကားပိုင်ရှင်သူဌေးနှင့် အပေးအယူမျှကာ မိသားစုသဖွယ် ဆက်ဆံရေးရှိခဲ့သည်။ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် နေ့စဉ်ပုံမှန်ပြေးဆွဲရသည့် အုံနာခမအပ်နိုင်သည့်အခါသူ၏ ယာဉ်နောက်လိုက်အလုပ်ကိုပင် စွန့်ခွာချင်ပြီဟုကိုသက်ဦးက ပြောသည်။ "ကားသမား အလုပ်က ထောင်နှုတ်ခမ်းကို နင်းပြီးလုပ်နေရတာ။ ပုံမှန်ဝင်ငွေရနေပြီး ဒီအလုပ်ကို သံယောဇဉ်ဖြစ်နေပေမယ့် အုံနာကတစ်မျိုး၊ ပိုက်ဆံရတာနည်းလို့ မိန်းမက မကြည်ဖြူတာ တစ်မျိုးနဲ့ နေ့တိုင်းစိတ်ညစ်ရတယ်။ လမ်းပေါ်က အခြေအနေတွေကို သူတို့သိတာမဟုတ်ဘူး" ဟု လက်ထဲမှ ယာဉ်စီးခ ငွေစက္ကူအရွယ်စုံကို ရေတွက်ရင်း ပြောသည်။

ရန်ကုန်မြို့တွင်း အရေးကိစ္စမျိုးစုံကြောင့် နိစ္စဓူဝသွားလာနေသည့် ဘတ်စ်ကားအသုံးပြုသူခရီးသည်အရေအတွက်မှာ ၂ ဒသမ ၄ သန်းခန့်ရှိပြီး သွားလာရေးအတွက် နေ့စဉ်အသုံးပြုနေသည့် ဘတ်စ်ကားအရေအတွက်မှာ ၄,၃၀၀ သာရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီက စာရင်းထုတ်ပြန်ထားသည်။

ယာဉ်ကြောပိတ်ဆို့မှု ဆိုးရွားစွာဖြစ်ပေါ်နေသည့် ရန်ကုန်မြို့တွင်း လမ်းမများပေါ်တွင် ယခုအခါ ကားအစီးရေ သုံးသိန်းနှစ်သောင်းကျော် နေ့စဉ်အသုံးပြုနေသည်။ အဆိုပါယာဉ်များအနက်မှ မြို့တွင်းသွားလာရေးအတွက် ခရီးသည်တင် ဘတ်စ်ကားအဖြစ်အသုံးပြုနေသော ယာဉ်အရေအတွက်မှာ ၄,၃၀၀ ကျော်၊ တက္ကစီစီးရေလေးသောင်းကျော်ရှိသည်။ ထို့ကြောင့် အများစုမှာ အိမ်သုံးကားများနှင့် လုပ်ငန်းသုံးကားများဖြစ်သည်။

သို့သော် ရန်ကုန်မြို့တွင် လမ်းအချိုးအစားနှင့် သွားလာနေသည့် ကားအရေအတွက်မှာ အချိုးအစား မမျှတကြောင်း မြို့ပြအင်ဂျင်နီယာပညာရှင်ဒေါက်တာကျော်လတ်က ပြောသည်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် လိုရာခရီးနှောင့်နှေးရသည့် အကျိုးဆက်ကို အခြေခံလူတန်းစား အလုပ်သမားများအပြင် မြို့ပြင်တွင် တည်ထားသည့် တက္ကသိုလ်များသို့ သွားလာနေရသော ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများလည်း ရင်ဆိုင်ကြုံတွေ့နေရသည်။

"အိမ်ကနေ ရုံးကိုလာတာ ကားပေါ်မှာတင် တိုင်ပတ်နေတယ်။ တက္ကစီငှားစီးဖို့လည်း ပိုက်ဆံမတတ်နိုင်ဘူး။ ရုံးနောက်ကျရင်လည်း လစာက အဖြတ်ခံရဦးမယ်။ ဘယ်သူကို အဖေခေါ်ရမှန်း မသိတော့ဘူး"ဟု ဆောက်လုပ်ရေး ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။

"ကျောင်းကို အရင်က ၄၅ မိနစ်လောက် ကားစီးရပြီး အခု တစ်နာရီခွဲလောက်စီးမှ ရောက်တယ်။ ရုံးချိန်မီဖို့ အစောကြီးထပြီး ကားစီးရတဲ့အတွက် မိသားစုကိုတောင် အချိန်မပေးနိုင်ဖြစ်နေပြီ"ဟု ဒဂုံတောင်ပိုင်းမြို့နယ်စိတ်ကျန်းမာရေးဆေးရုံအနီးတွင် ဖွင့်လှစ်ထားသည့် စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)သို့ သွားရောက်ရသည့် မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူ ကထိကဆရာမက ပြောသည်။

မြောက်ဥက္ကလာပမြို့နယ်မှစီးပွားရေးတက္ကသိုလ်(ရွာသာကြီး)သို့ ဖယ်ရီဖြင့် ယခင်က ၄၅ မိနစ်ခန့်စီးလျှင်ရောက်နိုင်သော်လည်း ယခုအခါ ကားပေါ်တွင် တစ်နာရီခွဲ ခန့် အချိန်ဖြုန်းပြီးမှသာ ရောက်တော့ကြောင်း စီးပွားရေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ မဖြိုးသော်တာက ပြောသည်။

"လမ်းပန်းဆက်သွယ်ရေး၊ ဒါမှမဟုတ် ပညာရေးဆိုတာတွေကို အစိုးရတာဝန်ရှိသူတွေ ဘယ်လိုစီမံကိန်းချတယ်ဆိုတာ ကျွန်မတို့ မသိဘူး။ ဒါပေမဲ့ ကျောင်းသူ၊ ကျောင်းသားတွေ နေ့စဉ်ရင်ဆိုင်နေရတဲ့ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကိုတော့ အစိုးရအနေနဲ့ အမြန်ဆုံး ဖြေရှင်းပေးစေချင်တယ်။ ဒါဟာ ကျွန်မတို့အတွက် အရမ်းအရေးကြီးပါတယ်" ဟု မဖြိုးသော်တာက သူ၏လိုလားချက်ကိုပြောသည်။

မြို့ပြင်တွင် တည်ဆောက်ထားသော တက္ကသိုလ်များဆီသို့ သွားရောက်ကြသည့် ကျောင်းသားအများစုမှာ ယာဉ်ကြောပိတ်ဆို့မှုကြောင့် မိမိတို့စာသင်ခန်းသို့ မရောက်မီ ကားပေါ်တွင် အချိန်ကုန် လူပင်ပန်းဖြစ်ကာ မိမိသင်ကြားမည့် ဘာသာရပ်အပေါ်တွင် အာရုံစူးစိုက်နိုင်မှု နည်းပါးသွားကြောင်း ဒဂုံတက္ကသိုလ် ပထမနှစ်ကျောင်းသား ကျော်ထက်အောင်က ပြောသည်။

"အိမ်ကထွက်ပြီး ကျောင်းရောက်တဲ့အချိန် လမ်းမှာကားပိတ်တာနဲ့ အနည်းဆုံးတော့ စာသင်ချိန်နှစ်ချိန်လောက်လွတ်သွားတယ်။ အဲဒီတော့ စာသင်ချင်စိတ်မရှိတော့ဘဲ ကျောင်းကိုရောက်ပေမယ့် အပြင်မှာပဲနေတာ များတယ်" ဟု ကျော်ထက်အောင်က ပြောသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံအများစုရှိမြို့ကြီးများတွင်ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို သက်ဆိုင်ရာ နိုင်ငံအစိုးရများက မြေအောက်ရထား၊ ကောင်းကင်ရထားစနစ်နှင့် ဘီအာရ်တီကဲ့သို့သော အဆင့်မြင့် သယ်ယူပို့ဆောင်ရေးစနစ် အသုံးပြု၍ ဖြေရှင်းလေ့ရှိသော်လည်း မြန်မာနိုင်ငံတွင်မူ ယခုအချိန်မှသာ ဘီအာရ်တီစနစ်ကိုစတင်အကောင်အထည်ဖော်ရန် ကြိုးပမ်းနေဆဲဖြစ်သည်။

လက်ရှိအစိုးရအဖွဲ့အစည်းအနေဖြင့် ဘီအာရ်တီစနစ်ကို မဖော်ဆောင်မီကာလတွင် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို ဖြေရှင်းနိုင်မည်ဟုဆိုသော ခုံးကျော်တံတားစီမံကိန်း သုံးခုကို အမြန်ဆုံးတည်ဆောက်ရန် ကြိုးပမ်းခဲ့သည်။ လက်ရှိအချိန်တွင် အဆိုပါခုံးတံတားသုံးစင်းအနက် နှစ်စင်းမှာစတင်အသက်ဝင်နေပြီ ဖြစ်သည်။ သို့သော် ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဖြေရှင်းရန်မစွမ်းနိုင်သေးပေ။ ဘတ်ဂျက်အခြေ အနေပေါ်မူတည်၍ ရန်ကုန်တိုင်း ဒေသကြီးအတွင်းတွင် ခုံးကျော်တံတားများ တိုးမြှင့်တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က ပြောသည်။

"အစိုးရအဖွဲ့အနေနဲ့ ယာဉ်ကြောပိတ်ဆို့မှုတွေကို လတ်တလောဖြေရှင်းနိုင်ဖို့မြို့တွင်းယာဉ်မရပ်ရဇုန်တွေသတ်မှတ်ပြီး စည်းကမ်းမဲ့ ရပ်ထားတဲ့ ယာဉ်တွေကို ကရိန်းတွေနဲ့ ဆွဲပြီး အရေးယူတာမျိုးတွေ လုပ်နေရတယ်" ဟု ဝန်ကြီး ဦးအောင်ခင်က ပြောသည်။ တက္ကစီအငှားယာဉ်များမှာလည်း ရန်ကုန်မြို့တွင်း လမ်းမများပေါ်တွင်နေ့စဉ်သွားလာနေပြီးမြို့တွင်းယာဉ်ကြောပိတ်ဆို့မှု၏ နောက်ဆက်တွဲပြဿနာများကိုကြုံတွေ့နေသည်။

အချပ်ပို ၂ သို့ ››


Bangkok Airways
ASIA'S BOUTIQUE AIRLINE
SHOPPING
SALE
BANGKOK AIRWAYS
Presents
WINTER FESTIVAL 2013
by FOREVER GROUP
မြန်မာပြည်ရဲ့ ပထမဦးဆုံး ရေခဲပြင်စကိတ်ကွင်းထဲမှာ ပျော်ရွှင်စွာကစားရင်း
ဆောင်းရာသီရဲ့ လေပြေလေညှင်းလေးတွေနှင့် ထိတွေ့ခံစားခွင့်ရမယ့် Winter Festival
နှင်းမြို့တော်ထဲက ပျော်စရာကောင်းတဲ့ Fun Park မှာ ကစားရင်း နိုင်ငံတကာစားသောက်ပွဲကြီးနှင့်
နိုင်ငံတကာ ကုန်ပစ္စည်းအရောင်းပွဲတော်မှာ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြပါစို့...
ဒီလိုပျော်ပွဲရွှင်ပွဲကြီးကို တပြိုင်နက်ထဲ နှစ်နေရာမှာ ကျင်းပပြုလုပ်မှာ ဖြစ်တဲ့အတွက်
ပါဝင်ဆင်နွှဲဖို့ အဆင်သင့်ပြင်ထားလိုက်နော်...
ရန်ကုန် – Myanmar Event Park
(မြေနီကုန်း ကားပါကင်အနီး)
၂၀၁၃ ဒီဇင်ဘာလ ၆ ရက်နေ့ မှ ၃၁ ရက်နေ့ အထိ
နိုင်ငံတကာ ကုန်ပစ္စည်းအရောင်းပွဲတော် –
ညနေ ၂ နာရီ မှ ည ၁၀ နာရီ အထိ
နှင်းမြို့တော်၊ ပျော်စရာကစားကွင်း နှင့် နိုင်ငံတကာ စားသောက်ပွဲတော် –
ညနေ ၃ နာရီ မှ ည ၁၀ နာရီ အထိ
နေပြည်တော် – Capital Hypermarket
၂၀၁၃ ဒီဇင်ဘာ ၆ ရက်နေ့ မှ ၂၂ ရက်နေ့အထိ
ညနေ ၄ နာရီ မှ ည ၁၀ နာရီ အထိ
CP
Signal
POND'S

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.36 • NOVEMBER 13 , 2013

## CRIME မှုခင်းသတင်း CORNER

# မန္တလေး-မြစ်ကြီးနားရထားစီးခရီးသည်ထံမှ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**အောင်သစ်လွင်**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

မန္တလေး-မြစ်ကြီးနားရထားစီးနင်းလိုက်ပါလာသည့်ခရီးသည်တစ်ဦးထံမှနိုဝင်ဘာ၉ရက်တွင်ကျပ်သိန်း ၁၉၀တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြားများရှာဖွေဖမ်းဆီးနိုင်ခဲ့ကြောင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု (မန္တလေးတိုင်းဒေသကြီးမြောက်ပိုင်း)မှ သတင်းရရှိသည်။

"သတင်းကြိုတင်ရလို့မန္တလေးဘူတာကြီးမှာ စောင့်ပြီးဖမ်းခဲ့တာပါ။ အဓိကရောင်းဝယ်တဲ့သူလား၊ အခကြေးငွေယူပြီး သယ်ဆောင်ပေးတဲ့သူလားဆိုတာ စစ်ဆေးနေပါတယ်"ဟုမန္တလေးဘူတာကြီးရထားရဲစခန်းမှရဲအရာရှိတစ်ဦးကပြောသည်။

မန္တလေးတိုင်းဒေသကြီး မြောက်ပိုင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုက ဖမ်းဆီးထိန်းသိမ်းခဲ့သူမှာ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နေ ညန်ဘောက်ဆိုသူဖြစ်ပြီး ကျပ်သိန်း၁၉၀တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ပြားနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းကိုပြစ်မှုပုဒ်မ ၁၅/၁၉(က) ဖြင့် မန္တလေးဘူတာရထားရဲစခန်းတွင်အမှုဖွင့်စစ်ဆေးနေကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံရှိ လမ်းများ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ အာဆီယံအဝေးပြေးကွန်ရက်နှင့် ချိတ်ရန် အဆင့်မြှင့်ရန် လိုနေ

**ပြည်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

မြန်မာနိုင်ငံတွင် အသုံးပြုနေသည့် လမ်းများ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ အာဆီယံအဝေးပြေးလမ်းကွန်ရက်နှင့် ချိတ်ဆက်ရန် အဆင့်မြှင့်ဖို့ များစွာလိုအပ်နေကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဒုတိယဥက္ကဋ္ဌဦးအောင်မြင့်က ပြောကြားသည်။

"အာဆီယံနဲ့ချိတ်ဖို့က နိုင်ငံတကာအကူအညီအများကြီးနဲ့ အဆင့်မြှင့်ရမှာပါ" ဟု ဦးအောင်မြင့်က နိုဝင်ဘာ ၉ ရက်တွင် ပြောကြားသည်။

လက်ရှိမြန်မာနိုင်ငံ၏ လမ်းစုစုပေါင်း ၂၅ ရာခိုင်နှုန်းကျော်သာ ကတ္တရာလမ်းများဖြစ်ပြီး အများစုမှာ နိုင်ငံတကာစံနှုန်းနှင့် မကိုက်ညီသည့် လမ်းများဖြစ်သည်။ အာဆီယံရှိလမ်းများတွင် အဆင့်လေးဆင့်သတ်မှတ်ထားပြီး မြန်မာနိုင်ငံရှိလမ်းများ၏ ၄၇ ရာခိုင်နှုန်းကျော်မှာ အဆင့်လေးအောက်၌ပင် ရောက်ရှိနေသည်။ အဆင့် ၄ ရှိသည့် လမ်းများမှာ ၄၁ ရာခိုင်နှုန်းကျော်ရှိပြီး အဆင့် ၂ လမ်းမှာ အနည်းဆုံးဖြစ်နေသည်။

အာဆီယံအဝေးပြေးလမ်းကွန်ရက်ကိုမြန်မာနိုင်ငံအနေဖြင့် ပါဝင်ရန် ဝန်ကြီးအဆင့် သဘောတူထားပြီး ၂၀၂၀ ခုနှစ်တွင် လမ်းများအဆင့်မြှင့်တင်မှု နောက်ဆုံးထားလုပ်ကိုင်ရမည်ဟု သိရသည်။ အာဆီယံအဆင့်မီနိုင်ရန် လမ်းများကို အဆင့်မြှင့်တင်ရာတွင် ပြည်တွင်းမှ အရင်းအနှီးများနှင့် ဆောင်ရွက်ရန် မတတ်နိုင်ဘဲ ပြည်ပအကူအညီများ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်များမှ အကူအညီများနှင့်လုပ်ကိုင်ရန်လိုအပ်ကြောင်း ဦးအောင်မြင့်က အကြံပြုသည်။

ယခင်က မြန်မာနိုင်ငံကဲ့သို့ပင် ဖွံ့ဖြိုးမှုအားနည်းနေသည့် လာအိုနိုင်ငံသည် တရုတ်၊ ထိုင်းနိုင်ငံတို့မှ အကူအညီ၊ ကမ္ဘာ့ဘဏ် အာရှဖွံ့ဖြိုးရေးဘဏ်များမှ အကူအညီတို့ကြောင့် ယနေ့တွင် လမ်းများ များစွာဖွံ့ဖြိုးနေပြီဟု မြို့ပြအင်ဂျင်နီယာတစ်ဦးက ရှင်းပြသည်။ မြန်မာနိုင်ငံ၌ရှိသည့် လမ်းအများစုမှာ နှစ်လမ်းသွား၊ ၁၈ ပေ အကျယ်လမ်းများသာဖြစ်ပြီး အဆင့် လေးဝင်သည့် လမ်းများမှာ ၂၂ ပေ အကျယ်သတ်မှတ်ထားကြောင်း သိရသည်။










PW
3 View Blackbox
No.(KTA-51), Mingalar Street, FMI City, Hlaing Thar Yar Township,
Yangon Region, Myanmar.
Hot line: 01-687605, 09 36224080, 09 36224077
3VIEW
TAT
HD 2CH
သင်၏ကားလုံခြုံစိတ်ချရေးအတွက်
အမြဲတမ်းစောင့်ကြည့်ပေးမယ့်
3 View Blackbox
TAT နည်းပညာ၏
ထူးခြားဆန်းကြယ်သော
အထိအတွေ့ကို ခံစားလိုက်ကြပါစို့...
Rear Camera | 3.0M RENS, 3M Pixel Front120°C Rear 90°C
Recording Resolution | Front 1280×720 (HD) Rear 720×480 D1
Recording Frame | 2CH : Front 30 frame/sec Rear 30 frame/sec
Video Compression | H.264
Camera Compression | JPG
Storage Card | Micro SD Card 8GB (Max 64GB Supported)
Video Output | NTSC
Buzzer, Microphone | Supported
G-Sensor | Three of the shock sensor
LED Indicator | 2 EA (Recording, Power)
Operating Temperature | 20°C ~ 85°C
Power | 12.4 Volts or higher
ကိုယ်စားလှယ်ယူလိုသူများ P World Co.,Ltd သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်



FIFA နှင့်အတူ Coca-Cola မှ သယ်ဆောင်လာသော
မြန်မာတို့အတွက် အားသစ်လောင်းစေမည့်
© 1974 FIFA TM
FIFA WORLD CUP
တစ်ခုတည်းသော ဒိုင်းဆုကြီး
၂၇ ဒီဇင်ဘာ ၂၀၁၃၊ သုဝဏ္ဏအမျိုးသား အားကစားရုံ၊ ရန်ကုန်မြို့
FIFA WORLD CUP™ TROPHY TOUR by Coca-Cola®
FIFA ကမ္ဘာ့ဖလား ဒိုင်းဆု လှည့်လည်ပြသသည့် ခရီးစဉ်
အသေးစိတ် အချက်အလက်များကို poster နှင့် facebook.com/cocacolamyanmar တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



ရန်ကုန်မြစ်ဝပင်လယ်ရှုခင်း အလှကို ကြည့်နူးစွာ ရှုမြင် ခံစားရမည်
သင့်အိမ်ရှေ့မှာ ကြယ်ငါးပွင့်ဟိုတယ် ရှိသည်
MERCHANT SUITE
CONDOMINIUM @ MERCHANT Rd
Swimming pool,
Gymnasium,
Sauna Room
Spa, Green Area,
Car Parking Area, Car Lift,
Satellite Systems
Security Guard (24 Hours)
Rubbish Shooting System
PABX Telephone Exchange System
Fire Fighting Tank (Underground & Overhead)
SYMBOL OF HIGH LIVING
No. 346, Corner of 49th Street & Merchant Road,
Botahtaung Township.
ANAWRAHTA ROAD
MAHABANDOOLA ROAD
MERCHANT ROAD
BOTAHTAUNG PAGODA ROAD
BO MYAT TUN STREET
YANGON CHURCHES
THE MIRROR NEWSPAPER
NAWARAT CENTRE
POLICE STATION
MERCHANT SUITE
• ယာဉ်ကြော ကျပ်တည်း၊ ရှုပ်ထွေးမှု နည်းပါးသည့်နေရာ၊ ဘုရား၊ ဈေး၊ ကျောင်း၊ ဟိုတယ်များအနီး သွားလာရေးအဆင်ပြေသည့် မြို့တွင်း ဆိတ်ငြိမ်ရပ်ဝန်းတွင် တည်ရှိပါသည်။
• အထပ်မြင့် ဆောက်လုပ်ရေး စည်းမျဉ်း Building Code စံချိန်စံညွှန်း နှင့် အညီ တည်ဆောက်ပြီး အဆင့်မြင့် ကွန်ဒိုစစ်စစ်တွင် ပါရှိရမည့် Facilities များ ထည့်သွင်းထားပါသည်။
• (၅၄) စီး ရပ်နားနိုင်သည့် ကားပါကင်၌ အိမ်ခန်းတစ်ခန်း ကားတစ်စီးနှုန်းရပ်နားနိုင်သည့်သာမက မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်ရှိ ဆိုင်ခန်း၊ ရုံးခန်းများမှ ကားများလည်း အဆင်ပြေပြေ ရပ်နားနိုင်ပါသည်။
09 730 666 35 09 4250 11 444 09 4250 11 555
72, Corner of U Wisara Road & Chin Twin Road, Kamayut Township, Yangon. 01 - 538163, 538162.
77, 78th Street, between 36th Street & 37th Street, Mahar Aung Myay Township, Mandalay.
02 - 77311, 77322, 09 830 3463.
NAING GROUP
Unique Stable Advanced
NAING GROUP CAPITAL


အသိဉာဏ်စွမ်းအားမြင့် ECO Sensor သည်
သင်ရှိရာအရပ်သို့သာ လေစီးဆင်းဖြစ်ပေါ်စေသဖြင့်
အမြဲ အေးမြမှုကို ခံစားရရှိစေပါသည် . . .
Panasonic
AIR CONDITIONER
HUMAN
HUMAN ACITIVITY SENSOR
SUNLIGHT SENSOR
CS-S10PKH (1.0 HP)
CS-S13PKH (1.5 HP)
CS-S18PKH (2.0 HP)
INVERTER
UP TO
50% LESS
ELECTRICITY
ECONAVI
UP TO
38% LESS
ELECTRICITY
*Refer to website or local catalogue.
INTELLIGENT ECO SENSORS
ECONAVI
Pyae Sone Win Naing Co., Ltd.



နှစ်သစ်ကူးအထူးလက်ဆောင်
GS Battery ဝယ်ယူခြင်းဖြင့် Suzuki Carry Truck နှင့်
Honda Super Cub Motorcycle များရရှိနိုင်မည့်အခွင့်အရေး
Double Lid
Conventional
ဇန်နဝါရီ ၂၀၁၄ အထိ
အသေးစိတ်အချက်အလက်များကို စုံစမ်းနိုင်ရန်နှင့်ကူပွန်များကိုပြန်လည်ပေးပို့နိုင်ရန်အတွက် WIN CHERRY COMPANY LIMITED
95-1-542844 (0) : 95-1-543882 (0) : 95-1-558542 (0)
GS BATTERY
World - Class Technology




EXCELLENT
Business Management Solution Co.,LTD
လုပ်ငန်းသုံးကွန်ပြူတာစနစ်
အရောင်းဆိုင်သုံး ကွန်ပြူတာစနစ်
ဆေးဆိုင်သုံး ကွန်ပြူတာစနစ်
စားသောက်ဆိုင်သုံး ကွန်ပြူတာစနစ်
ဓါတ်ဆီဆိုင်သုံး ကွန်ပြူတာစနစ်
✓ အင်္ဂလိပ်+မြန်မာ နှစ်မျိုးသုံးနိုင်ခြင်း ✓ ကွန်ပြူတာကျွမ်းကျင်စရာမလို
✓ အသုံးပြုနိုင်သည်အထိသင်ကြားပေးခြင်း
✓ မိမိလုပ်ငန်းနှင့်ကိုက်ညီအောင် ပြင်ဆင်ဖြည့်စွက်ပေးခြင်း ✓ တိကျသော ဝန်ဆောင်မှုပေးခြင်း
Sale Center:
ရန်ကုန်၊အမှတ် (၁၀၉)၊ အနော်ရထာလမ်း၊ ၃၇x၃၈ကြား၊ကျောက်တံတား၊ ဖုန်း- ၀၉၂၅၀၀၂၅၇၅၅
မန္တလေး ၊အမှတ် (၆၈-အေ)၊ ၇၃လမ်း၊ ၂၆x၂၇ကြား၊ဖုန်း- ၀၉၂၅၀၁၂၀၁၁၈
ပြင်ဦးလွင်၊အမှတ် (၈၂)၊ လားရှိုးလမ်း၊ အာရောဂျံဆေးရုံရှေ့၊ဖုန်း- ၀၉၂၅၀၁၁၉၀၅၁
Service Center: - ၀၉၇၃၂၁၃၂၉၃၊၀၉၉၁၀၃၇၁၉၀၊၀၉၉၁၀၃၈၉၅၂
Head Office :
အမှတ် (၇-၈) ၊တပ်ဦးကျောင်းလမ်း ၊ ရက်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်၊ ဖုန်း-၀၉၅၃၂၂၄၆၁၊၀၉၃၃၃၁၈၇၄၁




Q&Q
JAPAN BRAND
CITIZEN WATCH CO.,LTD
WATER PROOF
SMOOTH GUIDE
REASONABLE PRICE
LONG LIFE
BUY NOW!
Get 1Year Service Warranty
SALES & SERVICES CENTER
No.319/1, Anawrahta Road, Between 25th & 26th Street, Pabedan Township, Yangon, Myanmar.
Tel: (01) 241785, 250428, 245146




POKKA မှ ဖုံးအဖုံးအတွင်းရှိ "P"ပေါ်ကပ်မဲကံထူးရှင်အား Toyota Mark II ကားဆုချီးမြှင့်ပွဲနှင့် အောက်မြန်မာပြည်ရှိ အရောင်းကိုယ်စားလှယ်တော်ကြီးများကို ဂုဏ်ပြုသည့် ညစာစားပွဲနှင့်အတူ Belta ကားသစ်တစ်စီးနှင့် အခြားငွေသားဆုမဲများအား ရွေးချယ်ပေးသည့်အခမ်းအနားကို ရန်ကုန်မြို့ Chatrium Hotel (Pool Side)၌ ၂၀၁၃ခုနှစ် နိုဝင်ဘာလ (၁)ရက်နေ့ညတွင်ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် Kaung Htet Myanmar Co.Ltd မှ BOD ဦးမင်းဇေညာဇံမှ အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး POKKA Principal မှ တာဝန်ရှိသူတစ်ဦးမှ POKKA Product များအကြောင်းရှင်းလင်းပြောကြားပေးခဲ့ပါသည်။ ထို့နောက် နိုင်ငံကျော်အဆိုတော် ဖြိုးကြီး နှင့် ချမ်းချမ်းတို့၏ သီဆိုဖျော်ဖြေမှု၊ Model များ၏ Product Model Show များအပြင် Jade Dragon Dancer အဖွဲ့၏ဖျော်ဖြေတင်ဆက်မှုလည်းပါဝင်ခဲ့သည်။ ၎င်းနောက် ကံထူးရှင်များအား BOD ဦးမင်းဇေညာဇံနှင့် POKKA Principal မှ တာဝန်ရှိသူများကဆုချီးမြှင့်ပေးခဲ့ကြပါသည်။ အခမ်းအနားတွင် Makeup Sponsor ခင်စန်းဝင်း၊ Dress Sponsor ကို Designer ယုံယုံတို့မှကူညီပံ့ပိုးပေးခဲ့ကြပါသည်။

## ကျပ် (၅၀၀၀၀) ကံထူးရှင်များ

| ဆိုင်အမည် | လိပ်စာ | မြို့နယ် | (၅၀၀၀၀)ဆု |
|---|---|---|---|
| ကိုထွန်းထွန်း | ယုဇနပလာဇာ | Ws | ၁ |
| ကိုထွန်းထွန်း | ဓိတာနီး | Ws | ၃ |
| ကိုထွန်းထွန်း | ယုဇနပလာဇာ | Ws | ၁ |
| မပိုးမချို | ယုဇနပလာဇာ | Ws | ၂ |
| ရွှေရာ | ယုဇနပလာဇာ | Ws | ၃ |
| ရွှေညီဦး | ယုဇနပလာဇာ | Ws | ၂ |
| ရွှေစံဝယ် | ယုဇနပလာဇာ | Ws | ၁ |
| ကိုကျော်ထွန်း | သိမ်ကြီးဈေး | Ws | ၂ |
| နန်းသဝင် | ဘုရင့်နောင် | Ws | ၁ |
| ဦးထွန်းအောင် | မင်္ဂလာဈေး | Ws | ၁ |
| ရွှေထွန်း | ညောင်ပင်လေးဈေး | Ws | ၁ |
| Ga Mone Pwint (Holding) | တာမွေလမ်း | SCG | ၁ |
| Sein Gay Har (Parami) | ပါရမီလမ်း | Hlaing | ၁ |
| Sein Gay Har (Pyay) | ပြည်လမ်း | DGN | ၁ |
| Capital | ဝင်းနွှာလမ်း | TKT | ၁ |
| Super One (KKS) | လေးထောင့်ကန်လမ်း | TMW | ၁ |
| Victoria Excel | ကမ္ဘာအေးဘုရားလမ်း | BHN | ၁ |
| ABC | တောင်ဥက္ကလာစက်မှုဇုန် | S/OKA | ၁ |
| Family Mart | အမှတ်(၄၇)၊ပေါ်ဦးလမ်း | AHL | ၁ |
| ဒေါ်ခင်ကြူ | အမှတ်(၇၉)၊ဆင်မင်းလမ်း | SCG | ၁ |
| Am Pm | အမှတ်(၂၈၅)၊အခန်း(၁/၄)၊ရန်ရှင်းလမ်း | YKN | ၁ |
| Fantastic | အမှတ်(၁၂၉)၊ပြည်လမ်း | MYGN | ၁ |
| Golden Land | အမှတ်(၁၇/၂၂)၊ကုန်သည်လမ်း | Taungoo | ၁ |
| ဦးဝင်းနိုင်+ဒေါ်ကြိုင်ဆေး | ဝ၅၄-၂၉၅၀ | Taungoo | ၁ |
| Shwe Phar Si | အမှတ်(၁)၊အထက်တန်းကျောင်းလမ်း | Phann | ၁ |
| Moe San Charli | လမ်း(၂၀)/ဈေးတွင်း | Bago | ၁ |
| Kayu | အမှတ်(၅၂)၊မြေနုလမ်း | Pathein | ၁ |
| New | အမှတ်(၁၈)၊ကုန်သည်လမ်း | Pathein | ၁ |
| Golden Duck | (စ)မိုင် | | ၁ |
| Shwe Li | အမှတ်(၇၅)၊အင်းစိန်လမ်း | HLG | ၁ |
| ဦးသိန်းဝင်း | 101, Khayart thi (4) | | ၁ |
| ကိုကျော်မိုးဟိန်း | ပျဉ်းမနား | | ၁ |
| ဒေါ်နီ | အမှတ်(၆၁)၊လှိုင်မြစ်လမ်း | Insein | ၁ |

Kaung Htet(Myanmar)




## ကျေးဇူးမှတ်တမ်း

မြန်မာ People မဂ္ဂဇင်းမှ ကြီးမှူးကျင်းပသော People's Choice Awards 2013 ပွဲကြီးမှာ စပွန်ဆာများအဖြစ် ကူညီပံ့ပိုးပေးကြသည့် Information Matrix, Mitsubishi Electric, Revlon, G Trim နှင့် E Trade၊ ဒိုင်များအဖြစ်ကူညီပေးကြသော ဓါတ်ပုံဦးမိုးမင်း၊ တိုးတိုး ( Best Artist Asia Award )၊ သရုပ်ဆောင် မိုးဟေကို၊ ဒီဇိုင်းပညာရှင် မမျှော် နှင့် People မဂ္ဂဇင်းမှအယ်ဒီတာချုပ် ဦးသောင်းစုငြိမ်းနှင့်ဒေါ်စုစုညွန့်၊ ပြိုင်ပွဲဝင်မော်ဒယ်လ်များအတွက် အကဝတ်စုံကို ဖန်တီးချုပ်လုပ်ပေးသော ဥမ္မာကျော် နှင့် ပြိုင်ပွဲဝင် ဒုတိယဝတ်စုံကို ချုပ်လုပ်ပေးသော မျိုးမင်းစိုး၊စည်သူထွန်း၊ဆိုင်းလင်းနှင့်ချစ်မိုးဖြူ၊ Presenter အဖြစ်ဆောင်ရွက်ပေးသော မတင်မိုးလွင် နှင့် ဖြိုးဖြိုးနိုင်၊ လူရွေးပွဲမှ စတင်ပြီး ပွဲပြီးဆုံးသည်အထိ မေတ္တာဖြင့်အကူအညီပေးသည့် သဲနော်ဖာ ( Miss People 2009 ) နှင့် DJ Wine၊ ပွဲကိုတက်ရောက်အားပေးကျသောအနုပညာရှင်များ၊ ရိုက်ကူးထုတ်လွှင့်ပေးကြသော MRTV-4 အဖွဲ့သားများ၊ ပွဲတွင်ကူညီပေးခဲ့သော အေးမြတ်သူ ( Miss People 2006 )၊နှင်းထက်ထက်ဝေ (Miss People 2008 - MDY )၊ မေ ( Miss People 2008 - YGN )၊ နိုင်သဇင်ယုဝါ ( Miss People 2012)၊ Sound System ကိုမိုးဇော်၊ မီးအလှဆင် ကိုဇော်မင်းဦး၊ Stage Design မင်းခန့်ကျော်၊ Stage ဆောက်လုပ်ပေးသော ပစ်တိုင်းထောင်အဖွဲ့၊ Camp အတွင်းကူညီပေးခဲ့ကြသောလော်ကားဥယျာဉ်မှအဖွဲ့သားများ၊ သီဆိုဖျော်ဖြေပေးခဲ့ကြသော ဆုပန်ထွာ၊ မိစန္ဒီ၊ ခေမီကို၊ Jade Dragon နှင့် X Girls ၊ ဓါတ်ပုံရိုက်ကူးပေးခဲ့ကြသော လမင်းနိုင် (LMN)၊ J Mg Mg (အမရပူရ)၊ ကျော်မျိုးဦး ( Colour Right )၊ စည်သူရွှေ၊ သူရိန်ထွန်း တို့ကိုမြန်မာ People မဂ္ဂဇင်းမှမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။